ကုန်းဘောင်ပဉ္စမဆက်
ဘိုးတော်ဘုရင်မင်းတြားကြီးလက်ထက်
ပြုစုရေးသား စီရင်အပ်သော

စလင်းဆရာတော်

# ပဂိုဏ်ကြိုးနိုသဿယ

[အဓိပ္ပါယ်ရှင်းလင်းချက်ပါရှိသည်]

ဟံသာဝတီ

**ဟံသာဝတီ**

(၃၉၈)

**စလင်းဆရာတော် ပရိတ်ကြီးနိဿယ**

၁၇၄၄√

ကုန်းဘောင်ပဌမဆက်

ဘိုးတော်ဘုရင်မင်းတြားကြီးလက်ထက်

ပြုစုရေးသား စီရင်အပ်သော

## ခလေးဆရာတော်

# ပရိတ်ကြီးနိဿယ

[အဓိပ္ပါယ်ရှင်းလင်းချက်ပါရှိသည်]

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၃၀-ခု၊ (သာသနာ-၂၅၁၂) ၁၉၆၈-ခု၊

၂၂၇၇

# စလင်းဆရာတော် ပရိတ်ကြီးနိဿယ
# ပုံနှိပ်ခြင်း

ပဌမအကြိမ် ၁၉၅၈-ခု
ဒုတိယအကြိမ် ၁၉၆၀-ခု၊
တတိယအကြိမ် ၁၉၆၈-ခု ဩဂုတ်လ၊

စာအုပ်ရေ (၄၀၀၀)

Made and Printed in the Union of Burm
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ ဟံသာဝတီပုံနှိပ်တိုက်တွင် (မှတ်ပုံတင်အမှတ် ၀၀၀၃-၀၀၀၄) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ဂန္ထာရမ္ဘ** | | ၁ |
| ပရိတ္တအဓိပ္ပါယ် | .... | ၃ |
| ပရိတ်ရွတ်ပုဂ္ဂိုလ်အင်္ဂါ ၃-ပါး | .... | ၄ |
| ပရိတ်နာပုဂ္ဂိုလ်အင်္ဂါ ၃-ပါး | .... | ၄ |
| **ပရိတ်နိဒါန်းပါဠိအနက်** | | ၇ |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၁၄ |
| ၂၅-ပါးသောဘေး | .... | ၁၄ |
| ၉၆-ပါးသောရောဂါ | .... | ၁၅ |
| ရောဂါသရုပ်ရေတွက်ပြခြင်း | .... | ၁၀ |
| အနာဖြစ်ကြောင်း ၈-ပါး | .... | ၂၄ |
| တနည်း ၉၆-ပါးသောအနာ | .... | ၂၄ |
| ၁၆-ပါးသော ဥပဒ္ဒဝေါ | .... | ၂၆ |
| ၁၀-ပါးသောဒဏ် | .... | ၂၇ |
| အန္တရာယ် ၁၀-ပါး | .... | ၂၀ |
| ၈-ပါးသောအပြစ် | .... | ၂၉ |
| ပြစ်မှား၍ဒဏ်သင့်သောဝတ္ထု | .... | ၃၈ |
| အရပ်ပြစ် ၈-ပါး | .... | ၃၂ |
| ရန်သူမျိုး ၅-ပါး | .... | ၃၃ |
| ၃၂-ပါးသော ကံကြမ္မာ | .... | ၃၅ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **၁-မင်္ဂလသုတ်ပါဠိအနက်** | | **၃၉** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၄၀ |
| နေရာအပြစ် ၆-ပါး | .... | ၄၇ |
| စကားကောင်းအင်္ဂါ ၄-ပါး | .... | ၅၂ |
| သိကြားမင်းရှိခိုးအပ်သူ | .... | ၅၄ |
| ဒါနအကြောင်း | .... | ၅၆ |
| ဒါနနှင့် ဓမ္မစရိယာအထူး | .... | ၅၇ |
| သုရာ ၅-ပါး, မေရယ ၅-ပါး | .... | ၅၉ |
| ဂါရဝအကျိုးပြဝတ္ထု | .... | ၆၁ |
| တရားနာရခြင်းအကျိုး ၅-ပါး | .... | ၆၃ |
| **၂-ရတနသုတ်ပါဠိအနက်** | | **၈၁** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၈၄ |
| ပလ္လင်တော်ပမာဏ | .... | ၈၅ |
| ဗောဓိပင်နှင့် ပလ္လင်တော်အကွာအဝေး | .... | ၈၆ |
| စကြဝဠာမည်ခြင်းအကြောင်း | .... | ၈၇ |
| ဝေသာလီပြည်အကြောင်း | .... | ၈၈ |
| ရတနသုတ်ဟောခြင်းအကြောင်း | .... | ၉၂ |
| အရိယာပုဂ္ဂိုလ် ၁၀၈-ပါး | .... | ၁၀၂ |
| သောတာပန်မပြုသော အဘိဌာန ၆-ပါး | .... | ၁၁၀ |
| တထာဂတ အနက် ၈-ပါး | .... | ၁၁၉ |
| **၃-မေတ္တသုတ်ပါဠိအနက်** | | **၁၂၃** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၁၂၄ |
| မေတ္တသုတ်အဋ္ဌုပ္ပတ္တိ | .... | ၁၂၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အဿာသ ပဿာသစစ်တမ်း | .... | ၁၃၃ |
| မေတ္တာ၏အကျိုးအာနိသင် | .... | ၁၄၀ |
| **၄-ခန္ဓပရိတ်ပါဠိအနက်** | | **၁၄၅** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၁၄၆ |
| ခန္ဓပရိတ်အဌုပ္ပတ္တိ | .... | ၁၄၆ |
| **၅-မောရပရိတ်ပါဠိအနက်** | | **၁၅၃** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၁၅၄ |
| မောရပရိတ်အဌုပ္ပတ္တိ | .... | ၁၅၄ |
| ဝိမုတ္တိ ၅-ပါး | .... | ၁၆၄ |
| **၆-ဝဋ္ဋပရိတ်ပါဠိအနက်** | | **၁၆၇** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၁၆၈ |
| ဝဋ္ဋပရိတ်အဌုပ္ပတ္တိ | .... | ၁၆၈ |
| **၇-ဓဇဂ္ဂပရိတ်ပါဠိအနက်** | | **၁၇၅** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၁၇၆ |
| **၈-အာဋာနာဋိယသုတ်ပါဠိအနက်** | | **၂၀၇** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၂၀၈ |
| အာဋာနာဋိယသုတ် အဌုပ္ပတ္တိ | .... | ၂၀၈ |
| အာဝေနိကဂုဏ်တော် ၁၈-ပါး | .... | ၂၁၇ |
| ရောင်ခြည်တော်ဝန်းပမာဏ | .... | ၂၂၁ |
| လေးသမားကြီး ၄-ယောက် | .... | ၂၂၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **၉-အင်္ဂုလိမာလသုတ်ပါဠိအနက်** | | **၂၃၇** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၂၃၈ |
| အင်္ဂုလိမာလသုတ် အဋ္ဌုပ္ပတ္တိ | .... | ၂၃၉ |
| **၁၀-ဗောဇ္ဈင်္ဂသုတ်ပါဠိအနက်** | | **၂၄၃** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၂၄၄ |
| ဗောဇ္ဈင်္ဂသုတ်အဋ္ဌုပ္ပတ္တိ | .... | ၂၄၄ |
| ပရိတ်ကြီး ၈-ပါး, ပရိတ်ငယ် ၂-ပါး | .... | ၂၅၂ |
| သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်သုတ်ပါဠိအနက် | .... | ၂၅၃ |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၂၆၁ |
| **၁၁-ပုဗ္ဗဏှသုတ်ပါဠိအနက်** | | **၂၆၃** |
| အဓိပ္ပါယ်ရှင်းလင်းချက်များ | .... | ၂၆၅ |
| ပရိတ်ရွတ်ရန်သဒ္ဒါ ၁၀-ပါး | .... | ၂၇၁ |
| ကုသိုလ်ပွားကြောင်းစကား ၅-ပါး | .... | ၂၇၂ |
| ကုသိုလ်ပွားကြောင်း ကထာဝတ္ထု ၁၀-ပါး | .... | ၂၇၃ |
| **နိဂုံး** | | **၂၇၅** |

# နိဒါန်း

ဤမင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်-စသောဒေသနာတော်များသည် ရွတ်ဖတ်သရဇ္ဈာယ်သောသူ, နာယူမှတ်သားသောသူတို့အား ကျရောက်မည့် ဘေးဥပဒ်အန္တရာယ်များကို ကာကွယ်တားဆီးရန်အတွက် တံတိုင်းကြီးသဘွယ်, လက်နက်ကိုင် အစောင့်တပ်ကြီးသဘွယ် ဖြစ်သောကြောင့် သုတ္တ–ဟူသောအမည်မှ ပရိတ္တ–ဟူသော အမည်ထူးကို ရရှိပေသည်၊ ထိုပရိတ်ဒေသနာတော်များသည် ဘေးဥပဒ်အန္တရာယ်ကို ကာကွယ်တားဆီး စောင့်ရှောက်တတ်သည်ဟုဆိုသော်လည်းပရိတ်ရွတ်အင်္ဂါ ၃-ချက်နှင့်ညီညွတ်မှသာ ပရိတ်တော်တန်ခိုးထက်မြက်၍ လိုအပ်သော အကျိုးသက်ရောက်ပေသည်။

ပရိတ်တော် အင်္ဂါ ၃- ချက် တွင်– (၁) ပုဒ်ပါဠိအက္ခရာမှန်ကန်စွာရွတ်ဖတ်ရခြင်း, (၂) မေတ္တာကရုဏာစိတ်နှင့် ယှဉ်ရခြင်းဟူသော ၂-ပါးသော အင်္ဂါအတွက် ပရိတ်ပါဠိတော် သက်သက်နှင့် စိတ်ဓာတ်ဖြင့်ပင် ပြီးစီးနိုင်ပေသည်၊ အနက် အဓိပ္ပါယ်ကို သိရှိနားလည်ရခြင်းဟူသော (၃) အချက်အင်္ဂါကိုမူ ပရိတ်ရွတ်သူ,ဆောင်သူ, နာကြားသူတို့သည် ဤပရိတ်ကြီးနိဿယကို လေ့လာမှသာပြီးစီးနိုင်ပေသည်၊ အနည်းဆုံး ဤပရိတ်ကြီးနိဿယကို စဉ်းစဉ်းစားစား မှတ်မှတ်သားသား တသုတ်လျှင် ၃-ခေါက်ကျစီ ဖတ်ထားကြပါလျှင် ဆိုလိုရင်းအဓိပ္ပါယ်ကို သိရှိနိုင်ရန်အကြောင်းရှိပေသည်၊

# ဂန္ဓာရမ္ဘ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အာသီသ, ပဋိညာဉ်

၁။ ဇိတဝေရော ဇယမေဇော၊
ဇိတပါပေါ ဇယက္ကုဒ္ဓော။
ဇိတမာရော ဇယက္ကေတု၊
ဇယံ ဒေတု ဇိနော မမ။ ။

၂။ ရတိဇံ မေ ရတိံ ဒါတု၊
ရတနံ သာရသမ္ဘဝံ။
ရတိဇေ မေ ရတိ ဌာတု၊
ရတနေ သာရသမ္ဘဝေ။ ။

၃။ စာတုမောက္ခမုခမ္ဗောဇ၊
ဝနေ ဟံသာ ရမာဝ မေ။
ဝါစသိ ရမတံ နိစ္စံ၊
သဗ္ဗသုက္ကာ သရဿတီ။ ။

၄။ အတ္တနော ဟိတကာမာနံ ၊
သုဒ္ဓါနံ ရတနတ္တယေ။
ပသာဒါနံ ဟိတတ္ထာယ၊
ဝက္ခံ ပရိတ္တနိဿယံ။ ။

၁။ ဇိတဝေရော၊ အောင်အပ်ပြီးသော ရန်ရှိတော်မူထသော။ တနည်းကား– ဇိတဝေရော၊ အောင်အပ်ပြီးသော အဇ္ဈတ္တရန်, ဗဟိဒ္ဓရန်ရှိတော်မူထသော။ ဇယမင်္ဂလော၊ စိုက်အပ်သော အောင်တံခွန် ရှိတော်မူထသော။ ဇိတပါပေါ၊ အောင်အပ်ပြီးသော မကောင်းမှုဒုစ္စရိုက် ရှိတော်မူထသော။ ဇယက္ကန္တော၊ အောင်သူတကာတို့၏ အထွဋ် ဖြစ်တော်မူထသော။ ဇိတမာရော၊ အောင်အပ်ပြီးသော မာရ်ငါးပါးရှိတော် မူထသော။ ဇယက္ကေတု၊ အောင်သူ တကာတို့၏ မှန်ကင်းသဖွယ် ဖြစ်တော် မူထသော။ ဇိနော၊ ငါးမာရ်အောင်သည်။ မမ၊ အကျွန်ုပ်အား။ ဇယံ၊ အောင်ခြင်းကို။ ဒေတု၊ ပေးတော်မူစေသတည်း။

၂။ ရတိဇံ၊ သူတော်ကောင်းတို့၏ မွေ့လျော်ခြင်းကို ဖြစ်စေတတ်ထသော။ သာရသမ္ဘဝံ၊ မြတ်သော ချမ်းသာသုံးပါးကို ဖြစ်စေတတ်ထသော။ ရတနံ၊ ရတနာ သုံးပါးသည်။ မေ၊ အကျွန်ုပ်အား။ ရတိံ၊ ကောင်းမှု၌ မွေ့လျော်သော စိတ်ကို။ ဒါတု၊ ပေးတော်မူစေသတည်း။ ရတိဇော၊ သူတော်ကောင်းတို့၏ မွေ့လျော်ခြင်းကို ဖြစ်စေတတ်ထသော။ သာရသမ္ဘဝေါ၊ မြတ် သော ချမ်း သာ သုံး ပါး ကို ဖြစ်စေ တတ် ထသော။ ရတနေ၊ ရတနာသုံးပါး၌။ မေ၊ အကျွန်ုပ်၏။ ရတိ၊ မွေ့လျော်သော စိတ်သည်။ ဌာတု၊ ကောင်းစွာ တည်ပါစေသတည်း။

၃။ သဗ္ဗသုဂတ္တာ၊ ကိုယ်လုံးဖြူသော။ စာတုအမ္ဗောဇဝနေ ရမာဟံသာဝ၊ တင့် တယ် သော ပဒုမာ တော၌ မွေ့ လျော်သော ဟသ်ာမင်းကဲ့သို့။ စာတုမောက္ခ မုခမ္ဗောဇဝနေရမာ၊

လိမ်မာစွာသော သူမြတ်တို့၏ ခံတွင်းတည်းဟူသော ပဒုမာတော၌ မွေ့လျော်တတ်သော အလေ့ရှိသော။ သဗ္ဗသုက္ကာ၊ အလုံးစုံဖြူစင်သော ကိုယ်အကျင့်, နှုတ်အကျင့်ရှိသော။ သွရဿတီ၊ သူရဿတီ နတ်မြတ်သည်။ မေ၊ ငါ၏။ ဝါစသိ၊ နှုတ်၌။ နိစ္စံ၊ မပြတ်မလပ်။ ရမတံ-ရမတု၊ မွေ့လျော်စေသတည်း။ (သိလေသနည်း ယောဇနာသော အနက်တည်း။)

၄။ အတ္တနော၊ မိမိ၏လည်းကောင်း။ ပရေသံ၊ သူတပါးတို့၏လည်းကောင်း။ ဟိတကာမာနံ၊ အစီးအပွါးကို အလိုရှိကုန်သော။ သုဒ္ဓါနံ၊ ဖြူစင်သော ကိုယ်, နှုတ်, နှလုံးရှိကုန်သော။ ရတနတ္တယေ၊ ရတနာသုံးပါးတို့၏ အပေါင်း၌။ ပသာဒါနံ၊ ကြည်ညိုကုန်သော သူ တော် ကောင်း တို့ ၏။ ဟိတတ္ထာယ၊ အကျိုးစီးပွါး အလို့ငှါ။ အဟံ၊ ငါသည်။ ပရိတ္တနိဿယံ၊ ပရိတ်ကြီးနိဿယဖြစ်သော မြန်မာဝေါဟာရကို။ ဝက္ခံ-ဝက္ခာမိ၊ ဆိုပေအံ့။

---

## ပရိတ္တအဓိပ္ပါယ်

အဘယ်သို့သော အနက်ကြောင့် ပရိတ္တမည်သနည်းဟူမူကား-ပရိသမန္တတော ရောဂဘယအန္တရာယေဟိ တာယတိ ရက္ခတီတိ ပရိတ္တံ—ဟူသော ဝစနတ္ထကြောင့် ပရိတ္တမည်၏။ ။ယံ ဓမ္မံ၊ အကြင်တရားတော်သည်။ ပရိသမန္တတော၊ ထက်ဝန်းကျင်အားဖြင့်။ ရောဂဘယအန္တရာယေဟိ၊ရောဂါ, ဘေး, အန္တရာယ်တို့မှ။ တာယတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ- တသ္မာ၊ ထိုသို့ စောင့်ရှောက်တတ်သော သတ္တိကြောင့်။ တံ—ဓမ္မံ၊ ထိုတရားတော်သည်။ ပရိတ္တံ၊ ပရိတ္တာမည်၏။

## ပရိတ်ကြီးပါဠိတော်နိဿယ

ရောဂါ, ဘေး, အန္တရာယ်တို့မှ စောင့်ရှောက်တတ်သော ကြောင့် ပရိတ္တမည်၏ပင်ဟူသော်လည်း ရတနာသုံးပါးတို့၌ မကြည်ညို မလေးမြတ် မယုံကြည်သော သူတို့ကို မစောင့်ရှောက်တတ်၊ ကြည်ညိုခြင်း, လေးမြတ်ခြင်း, ယုံကြည်ခြင်းရှိသော သူတော်ကောင်းတို့ကိုသာ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" ဟူသည်နှင့် အညီ ပရိတ်တော်က စောင့်ရှောက်ပါသတည်း။

### ပရိတ်ရွတ်ပုဂ္ဂိုလ်အင်္ဂါ ၃-ပါး

ပရိတ်ရွတ်သော ပုဂ္ဂိုလ်၌အင်္ဂါ ၃-ပါး, ပရိတ်နာသော ပုဂ္ဂိုလ်၌ အင်္ဂါ ၃-ပါး၊ ဤခြောက်ပါးသောအင်္ဂါနှင့် ပြည့်စုံသောပရိတ်သည် ရောဂါ, ဘေး, အန္တရာယ်ကို ပယ်ဖျောက်နိုင်၏ဟု သုတ်ပါဌေယျ အဋ္ဌကထာ၌လာ၏၊ ပရိတ်ရွတ်သောပုဂ္ဂိုလ်၌ အင်္ဂါသုံးပါးဟူသော်ကား-

၁။ ပစ္စည်း လာဘ်လာဘ၌ ငဲ့ကွက်ခြင်း မရှိသည်လည်းတပါး,

၂။ အက္ခရာ, ပုဒ်, ဝါကျကို မှန်ကန်အောင် ရွတ်နိုင်သည်လည်းတပါး,

၃။ ပရိတ်တော်၏ အနက် အဓိပ္ပါယ်ကိုသိသည်လည်း တပါး,

ဤသို့ သုံးပါးတည်း။

### ပရိတ်နာပုဂ္ဂိုလ်အင်္ဂါသုံးပါး

ပရိတ်နာသော ပုဂ္ဂိုလ်၌ အင်္ဂါသုံးပါးဟူသော်ကား—

၁။ ကံကြောင့်မဟုတ်သော ရောဂါ, ဘေး, အန္တရာယ်လည်းဖြစ်စေ။

၂။ မိစ္ဆာဒိဋ္ဌိအယူမရှိသော ပုဂ္ဂိုလ်လည်းဖြစ်စေ။
၃။ ပရိတ်တော်သည် ရောဂါ, ဘေး, အန္တရာယ် ကို ပယ်ဖျောက် ပေတတ်၏ဟု ယုံကြည်သည်လည်း ဖြစ်စေ။

ဤသို့သုံးပါးတည်း။

အရှင်မဟာကဿပ ရောဂါ ရောက်သော အခါ၌လည်းကောင်း, အရှင်မောဂ္ဂလာန် ရောဂါရောက်သော အခါ၌လည်းကောင်း မြတ်စွာဘုရား ဗောဇ္ဈင်္ဂပရိတ်ကို ရွတ်တော်မူ၍ ရောဂါငြိမ်းသတည်း၊ မြတ်စွာဘုရား ရောဂါ ရောက်တော် မူသောအခါ၌ အရှင်စုန္ဒမထေရ် ဗောဇ္ဈင်္ဂ ပရိတ်ကို ရွတ်သောကြောင့် ရောဂါ ငြိမ်းတော်မူသတည်း၊ အရှင် ဂိရိမာနန္ဒ ရောဂါ ရောက်သောအခါ၌ အရှင်အာနန္ဒာ သညာဆယ်ပါး ကမ္မဋ္ဌာန်းကို ရွတ်သောကြောင့် ရောဂါ ငြိမ်းလေသတည်း၊ ဝေသာလီပြည်၌ ရောဂါဘေး, ဘီလူးစားသောဘေး, ငတ်မွတ်သော ဒုဗ္ဘိက္ခ ဘေး၊ ဤ ဘေးသုံးပါး ရောက်သောအခါ၌ အရှင်အာနန္ဒာ အမှူးရှိသော သံဃာတော်များ ရတနသုတ် ပရိတ်တော်ကို ရွတ်သောကြောင့် ဘေးသုံးပါး ငြိမ်းလေသတည်း၊ ဤသို့ စသည်ဖြင့် ဝတ္ထုသက်သေ သော်ကား ကျမ်းဂန်တို့၌ များစွာလာ၏။

ဂန္ဓာရမှာပြီး၏။

# ပရိတ်ကြီးပါဠိတော်နိဿယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပရိတ်နိဒါန်း

၁။ သမန္တာ စက္က-ဝါဠေသု၊
အတြာ-ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိ-ရာဇဿ၊
သုဏန္တု သဂ္ဂ-မောက္ခဒံ။

၂။ ဓမ္မ-ဿဝန-ကာလော အယံ ဘဒန္တာ။

၃။ နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ သမန္တာ၊ ထက်ဝန်းကျင်မှ။ စက္ကဝါဠေသု၊ တသောင်းသော စကြဝဠာတို့၌။ ဝသန္တာ၊ နေကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ အတြ၊ ဤတရားဟောရာ အရပ်

သို့။ ဓမ္မဿဝနတ္ထာယ၊ တရားနာအံ့သောငှါ။ အာဂစ္ဆန္တု၊ လာစေ ကုန်သတည်း။ မုနိရာဇဿ၊ မြတ်စွာဘုရား၏။ သဂ္ဂမောက္ခဒံ၊ နတ်ရွာ, နိဗ္ဗာန်အကျိုးကို ပေးတတ်ထသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏန္တု၊ နာစေကုန်သတည်း။

၂။ ဘဒ္ဒန္တာ၊ အိုနတ်များတို့။ အယံကာလော၊ ဤအခါသည်ကား။ ဓမ္မဿဝနကာလော၊ တရားတော်ကို နာအံ့သောအခါတည်း။

၃။ အရဟတော၊ လူနတ်တို့၏ ပူဇော်သက္ကာရ အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားအပေါင်းကို မဖောက်မပြန် အလိုလိုသာလျှင် သိတော်မူပြီးထသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု-ဘဝတု၊ ဖြစ်စေသတည်း။

---

၄။ ယေ သန္တာ သန္တ-စိတ္တာ,
တိ-သရဏ-သရဏာ,
ဧတ္ထ လောကန္တရေဝါ၊
ဘုမ္မာဘုမ္မာစ ဒေဝါ,
ဂုဏ-ဂဏ-ဂဟဏာ,
ဗျာဝဋာ သဗ္ဗ-ကာလံ။
ဧတေ အာယန္တု ဒေဝါ,
ဝရ-ကနကမယေ,
မေရု-ရာဇေ ဝသန္တော၊

သန္တော သန္တောသ-ဟောတုံ,
မုနိ-ဝရ-ဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ။

၄။ တွေဝါ၊ ဤစကြဝဠာ၌ လည်းကောင်း။ လောကန္တရေဝါ၊ တပါးသော စကြဝဠာ၌ လည်းကောင်း။ သန္တာ၊ သူတော်ကောင်း ဖြစ်ကုန်သော၊ သန္တစိတ္တာ၊ ဒေါသငြိမ်းသော စိတ်နှလုံးရှိကုန်သော။ တိသရဏာ သရဏာ၊ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ ရှိကုန်သော။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဂုဏာ ဂဏာ ဂဟဏာ ဗျာဝဋာ၊ လောကီကျေးဇူး, လောကုတ္တရာကျေးဇူးအပေါင်းကို မိမိသန္တာန်၌တည်စေခြင်းငှါ လုံ့လပြုတတ်ကုန်သော။ ဘုမ္မာ၊ မြေ၌တည်ကုန်သော။ ယေ ဒေဝါစ၊ အကြင်နတ်တို့သည် လည်းကောင်း။ အဘုမ္မာ၊ ကောင်းကင်၌တည်ကုန်သော။ ယေ ဒေဝါစ၊ အကြင်နတ်တို့သည်လည်းကောင်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တေ ဒေဝါစ၊ ထိုရုက္ခစိုးနတ်, ဘုမ္မစိုးနတ်, အာကာသစိုးနတ်, စတုမဟာရာဇ် နတ်တို့သည် လည်း။ ဓမ္မဿဝနတ္ထာယ။ တရားနာအံ့ သောငှါ။ အာယန္တု၊ လာစေ ကုန်သတည်း။ ဝရကနကမယေ၊ မြတ်သောရွှေစင်ဖြင့် ပြီးသော။ မေရုရာဇေ၊ မြင့်မိုရ်တောင်မင်း၌။ ဝသန္တော၊ နေကုန်သော။ သန္တော၊ သူတော်ကောင်း ဖြစ်ကုန်သော။ တိသရဏာ သရဏာ၊ ရတနာသုံးပါး သာလျှင် ကိုးကွယ်ရာရှိကုန်သော။ သဗ္ဗကာလံ။ အခါခပ်သိမ်း။ ဂုဏာ ဂဏာ ဂဟဏာ ဗျာဝဋာ၊ လောကီကျေးဇူး, လောကုတ္တရာကျေးဇူး အပေါင်းကို

မိမိသန္တာန်၌ တည်စေခြင်းငှါ လုံ့လပြုတတ်ကုန်သော။ (ဤနှစ်ပုဒ်ကိုလိုက်စေ။) တေ ဒေဝါစ၊ ထိုတာဝတိံသာနတ်တို့သည်လည်း။ သန္တောသ ဟေတုံ၊ ရောင့်ရဲလွယ်ခြင်း၏အကြောင်းဖြစ်သော။ အဂ္ဂံ၊ မြတ်သော။ မုနိဝရဝစနံ၊ မြတ်စွာဘုရား၏ တရားတော်ကို။ သောတုံ၊ နာအံ့သောငှါ။ သမဂ္ဂါ၊ အညီအညွတ်။ အာယန္တု၊ လာစေကုန်သတည်း။

၅။ သဗ္ဗေသု စက္က-ဝါဠေသု၊
ယက္ခာ ဒေဝါစ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊
သဗ္ဗ-သမ္ပတ္တိ-သာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊
သမဂ္ဂါ သာသနေ ရတာ။
ပမာဒ-ရဟိတာ ဟောန္တု၊
အာရက္ခာသု ဝိသေသတော။

၅–၆။ အမှေဟိ၊ ငါတို့သည်။ သဗ္ဗသမ္ပတ္တိသာဓကံ၊ အလုံးစုံသော လောကီချမ်းသာကိုပြီးစေတတ်သော။ ယံ–ပုညံ၊ အကြင်ကောင်းမှုကို။ ကတံ၊ ပြုအပ်၏။ တံ-ပုညံ၊ ထိုကောင်းမှုကို။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ စက္ကဝါဠေသု၊ တသောင်းသော စကြဝဠာတို့၌။ ဝသန္တာ၊ နေကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ယက္ခာစ၊ ဘီလူးတို့သည်လည်းကောင်း။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ ဗြဟ္မနောစ၊ ဗြဟ္မာတို့သည်လည်းကောင်း။ အနုမောဒိတွာ၊ ဝမ်းမြောက်

ကုန်သည်ဖြစ်၍။ သမဂ္ဂါ၊ အညီအညွတ် ရှိကုန်သည် ဖြစ်၍။ သာသနေ၊ သာသနာတော်၌။ ရတာ၊ မွေ့လျော်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဝိသေသတော၊ အထူးအားဖြင့်၊တော၊ ထိုဘီလူး, နတ်, ဗြဟ္မာတို့သည်။အာရက္ခာသု၊ အစောင့်အရှောက်တို့၌။ ပမာဒရဟိတာ၊ မေ့လျော့ခြင်းကင်းကုန်သည်။ (အခါခပ်သိမ်း မမေ့မလျော့ကုန်သည်လည်းဟူ။) ဟောန္တု၊ဖြစ်စေကုန်သတည်း။

---

၇။ သာသနဿစ လောကဿ၊
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၇။ သာသနဿစ၊ သာသနာတော်၏ လည်းကောင်း။ လောကဿစ၊ သတ္တလောက၏ လည်းကောင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝုဍ္ဎိ၊ စီးပွါးစည်ပင်ခြင်းသည်။ ဘဝတု၊ ဖြစ်စေသတည်း။ သာသနမ္ပိစ၊ သာသနာတော်ကိုလည်းကောင်း။ လောကဉ္စ။ သတ္တလောကကိုလည်းကောင်း၊ ဒေဝါ၊ သမ္မာနတ်တို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။

---

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊
ပရိဝါရေဟိ အတ္တနော။
အ-နီဃာ သု-မနာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

၃၄၆၅

၇။ သဗ္ဗေ၊ အလုံးစုံကုန်သော သတ္တဝါတို့သည်။ အတ္တ-နော၊ မိမိမိမိ၏။ ပရိဝါရေဟိ၊ အခြံအရံတို့နှင့်။ သဒ္ဓိံ၊ တကွ။ သုခီ၊ ချမ်းသာကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ ဆွေမျိုးတို့နှင့်။ သဟ၊ တကွ။ အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ သုမနာ၊ ဝမ်းမြောက်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

---

၈။ ရာဇတောဝါ စောရတောဝါ မနုဿ-တောဝါ အ-မနုဿတောဝါ အဂ္ဂိတောဝါ ဥဒ-ကတောဝါ ပိသာစတောဝါ ခါဏုကတောဝါ ကဏ္ဍကတောဝါ နက္ခတ္တတောဝါ ဇနပဒ-ရောဂတောဝါ အ-သဒ္ဓမ္မတောဝါ အ-သန္ဒိဋ္ဌိ တောဝါ အ-သပ္ပုရိသတောဝါ စဏ္ဍ- ဟတ္ထိ-အဿ-မိဂ- ဂေါဏ- ကုက္ကုရ- အဟိ- ဝိစ္ဆိက-မဏိသပ္ပ-ဒီပိ- အစ္ဆ- တရစ္ဆ- သူကရ- မဟိံသ (သီဟ-ဗျဂ္ဃ) ယက္ခ-ရက္ခသ-ဒိဟိ နာနာ-ဘယ-တောဝါ နာနာ-ရောဂတောဝါ နာနာ-ဥပဒ္ဒဝ တောဝါ အာရက္ခံ ဂဏှန္တု။

၈။ ရာဇတောဝါ၊ မင်းဘေးမှ လည်းကောင်း။ စောရ တောဝါ၊ ခိုးသူဘေးမှလည်းကောင်း။ မနုဿတောဝါ၊ လူဆိုး လူကြမ်းဘေးမှလည်းကောင်း။ အမနုဿတောဝါ၊ နတ်ဘီလူး, ဖုတ်,ပြိတ္တာဘေးမှလည်းကောင်း။ အဂ္ဂိတောဝါ၊ မီးဘေးမှ လည်းကောင်း။ ဥဒကတောဝါ၊ ရေဘေးမှလည်းကောင်း။

ပိသာစတော၀ါ၊ လမ်းဆုံဘီလူး, တစဘီလူးဘေးမှလည်းကောင်း။ ခါဏုကတော၀ါ၊ သစ်ငုတ် ခလုတ် ဘေးမှလည်းကောင်း။ ကဏ္ဍကတော၀ါ၊ လေး,မြှား,ခက်ရင်း,ဆူးငြောင့်ဘေးမှလည်းကောင်း။ နက္ခတ္တတော၀ါ၊ မကောင်းသောနေ့ရက် နက္ခတ်ပြဿဒါးဘေးမှလည်းကောင်း။ ဇနပဒရောဂတော၀ါ၊ နိဂုမ်း ဇနပုဒ်၌ ဖြစ်သော အယည့်နာ, ကာလနာ ဘေးမှလည်းကောင်း။ အသဒ္ဓမ္မတော၀ါ၊ အကုသိုလ် ဒုစ္စရိုက်ဆယ်ပါးဘေးမှ လည်းကောင်း။ အသန္ဒိဋ္ဌိတော၀ါ၊ အမြင်မှားသော (အယူမှားသော်လည်းဟူ။) မိစ္ဆာဒိဋ္ဌိ ဘေးမှလည်းကောင်း။ အသပ္ပုရိသတော၀ါ၊ သူတော်မဟုတ် သူယုတ်တို့၏ဘေးမှလည်းကောင်း။ စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သုကရ မဟိံသ (သီဟဗျဂ္ဃ) ယက္ခ ရက္ခသာဒီဟိ၊ ဘေးဥပဒ္ဒဝေါ အန္တရာယ်ကိုပြုတတ်ကုန်သော ကြမ်းသောဆင်, ကြမ်းသောမြင်း, ကြမ်းသော သမင် စိုင်-ဆတ်, ကြမ်းသောနွား, ကြမ်းသောခွေး, ကြမ်းသောမြွေ, ကြမ်းသောကင်း, ကြမ်းသောမြွေစိမ်း,ကြမ်းသောသစ်, ကြမ်းသောဝံ, ကြမ်းသောအောင်း, ကြမ်းသောဝက်, ကြမ်းသောကျွဲ, ကြမ်းသောခြင်္သေ့, ကြမ်းသောကျား, ကြမ်းသောဘီလူး, ကြမ်းသော ရက္ခိုသ်ဘီလူး အစရှိသော ဘေးတို့မှလည်းကောင်း။ နာနာဘယတော၀ါ၊ အထူးထူးသော နှစ်ဆဲ့ငါးပါးသော ဘေးတို့မှလည်းကောင်း။ နာနာရောဂတော၀ါ၊ အထူးထူးသော ကိုးဆဲ့ ခြောက်ပါးသောရောဂါအနာ ဘေးတို့မှလည်းကောင်း။ နာနာဥပဒ္ဒဝတော၀ါ၊ အထူးထူးသော တဆဲ့ခြောက်ပါးသော ဥပဒ္ဒဝေါ ဘေးတို့မှလည်းကောင်း။ ဓေတဒေ၀ါ၊ ထိုဆိုအပ်ခဲ့ပြီးသော

သမ္မာနတ်တို့သည်။(ထည့်ပုဒ်)။ အာရက္ခံ၊အစောင့်အရှောက်ကို။ ဂဏှန္တု၊ ယူစေကုန်သတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

### ၂၅-ပါးသောဘေး

၉။ အချို့သောပရိတ်စာ၌ သီဟ,ဗျဂ္ဃ-ပုဒ်မပါ၊ပါသင့်သော ဒ်ပင်ဖြစ်သည်၊ ပါသောပရိတ်စာသည် မှုမှန်ပင်တည်း

နာနာဘယတော၀ါ–ဟူသောပုဒ်၌ ဘေးကြီး, ဘေးငယ်အားဖြင့် ရေတွက်သော်ကား-ရာဇတော၀ါကစ၍ ယက္ခရက္ခသာဒိတိ တိုင်အောင် ဘေးအပေါင်း သုံးဆယ့်တပါး အပြားရှိ၏၊ ဘေးကြီး နှစ်ဆယ့်ငါးပါး ဟူသော်ကား–

၁။ မင်းဘေး,

၂။ ခိုးသူဘေး,

၃။ လူဆိုးလူကြမ်းဘေး,

၄။ နတ်,ဖုတ်,ပြိတ္တာ,မြေဘုတ်,မြေဘီလူး, ရက္ခစိုးနတ်ဘေး,

၅။ မီးဘေး,

၆။ ရေဘေး,

၇။ လေး, မြှား,ဓား, လှံ, ခက်ရင်း, ဆူးငြောင့်, သေနတ်, အမြောက်စသော လက်နက်ဘေး,

၈။ နိဂုမ်းဇနပုဒ်၌ဖြစ်သောအယည့်ရောဂါ ကာလနာဘေး,

၉။ အကုသိုလ် ဒုစရိုက်ဆယ်ပါးဘေး,

၁၀။ အယူမှားသော မိစ္ဆာဒိဋ္ဌိဘေး,

၁၁။ သူတော်မဟုတ်သော သူယုတ်ဘေး,

၁၂။ ဆင်ဘေး,

၁၃။ မြင်းဘေး,

၁၄။ နွားရှိန်းဘေး,
၁၅။ ခွေးဘေး,
၁၆။ မြွေဘေး,
၁၇။ ကင်းဘေး,
၁၈။ သစ်ဘေး,
၁၉။ ဝံဘေး,
၂၀။ ဝက်ဘေး,
၂၁။ ကျွဲရိုင်းဘေး,
၂၂။ ခြသေ့ဘေး,
၂၃။ ကျားဘေး,
၂၄။ လူသားစားဘီလူးဘေး,
၂၅။ ရေစောင့်ရက္ခိုသ်ဘီလူးဘေး,
ဤသည်ကား ပဥ္စဝီသတိဘယာတည်း။

## ၉၆-ပါးသောရောဂါ

**နာနာရောဂတော၀ါ**- ဟူသောပုဒ်၌ ကိုးဆယ့်ခြောက်ပါးသော ရောဂါဟူသော်ကား-

ဇ္စမသိ္မံကာယေ ဝိဝိဓာ အာဗာဓာ ဥပ္ပဇ္ဇန္တိ။သေယျထိဒံ၊ စက္ခုရောဂေါ သောတရောဂေါ ဃာနရောဂေါ ဇိဝှါရောဂေါ ကာယရောဂေါ သီသရောဂေါ ကဏ္ဏရောဂေါ မုခရောဂေါ ဒန္တရောဂေါ ကာသော သာသော ပိနာသော ဍာဟော ဇရော ကုစ္ဆိရောဂေါ မုစ္ဆာ ပက္ခန္ဒိကာ သူလာ ဝိသူစိကာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပ္ပမာရော ဒဒ္ဒု ကဏ္ဍု ကစ္ဆု နခသာ ဝိတစ္ဆိကာ လောဟိတံ ပိတ္တံ မဓုမေဟော အံသာ ပိဠကာ ဘဂန္ဒလာ ပိတ္တသမုဋ္ဌာနာအာဗာဓာ သေမှသမုဋ္ဌာနာအာဗာဓာ ဝါတသမုဋ္ဌာနာအာဗာဓာ သန္နိပါတိကာအာဗာဓာ ဥတုပရိဏာမဇာ အာဗာဓာ ဝိသမပရိဟာရဇာ အာဗာဓာ

ဩပက္ကမိကာအာဗာဓာ ကမ္မဝိပါကဇာအာဗာဓာ သီတံ
ဥဏှံ ဇိဃစ္ဆာ ပိပါသာ ဥစ္စာရော ပဿာဝေါတိ။
အင်္ဂုတ္တရဒသနိပါတ် ဂိရိမာနန္ဒသုတ်၌လာ၏။

**အနက်ကား**-ဣသို့ကာယေ၊ ဤကိုယ်၌။ ဗဟဝေါ၊ အထူးထူး
အပြားပြားများကုန်သော။ အာဗာဓာ၊ အနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊
ဖြစ်ကုန်၏။ဣဒံ-ဣမေ၊ ဤအနာတို့ဟူသည်။ သေယျထာ-ကတမေ၊
အဘယ်သည်တို့ နည်းမူကား။ စက္ခုရောဂေါ၊ မျက်စိအနာလည်း
ကောင်း။ သောတရောဂေါ၊ နားတွင်းအနာလည်းကောင်း။ ဃာန
ရောဂေါ၊ နှာခေါင်းအနာလည်းကောင်း။ တနည်းကား-ထိပ်ကပ်
နှာရည်ယိုအနာလည်းကောင်း။ ဇိဝှါရောဂေါ၊ လျှာအနာလည်း
ကောင်း။ ကာယရောဂေါ၊ ကိုယ်အနာလည်းကောင်း။ သီသရော
ဂေါ၊ ဦးခေါင်းအနာလည်းကောင်း။ ကဏ္ဏရောဂေါ၊ နားရွက်အနာ
လည်းကောင်း။ မုခရောဂေါ၊ ခံတွင်းအနာလည်းကောင်း။ ဒန္တ-
ရောဂေါ၊ သွားအနာလည်းကောင်း။

ကာသော၊ ချောင်းဆိုးအနာလည်းကောင်း။ သာသော၊ပန်းနာ
ရှူနာလည်းကောင်း။ ပိနာသော၊ နှာခေါင်းဖွတ်သိုအနာလည်း
ကောင်း။ဍာဟော၊ကိုယ်လုံးပူသောအနာ,ရင်ပူရင်ကြွပ်အနာလည်း
ကောင်း။တနည်းကား-အပူဝင်သောအနာလည်းကောင်း။ဇရော၊
အဖျားအနာလည်းကောင်း။ တနည်းကား-ရက်ချန် အဖျားအနာ
လည်းကောင်း။ ကုစ္ဆိရောဂေါ၊ ဝမ်းအနာလည်းကောင်း။ တနည်း
ကား-အသည်းကြီး, သရက်ရွက်ကြီး, အဆုတ်ကြီး, အသည်းလံ,
သရက်ရွက်လံ,အဆုတ်လံ,ကာလနာလည်းကောင်း။

မုစ္ဆာ၊ ဘမ္ဘိုင်မှိုင် တွေဝေမိန်းမောသော အနာလည်းကောင်း။
ပက္ခန္ဒိကာ၊ ဝမ်းသွေးသွန်သော အနာလည်းကောင်း။ တနည်း
ကား-ဝမ်းသွေးစစ်ပိတ်ကျအနာလည်းကောင်း။သူလာ၊တံကျင်လျှို
သကဲ့သို့ထိုးကျင်သောအနာလည်းကောင်း။ဝိသူစိကာ၊ အစ်ဖြင့်ထိုး
ဆွသကဲ့သို့ ကိုက်ခဲသောအနာလည်းကောင်း။

ကုဋ္ဌံ၊ နူနာလည်းကောင်း။ ဂဏ္ဍော၊ နွားနို့ကဲ့သို့အထွတ်ထွတ်ပေါက်သော အနာလည်းကောင်း။ ကိလာသော၊ ပဒုမာရွက်ကဲ့သို့အကွက်ကွက်အနာ, တင်းတိတ်အနာ, ညှင်းအနာ လည်းကောင်း။ သောသော၊ ဆေးကုခက်သော ကုတ်ဟီးအနာ လည်းကောင်း။ တနည်းကား-သာနာရှပ် အနာလည်းကောင်း။ အပ္ပမာရော၊ အရူးအနာလည်းကောင်း။ တနည်းကား-ဝက်ရူးအနာ, ကြက်ရူးအနာလည်းကောင်း။တနည်းကား-စိတ်ပျံ့လွင့်သောအနာလည်းကောင်း။

ဒဒ္ဒု၊ ပွေးကြီးအနာ လည်းကောင်း။ ကဏ္ဍု၊ ယားနာလည်းကောင်း။ ကစ္ဆု၊ ဲကြီးအနာလည်းကောင်း။ နခသာ၊ လက်သည်းခြေသည်းခြစ်မိ၍ ဖြစ်သောအနာလည်းကောင်း။ တနည်းကား–လက်သည်းခြေသည်း ပုပ်သောအနာလည်းကောင်း။ ဝိတစ္ဆိကာ၊ မီးလောင်မာကဲ့သို့ အဖူးဖူးပေါက်သော အနာလည်းကောင်း။ တနည်းကား–အနာမီး အနာလျှံအနာ, တိမ်းတက်အနာ လည်းကောင်း။

လောဟိတံ၊ နှာခေါင်းသွေးယိုသော အနာလည်းကောင်း။ တနည်းကား–သွေးအန်သောအနာလည်းကောင်း။ ပိတ္တံ၊ သည်းခြေရူး အနာလည်းကောင်း။ တနည်းကား–သည်းခြေဖျား အနာလည်းကောင်း။ မဓုမေဟော၊ တူလာသရောအနာလည်းကောင်း။ အံသာ၊ အလုံးအလုံးပေါက်သော ကျောက်ဝက်သက်,ပဲသီတာ အနာလည်းကောင်း။ ပိဠကာ၊ ဆတ်ဆံရှိသောထွတ်မြင်းအနာ,ဝက်မြီအနာလည်းကောင်း။ဘဂန္ဒလာ၊မြင်းသရိုက်အနာလည်းကောင်း။

ပိတ္တသမုဋ္ဌာနာ အာဗာဓာ၊ သည်းခြေကြောင့်ဖြစ်သောအနာလည်းကောင်း။ သေမှသမုဋ္ဌာနာ အာဗာဓာ၊ သလိပ်ကြောင့်ဖြစ်သောအနာလည်းကောင်း။ ဝါတသမုဋ္ဌာနာ အာဗာဓာ၊ လေကြောင့်ဖြစ်သောအနာလည်းကောင်း။ သန္နိပါတိကာ အာဗာဓာ၊ လေ,သည်းခြေ,သလိပ်စုဝေး၍ ဖြစ်သော သန္နိပါတ် အနာလည်းကောင်း။ ဥတုပရိဏာမဇာ အာဗာဓာ၊ ဥတုဖောက်ပြန်၍ ဖြစ်သော အနာလည်းကောင်း။ ဝိသမပရိဟာရဇာ အာဗာဓာ၊ မညီမညွတ်သောဘောဇဉ်ဖောက်ပြန်၍ဖြစ်သော အနာလည်းကောင်း။

ဩပက္ကမိကာ အာဗာဓာ၊ သူတပါးတို့၏ လုံ့လကြောင့် ဖြစ်သော အနာလည်းကောင်း။ ကမ္မဝိပါကဇာ အာဗာဓာ၊ ကံကြောင့် ဖြစ်သော အနာလည်းကောင်း။ သီတံ၊ အချမ်းနှိပ်စက်သော အနာလည်းကောင်း။ ဥဏှံ၊ အပူနှိပ်စက်သော အနာလည်းကောင်း။ ဇိဃစ္ဆာ၊ ထမင်းငတ်သောအနာလည်းကောင်း။ ပိပါသာ၊ ရေငတ်သောအနာလည်းကောင်း။ ဥစ္စာရော၊ ကျင်ကြီးနှိပ်စက်သောအနာလည်းကောင်း။ တနည်းကား–စမြင်းခံ၍ ကျင်ကြီး မသွားသော အနာလည်းကောင်း။ ပဿာဝေါ၊ ကျင်ငယ်နှိပ်စက်သော အနာလည်းကောင်း။ တနည်းကား–ကျင်ငယ်အောင့်သော အနာလည်းကောင်း။ ဣမေ၊ ဤအနာတို့တည်း။

## ရောဂါသရုပ်ရေတွက်ပြခြင်း

ဤဒေသနာတော်နည်းကို အမှီပြု၍ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့၏သရုပ်ကို ရေတွက်၍ဆိုပေအံ့။

၁။ မျက်စိအနာ,

၂။ နားခေါင်းတွင်းအနာ,

၃။ နှာခေါင်းအနာ,ထိပ်ကပ်နှာရည်ယိုအနာ,

၄။ လျှာအနာ,

၅။ ကိုယ်အနာ, [လက်သေသော အနာ, ခြေသေသော အနာ, ကိုယ်တခြမ်းသေသော အနာ, ထုံနာ,ကျင်နာ, ဖက်သကပ်အနာ, ဖက်သချာအနာ, ဘိမ်းမြိကိုယ်ရောင် အနာ,သွေးသာခ လေသာခအနာ, အရေကွဲပတ်သော အနာ, ပါဒရက်ခြေပူနာ, ခြေအေးနာ၊ ဤအနာဟို့ကို ကာယရောဂေါ-ပုဒ်၌သွင်း၍ တပါးတည်းသာ ရေတွက်အပ်၏။]

၆။ ဦးခေါင်းအနာ,

၇။ နားရွက်အနာ,

၈။ ခံတွင်းအနာ,

၉။ သွားအနာ,

၁၀။ ချောင်းဆိုးအနာ,
၁၁။ ရှူနာပန်းနာ,
၁၂။ နှာခေါင်းဖွတ်သိုအနာ,
၁၃။ ဍာဟော-ဟူသောပုဒ်၏အရ၌=ကိုယ်လုံးပူသောအနာ,
:တနည်းကား-ရင်ပူ ရင်ကြပ် ရင်ပြည့်အနာ,
၁၄။ အပူဝင်အနာ-ဟူ၍ နှစ်ပါးယူအပ်၏။
၁၅။ ဇရော-ဟူသောပုဒ်၏အရ၌=ပြတက်ဖျားအနာ,
၁၆။ ခွေးဝန်းဖျားအနာ,
၁၇။ အဘိညာဏ်ဖျားအနာ,
၁၈။ မန်းဖျားအနာ,
၁၉။ ငန်းဖျားအနာ,
၂၀။ သန္နိပါတ်ဖျားအနာ-ဟူ၍ ခြောက်ပါးယူအပ်၏။
၂၁။ ဝမ်း၌ လေထိုးကျင်သောအနာ၊ တနည်းကား-အသည်းကြီး,အဆုတ်ကြီး, သရက်ရွက်ကြီး, အသည်းလံ, အဆုတ်လံ, သရက်ရွက်လံ ကာလနာ။
၂၂။ တမှိုင်မှိုင်တွေဝေမိန်းမောသောအနာ,
၂၃။ ပက္ခန္ဒိကာ- ဟူသောပုဒ်၏အရ၌= ဝမ်းသွေးသွန်သောအနာ,
၂၄။ ဝမ်းသွေးစစ်ပိတ်ကိုက်သောအနာ-ဟူ၍နှစ်ပါးယူအပ်၏။
၂၅။ သူလာ-ဟူသောပုဒ်၏အရ၌=မျက်စိတံကျင်အနာ,
၂၆ နားတံကျင်အနာ,
၂၇။ နှာခေါင်းတံကျင်အနာ,
၂၈။ သွားတံကျင်အနာ,
၂၉။ ဦးခေါင်းတံကျင်အနာ,
၃၀။ လည်ကုပ်တံကျင်အနာ,
၃၁။ လက်ဖျံရိုးတံကျင်အနာ,
၃၂။ ကျောက်ဆစ်ရိုးတံကျင်အနာ,
၃၃။ ခါးတံကျင်အနာ,
၃၄။ ရင်တံကျင်အနာ,

၃၅။ နံဘေးနံတောင်တံကျင်အနာ,
၃၆။ ဆီးစပေါင်ချန်တံကျင်အနာ,
၃၇။ ပုဆစ်တံကျင်အနာ,
၃၈။ မြင်းခေါင်းတံကျင်အနာ,
၃၉။ လက်မောင်းတံကျင်အနာ,
၄၀။ ဖဝါးတံကျင်အနာ- ဟူ၍ တဆယ့်ခြောက်ပါးယူအပ်၏။
၄၁။ အပ်ဖြင့်ထိုးဆွသကဲ့သို့ ကိုက်ခဲသောအနာ,
၄၂။ ကဏ္ဍု-ဟူသောပုဒ်၏အရဣ=နူနီအနာ,
၄၃။ နူနက်အနာ,
၄၄။ နူဖြူအနာ,
၄၅။ သမင်ယက်အနာ-ဟူ၍လေးပါးယူအပ်၏။
၄၆။ နွားနို့ကဲ့သို့ အထွတ်အထွတ်ပေါက်သောအနာ,
၄၇။ ကိလာသော-ဟူသော အပုဒ်၏အရဣ=ပဒုမာကြာရွက်ကဲ့သို့အကွက်နာ,
၄၈။ တင်းတိတ်အနာ,
၄၉။ ညှင်းအနာ-ဟူ၍သုံးပါးယူအပ်၏။
၅၀။ သောသော-ဟူသော ပုဒ်၏အရဣ=ဆေးကု၍ မလွတ်နိုင်သောဇာတိဖြစ်သော ကုတ်ဟီးအနာ,
၅၁။ သာနာရုပ်အနာ-ဟူ၍ နှစ်ပါးယူအပ်၏။
၅၂။ အပ္ပမာရော-ဟူသောပုဒ်၏အရဣ= သည်းခြေပျက်၍ ရူးသောအနာ,
၅၃။ ဘီလူးဖမ်း၍ရူးသောအနာ,
၅၄။ နတ်ဖမ်း၍ရူးသောအနာ,
၅၅။ ဝက်ရူးအနာ,
၅၆။ ကြက်ရူးအနာ,
၅၇။ မိဘ ဆွေမျိုးသားသမီးလင်မယားသေ၍ဥစ္စာပစ္စည်းပျက်စီး၍ ပဋာစာရီ, ကိသာဂေါတမီတို့ကဲ့သို့ သောကအားကြီး၍ ရူးသောအနာ-ဟူ၍ခြောက်ပါးယူအပ်၏။

၅၀။ ပွေးနာ,
၅၉။ ယားနာကြီးအနာ,
၆၀။ ဝဲကြီးအနာ,
၆၁။ နခသာ-ဟူသောပုဒ်၏အရ၌= လက်သည်း ခြေသည်း ခြစ်မိ၍ ဖြစ်သောအနာ,
၆၂။ ခြေသည်း လက်သည်း ပုပ်သော အနာ-ဟူ၍ နှစ်ပါး ယူအပ်၏။
၆၃။ ဝိတစ္ဆိကာ-ဟူသော ပုဒ်၏အရ၌= မီးလောင်မာကဲ့သို့ အဖူးအဖူးပေါက်သောအနာ,
၆၄။ အနာမီးအနာလျှံအနာ,
၆၅။ တိမ်းတက်အနာ-ဟူ၍ သုံးပါးယူအပ်၏။
၆၆။ လောဟိတံ-ဟူသောပုဒ်၏ အရ၌=ခံတွင်းမှ သွေးအန်သောအနာ,
၆၇။ နှာခေါင်းမှသွေးယိုသောအနာ-ဟူ၍ နှစ်ပါးယူအပ်၏။
၆၈။ သည်းခြေဖျားအနာ,
၆၉။ မဓုမေဟော-ဟူသော ပုဒ်၏အရ၌=သွေးတူလာသရောအနာ,
၇၀။ လေတူလာသရောအနာ,
၇၁။ ယောက်ျားကိုယ် အခါခပ်သိမ်းခိုင်မာ၍ နေသော ပတ္တတူလာသရောအနာ,
၇၂။ သုက်ပြေးတူလာသရောအနာ,
၇၃။ မုတ်သတူလာသရောအနာ,
၇၄။ ပိတ္တတူလာသရောအနာ,
၇၅။ ဂရင်ဂျီတူလာသရောအနာ,
၇၆။ ဘင်ထွက်တူလာသရောအနာ-ဟူ၍ ၅စ်ပါးယူအပ်၏။
၇၇။ အံသာ-ဟူသော ပုဒ်၏အရ၌= အဖူးဖူး ပေါက်သော ကျောက်အနာ,
၇၈။ ဝက်သက်အနာ,
၇၉၊ ဖဲသီတာအနာ-ဟူ၍ သုံးပါးယူအပ်၏။

၁၇၄၄၂

၁၀။ ပိဠကာ-ဟူသောပုဒ်၏အရ၌=ဆတ်ဆံရှိသော ထွက်မြင်း အနာ,

၁၁။ ဝက်ခြံအနာ-ဟူ၍ နှစ်ပါးယူအပ်၏။

၁၂။ ဘဂန္ဒလာ- ဟူသော ပုဒ်၏အရ၌= သွေးမြင်းသရိုက် အနာ,

၁၃။ လေမြင်းသရိုက်အနာ,

၁၄။ သည်းခြေမြင်းသရိုက်အနာ,

၁၅။ သလိပ်မြင်းသရိုက်အနာ,

၁၆။ မျက်စိမြင်းသရိုက်အနာ,

၁၇။ နားမြင်းသရိုက်အနာ,

၁၈။ နှာခေါင်းမြင်းသရိုက်အနာ,

၁၉။ ရေစီးကမ်းပြိုဟု ဆိုအပ်သော သွားမြင်းသရိုက်အနာ,

၂၀။ ကျင်ငယ်ကြောင်းမြင်းသရိုက်အနာ-ဟူ၍ကိုးပါးယူအပ်၏။
[သည်းခြေကြောင့်ဖြစ်သော အနာ, သလိပ်ကြောင့်ဖြစ် သောအနာ, လေကြောင့် ဖြစ်သောအနာ, သန္နိပါတ် ကြောင့်ဖြစ်သောအနာ,သီတဥတု ဥဏှဥတု ဖောက်ပြန်၍ ဖြစ်သောအနာ, မလျောက်ပတ်သော ဘောဇဉ်ကြောင့် ဖြစ်သောအနာ၊ ဤခြောက်ပါးသောအနာတို့ကား-အသီး အခြား မရေတွက်ရပြီ၊ ဆိုအပ်ခဲ့ပြီးသောအနာ, ဆိုလတ္တံ့ သောအနာတို့၌ လျော်စွာသွင်း၍ ရေတွက်အပ်ကုန်၏။],

၂၁။ သြပက္ကမိကာအာဗာဓာ-ဟူသောပုဒ်၏အရ၌=စုန်းဖမ်း, နတ်ဖမ်း,ဘီးလူးဖမ်း,ဖုတ်ဖမ်း,မြေဖမ်း,မြေဘီးလူးဖမ်း, အင်းထား အိုင်ထား,ဆေးဝါးမန္တရား,ယတြာ,ယာယီ, ကျားသစ်,ဆင်,မြင်း,မြွေ,ကင်းသန်း,ရန်သူ အစရှိသော ဤအလုံးစုံသော သူတပါးတို့၏ လုံ့လပယောဂကြောင့် ဖြစ်သော အနာတို့ကို ယူအပ်ကုန်၏။
[ကံကြောင့်ဖြစ်သောအနာတို့ကိုလည်းအသီးအခြားမရေ တွက်ရပြီ၊ ဆိုအပ်ခဲ့ပြီးသော အနာတို့၌ လျော်စွာသွင်း၍

ရေတွက်အပ်ကုန်၏၊ ကံကြောင့်ဖြစ်သော အနာမှာ ဆေးမရှိ၊ ဆေးကု၍မလွတ်။]

၉၂။ အချမ်းနှိပ်စက်သောအနာ, အပူနှိပ်စက်သောအနာ,

၉၃။ ထမင်းငတ်သောအနာ, ရေငတ်သောအနာ,

၉၄။ ကျင်ကြီးနှိပ်စက်သောအနာ,

၉၅။ စမြင်းခံ၍ ကျင်ကြီးမသွား သောအနာ,

၉၆။ ကျင်ငယ်နှိပ်စက်သောအနာ, ကျင်ငယ်အောင့်၍ မသွားသောအနာ,

ဤသို့ ဆနဝုတိရောဂါတို့သည် ဖြစ်ကုန်၏။

**သွင်းယူအပ်ပုံ။** ။အော့နာ,ဝမ်းကျအနာ,ကြို့ကြီး၊ထိုအနာတို့သည် လေငန်းအနာပင်ဖြစ်သည်၊ ထို့ကြောင့် ငန်းအနာမျိုး၌သွင်း၍ရေတွက်အပ်ကုန်၏၊ တောင်အူနာဟုခေါ်ဝေါ်သောအနာကိုလည်း ခွေးဂရင်ဂျီအနာဟူ၍ ဆေးဆရာကြီးတို့ဆိုကုန်၏၊ ထို့ကြောင့် တူလာသရောအနာမျိုး၌ သွင်း၍ရေတွက်အပ်ကုန်၏၊ ပဋိသန္ဓေဆံသောအနာကိုလေနာမျိုး၌သွင်း၍ရေတွက်အပ်၏၊ မီးယပ်အနာကိုသွေးနာ, လေနာ၌ သွင်း၍ ရေတွက်အပ်၏၊ သက်တန့်အနာကို တံကျင်အနာမျိုး၌သွင်း၍ ရေတွက်အပ်၏၊ အသမာအနာ, ဆင်ခုလည်ဖြတ်အနာ, ဆုံဆို့အနာ, ဝက်ခြံစွယ်ဖြူအနာ, ယုန်အသမာနအနာ,ဦးခေါင်း၌ခူအနာ, နှင်းခူကြီးအနာ,အနာပဆုပ်,သွေးစုနာ, အသားပွတ်အနာ, အရေကွဲပတ်သော အနာ၊ ဤသို့အစရှိသော အနာတို့ကို သွေး, လေ, သည်းခြေ, သလိပ်တို့ကြောင့် ဖြစ်သောအနာမျိုး၌သွင်း၍ ရေတွက်အပ်ကုန်၏၊ပါးရွဲ့သောအနာ,နှုတ်ခမ်းရွဲ့သောအနာ,မျက်စိပြဲသောအနာ,ဆွံ့သောအနာ၊ဤအနာတို့ကိုလေသာခအနာ၌သွင်း၍ ရေတွက်ကုန်အပ်၏။

**လေအမျိုးမျိုး။** ။နှလုံးအသည်းကို ထုတ်တတ်သော ဥဒ္ဓါသကဝါတလေ, နှလုံးအသည်းကိုခွဲတတ်သော သင်ခုန်းသွားနှင့်တူသော ခရကဝါတလေ, အကြောအစပ်အဖွဲ့ကို ဖြတ်တတ်သော

ခေါးငယ်နှင့်တူသော သတ္တကဝါတလေ, အောက်ကိုယ် တပိုင်းကို သေစေတတ်သော အမာသယာဝါတလေ,အထက်ကိုယ် တပိုင်း ကိုသေစေတတ်သော ပက္ခဃာတလေ၊ ဤသို့အစရှိသော အားဖြင့် လေအမျိုးကား များစွာ၏။

## အနာဖြစ်ကြောင်း ၈-ပါး

အနာဖြစ်ကြောင်းရှစ်ပါးဟူသော်ကား-လေကြောင့်,သည်းခြေ ကြောင့်,သလိပ်ကြောင့်,သန္နိပါတ်ကြောင့်, ဥတုဖောက်ပြန်သော ကြောင့်, ဘောဇဉ် ဖောက်ပြန်သောကြောင့်, သူတပါးလုံ့လ ကြောင့်, ကံကြောင့်၊ ဤရှစ်ပါးသော အကြောင်းတို့တွင် တပါးပါး သောအကြောင်းတို့ကြောင့် အနာရောဂါရောက်ကုန်၏၊သေခြင်း ၏အကြောင်းလည်း ဤရှစ်ပါးပင်တည်း၊ဤရှစ်ပါးသောအကြောင်း တို့တွင် တပါးသော အကြောင်းတို့ကြောင့် သတ္တဝါတို့သည် သေရကုန်၏၊ ကံကြောင့် တစေသာ သေသည်မဟုတ်။

## တနည်း ၉၆-ပါးသောအနာ

တနည်းအားဖြင့်ကိုးဆယ့်ခြောက်ပါးသောအနာဟူသည်ကား-
၁။ ဦးခေါင်းအနာ,
၂။ မျက်စိအနာ,
၃။ နားအနာ,
၄။ နှာခေါင်းအနာ,
၅။ လျှာအနာ,
၆။ ခံတွင်းအနာ,
၇။ သွားအနာ,
၈။ ချောင်းဆိုးကုတ်ဟီးအနာ,
၉။ ပန်းနာရှူနာ,
၁၀။ ပြတက်များအနာ, ဒွေးဝန်းများအနာ, အဘိညာဏ်များ အနာ, ငန်းများအနာ, သန္နိပါတ်များအနာ,ရက်ချန်များ အနာ,

၁၁။ ရင်လေထိုးကျင်သောအနာ, ဝမ်းလေ ထိုးကျင်သောအနာ, အသည်းကြီး,အဆုတ်ကြီး,သရက်ရွက်ကြီး,အသည်းလံ, အဆုတ်လံ,သရက်ရွက်လံ ကာလနာ။
၁၂။ နံဘေးနံတောင်အနာ,
၁၃။ ခါးအနာ,
၁၄။ လက်ကိုက်ခဲသောအနာ,ခြေကိုက်ခဲသောအနာ,
၁၅။ သည်းစွာဝမ်းလားသောအနာ,
၁၆။ ပိတ်သွေးပိတ်ကြောင်းလိုက်သောအနာ,
၁၇။ တမှိုင်မှိုင်တွေဝေမိန်းမောသောအနာ,
၁၈။ အပ်ဖြင့်ထိုးဆွသကဲ့သို့ ကိုက်ခဲသောအနာ,
၁၉။ တံကျင်လျှိုသကဲ့သို့ရှိသောအနာ,
၂၀။ နူနီအနာ,နူနက်အနာ,နူဖြူအနာ,သမင်ယက်အနာ,
၂၁။ နွားနို့ကဲ့သို့ အထွတ်အထွတ်ပေါက်သောအနာ,ကြွက်နို့အနာ, မှည့်အနာ,ငါးမျက်စိအနာ,
၂၂။ ပဒုမာအရွက်ကဲ့သို့ အကွက်အနာ, တင်းတိတ် အနာ, ညှင်းအနာ,
၂၃။ အရူးအနာ, စိတ်ပျံ့လွင့်သောအနာ,
၂၄။ ပွေးကြီးအနာ,ယားသောအနာ,ဝဲကြီးအနာ,
၂၅။ မီးလောင်မာကဲ့သို့အဖူးအဖူးပေါက်သောအနာ,အနာမီးအနာလျှံအနာ,တိမ်းတက်အနာ,
၂၆။ သွေးအန်သောအနာ, နှာခေါင်းသွေးယိုသောအနာ,
၂၇။ တူလာသရောအနာ,
၂၈။ ကျောက်ဝက်သက် ပဲသီတာအနာ,
၂၉။ ဆတ်ဆံပျိုသောထွက်မြင်းအနာ,ဝက်ခြံအနာ,
၃၀။ မြင်းသရိုက်အနာ,
၃၁။ ကံကြောင့်ဖြစ်သောအနာ,

၃၂၊ လက်သေးသေးအနာ, ခြေသေးသေးအနာ, ကိုယ်တခြမ်း သေးသေးအနာ, ထုံနာ, ကျင်နာ, ပါဒရက် ခြေပူအနာ, ခြေအေးအနာ, ဖက်သကတ်ဖက်သချာအနာ, ဘိမ်းပြိ ကိုယ်ရောင်နာ, သွေးသာခ လေသာခအနာ, အသမာအ နာ, ဆင်နှာလည်ဖြတ်အနာ, ဆုံဆို့အနာ, လည်ချောင်းအ နာ, ဝက်ခြံစွယ်ဖြူအနာ, ယုန်အသမာအနာ, ဦးခေါင်းနှခူ အနာ, နှင်းခူကြီးအနာ, အနာပဆုပ်အနာ, အသား ပွတ် အနာ, သွေးစုအနာ, ဘင်အနာ, အရေကွဲပတ်သောအနာ၊ ဤအလုံးစုံသော အနာတို့ကိုကာယရောဂေါ-ပုဒ်ဖြင့်သွင်း၍ တပါးတည်းသာရေတွက်၍+လေကြောင့်ဖြစ်သောအနာ ၃၂-ပါး, သည်းခြေကြောင့်ဖြစ်သော အနာ ၃၂-ပါး, သလိပ်ကြောင့်ဖြစ်သောအနာ ၃၂-ပါးအားဖြင့်ကိုးဆယ့် ခြောက်ပါးသော အနာတို့သည် ဖြစ်ကုန်၏။

လေ, သည်းခြေ, သလိပ်၊ ဤသုံးပါးသော အကြောင်းတို့ကြောင့် မဖြစ်သောအနာတို့သည်လည်းရှိရာသေး၏၊ အဘယ်သို့ရှိရာသနည်း ဟူမူကား-စုန်းဖမ်း, နတ်ဖမ်း, ဘီလူးဖမ်း, လူပြုအစရှိသောဆိုအပ်ခဲ့ ပြီးသော သူတပါးတို့၏ လုံ့လပယောဂကြောင့် ဖြစ်သောအနာ တို့သည်လည်း ထိုသုံးပါးသော အကြောင်းတို့ကြောင့် မဖြစ်ကုန်၊ ရာဂနှိပ်စက်သောအနာ, ဒေါသနှိပ်စက်သောအနာ, မောဟနှိပ် စက်သောအနာ, ရာဂကြောင့်ရှူးသောအနာ, ထိတ်လန့်၍ ကြောက် အားကြီး၍ ရှူးသောအနာ, အဆွေ အမျိုး ဥစ္စာပစ္စည်း ပျက်၍ သောကအားကြီး၍ရှူးသောအနာ, သန့်အိမ်ဖွဲ့သောအနာ, စိန်ရေ သင့်သော အနာ၊ ထိုအနာတို့သည်လည်း ထိုသုံးပါးသော အ ကြောင်းတို့ကြောင့်မဖြစ်ကုန်၊ သွေးကြောင့်ဖြစ်သောအနာတို့သည် လည်း ထိုသုံးပါးသော အကြောင်းတို့ကြောင့် မဖြစ်ကုန်ဟု မှတ်အပ်ကုန်၏။

## ၁၆-ပါးသောဥပဒ္ဒဝေါ

**နာနာဥပဒ္ဒဝတောဝါ**-ဟူသောပုဒ်၌ တဆယ့် ခြောက်ပါး သော ဥပဒ္ဒဝေါဟူသော်ကား-

၁။ ဖြစ်ခြင်းဟူသော ဇာတိဥပဒ္ဒဝေါ,
၂။ အိုခြင်းဟူသော ဇရာဥပဒ္ဒဝေါ,
၃။ နာခြင်းဟူသော ဗျာဓိဥပဒ္ဒဝေါ,
၄။ အင်္ဂါကြီးငယ် စည်းစိမ်ဥစ္စာ အဆွေ အမျိုး သီလသမာဓိ ပျက်စီးခြင်းဟူသော ဝိပတ္တိဥပဒ္ဒဝေါ,
၅။ မင်းဘေးဟူသော ဥပဒ္ဒဝေါ,
၆။ ခိုးသူဘေးဟူသော ဥပဒ္ဒဝေါ,
၇။ ရေဘေးဟူသော ဥပဒ္ဒဝေါ,
၈။ လေဘေးဟူသော ဥပဒ္ဒဝေါ,
၉။ မီးဘေးဟူသော ဥပဒ္ဒဝေါ,
၁၀။ ငါးရံဘေးဟူသော ဥပဒ္ဒဝေါ,
၁၁။ လိပ်ကျောက်ဘေးဟူသော ဥပဒ္ဒဝေါ,
၁၂။ မိကျောင်းဘေးဟူသော ဥပဒ္ဒဝေါ,
၁၃။ မိမိကြောင့်ဖြစ်သော စွပ်စွဲကဲ့ရဲ့ခြင်းဟူသော ဥပဒ္ဒဝေါ,
၁၄။ သူတပါးကြောင့်ဖြစ်သောစွပ်စွဲကဲ့ရဲ့ခြင်းဟူသောဥပဒ္ဒဝေါ
၁၅။ အနာဟောင်းမြုံခြင်းဟူသော ဥပဒ္ဒဝေါ,
၁၆။ သေလျှင်အပါယ်လားရခြင်းဟူသောဥပဒ္ဒဝေါ,

ဤသို့လျှင် တဆဲ့ခြောက်ပါးသော ဥပဒ္ဒဝေါတို့ဖြစ်ကုန်၏။

## ၁၀-ပါးသောဒဏ်

ပရိတ်ပါဠိတော်၌ မလာသော်လည်း စကားစပ်သင့်၍ ဆိုလိုက်ဦးအံ့၊ ဒဏ်ဆယ်ပါးဟူသော်ကား—

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နံ မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

အစရှိသည်ဖြင့် ဓမ္မပဒအဋ္ဌကထာ ဒသမဝဂ် ၇–ခုတို့၏ ပြည့်ကြောင်းဖြစ်သော အရှင်မောဂ္ဂလာန်ဝတ္ထု၌လာ၏။

အဓိပ္ပါယ်သော်ကား- အကြင်သူသည် ဒဏ်မပေးထိုက်သော သူတော်ကောင်းကို ဒဏ်ပေး၏၊ မပြစ်မှားထိုက်သော သူတော်

ကောင်းကိုကိုယ်ဖြင့်လည်းကောင်း, နှုတ်ဖြင့်လည်းကောင်းပြစ်မှား၏၊ ထိုသူ၏မျက်မှောက်၌ပင်လျှင် ဆယ်ပါးသောဒဏ်တို့တွင်တပါးပါးသော ဒဏ်သို့လျှင်စွာရောက်၏။

၁။ ဦးခေါင်း၌ ကြမ်းတန်းသောဒုက္ခဝေဒနာရောက်ခြင်း,
၂။ ရောင်းဝယ်သောကုန်ရှုံးခြင်း, ဆိုင်ဆိုသောတရားရှုံးခြင်း,
၃။ နူနာအစရှိသော ရောဂါရောက်၍ကိုယ်ပျက်စီးခြင်း,
၄။ ကိုယ်၌ကြီးစွာသောအိုင်းအနာရောက်ခြင်း,
၅။ စိတ်မတည်မကြည်ပုံ့ပျံ့လွင့်ခြင်း,
၆။ မင်းဘေးဒဏ်ရောက်ခြင်း,
၇။ ဉစ္စာပစ္စည်းပျက်စီးခြင်း,
၈။ သားမယားအဆွေအမျိုးသေကြေပျက်စီးခြင်း,
၉။ မီးဘေးသင့်ခြင်း, မိုဃ်းကြိုးလောင်မီးကျခြင်း,
၁၀။ သေသောအခြားမဲ့၌ ငရဲသို့လားရခြင်း,

ဤဆယ်ပါးသောဒဏ်တို့တွင် တပါးပါးသောဒဏ်သို့ ရောက်လေ၏။

## အန္တရာယ် ၁၀-ပါး

အန္တရာယ်ဆယ်ပါးဟူသည်ကား—

ရာဇန္တရာယော စောရန္တရာယော အဂ္ဂျန္တရာယော ဥဒကန္တရာယော မနုဿန္တရာယော အမနုဿန္တရာယော ဝါဠန္တရာယော သရီသပန္တရာယော ဇီဝိတန္တရာယော ဗြဟ္မစရိယန္တရာယောတိ။

ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက၌လာ၏။

**အနက်ကား။** ။၁-ရာဇန္တရာယော၊မင်းအန္တရာယ်။ ၂-စောရန္တရာယော၊ ခိုးသူအန္တရာယ်။ ၃ အဂ္ဂျန္တရာယော၊မီးအန္တရာယ်။ ၄-ဥဒကန္တရာယော၊ ရေအန္တရာယ်။ ၅-မနုဿန္တရာယော၊လူဆိုးလူကြမ်း လူရိုင်းအန္တရာယ်။ ၆-အမနုဿန္တရာယော၊ နတ်ဘီလူးဘုတ်ဖုတ်ပြိတ္တာအန္တရာယ်။ ၇-ဝါဠန္တရာယော၊ဆင်မြင်းသစ်ကျား

သားရဲအန္တရာယ်။ ၈-သရီသပန္တရာယော၊ မြွေကင်းသန်း အန္တရာယ်။ ၉-ဝိဝိတန္တရာယော၊ အသက်အန္တရာယ်။ ၁၀-ဗြဟ္မစရိယန္တရာယော၊ သာသနာတော်အန္တရာယ်။

ဤသို့ဆယ်ပါးဖြစ်သတည်း။

## ၈-ပါးသောအဖြစ်

အဋ္ဌဒေါသ-အဖြစ်ရှစ်ပါးဟူသော်ကား-၊

၁။ အတီတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ အတိတ်အခွန့်၌ ဝဋ်လျှင်အရင်းရှိသောဒုက္ခ,

၂၊ အနာဂတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ အနာဂတ်အခွန့်၌ ဝဋ်လျှင်အရင်းရှိသော ဒုက္ခ,

၃။ ပစ္စုပ္ပန္နေ အာဟာရပရိယေဋ္ဌိမူလကံ ဒုက္ခံ၊ ယခုပစ္စုပ္ပန်ဘဝ၌ အာဟာရကိုရှာမှီးရခြင်းလျှင် အရင်းရှိသောဒုက္ခ,

၄။ ဇာတိဒုက္ခံ၊ ပဋိသန္ဓေနေရခြင်းဒုက္ခ,

၅။ ဇရာဒုက္ခံ၊ အိုရခြင်းဒုက္ခ,

၆။ ဗျာဓိဒုက္ခံ၊ နာခြင်းဒုက္ခ,

၇။ မရဏဒုက္ခံ၊ သေရခြင်းဒုက္ခ,

၈။ အပါယဒုက္ခံ၊ အပါယ်လေးပါးသို့ လားရခြင်းဒုက္ခ,

ဤရှစ်ပါးတို့တည်း၊ သံဝေဂဝတ္ထုရှစ်ပါးဟူ၍ဆိုရ၏၊ တနည်းအားဖြင့် အဋ္ဌဒေါသ ရှစ်ပါးဟူသော်ကား-

၁။ ဇာတိဒုက္ခ,

၂။ ဇရာဒုက္ခ,

၃။ ဗျာဓိဒုက္ခ,

၄။ မရဏဒုက္ခ,

၅။ နိရယဒုက္ခ,

၆။ ပေတဒုက္ခ,

၇။ တိရစ္ဆာနဒုက္ခ,

၈။ အသုရကာယဒုက္ခ,

ဤ ၈-ပါးသည် အင္ဂဒေါသလည်းမည်၏၊ သံဝေဂဝတ္ထု၊ရှစ်ပါး လည်းမည်၏၊ ဝိသုဒ္ဓိမဂ်ဋီကာလာ၏။

တနည်းအားဖြင့် မဟာအင်္ဂဒေါသရှစ်ပါးဟူသော်ကား-မပြစ် မှားထိုက်သော သူတော်ကောင်းကို ကိုယ်ဖြင့်လည်းကောင်း, နှုတ် ဖြင့်လည်းကောင်း ပြစ်မှားချေသော် အပြစ်ကြီး ရှစ်ပါးတို့တွင် တပါးပါးရောက်၏။

၁။ မြေမျိုခြင်း,
၂။ မိုဃ်းကြိုးလောင်မီးကျခြင်း,
၃။ မီးလောင်ခြင်း,
၄။ ကိုယ်၌ ကြီးစွာသော ဒုက္ခဝေဒနာရောက်ခြင်း,
၅။ မျက်စိကန်းခြင်း, နားပင်းခြင်း,
၆။ ဆွံ့ခြင်း, အ-ခြင်း,
၇။ မင်းဘေး-မင်းဒဏ်သင့်ခြင်း,
၈။ လက်နက်မိုဃ်း-သဲမိုဃ်းရွာခြင်း,
ဤရှစ်ပါးသည် မဟာအင်္ဂဒေါသမည်၏။

## ပြစ်မှား၍ဒဏ်သင့်သောဝတ္ထု

ဝတ္ထု၊ သက်သေ သော်ကား— အရှင်သာရိပုတ္တရာ၏ ဦးခေါင်း တော်ကို ပုတ်သောနန္ဒဘီလူးသည် ပူသည်ပူသည်ဟု မြည်တမ်း၍ ကောင်းကင်ခရီးမှသည် မြေသို့သက်သောခဏ၌ပင်လျှင် မြေမျို လေ၏၊ ဘုရားသခင်ဝရီးတော် ယသောဓရာ၏အဘ သုပ္ပဗုဒ္ဓမင်း သည် မြတ်စွာဘုရားကို နှုတ်ဖြင့်ပြစ်မှားခြင်း,နှလုံးဖြင့်ပြစ်မှားခြင်း ပြုလေသောကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်မှ မြေသို့ သက်သောခဏ၌ မြေမျိုလေ၏၊ အရှင်မောဂ္ဂလာန်ကို ကိုယ်ဖြင့် လည်းကောင်း, နှုတ်ဖြင့်လည်းကောင်း ပြစ်မှားသော ခိုးသား ငါးရာ, ဒိဋ္ဌိငါးရာ၊ ဤတထောင်သောသူတို့ကို အဇာတသတ်မင်း စစ်ကြောဖမ်းဆီး၍ မြေ၌ခါးအရင်းမြှုပ်ပြီးလျှင် အပေါ်ကကောက် ရိုးကိုဖို၍ မီးတိုက်လေ၏။

သရဘင်္ဂရှင်ရသေ့၏တပည့် ကိသဝစ္ဆအမည်ရှိသော ရှင်ရသေ့ကို ကုမ္ဘဝတီပြည်ကိုအစိုးရသောဒဏ္ဍကီမင်းနှင့်တကွ မှူးမတ်မိုလ်ပါ,ပြည်သူပြည်သားတို့သည် တံတွေးထွေးခြင်း,ဒန်ပူပတ်ဖြင့် ပစ်ခြင်းအစရှိသောပြစ်မှားခြင်းကို ပြုလေသောကြောင့် ရေးဦးစွာ ငွေအဆင်းနှင့်တူသောသဲနုံမိုးရွာ၏၊ ထို့နောင် ပန်းမိုးရွာ၏၊ထို့နောင်ငွေမိုးရွာ၏၊ ထို့နောင် ရွှေမိုးရွာ၏၊ ထို့နောင် တန်ဆာမိုးရွာ၏၊ ထို့နောင် လက်နက်မိုးရွာ၏၊ ထို့နောင်မီးကျီးမိုးရွာ၏၊ ထို့နောင်ကျောက်ကြီးမိုးရွာ၏၊ ထို့နောင်သဲမိုးရွာ၏၊ ထိုသဲသည် အတောင်ခြောက်ဆယ်တက်လေ၏၊ တနိုင်ငံလုံး ယူဇနာခြောက်ဆယ်တိုင်အောင် ပျက်စီးလေ၏။

ဗာရာဏသီပြည်ကို အစိုးရသော ကလာဗုအမည်ရှိသော မင်းသည် ခန္တီဝါဒီရှင်ရသေ့ကို လက်ခြေကိုဖြတ်ခြင်း, နှုတ်ခမ်း—နား—နှာခေါင်းကိုဖြတ်ခြင်းဖြင့် ပြစ်မှားလေသောကြောင့် မြေမျို၍ အဝီစိငရဲ၌ကျလေ၏။

ကလိင်္ဂရာဇ်တိုင်း ဒန္တပူရပြည်ကို အစိုးရသော နာဠိကေရ အမည်ရှိသောမင်းသည် မင်းကျင့်တရား ဆယ်ပါးကိုမစောင့်၊ ပြည်တိုင်းကားကိုနှိပ်စက်၍မင်းပြု၏၊ ထိုမင်းသည် ဟိမဝန္တာမှလာသော မဟာဏ္ဍသိအမည်ရှိသော ရှင်ရသေ့ကို ဆွမ်းစားဘိတ်ယောင်မှု၍ ရှင်ရသေ့သပိတ်၌ မစင်ကိုထည့်ခြင်း, ဒုတ်လှံကန်ဖြင့်ရိုက်ပုတ်ခြင်း, ခွေးတို့ကို ကိုက်စေခြင်းတို့ဖြင့် ပြစ်မှားသောကြောင့် မြေမျိုလေ၍ သုနခဃာသငရဲ၌ကျလေ၏။

ကေတကပြည်ကို အစိုးရသော အဇ္ဇုနမင်းသည် အင်္ဂီရသအမည်ရှိသော ရှင်ရသေ့ကို လေးဖြင့်ပစ်၍ ပြစ်မှားလေသောကြောင့် မြေမျို၍ သတ္တိသူလငရဲ၌ကျလေ၏၊ ဥပ္ပလဝဏ်ဘိက္ခုနီမကို ပြစ်မှားသောယောကျ်ားသည် ထိုပြစ်မှားသောခဏ၌ပင်လျှင် မြေမျို၍ အဝီစိငရဲ၌ကျလေ၏။

ဗာရာဏသီပြည်က ပုဏ္ဏားသည် နွားပျောက်၍နွားလိုက်သွားလေသော် တောအရပ်၌မျက်စိလည်၍ ခရီးမှား၍ ချောက်ကြီးထဲ၌ကျ၍ ဆင်းရဲရောက်၍ရှိလေသည်၊ ထိုအခါ မျောက်မင်းဘုရားလောင်းတွေ့၍ "ဤသူကိုငါမကယ်လျှင် သေလေတော့မည်" ဟု ကျောက်ကုန်းဖြင့်ပိုး၍ကုန်းထက်သို့တင်ပြီးလျှင် မျောက်မင်းပင်ပန်း၍ အိပ်ပျော်စဉ် "ဤမျောက်၏အသားကိုစားအံ့"ဟု ကျေးဇူးရှင်မျောက်မင်း၏ဦးခေါင်းကို ကျောက်ခဲဖြင့်ထုလေ၏၊ မျောက်မင်းဦးခေါင်းပေါက်လေ၏၊ 'ကျေးဇူးကိုမသိတတ်သောဤယောကျ်ားမိုက်ကိုလူတို့ခရီးတိုင်အောင် ငါလိုက်၍မပို့သည်ရှိသော် ဤအရပ်တွင်ပင် သေလေတော့မည်'ဟု ကျေးဇူးကိုမသိတတ်သော ထိုယောကျ်ားမိုက်ကို လူတို့ခရီးတိုင်အောင်မျောက်မင်း ပို့လိုက်သေး၏၊ ထိုပုဏ္ဏားမိုက်သည် မြို့၏အနီးမင်းဥယျာဉ်သို့ရောက်လေသောခဏ၌ပင်လျှင် ကိုယ်၌ကြီးစွာသော ဒုက္ခဝေဒနာရောဂါရောက်၍ မထနိုင်မထိုင်နိုင်တလူးလဲလဲမြေ၌အိပ်၍ နှစ်ရက်သုံးရက်ရှိလျှင် သေ၍ ငရဲ၌ဖြစ်လေ၏။

ဤသို့ ကျေးဇူးရှင်ကိုပြစ်မှားခြင်း,မပြစ်မှားအပ်သောသူတော်ကောင်းတို့ကိုပြစ်မှားခြင်းကြောင့် မဟာအဋ္ဌဒေါသရှစ်ပါးတို့တွင် တပါးပါးရောက်လေ၏-ဟူလိုသတည်း။

## အရပ်ပြစ် ၈-ပါး

အရပ်ပြစ်ရှစ်ပါးဟူသော်ကား-

ပစ္စန္တဇော အရူပိနော၊ ဝိကလင်္ဂေါ အသညဇော။
မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနော၊ ပေတော နေရယိကော အဋ္ဌ။

ဟူ၍လာ၏။

**အနက်ကား။** ။၁-ပစ္စန္တဇော၊ရတနာသုံးပါးမရှိသော လူရိုင်းအရပ်။ ၂-အရူပိနော၊ အာကာသာနဉ္စာယတန အစရှိသော အရူပလေးဘုံအရပ်။ ၃-ဝိကလင်္ဂေါ၊ အမိဝမ်းတွင်းကမျက်စိကန်းသောသူ, နားပင်းသောသူ,ဆွံ့သော အ-သောသူ။၄-အသညဇော၊အသညသတ်ပြဟ္မာဘုံ။၅-မိစ္ဆာဒိဋ္ဌိ၊မှားသောအယူရှိသော

မိစ္ဆာဒိဋ္ဌိအမျိုး။ ၆-တိရစ္ဆာနေ၊ တိရစ္ဆာန်ဘုံ။ ၇-ပေတော၊ ပြိတ္တာဘုံ။ ၈-နေရယိကော၊ ငရဲဘုံ၊ဣတိ-ဣမေ၊ ဤသည်တို့ကား။ အဋ္ဌ-ဒေါသာ၊ အရပ်ပြစ်ရှစ်ပါးတို့တည်း။

[အဋ္ဌအင်္ဂုတ္တိုရ်လာ အက္ခဏရှစ်ပါးနှင့်ကားမညီသော ကြောင့် ရပ်ပြစ်ရှစ်ပါး တမျိုးဟုမှတ်။]

## ရန်သူမျိုး ၅-ပါး

ရန်သူမျိုး ငါးပါးဟူသော်ကား—

နစဿ ကုတောစိ ဘောဂါနံ ဥပဃာတော အာဂစ္ဆတိ "အဂ္ဂိတောဝါ ဥဒကတောဝါ ရာဇတောဝါ စောရတော ဝါ အပိယတောဝါ (ဒါယာဒတောဝါ)"တိ။

ဟု သုတ္တသင်္ဂဟ၌လာ၏။

**အနက်ကား**-အဂ္ဂိတောဝါ၊ မီးရန်သူကြောင့်လည်းကောင်း။ ဥဒကတောဝါ၊ ရေရန်သူကြောင့်လည်းကောင်း။ ရာဇတောဝါ၊ မင်းရန်သူကြောင့် လည်းကောင်း။ စောရတောဝါ၊ သူခိုးရန်သူ ကြောင့်လည်းကောင်း။အပိယတောဝါ၊မချစ်မနှစ်သက်အပ်သော သူစိမ်းပြင်ပကြောင့်လည်းကောင်း။ (ဒါယာဒတောဝါ၊ အမွေခံ ဖြစ်သော သားသမီးကြောင့်လည်းကောင်း။) ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးသောရန်သူတို့မှ။ အညတော၊တပါးသော။ကုတောစိ၊တစုံ တခုသောရန်သူကြောင့်။ အဿ၊ ထိုသူ၏။ ဘောဂါနံ၊ စည်းစိမ် တို့၏။ဥပဃာတော၊ ပျက်စီးခြင်းသည်။နအာဂစ္ဆတိ၊မလာရောက်။

**ဘယသည်။** ။ဘယံ-ဟူ၍ လည်းကောင်း,ဥပဒ္ဒဝေါ-ဟူ၍ လည်းကောင်း,ဒဏ္ဍံ-ဟူ၍လည်းကောင်း,အန္တရာယံ-ဟူ၍လည်း ကောင်း ဝတ္ထုသရုပ်အားဖြင့် ထူးပြားလှသည်မရှိ၊ ခန္ဓာ,အာယ- တန, ဓာတုဟူသကဲ့သို့ ခေါ်ဝေါ်ခြင်းအမည်သဒ္ဒါသာ ကွဲပြားကြ တော့သည်၊ အဘယ်အနက်ကြောင့် ဘယမည်သနည်းဟူမူကား— ဘာယိတဗ္ဗံ သတ္တေဟီတိ ဘယံ။ ။ယံ၊ အကြင်မင်းအစရှိသော

ဥပဒ်ကို။ သတ္တေဟိ၊ သတ္တဝါတို့သည်။ ဘာယိတဗ္ဗံ၊ ကြောက်အပ်၏။ ဣတိ-တသ္မာ၊ ထိုသို့ကြောက်အပ်သော သတ္တိကြောင့်။ တံ၊ ထိုမင်းအစရှိသော ဥပဒ်သည်။ ဘယံ၊ ဘယမည်၏။

**တနည်းကား**-ဘိဇ္ဇန္တိ သတ္တာ ဧတေနာတိ ဘယံ။ ။ဧတေန၊ ထိုမင်းအစရှိသော ဥပဒ်ကြောင့်။သတ္တာ၊သတ္တဝါတို့သည်။ဘိဇ္ဇန္တိ၊ ပျက်စီးတတ်ကုန်၏။ ဣတိ ‌တသ္မာ၊ ထိုသို့ ပျက်စီးကြောင်းဖြစ်သော သတ္တိကြောင့်။ဧတေန-တိပဒေန၊ ဧတေန-ဟူသောပုဒ်ဖြင့်။နိဒ္ဒိဋ္ဌံ၊ ပြအပ်သော။ တံ၊ထိုမင်းအစရှိသော ဥပဒ်သည်။ ဘယံ၊ဘယမည်၏။

အဘယ်အနက်ကြောင့် ဥပဒ္ဒဝေါမည်သနည်း ဟူမူကား-ဥပဒ္ဒဝန္တိ သတ္တာ ဧတေနာတိဥပဒ္ဒဝေါ။ ။ဧတေန၊ထိုဇာတိအစရှိသော ဘေးကြောင့်။သတ္တာ၊သတ္တဝါတို့သည်။ဥပဒ္ဒဝန္တိ၊ပူပန်တတ်ဆင်းရဲတတ်ကုန်၏။ဣတိတသ္မာ၊ထိုသို့ပူပန်ခြင်း,ဆင်းရဲခြင်း၏အကြောင်းဖြစ်သောသတ္တိကြောင့်။ဧတေနာတိပဒေန၊ ဧတေန-ဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌော၊ပြအပ်သော။ သော၊ ထိုဇာတိ အစရှိသော ဘေးသည်။ ဥပဒ္ဒဝေါ၊ ဥပဒ္ဒဝမည်၏။

အဘယ်အနက်ကြောင့် ဒုက္ခမည်သနည်း ဟူမူကား-ဒုက္ခေန္တိ သတ္တေ ပီဠေန္တီတိ ဒုက္ခာ။ ။ယေဘယာ၊အကြင်ဒုက္ခဝေဒနာအစရှိသော ဘေးတို့သည်။ သတ္တေ၊သတ္တဝါတို့ကို။ဒုက္ခေန္တိပီဠေန္တိ၊ နှိပ်စက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့နှိပ်စက်တတ်သော သတ္တိကြောင့်။ တေဘယာ၊ ထိုဒုက္ခဝေဒနာအစရှိသော ဘေးတို့သည်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။

အဘယ်အနက်ကြောင့် 'အန္တရာယမည်သနည်းဟူမူကား-ပဋိသန္ဓိစုတီနံ အန္တရေဝေမဇ္ဈေ အယန္တိပဝတ္တန္တီတိအန္တရာယော။ ။ယေဥပဒ္ဒဝါ၊ အကြင် မင်းအစရှိသောဥပဒ်တို့သည်၊ ပဋိသန္ဓိစုတီနံ၊ ပဋိသန္ဓေ,စုတိတို့၏။အန္တရေ၊ အကြား၌။ ဝေမဇ္ဈေ၊ အလယ်၌။ အယန္တိပဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ဣတိတသ္မာ၊ ထိုသို့ ပဋိသန္ဓေစုတိ

ဘို့၏အလယ်ပဝတ္တိဘာဝ၌ဖြစ်တတ်သောသတ္တိကြောင့်။ တေဥပဒ္ဒဝါ၊ ထိုမင်းအစရှိသော ဥပဒ်တို့သည်။ အန္တရာယာ၊ အန္တရာယမည်ကုန်၏။

စုတိပဋိသန္ဓိနံ-ဟူ၍လည်းရှိ၏၊စုတိသည် ပဋိသန္ဓေအား အနန္တရပစ္စည်းတပ်သောကြောင့် စုတိနှင့် ပဋိသန္ဓေအကြား၌ ဥပဒ်ဖြစ်ရာသော ကာလအခွင့်မရှိ၊ ပဋိသန္ဓေသည် စုတိအား ဥပနိဿယပစ္စည်းတပ်သောကြောင့် ပဋိသန္ဓေနှင့် စုတိ၏အကြားသည်ပဝတ္တိဘာဝခြားသည်၊ထိုပဝတ္တိဘာဝ၌သာ ဘေးဥပဒ်ဖြစ်ရာသောကာလအခွင့်ရှိသတည်း၊ ဤသို့အစရှိသော ဝစနတ္ထတို့ကြောင့် ဘယံသည် ဥပဒ္ဒဝေါလည်းမည်၏၊ဒုက္ခာလည်းမည်၏၊အန္တရာယလည်းမည်၏၊ အာဒီနဝလည်းမည်၏၊ ဒေါသလည်းမည်၏၊ ဝေရီလည်းမည်၏၊ ဥပဒ္ဒဝေါသည် ဘယလည်းမည်၏၊ဒုက္ခာလည်းမည်၏၊ အန္တရာယလည်းမည်၏၊ ဒေါသလည်းမည်၏၊ ဝေရီလည်းမည်၏ဟု- မှတ်အပ်၏။

## ၃၂-ပါးသောကံကြမ္မာ

ဒွတ္တိံသကမ္မကရဏာပုဒ်၌ကမ္မကရဏဟူသည်ကား-အာဏာထောင်သားလက်မရှိ့တို့စီရင်သော ဖြတ်ခြင်း,သတ်ခြင်း,ညှဥ်းဆဲခြင်းအမှုသည်ကမ္မကရဏမည်၏၊သုံးဆဲ့နှစ်ပါးသောကမ္မကရဏသရုပ်သော်ကား-တမေနံ ရာဇာနော ဂဟေတွာ ဝိဝိဓာနိ ကမ္မကရဏာနိ ကရောန္တိ၊ ကသာဟိပိ တာဠေန္တိ၊ဝေတ္တလတာ ဟိပိ တာဠေန္တိ အစရှိသည်ဖြင့် ဒေဝဒူတသုတ်,မဟာဒုက္ခက္ခန္ဓသုတ်တို့၌လာကုန်၏ အမိပ္ပါယ်သော်ကား- ထိုသို့ မသူတော်တို့၏ အကျင့်ကိုကျင့်သောသူကို မင်းတို့သည် ဖမ်းကုန်၍ အထူးထူးသော ကမ္မကရဏတို့ကို ပြုကုန်၏။

၁။ ကြိမ်လုံးဖြင့်ခတ်ခြင်း,
၂။ ဒုတ်လုံကန့်ဖြင့်ခတ်ခြင်း,
၃။ ဝါးထက်ခြမ်းကွဲဖြင့်ခတ်ခြင်း,
၄။ လက်ကိုဖြတ်ခြင်း,

၅။ ခြေကိုဖြတ်ခြင်း,
၆။ လက်ခြေနှစ်ဘက်တို့ကိုဖြတ်ခြင်း,
၇။ နားကိုဖြတ်ခြင်း,
၈။ နှာခေါင်းကိုဖြတ်ခြင်း,
၉။ နား,နှာခေါင်း နှစ်ပါးတို့ကိုဖြတ်ခြင်း,
၁၀။ ဦးခေါင်းခွံကို ခွါ၍ ရဲရဲတောက်သော သံတွေကို ဦးနှောက်ပေါ်၌ချခြင်း,
၁၁။ ဦးခေါင်း၌ အရေကိုခွါ၍ ဦးခေါင်းရိုးကို ခရုသင်းကဲ့သို့ ဖြူအောင်ပွတ်ခြင်း,
၁၂။ ခံတွင်းကို သံညှပ်ဖြင့် ဖွင့်၍ ထိုဖွင့်သော ခံတွင်း၌ မီးတောက်ကိုဖြစ်စေခြင်း,
၁၃။ ဆီဆွတ်သောပုဆိုးဖြင့် ကိုယ်ကိုရစ်၍ မီးတိုက်ခြင်း,
၁၄။ ဆီဆွတ်သောပုဆိုးဖြင့်လက်ကိုရစ်၍ မီးတောက်စေခြင်း,
၁၅။ တကိုယ်လုံးအရေကိုခွါခြင်း,
၁၆။ အထက်ကအရေကို ခါးတိုင်အောင်ခွါခြင်း၊ ခါးကအရေကို ခြေမျက်စိတိုင်အောင်ခွါခြင်း,
၁၇။ မြေ၌ပက်လက်အိပ်စေ၍ လက်နှစ်ဘက် ခြေနှစ်ဘက်တို့၌ သံမယ်နလေးချောင်းနှက်ခြင်း,
၁၈။ နှုတ်ခမ်းနှစ်ဘက်တို့၌ မျှော့ချိတ်ဖြင့် ချိတ်၍ငင်ခြင်း,
၁၉။ တကိုယ်လုံး၌ အသားတို့ကို ဓားဖြင့် အတစ်တစ်လှီး၍ ချခြင်း,
၂၀။ တကိုယ်လုံးကို ဓားလှံဖြင့် ထိုးခုတ်ပြီးလျှင် ဆားမှုံခြင်း,
၂၁။ မြေ၌ တစောင်းအိပ်စေပြီးလျှင် နားပေါက်၌ သံမယ်နနှက်ခြင်း,
၂၂။ အရေကိုမခွါမူ၍ အရိုးအားလုံးကိုကြေအောင် ကျောက်သားဖြင့်ထုခြင်း,
၂၃။ ကြိုက်ကြိုက်ဆူသော ဆီပူဖြင့်လောင်းခြင်း,

၂၄။ တိုင်သစ်ပင်၌ချည်၍ ခွေးတို့ကိုစားစေခြင်း,
၂၅။ တိုင်သစ်ပင်၌ ခြေကိုမြေနှင့်မထိအောင်ချည်၍ အောက်ဥ္ဓါရကာ တံကျင်လျှိုခြင်း,
၂၆။ ဦးခေါင်းကိုဖြတ်ခြင်း,
၂၇။ ခြေလံလက်လံချည်၍ ရင်ကိုပုဆိန်ဖြင့်ပေါက်ခြင်း,
၂၈။ သံအိုးကင်း၌ထည့်၍လှော်ခြင်း,
၂၉။ ကိုယ်အလယ်၌ နှစ်ပိုင်းဖြတ်ခြင်း,
၃၀။ ဦးခေါင်းဦးစောက် ခြေမိုးမျှော်အထက်၌ဆွဲခြင်း,
၃၁။ လက်ပြန် ချည်ခြင်း, လက်ခြေလေးဘက်ကို ကြမ်းတန်းသော ကြိုးဖြင့် တုပ်ခြင်း,
၃၂၊ ထိပ်ကြိုးသံခြေကျင်းဖွဲ့၍ နှောင်အိမ်၌ထားခြင်း,

ဤသုံးဆယ့်နှစ်ပါးသောညှဉ်းဆဲခြင်းသည်ဒွတ္တိံသ ကမ္မကရဏာ မည်၏။

**သတိမူရန်။** ။ကိုးဆယ့်ခြောက်ပါးသောရောဂါ,နှစ်ဆဲ့ငါးပါးသောဘေး,တဆဲ့ခြောက်ပါးသောဥပဒ္ဒဝေါ,ဆယ်ပါးသောဒဏ် သုံးဆဲ့နှစ်ပါးသော ကမ္မကရဏာတို့က အနက်အားဖြင့် ဤသို့ဆိုကြကုန်၏၊ ''အိုလူအများတို့… ငါတို့ကျသည်ရှိသော် မြေ၌လည်းကောင်း,ရေ၌လည်းကောင်း မကျကုန်အံ့၊ သစ်ပင်တောတောင်၌လည်းမကျကုန်အံ့၊ သင်တို့၏အပေါ်၌သာကျကုန်အံ့၊ ငါတို့မကျမီ ငါတို့မဖြစ်မီ ဒါန, သီလ, သမထ,ဝိပဿနာ ဘာဝနာတို့ကိုမမေ့မလျော့ပြုကြကုန်၊ ကာယသုစရိုက်,ဝစီသုစရိုက်, မနောသုစရိုက်တို့ကိုကျင့်ကြကုန်၊ ကာယဒုစ္စရိုက်,ဝစီဒုစ္စရိုက်,မနောဒုစ္စရိုက်တို့ကို ကြဉ်ကြကုန်၊ ကောင်းသော သူတော်ကောင်းတို့၏ အကျင့်ကို ကျင့်ကြကုန်၊ မကောင်းသောသူယုတ်မာတို့၏အကျင့်ကိုကြဉ်ကြကုန်'' ဤသို့ အနက်အားဖြင့် ဆိုကြကုန်၏—ဟူလိုသော်။

**ပရိတ်နိဒါန်းပြီး၏။**

# ၁-မင်္ဂလသုတ်

၁၀။ ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သ-ဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌ-တိံသဉ္စ မင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝ-ဒေဝေန၊
သဗ္ဗ-ပါပ-ဝိနာသနံ။
သဗ္ဗ-လောက-ဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

၁၀။ သောတ္ထာနံ၊ လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာကြီးသုံးပါးကို။ အာကခ်ံ-မာနာ၊ တောင့်တကုန်သော။ သဒေဝကာ၊ နတ်နှင့်တကွကုန်သောလူတို့သည်။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ဒွါဒသဟိ၊ ၁၂-နှစ်တို့ပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ အဋ္ဌတိံသဉ္စ မင်္ဂလံ၊ ၃၈ ပါး အပြားရှိသော မင်္ဂလာကို။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကုန်။

၁၁။ ဒေဝဒေဝေန၊ မြတ်စွာဘုရားသည်။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောကတို့၏ အစီးအပွားအကျိုးငှါ။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒေသိတံ၊ ဟောတော်မူအပ်၏။ သဗ္ဗပါပဝိနာသနံ၊ အလုံး

စုံသော မကောင်းမှု ဒုစ္စရိုက်ကို ဖျက်ဆီး တတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟော၊ အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၀။ **သောတ္ထာနံ**-ပုဒ်ကို ဝစနတ္ထရှာပြီး ကြံရမည်ကား-သုန္ဒရော အတ္ထော သောတ္ထော-ဟုဝိသေသနပုဗ္ဗပဒကမ္မဓာရည်းပြုအပ်၏၊ ။သုန္ဒရော၊ကောင်းသောမြတ်သောအပြစ်မရှိသော။အတ္ထော၊ ဇ္ဈာရုံအကျိုးတည်း။ တနည်းကား-အတ္ထော၊ လောကီအကျိုး, လောကုတ္တရာအကျိုးတည်း။ တနည်းကား-အတ္ထော၊ မျက်မှောက်အကျိုး, တမလွန် အကျိုးတည်း။ သောတ္ထော၊ ကောင်းသောမြတ်သောအပြစ်မရှိသော ဇ္ဈာရုံအကျိုး,လောကီအကျိုး, လောကုတ္တရာအကျိုး,မျက်မှောက်အကျိုး,တမလွန်အကျိုး၊ချမ်းသာကြီးသုံးပါးမြတ်သောအကျိုးရ၏၊ သုအတ္ထောဟုဝါကျပြု၊ တေသုဝုဒ္ဓိဖြင့် အစ၌ဥကို ဩဝုဒ္ဓိပြု၊ အလယ်၌ အ-ကိုချေ၊ သ-ဩသို့ကပ်၊ သောတ္ထောပြီး၏၊တံသောတ္ထာနံဟု ဝိဘတ်ချန်ခံ၊ ဒုတိယာအံသက်၊ နိပါတနသုတ်ဖြင့် ဒုတိယာအံဝိဘတ်ကိုအာနံပြု၊ ထ္ထ-အာသို့ကပ်၊ သောတ္ထာနံပြီး၏၊ပရိတ်ကြီးဋီကာ၌ သောတ္ထာနန္တိနိဗ္ဗာနံ-ဟုလာ၏။ မင်္ဂလဒီပနီဋီကာ၌ သောတ္ထာနန္တိ သောတ္ထိဘာဝံ-ဟုလာ၏။

---

**အနုသန္ဓေ**။ ။ရဟန္တာငါးရာ ပဌမ သင်္ဂါယနာတင်တော် မူသော အခါ၌ "မင်္ဂလသုတ္တံ အာဝုသော အာနန္ဒ ဘဂဝတာ ကတ္ထ ဘာသိတံ"ဟူ၍ အရှင်မဟာကဿပမထေရ် မေးအပ်သည်ဖြစ်၍ ထိုမင်္ဂလ-သုတ်၏ နိဒါန်း, အာကာရ ပညတ်, ကတ္တု နိဒ္ဒေသ, ဝိသယနိဒ္ဒေသ, ပုဂ္ဂလကိစ္စ, ဝိညာဏကိစ္စ,

ဥဘယကိစ္စ, ပညာသိဒ္ဓိ, သတိသိဒ္ဓိ, အတ္တဗျူဠှန, ဓမ္မ ဘဏ္ဍာဂါရိက, ယောနိသော မနသိကာရ, အဝိ ကွေပ-အစရှိသော များစွာသော အနက်တို့ကို ပြ တော်မူလိုသော အရှင်အာနန္ဒာသည် "ဧဝံမေသုတံ" အစရှိသော ပါဠိတော်အစဉ်ကို ဟောတော်မူ အပ်၏။

၁၂။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတ-ဝနေ အနာထ-ပိဏ္ဍိကဿ အာရာမေ။ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ-ဝဏ္ဏာ ကေဝလ-ကပ္ပံ ဇေတ-ဝနံ ဩဘာသေ-တွာ ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္က-မိတွာ ဘဂဝန္တံ အဘိ-ဝါဒေတွာ ဧကမန္တံ အဋ္ဌာ-သိ၊ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ-ဂါထာယ အဇ္ဈဘာသိ။

၁၂။ ဘန္တေကဿပ၊ အရှင်မဟာကဿပ၊ ဣဒံသုတ္တံ၊ ဤမင်္ဂလသုတ်တော်ကို။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မု ခါ၊ မျက်မှောက်တော်မှ။ မေ မမ၊ အကျွန်ုပ်၏။ သုတံ၊ သော တဒွါရာနုသာရေန ဥပဓာရဏံ၊ သောတဒွါရကို အစဉ်မှီး သဖြင့် ဆောင်ခြင်းသည်ကား၊ ဧဝံ၊ ဤသို့လျှင်တည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၏ အနီးဖြစ်သော။ ဇေတဝနေ၊ ဇေတမင်းသား၏ ဥယျာဉ်၌။ အနာထပိဏ္ဍိကဿ၊ အနာထ

ပိဏ်သူဋ္ဌေးသည်။ စတုပညာသကောဋိဟိရညာနိ။ ငါးဆယ့်လေးကုဋေ အရေအတွက်ရှိသော ရွှေဒင်္ဂါးခွက်တို့ကို။ ဝိသဇ္ဇေတွာ၊ စွန့်၍။ ကတေ၊ ဆောက်အပ်သော။ အာရာမေ၊ ရတနာရွှေကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။

အထခေါ၊ ထိုသို့နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ တာဝတိံသာနတ်ပြည်မှ သိကြားမင်းစေခိုင်းအပ်သော နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံလွန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင်ယံအခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ ကဲလွန်သောအသရေ၏တောက်ပခြင်းဖြင့်။ (ကဲလွန်စွာ ထွန်းပသော အသရေဖြင့်လည်းဟူ။) ကေဝလကပ္ပံ၊ အကြွင်းမရှိ ထက်ဝန်းကျင်ဖြစ်သော။ ဇေတဝနံ၊ ဇေတမင်းသား၏ဥယျာဉ်ကို။ ဩဘာသေတွာ၊ တောက်ပစေ၍။

ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုမြတ်စွာဘုရား ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လေ၏။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သော အပြစ်ခြောက်ပါးကင်းသော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အပြစ်ခြောက်ပါးကင်းသောအရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဗဟုဒေဝါ-အစရှိသောဂါထာဖြင့်။ အဇ္ဈဘာသိ၊ လျှောက်တောင်းပန်၏။

# အဓိပ္ပါယ်ရှင်းလင်းချက်

၁၂။ ဧဝံမေသုတံ-အစရှိသောပါဠိတို့၌ အဘွင့်ဒွါရသော်ကား-
**ဧဝံသဒ္ဒါ**သည် ဥပမာအနက်, ဥပဒေသအနက်, သမ္ပဟံသန
အနက်, ဂရဟာအနက်, ဝစနသံပဋိဂ္ဂဟအနက်, အာကာရအနက်,
နိဒဿနအနက်, အဝဓာရဏ အနက်-အစရှိသောအနက်တို့တွင်
ဤအရာ၌နိဒဿနအနက်, ဥပမာအနက်၌ဖြစ်၏။

**မေသဒ္ဒါ**သည် မယာဟူသောအနက်, မယှံဟူသော အနက်,
မမဟူသောအနက်, တဿာဝတ္ထုဟူသော အနက်တို့တွင် ဤအရာ၌
မမ-ဟူသောအနက်၌ဖြစ်၏။

**သုတသဒ္ဒါ**သည် ဂမနအနက်, ဝိဿုတအနက်, ကိလိန္နအနက်,
ဥပစိတအနက်, အနုယောဂအနက်, သောတဝိညေယျ အနက်,
သောတဒွါရာနုသာရ ဝိညာတဓာရဏ အနက်-အစရှိသောအနက်
တို့တွင် ဤအရာ၌ သောတဒွါရာနုသာရဝိညာတဓာရဏ အနက်၌
ဖြစ်၏။

**ဧကသဒ္ဒါ**သည် သေဋ္ဌအနက်, အညအနက်, အသဒိသအနက်,
သဒိသအနက်, သင်္ချာအနက်, ဒိဋ္ဌိအနက်, ပဋိလာဘအနက်, ပဟာ
န အနက်-အစရှိသည်တို့တွင် ဤအရာ၌ အညအနက်၌ဖြစ်၏။

**သမယသဒ္ဒါ**သည် သမဝါယအနက်, ခဏအနက်, ကာလအ
နက်, သမူဟအနက်, ဟေတုအနက်, ဒိဋ္ဌိအနက်, ပဋိလာဘအနက်,
ပဟာနအနက်-အစရှိသည်တို့တွင် ဤအရာ၌ ကာလအနက်ဖြစ်၏။

**ဘဂဝါ** ပုဒ်ကိုကား- ဇာယာသိရိယာဒယော ဘဂါ အဿ
အတ္ထီတိ ဘဂဝါ-ဟုအဿတ္ထိတဒ္ဓိတ်ပြုအပ်၏။

**သာဝတ္ထိယံ**-ဟူသောပုဒ်ကို သာဝတ္ထီတိ သဝတ္ထဿ ဣသိနော
နိဝါသဘူတံ နဂရံဇာတ္ထိလိင်္ဂဝသေန သာဝတ္ထီတိ ဝုတ္တံ-ဟုပရိတ်
ကြီးဋီကာ၌လာ၏၊သာဝတ္ထိယန္တိ ပုဗ္ဗေသဝတ္ထဿ နာမ ဣသိနော
နိဝါသဋ္ဌာနတ္တာ သာဝတ္ထီတိ လဒ္ဓနာမကေ နဂရေ-ဟုမင်္ဂလ ဒီ
ပနီဋီကာ၌မိန့်အပ်၏။

အထူးအားဖြင့် ဝစနတ္ထ ပြုရမည်ကား-ဝုသံဝရဏော တိမဿ၊ သံဝရန္တိ ဧတေနာတိ ဝတ္တံ၊ ဝတ္တေန သဟ ပဝတ္တတီတိ သ– ဝတ္တော၊ သဝတ္တဿ ဉာသိနော နိဝါသဘူတံ နဂရံ သာဝတ္ထိ။

ဝုတိမဿါ၊ဝု-ဟူသော၊ဌါန်သဒ္ဒါ၏။သံဝရဏော၊ စောင့်စည်းခြင်း အနက်၌။ဝတ္တတိ၊ဖြစ်၏၊ ဧတေန၊ထိုသံယမဖြင့်။ သံဝရန္တိ၊ စောင့် ရှောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ စောင့်ရှောက်ကြောင်း ဖြစ်သောသတ္တိကြောင့်။ ဧတေနာတိ ပဒေန၊ဧတေန-ဟူသောပုဒ် ဖြင့်။နိဒ္ဒိဋ္ဌံ၊ပြအပ်သော။တံသံယမံ၊ ထိုသံယမသည်။ ဝတ္တံ၊ဝတ္တမည် ၏။ယောဉာသိ၊အကြင်ရသေ့သည်၊ဝတ္တေန၊စောင့်ရှောက်ကြောင်း သံယမနှင့်။ သဟ၊တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏၊ ဣတိတသ္မာ၊ထိုသို့ စောင့်ရှောက်ကြောင်း သံယမနှင့် တကွဖြစ်သော သတ္တိကြောင့်။ သောဉာသိ၊ထိုရသေ့သည်။သဝတ္တော၊သဝတ္တမည်၏။သဝတ္တဿ၊ သဝတ္တအမည်ရှိသော။ ဉာသိနော၊ရသေ့၏။နိဝါသဘူတံ၊ နေဘူး သောအရပ်ဖြစ်သော။နဂရံ၊ မြို့သည်။ သာဝတ္ထိ၊ သာဝတ္ထိမည်၏။

သဝတ္တဿ ဉာသိနော နိဝါသဘူတော သာဝတ္ထိ–ဟုနိဝါသ ဟာဒ္ဓိတ်ပြုအပ်၏။ သဟ အဝေန သာပတေယျေန ဝတ္တတီတိသာဝံ၊ သာဝမေဏ္ဍ အတ္ထီတိဝါ သာဝတ္ထိ၊ တဿံ သာဝတ္ထိယံ။

ဝါ၊တနည်းကား။ယောပရိဘောဂေါ၊ အကြင်အသုံးအဆောင် သည်။အဝေနသာပတေယျေန၊ ဥစ္စာနှစ်နှင့်။သဟ၊ တကွ၊ဝတ္တတိ ဖြစ်တတ်၏။ ဣတိတသ္မာ၊ထိုသို့ဥစ္စာနှစ်နှင့် တကွဖြစ်သော သတ္တိ ကြောင့်။ တံပရိဘောဂံ၊ ထိုအသုံးအဆောင်သည်။ သာဝံ၊ သာဝ မည်၏။ ဧတ္ထပုရေ၊ဤပြည်၌။သာဝံ၊ ဥစ္စာနှစ်နှင့်တကွဖြစ်သော အ သုံးအဆောင်သည်၊အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုသို့ဥစ္စာနှစ်နှင့်တကွ သောအသုံးအဆောင်ရှိသည်၏ သတ္တိကြောင့်။ သာပုရာ၊ ထိုပြည် သည်။သာဝတ္ထိ၊သာဝတ္ထိမည်၏။သတ္တမီ ဗဟုဗ္ဗီဟိသမာသ်ဟည်း။ တဿံ သာဝတ္ထိယံ၊ထိုသာဝတ္ထိပြည်၌ဟု ဝိဘတ်ချန်ခံသတည်း။

**ဇေတဝနေ** ပုဒ်ကို ဇေတဿ ရာဇကုမာရဿ ဝနံ ဥယျာနန္တိ ဇေတဝနံ-ဟုဆဋ္ဌီတပ္ပုရိသ်ပြုအပ်၏၊ ဇေတမင်းသား၏ဥယျာဉ်ကို အနာထပိဏ်သူဌေးသည် တဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသော ရွှေဒင်္ဂါးခွက်တို့ဖြင့် ဝယ်ပြီးလျှင် တဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသောရွှေဒင်္ဂါးတို့ဖြင့်ကျောင်းဆောက်ပြီးလျှင် တဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသော ရွှေဒင်္ဂါးတို့ဖြင့် ကျောင်းအနုမောဒနာပြု၏။ ဤသို့လျှင် ငါးဆယ့်လေးကုဋေသော ရွှေဒင်္ဂါးတို့ကိုစွန့်၍ဆောက်လုပ်သောရတနာရွှေကျောင်းတော်ကို ဘုရားအမှူးရှိသော သံဃာတော်အား ဆောင်နှင်းလေ၏၊ ထို့ကြောင့် သုတ္တသင်္ဂဟအဋ္ဌကထာ၌—

သော ဟိ အနာထပိဏ္ဍိကော ဇေတဿ ဟတ္ထတော အဋ္ဌာရသ ဟိရညကောဋီဟိ ကောဋိသန္ထာရေန ကိဏိတွာ အဋ္ဌာရသ ဟိရညကောဋီဟိ သေနာသနာနိ ကာရာပေတွာ အဋ္ဌာရသဟိရညကောဋီဟိ ဝိဟာရမဟံ နိဋ္ဌာပေတွာ၊ ဧဝံ စတုပညာသဟိရညကောဋိယော ပရိစ္စာဂေန ဗုဒ္ဓပမုခဿ သံဃဿ နိယျာဒိတော—ဟု မိန့်အပ်၏။

**အနာထပိဏ္ဍိကဿ** ပုဒ်ကို အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော-ဟု ဒဒါတိတဒ္ဓိတ်ပြုအပ်၏၊ အာရာမေပုဒ်ကို အာဘုသော ရမန္တိ အရိယာ ဧတ္ထာတိ အာရာမော-ဟု အဓိကရဏသာဓနပြုအပ်၏။

ဧတ္ထဝိဟာရေ၊ ဤကျောင်း၌။ အရိယာ၊ အရိယာတို့သည်။ အာ—ဘုသော၊ လွန်စွာ။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့ လွန်စွာမွေ့လျော်ရာဖြစ်သောသတ္တိကြောင့်။ ဧတ္ထေတိ ပဒေန၊ ဧတ္ထ ဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌော၊ ပြအပ်သော။ သော ဝိဟာရော၊ ထိုကျောင်းသည်။ အာရာမော၊ အာရာမမည်၏။

**အညတရာ ဒေဝတာ**တိ နာမဂေါတ္တတော အပါကဋာ ဒေဝတာ-ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌လာ၏။

**အဘိက္ကန္တဝဏ္ဏာ**ပုဒ်၌ ကရိုဏ်းအနက်၌ပဉ္စမီဝိဘတ်ကြံအပ်၏။ အဘိက္ကန္တသဒ္ဒါသည် ခယအနက်,သုန္ဒရအနက်, အဘိရူပအနက်, အဗ္ဘာနုမောဒနအနက်-အစရှိသောအနက်တို့တွင်ဤအရာ၌အဘိ-ရူပအနက်၌ဖြစ်၏၊ဝဏ္ဏသဒ္ဒါသည် ဆဝိအနက်,ထုတိအနက်,ကုလဝဂ္ဂအနက်, ကာရဏအနက်, သဏ္ဌာနအနက်, ပမာဏအနက်, ဝါလုကအနက်, ပဘေဒအနက်, ရူပါယတနအနက်-အစရှိသော များစွာသောအနက်တို့တွင် ဤအရာ၌ ဆဝိအနက်၌ဖြစ်၏။

**ကေဝလကပ္ပံ**ဟူသောပုဒ်၌ ကေဝလသဒ္ဒါသည် အနဝသေသအနက်, ယေဘုယျအနက်, အဗျာမိဿအနက်, အနတိရေကအနက်, ဒဠှတ္ထအနက်, ဝိသံယောဂအနက်-အစရှိသောများစွာသော အနက်တို့တွင်ဤအရာ၌အနဝသေသအနက်၌ဖြစ်၏၊ကပ္ပသဒ္ဒါသည် အဘိသဒ္ဒဟနအနက်,ဝေါဟာရအနက်, ကာလအနက်, ပညတ္တိအနက်,ဆေဒနအနက်,ဝိကပ္ပအနက်,လေသအနက်,သမန္တဘာဝအနက်-အစရှိသော များစွာသောအနက်တို့တွင် ဤအရာ၌ သမန္တဘာဝအနက်၌ဖြစ်၏။

**ဧကမန္တံ** သဒ္ဒါသည် ပတိရူပအနက်ကို ဟောသော ဘာဝနပုံ တည်း၊ ထို့ကြောင့် ပရိတ်ကြီးဋီကာ၌-ဧကမန္တန္တိ ဆနိသဇ္ဇဒေါသာ ဘာဝေန ပတိရူပံ၊ ဘာဝနပုံသကဋ္ဌေကံ-ဟု မိန့်အပ်၏၊ဘာဝနပုံ ဟူသည်ကား ရပ်ခြင်းကြိယာ,ထိုင်ခြင်းကြိယာ၏အနီးဖြစ်သောနပုံ လိင်ဟူလိုသည်၊ ဘာဝနပုံအရာ၌ဖြစ်မူ ဧကမန္တံ၊တင့်အပ်လျောက် ပတ်စွာ-ဟုပေးအပ်၏၊ တနည်းကား-ဧကမန္တံသဒ္ဒါသည် တခု သောတုရူမဟုတ်သော စဉ်းငယ်တိမ်းသော နံပါးအရပ်ကို ဟော သော ဘာဝနပုံတည်း၊တနည်းသည်း-ဩကာသအနက်၌ဒုတိယာ ဝိဘတ်တည်း၊ ထို့ကြောင့်မင်္ဂလဒီပနီ ဋီကာ၌ ဧကမန္တန္တိဧကော ကာသံဧကပဿံ၊ ဘာဝနပုံသကဒမဟံ၊ ဘုမ္မတ္ထေဝါဥပယောဂ ဝစနံ-ဟု မိန့်အပ်၏။

## နေရာအပြစ် ၆-ပါး

နေရာအပြစ်ခြောက်ပါးဟူသော်ကား–
၁။ ဝေးလွန်းသောနေရာ,
၂။ နီးလွန်းသောနေရာ,
၃။ လေညာဖြစ်သောနေရာ,
၄။ မြင့်သောနေရာ,
၅။ ရှေ့တူရူဖြစ်သောနေရာ,
၆။ နောက်တူရူဖြစ်သောနေရာ,
ဤခြောက်ပါးသည် ဆနိသဇ္ဇဒေါသမည်၏။

---

၁၃။ ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလမုတ္တမံ။

၁၃။ ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ သောတ္ထာနံ၊ လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ တည်းဟူသော ချမ်းသာကြီး သုံးပါးကို။ အာကင်္ခမာနာ၊ တောင့်တကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်း ကောင်း။ မင်္ဂလာနိ၊ မင်္ဂလာတရားတော်တို့ကို။ အစိန္တယုံ၊ ကြံကြကုန်၏။ စိန္တယန္တာပိ၊ ကြံကြကုန်သော်လည်း။ နာဘိဂစ္ဆန္တိ၊ မသိနိုင်ကုန်။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောကတို့၏ အစီးအပွါးအကျိုးငှါ။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာတရားတော်ကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော့။

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၃။ မင်္ဂလံဟူသောပုဒ်၌မိံသဒ္ဒါသည်အပါယ်အနက်ကိုဟော၏၊ မိံအပါယံ ဂမေတိပါပေတီတိမင်္ဂံ-ဟုဝစနတ္ထပြုအပ်၏။ ။ယံအကုသလံ၊ အကြင်အကုသိုလ်ကံသည်။မိံအပါယံ၊ အပါယ်လေးပါးသို့။ ဂမေတိ ပါပေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့အပါယ်လေးပါးသို့ ရောက်စေတတ်သောသတ္တိကြောင့်။ တံအကုသလံ၊ထို အကုသိုလ်ကံသည်။ မင်္ဂံ၊မင်္ဂမည်၏။ အကုသိုလ်ပါပဓမ္မရ၏၊မင်္ဂံ ပါပံ လုနာတိဆိန္ဒတီတိ မင်္ဂလံ-ဟုဝစနတ္ထပြုအပ်၏။ ။ယံကုသလံ၊ အကြင်မင်္ဂလာတရားကိုကျင့်သောကုသိုလ်ကံသည်။မင်္ဂံပါပံ၊အကုသိုလ်ပါပဓမ္မကို။ လုနာတိဆိန္ဒတိ၊ ရိတ်တယ် ဖြတ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့အကုသိုလ်ပါပဓမ္မကို ရိတ်တတ်ဖြတ်တတ်သောသတ္တိကြောင့်။ တံကုသလံ၊ ထိုမင်္ဂလာတရားကိုကျင့်သော ကုသိုလ်ကံသည်။ မင်္ဂလာ၊ မင်္ဂလာမည်၏။ မင်္ဂသဒ္ဒါရှေးရှိသော လုဓာတ်, ဆေဒနအနက်,အ-ပစ္စည်းတည်း။

တနည်းကား-မင်္ဂလာဟူသောပုဒ်ကို နိပါတ်ပုဒ်ကြံ၍ နိပါတော-အနေကတ္ထာဟူသောသဒ္ဒါငယ်တို့နှင့်အညီ မင်္ဂံ-ဟူသောနိပါတ်ပုဒ်သည် ဝုဍ္ဎိအနက်ကိုဟော၏၊မင်္ဂံ-ဒိဋ္ဌဓမ္မိကသမ္ပရာယိကတ္ထဝုဍ္ဎိံ၊ လာတိဂဏှာတိ ပဝတ္တေတီတိ မင်္ဂလံ-ဟုဝစနတ္ထပြုအပ်၏။ ယံကု-သလံ၊ အကြင်မင်္ဂလာမည်သော ကုသိုလ်ကံသည်။မင်္ဂံ-ဒိဋ္ဌဓမ္မိက-သမ္ပရာယိကတ္ထဝုဍ္ဎိံ၊ မျက်မှောက်အကျိုးကြီးပွားခြင်း, သံသရာ အကျိုးကြီးပွားခြင်းကို။ လာတိဂဏှာတိ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ထိုသို့မျက်မှောက်အကျိုးကြီးပွားခြင်း,သံသရာအကျိုးကြီးပွားခြင်းကို ဖြစ်စေတတ်သော သတ္တိကြောင့်။ တံကုသလံ၊ ထိုကုသိုလ်ကံသည်။ မင်္ဂလံ၊ မင်္ဂလာမည်၏။ မင်္ဂသဒ္ဒါရှေးရှိသော လာ-ဓာတ်,ပဝတ္တနအနက်,အ-ပစ္စည်းတည်း။

**အနုသန္ဓေ။** ။ယခုအခါ၌ တသောင်းသော စကြဝဠာ တို့မှ လာကုန်သော မရေတွက်နိုင် မနှိုင်းယှဉ်နိုင် သော များမြတ်လှစွာသော နတ်ဗြဟ္မာအပေါင်း ခြံရံလျက် မင်္ဂလာတရားတော်ကို ဟောတော်မူ ပါဟု နတ်သား၏ လျှောက်ကြား တောင်းပန်ခြင်းကို အကြောင်းပြု၍ သုံးဆယ့်ရှစ်ပါးအပြားရှိသော မင်္ဂ လာတရားကို ဟောတော်မူလိုသော ဒေဝါတိဒေဝ ဗြဟ္မာတိဗြဟ္မ လောကသေဋ္ဌ လောကဇေဋ္ဌ တိ လောကဂ္ဂ လောကာဓိပတိ အနန္တဉာဏ အစိန္တေ ယျဉာဏ အပ္ပမေယျဉာဏ စတုဝေသာရဇ္ဇဉာဏ ဒသဗလဉာဏ အဋ္ဌာရသဓမ္မပေတ အသာဓာရဏ ဉာဏ ရံသိဓာရ ဓမ္မောဘာသပဇ္ဇောတ ဓမ္မသာမိ သတ္တုတ္တမ ဒွိပဒုတ္တမ သကျပုင်္ဂဝ မုနိပုင်္ဂဝ ပုရိသ ပုင်္ဂဝ သကျမုနိ အဋ္ဌစတ္တာလီသာတိနန္တေယျ အစရှိ သော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော် သော မြတ်စွာဘုရားသည် “အသေဝနာစ ဗာလာနံ” အစရှိသော တဆယ့်တဂါထာတို့၏ အပေါင်းကို ဟောတော်မူအပ်၏။

၁၄။ အ-သေဝနာစ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊
ဧတံ မင်္ဂလမုတ္တမံ။

K 396 - 4 [ဟံသာဝတီ]

၁၄။ ဒေဝပုတ္တ၊နတ်သား။ဗာလာနံ၊သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီဝဲ မပေါင်းဘော် မဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိသော သူတော်ကောင်းတို့ကို။ ယာသေဝနာစ၊ အကြင်မှီဝဲ ပေါင်းဘော်ဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်ကုန်သော မိဘ, ဆရာ, ရတနာသုံးပါး အစရှိသောကြီးမြတ်သောသူတို့ကို။ ယာ ပူဇာစ၊ အကြင်ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတရားသုံးပါးကိုလျှင်၊' ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့။ ဓာရေဟိ၊ မှတ်လေဆောင်လေလော့။ ဇာနာဟိ၊ သိလေလော့။ တနည်းကား–ဧတံ၊ ထိုတရားသုံးပါးသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်သည်။ ဟောတိ၊ ဖြစ်၏။ တနည်းကား–ဧတံ၊ ထိုသုံးပါးသော အကျင့်သည်။ မင်္ဂလံ၊ မင်္ဂလာမည်သော။ ဥတ္တမံ၊ မြတ်သောတရားတည်း။

---

## အဓိပ္ပါယ် ရှင်းလင်းချက်

၁၄။ **ဗာလနှင့်ပဏ္ဍိတ။** ။ခပ်သိမ်းသောသတ္တဝါတို့၌ ဘေးဥပဒ္ဒဝေါအန္တရာယ်ဖြစ်ခြင်း,ကိုယ်၏ဆင်းရဲခြင်း,စိတ်၏ဆင်းရဲခြင်းကိုရခြင်းတို့သည် ဗာလကြောင့်သာဖြစ်ကုန်၏၊ ပဏ္ဍိတကြောင့်မဖြစ်ကုန်၊ ခပ်သိမ်းသောသတ္တဝါတို့၌ ဘေးဥပဒ္ဒဝေါကင်းခြင်း, ရန်ကင်းခြင်း, အန္တရာယ်ကင်းခြင်း, ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့ကိုရခြင်းတို့သည် ပဏ္ဍိတကြောင့်သာ ဖြစ်ကုန်၏၊ ဗာလကြောင့်မဖြစ်ကုန်၊ ဤသို့သိအပ်ကုန်၏။

၁၅။ ပတိရူပ-ဒေသ-ဝါသော စ၊
ပုဗ္ဗေ စ ကတ-ပုညတာ။
အတ္တ-သမ္မာ ပဏိဓိ စ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၅။ ဒေဝပုတ္တ၊ နတ်သား။ ယော ပတိရူပဒေသဝါသော စ၊ အကြင် သင့်တင့်လျောက်ပတ်သော ရတနာသုံးပါး ထင်ရှားရှိသော အရပ်၌ နေရခြင်းသည် လည်းကောင်း။ ယာ ပုဗ္ဗေ ကတပုညတာ စ၊ အကြင်ရှေးဘဝ၌ ပြုခဲ့ဘူးသော ကောင်းမှုရှိသော သူ၏အဖြစ်သည် လည်းကောင်း။ ယော အတ္တသမ္မာ ပဏိဓိ စ၊ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရတည်းဟူသော ကာယဒုစ္စရိုက် သုံးပါးတို့ကို မဖြစ်စေမူ၍ အကြင်ကိုယ်ကို ကောင်းစွာဆောက်တည်၍ ကျင့်ရခြင်းသည် လည်းကောင်း။ တနည်းကား— ယော အတ္တသမ္မာ ပဏိဓိ စ၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောဒုစ္စရိုက် သုံးပါးတို့ကို မဖြစ်စေမူ၍ အကြင်စိတ်ကို ကောင်းစွာဆောက်တည်၍ ကျင့်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတရားသုံးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့။ ဓာရေဟိ၊ မှတ်လေ ဆောင်လေလော့။ ဇာနာဟိ။ သိလေလော့။

[အတ္တသမ္မာပုဒ်၌ အတ္တသဒ္ဒါ ကိုယ်ကိုလည်းဟော၏၊ စိတ်ကိုလည်းဟော၏။]

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယော စ သု-သိက္ခိတော။
သု-ဘာသိတာ စ ယာ ဝါစာ၊
ဧတံ မင်္ဂလ-မုတ္တမံ။

၁၆။ ဒေဝပုတ္တ၊ နတ်သား။ ယံဗာဟုသစ္စဉ္စ၊ အကြင်သာသနာတော်ကျမ်း, လောကီကျမ်းတို့၌ အမှတ်အသား အကြားအမြင်များသော သူ၏အဖြစ်သည်လည်းကောင်း။ ယံသိပ္ပဉ္စ၊ အကြင်အပြစ်မရှိသော နှုတ်, လက်အတတ်ကို တတ်ရခြင်းသည်လည်းကောင်း။ သုသိက္ခိတော၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့် ကောင်းစွာ ကျင့်အပ်သော။ ယော ဝိနယောစ၊ အကြင်ကိုယ်, နှုတ်,နှလုံးသုံးပါးကို ဆုံးမရခြင်းသည်လည်းကောင်း။ သုဘာသိတာ၊ ကောင်းစွာ ဆိုအပ်သော။ ယာ ဝါစာစ၊ အကြင်ဝစီဒုစ္စရိုက် လေးပါးမှ ကြဉ်သောအင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကောင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတရားလေးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့။ ဓာရေဟိ၊ မှတ်လေဆောင်လေလော့။ ဇာနာဟိ၊ သိလေလော့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

### စကားကောင်းအင်္ဂါ ၄-ပါး

၁၆။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကောင်းဟူသော်ကား—

၁။ သုဘာသိတ၊ ကောင်းစွာ ဆိုအပ်သော စကားလည်း တပါး,

၂။ ဝိယ၊ ချစ်ဘွယ်ဆိုသော စကားလည်းတပါး,

၃။ ဓမ္မ၊ တရားနှင့်အညီဆိုသောစကားလည်းတပါး,

၄။ သစ္စ၊ ဟုတ်မှန်စွာဆိုသောစကားလည်းတပါး,

ဤလေးပါးတည်း၊ ထိုလေးပါးတို့ဘွင်သူနှစ်ယောက်တို့ကိုအချစ်ပျက်လေအောင် နှစ်ဖက်သားတို့၏အကြား၌ ဂုံးချောခြင်းတည်းဟူသော ပိသုဏဝါစာမှ ကြဉ်၍ဆိုသောစကားသည် သုဘာသိတအင်္ဂါနှင့်ပြည့်စုံသောစကားမည်၏၊ကြမ်းထန်းသော ဖရုသဝါစာမှကြဉ်၍ဆိုသောစကားသည်ပိယအင်္ဂါနှင့်ပြည့်စုံသောစကားမည်၏၊ ပြိန်ဖျင်းသောအကျိုးမရှိသော သမ္ဖပ္ပလာပမှကြဉ်၍ဆိုသောစကားသည် ဓမ္မအင်္ဂါနှင့်ပြည့်စုံသောစကားမည်၏၊မုသာဝါဒမှကြဉ်၍ဆိုသောစကားသည် သစ္စအင်္ဂါနှင့်ပြည့်စုံသော စကားမည်၏၊ ဤသို့အင်္ဂါလေးပါးတို့၏သရုပ်ကို သိအပ်ကုန်၏၊ ကို့ကြောင့်ဆရာမြတ်တို့သည်—

* စကားအရာ၊ အင်္ဂါလေးတန်၊ မပြွန်နိုင်သော်၊ရာသူတော်တို့၊မကျော်စေပါ၊နှုတ်လျှာလေပန်း၊ ပျက်သိုသွန်း၏။

ဟုဆိုတော်မူကုန်သတည်း။

---

၁၇။ မာတာ ပိတု ဥပဋ္ဌာနံ၊
ပုတ္တ-ဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၇။ ဒေဝပုတ္တ၊ နတ်သား။ မာတာပိတု၊ အမိအဘတို့ကို။ ယံဥပဋ္ဌာနဥ္စ၊ အကြင် လုပ်ကျွေး မွေးရခြင်းသည်လည်းကောင်း။ ပုတ္တဒါရဿ၊ သား,မယားတို့ကို။ ယော သင်္ဂဟောစ၊ အကြင် ပေးကမ်းထောက်ပင့် သင်္ဂြိုဟ်ရခြင်း

သည်လည်းကောင်း။ အနာကုလာ၊ မပျက်မစီး ကုန်သော။ ယေကမ္မန္တာစ၊ အကြင်လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစ ရှိသောအမှုတို့သည် လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ ဧတံ၊ ထိုတရားလေးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့၊ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

### သိကြားမင်းရှိခိုးအပ်သူ

၁၇။ ဤပုဒ်၌ မာတာပိတုဥပဋ္ဌာန, ပုတ္တသင်္ဂဟ, ဒါရသင်္ဂဟ, အနာကုလကမ္မန္တ-ဟုလေးပါးယူအပ်ကုန်၏၊ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိသောသူ, ငါးပါးသီလနှင့်ပြည့်စုံသောသူ, သရဏဂုံသုံးပါးကိုဆောက်တည်လေ့ရှိသောသူ,တရားနှင့်အညီသားမယားကို မွေးသောသူတို့ကို သိကြားမင်းသည်လည်းရှိခိုးပါ၏၊ထို့ကြောင့်—

ယေ ဂဟဋ္ဌာ ပုညကာရာ၊
သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊
တေ နမဿာမိ မာတလိ။

ဟူ၍ ဟောတော်မူအပ်၏။

မာတလိ၊မာတလိနတ်သား။ ယေဂဟဋ္ဌာ၊ အကြင်လူတို့သည်။ ပုညကာရာ၊ ကုသိုလ်ကောင်းမှုတို့ကိုပြုလေ့ရှိကုန်၏။သီလဝန္တော၊ ငါးပါးသောသီလနှင့်ပြည့်စုံကုန်၏။ ဥပါသကာ၊ ရတနာသုံးပါးကို ဆည်းကပ်လေ့ရှိကုန်၏။ ဓမ္မေန၊ တရားနှင့်အညီ။ ဒါရံ၊ သားမယားကို။ ပေါသေန္တိ၊ မွေးကုန်၏။ တေဂဟဋ္ဌေ၊ထိုသို့သောဂုဏ်ကျေးဇူးရှိသောသူတို့ကို။ အဟံ၊ ငါသိကြားမင်းသည်။ နမဿာမိ၊ ရှိခိုး၏။

ဤသို့ သိကြားမင်း၏ ရှိခိုးခြင်းကိုပင် ခံထိုက်လေသောကြောင့် ပုဗ္ဗဒါရဿသင်္ဂဟ တရားနှစ်ပါးသည် မင်္ဂလာ မည်ပါ လေသတည်း၊ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, နွားမွေးခြင်း,မြင်းမွေးခြင်း အစရှိသော လုပ်လုပ်သမျှသောအမှုတို့သည် မပျက်မစီး မဆုံးမရှုံး အောင်မြင်လေသောကြောင့် စည်းစိမ်ဥစ္စာတိုးတက်သည်၊ စည်းစိမ် ဥစ္စာ တိုးတက်သောသူသည် လူတို့၏အောင်၌ တင့်တယ်ထင်ရှား သည်တချက်၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကိုရသည် လည်းတချက်၊ ကိုယ်, စိတ်၏ ချမ်းသာခြင်းရှိသောသူသည် ဒါန, သီလ,ဘာဝနာအစရှိသောကုသိုလ်ဆယ်ပါး,ပါရမီဆယ်ပါး,သုစ ရိုက်ဆယ်ပါးကို အားထုတ်၍ကျင့်နိုင်သည်၊ထိုသို့ကျင့်သော ကုသိုလ် သည် ချမ်းသာကြီးသုံးပါးကိုရခြင်း၏အကြောင်းဖြစ်၏၊ထို့ကြောင့် အနာကုလာစ ကမ္မန္တာသည် မင်္ဂလာမည်ပါလေသတည်း။

---

၁၀။ ဒါနဉ္စ ဓမ္မစရိယာစ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ-မုတ္တမံ။

၁၀။ ဒေဝပုတ္တ၊ နတ်သား။ ယံဒါနဉ္စ၊ အကြင်လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်းသည် လည်းကောင်း။ ယာ ဓမ္မစရိယာစ၊ အကြင် ဒါန, သီလ, ဘာဝနာအစရှိသော ကုသိုလ်ဆယ်ပါး တရားတို့ကို ကျင့်ရခြင်းသည် လည်းကောင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့အား။ ယော သင်္ဂဟောစ၊ အကြင်ပေးကမ်း ဖိုးလှမ်း သင်္ဂြိုဟ်ထောက်ပင့်ရခြင်းသည် လည်းကောင်း။ အန ဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ယာနိ ကမ္မာနိစ၊ အကြင် အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ခြင်း, မိဘ ဆရာ ရတနာသုံး

ပါးတို့၏အမှုကို ရွက်ဆောင်ခြင်း, အရာမ် ဥယျာဉ် စိုက်ပျိုးခြင်း, တံတား - စောင်းတန်း - ရေတွင်းရေကန် - ရေအိုးစင် တည်ထားခြင်း အစရှိသော အမှုတို့သည် လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ ဧတံ၊ ထိုတရားလေးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့။ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

---

## အဋ္ဌမဂါထာ ရှင်းလင်းချက်

၁၈။ **ဓမ္မစရိယာ**နာမ ဒသကုသလကမ္မပထစရိယာ။ **အနဝဇ္ဇာနိ ကမ္မာနိ**နာမ ဥပေါသထင်္ဂသမာဒါန ဝေယျာဝစ္စကရဏ အာရာမရောပန သေတုကာရကာဒီနံ–ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ မိန့်အပ်၏။

### ဒါနအကြောင်း

ဒါနသည် အာမိသဒါန, ဓမ္မဒါန-ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးသော ဒါနတို့တွင် အာမိသဒါနသည် အလုံးစုံသောလောကီအကျိုး, လောကုတ္တရာအကျိုးတို့ကို ပြီးစေနိုင်သောကြောင့် မင်္ဂလာမည်၏၊ အထူးအားဖြင့်သော်ကား–

> အဒန္တဒမနံ ဒါနံ၊
> ဒါနံ သဗ္ဗတ္ထသာဓကံ။
> ဒါနေန ပိယဝါစာယ၊
> ဥန္နမန္တိ နမန္တိစ။

ဟူ၍ ဟောတော်မူအပ်၏။

ဒါနံ၊ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းသည်။ အဒန္တဒမနံ၊ မယဉ်ကျေးသေးသောသူကိုယဉ်ကျေးစေတတ်၏။ ဒါနံ၊ ဒါနသည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံသော လောကီအကျိုး, လောကုတ္တရာအကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း ဖြင့်လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဖွယ်သော စကားကိုဆိုခြင်းဖြင့်လည်း

ကောင်း။ ဥန္နမန္တိ၊ မရှိညွတ်သေးသောသူတို့သည် ရှိညွတ်ကုန်၏။ နမန္တိစ၊ ရှိညွတ်ပြီးသော သူတို့သည်လည်း အဖန်တလဲလဲ ရှိညွတ်ကုန်၏။ တနည်းကား—ဥန္နမန္တိစ၊မချစ်မလေးမြတ်သောသူတို့သည်လည်း ချစ်လေးမြတ်ကုန်၏၊ နမန္တိစ၊ ချစ်လေးမြတ်ပြီးသော သူတို့သည်လည်း အဖန်တလဲလဲ ချစ်လေးမြတ်ကုန်၏။

လာဘ်ပူဇော်သက္ကာရကိုမငဲ့မူ၍တရားဟောခြင်း,ဟရားစကားပြောဟောခြင်းသည်ဓမ္မဒါနမည်၏၊ထိုဓမ္မဒါနသည်ခပ်သိမ်းသောဒါနကိုအောင်နိုင်လေ၏၊ ထို့ကြောင့်—

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဟူ၍ ဟောတော်မူအပ်၏။

သဗ္ဗဒါနံ၊ခပ်သိမ်းသောဒါနကို ဓမ္မဒါနံ၊ တရားတည်းဟူသောအလှူသည်၊ ဇိနာတိ၊ အောင်နိုင်လေ၏၊ သဗ္ဗရသံ၊ခပ်သိမ်းသောအရသာကို၊ဓမ္မရသော၊ တရားကိုစွဲ၍ဖြစ်သော ပီတိသောမနဿ-တည်းဟူသော ဓမ္မရသသည်၊ ဇိနာတိ၊အောင်နိုင်လေ၏၊သဗ္ဗရတိံ၊ ခပ်သိမ်းသော မွေ့လျော်ခြင်းကို၊ဓမ္မရတိ၊တရား၌ မွေ့လျော်ခြင်းသည်၊ ဇိနာတိ၊အောင်နိုင်လေ၏။ တဏှက္ခယော၊ အရဟတ္တမဂ်ကိုရ၍ တဏှာကုန်ခြင်းသည်၊သဗ္ဗဒုက္ခံ၊အလုံးစုံသော သံသရာဝဋ်ဒုက္ခကို၊ဇိနာတိ၊ အောင်နိုင်လေ၏။

### ဒါနနှင့်ဓမ္မစရိယာအထူး

ဒါန၌နှင့် ဓမ္မစရိယာ၏ အထူးသော်ကား—

အန္နံ ပါနံ ဃရံ ဝတ္ထံ၊
ယာနံ မာလာ ဝိလေပနံ။
ဂန္ဓော သေယျံ ပဒီပေယျံ၊
ဒါနဝတ္ထူ ဣမေ ဒသ။

ဟုလာသည်နှင့်အညီ—

အနွံ၊ ဆွမ်းအလှူ။ ပါနံ၊ အဖျော်အလှူ။ ဃရံ၊ ကျောင်းအလှူ။ ဝတ္ထံ၊ သင်္ကန်းအလှူ။ ယာနံ၊ယဉ်အလှူ။ မာလာ၊ပန်းအလှူ။ ဝိလေပနံ၊အလိမ်းအကျံနံ့သာပျောင်းအလှူ။ဂန္ဓော၊အမွှေးအကြိုင်နံ့သာအလှူ။ သေယျံ၊ ညောင်စောင်းအင်းပျဉ်အိပ်ရာနေရာအလှူ။ ပဒီပေယျံ၊ ဆီမီးတန်ဆောင်အလှူ။ ဇူမေဒသ၊ ဤဆယ်ပါးတို့သည်။ ဒါနဝတ္ထုူ၊ ဒါနဝတ္ထုမည်ကုန်၏။

ဤဆယ်ပါး,ပစ္စည်းလေးပါး၌ အကျုံးဝင်သော ဘေသဇ္ဇဒါနတပါး၊ဤတဆယ့်တပါးကို ဒါနဥ္စပုဒ်ဖြင့်သင်္ဂြိုဟ်အပ်၏၊ ထိုမှကြွင်းသောဒါနတို့ကို စမ္မစရိယာပုဒ်ဖြင့်သင်္ဂြိုဟ်အပ်ကုန်၏၊ငါးပါးသောသီလ, ဆယ်ပါးသောသီလ, စတုပါရိသုဒ္ဓိ သီလတို့ကို ဓမ္မစရိယာပုဒ်ဖြင့်သင်္ဂြိုဟ်အပ်ကုန်၏၊အင္ဂဟ်သီလကိုအနဝဇ္ဇာနိ ကမ္မာနိပုဒ်ဖြင့် သင်္ဂြိုဟ်အပ်ကုန်၏၊ ဓုဝဝေယျာဝစ္စ,ခုဒ္ဒကဝေယျာဝစ္စကိုကိုဓမ္မစရိယာပုဒ်ဖြင့် သင်္ဂြိုဟ်အပ်ကုန်၏၊အဓုဝဝေယျာဝစ္စ,ဒုရဝေယျာဝစ္စတို့ကို အနဝဇ္ဇာနိပုဒ်ဖြင့် သင်္ဂြိုဟ်အပ်ကုန်၏။ [နောတဏ္ဍော၊ နှုတ်မဆိတ်ပြောဟောရရုံ ကဝိလက္ခဏာရှိ၏၊ ကြံကြလေဦး]

---

၁၉။ အာရတိ ဝိရတိ ပါပါ၊
မဇ္ဇ-ပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊
ဧတံ မင်္ဂလမုတ္တမံ။

၁၉။ ဒေဝပုတ္တ၊ နတ်သား။ ပါပါ၊ မကောင်းမှုဒုစ္စရိုက်တရားအပေါင်းမှ။ ယာ အာရတိစ၊ အကြင်မနောဒွါရဖြင့်ကြဉ်ရခြင်းသည် လည်းကောင်း။ ယာ ဝိရတိစ၊ အကြင်ကာယဒွါရ, ဝစီဒွါရဖြင့် ကြဉ်ရခြင်းသည် လည်းကောင်း။ မဇ္ဇပါနာ၊ သေသောက်ခြင်းမှ။ ယော သံယမောစ။ အကြင်

စောင့်စည်း ရခြင်း သည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ဆယ်ပါးတရားတို့၌။ ယော အပ္ပမာဒေါ စ၊ အကြင် မမေ့မလျော့ ကျင့် ဆောက် တည် ရခြင်း သည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတရားသုံးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာ ဟိ၊ ယူလေလော့။ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

---

## အဝိပ္ပါယ်ရှင်းလင်းချက်

၁၉။ ဤပုဒ်၌ အာရတိ ဝိရတိ ပါပါကို တပါးတည်းသာ ယူအပ်ကုန်၏၊ စိတ်ဖြင့်ကြဉ်ခြင်းသည် အာရတိမည်၏၊ ကိုယ် နှုတ်နှစ်ပါးဖြင့်ကြဉ်ခြင်းသည် ဝိရတိမည်၏၊ ဤသို့အထူးကို သိအပ်ကုန်၏၊ ထို့ကြောင့်—

**အာရတိနာမ** ပါပေ အာဒီနဝဒဿိနော မနသာဝ အနဘိရတိ၊ **ဝိရတိနာမ** ကမ္မဒွါရဝသေန ကာယဝါစာဟိ ဝိရမဏံ-ဟု အဋ္ဌကထာ၌မိန့်အပ်၏၊ ပရိတ်ကြီးဋီကာ၌လည်း—

**အာရတိနာမ** အာရမဏံ။ စေတေန မနောကမ္မံ ဒဿေတိ၊ **ဝိရတိ**တိ ဝိရမဏံ။ ဝိရမန္တိ ဝါ ဧတာယ သတ္တာတိ ဝိရတိ၊ ဧတေန ကာယဝစီကမ္မံ ဒဿေတိ-ဟု မိန့်အပ်၏။

### သုရာငါးပါး, မေရယငါးပါး

**မဇ္ဇပါနာစ သံယမော**-ဟူသောပုဒ်၏ အရဖြစ်သော သုရာငါးပါး, မေရယငါးပါး ဟူသော်ကား—

၁။ ပိဋ္ဌသုရာ၊ မုံ့ညက်ဖြင့်ပြုအပ်သောသုရာ,
၂။ ပူဝသုရာ၊ မုံ့ဖြင့်ပြုအပ်သောသုရာ,
၃။ ဩဒနသုရာ၊ ထမင်းဖြင့်ပြုအပ်သောသုရာ,
၄။ ကိဏ္ဏပက္ခိတ္တာ၊ တဆေးခပ်၍ ပြုအပ်သောသုရာ,

၅။ သမ္ဘာရပက္ခိတ္တာ၊ ယစ်မျိုး အဆောက်အဦခပ်၍ ပြုအပ်သောသုရာ,
ဤငါးပါးသည် သုရာမည်၏။

၁။ ပုပ္ဖါသဝေါ၊ အပွင့်ဖြင့်ထုံအပ်သော မေရယ,
၂။ ဖလာသဝေါ၊ အသီးဖြင့်ထုံအပ်သော မေရယ,
၃။ ဂုဠာသဝေါ၊ တင်လဲဖြင့်ထုံအပ်သော မေရယ,
၄။ မဓွာသဝေါ၊ ပျားရည်ဖြင့်ထုံအပ်သော မေရယ,
၅။ သမ္ဘာရသံယုတ္တော၊ ယစ်မျိုးအဆောက်အဦဖြင့် ထုံအပ်သော မေရယ,
ဤငါးပါးသည် မေရယမည်၏။

---

၂၀။ ဂါရဝေါစ နိဝါတောစ၊
သန္တုဋ္ဌီစ ကတညုတာ။
ကာလေန ဓမ္မ-ဿဝနံ၊
ဧတံ မင်္ဂလ-မုတ္တမံ။

၂၀။ ဒေဝပုတ္တ၊ နတ်သား။ ယော ဂါရဝေါစ၊ အကြင်ရှိသေထိုက်သော မိဘ, ဆရာ, ရတနာသုံးပါး, ကြီးမြတ်သောသူ အစရှိသောသူတို့ကို ရှိသေရခြင်းသည်လည်းကောင်း။ ယော နိဝါတောစ၊ အကြင် နှိမ့်ချရခြင်းသည် လည်းကောင်း။ ယာ သန္တုဋ္ဌီစ၊ အကြင် ရရာသမျှသော ပစ္စည်း အသုံးအဆောင် တို့ဖြင့် ရောင့် ရဲ ရ ခြင်း သည် လည်း ကောင်း။ ယာ ကတညုတာစ၊ အကြင် သူ့ကျေးဇူးကို သိရခြင်းသည် လည်းကောင်း။ ကာလေန၊ တင့်အပ် လျောက်ပတ် သော အခါ၌။ ယံ ဓမ္မဿဝနဉ္စ၊ အကြင်တရားတော်ကို နာရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတရားငါးပါးကို

လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့။ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၂၀။ ဂါရဝ,နိဝါတ တရားနှစ်ပါးမရှိသောသူ, ထိုတရားနှစ်ပါးမှ ကင်းသောသူသည် သူတော်ကောင်းလက္ခဏာမရှိ၊ သူတော်ကောင်းလက္ခဏာမှကင်း၏၊ရှိသေထိုက်သောသူတို့ကိုမရှိသေသောသူတို့သည်ယုတ်ညံ့သောအမျိုး၌ဖြစ်ကုန်၏။ရှိသေထိုက်သောသူတို့ကိုရှိသေလေးမြတ်သောသူတို့သည် မြင့်မြတ်သောအမျိုး၌ဖြစ် ကုန်၏။လူ့ကိုစင်မဆိုလင့်ဦး တိရစ္ဆာန်ဖြစ်သောသတ္တဝါတို့သည်ဂါရဝ, နိဝါတ တရားနှစ်ပါးကို ကျင့်ပါကုန်သေး၏။

### ဂါရဝအကျိုးပြဝတ္ထု

လွန်လေပြီးသောရှေးကာလ၌ဟိမဝန္တာတောင်၌ ခါသတ္တဝါ, မျောက်သတ္တဝါ, ဆင်သတ္တဝါ၊ ဤသုံးခုသော သတ္တဝါတို့သည်အဆွေခင်ပွန်းဖွဲ့ကုန်၍ တခုသောပညောင်ပင်ကြီးကို အမှီပြု၍ နေကြကုန်၏၊ ထိုသုံးခုသောသတ္တဝါတို့တွင်ခါသည် အသက်အားဖြင့်ကြီး၏၊ဆင်ထက်လည်းမျောက်သည်အသက်အားဖြင့်ကြီး၏၊မျောက်နှင့်ဆင်ဤနှစ်ခုသောသတ္တဝါတို့သည် ဤသို့ကြံကုန်၏၊ "ခါသည်ငါတို့ထက်အသက်ကြီးပေသည်၊ ပညာလည်းကြီးပေသည်၊ ထို့ကြောင့် ပညာရှိကိုငါတို့ရှိသေခြင်း, နှိမ့်ချခြင်းဖြင့် ခါပညာရှိ၏ အစီအရင် အဆုံးအမဩဝါဒကိုလိုက်နာ၍ကျင့်ကုန်အံ့"ဟုကြံကြကုန်၏၊ထိုသို့ကြံကြပြီး၍ခါပညာရှိကို ရှိသေခြင်း,နှိမ့်ချခြင်းကိုပြုကုန်၍ ခါပညာရှိ၏အဆုံးအမအစီအရင်ဩဝါဒကိုလိုက်နာကုန်၍ခိုက်ရန်အငြင်းအခုံမပြုကြကုန်မူ၍ ကျင့်ကြသဖြင့်ရှည်မြင့်စွာသော ကာလပတ်လုံး အသက်ရှည်ကြကုန်၍ ထိုကိုယ်၏အဖြစ်မှစုတေကြကုန်သော် နတ်ပြည်သို့ချည်း လားကြလေကုန်၏၊ ထို့ကြောင့်—

ယေ ဝုဍ္ဎ မပစာယန္တိ၊
နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊
သမ္ပရာယေစ သုဂ္ဂတိံ။

ဟူ၍ ဟောတော်မူအပ်၏၊

ဓမ္မဿ၊ ဂါရဝတရား,နိဝါတ တရားနှစ်ပါး၌။ကောဝိဒါ၊လိမ္မာကုန်သော။ ယေနရာ၊ အကြင်သတ္တဝါတို့သည်၊ ဝုဍ္ဎံ၊ ကြီးမြတ်သောသူကို။ အပစာယန္တိ၊ ရိုသေခြင်း နှိမ့်ချခြင်းကိုပြုကုန်၏။ တေ နေရာ၊ ထိုသတ္တဝါတို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင်။ပါသံသာ၊သူတော်ကောင်းတို့၏ ချီးမွမ်းခြင်းကိုခံရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သမ္ပရာယေစ၊ တမလွန်ဘဝ၌လည်း။ သုဂ္ဂတိံ၊ နတ်ပြည်သို့။ ယန္တိ၊လားရကုန်၏။

ဤသို့လျှင် ဂါရဝ,နိဝါတတရားနှစ်ပါးနှင့် ပြည့်စုံသောသူသည် သူတော်ကောင်းလက္ခဏာနှင့်ပြည့်စုံ၍၊ ငါ့ကိုယ်ကား-ဟူသောမာနကိုပယ်နိုင်လေသောကြောင့်လည်းကောင်း, နူးညံ့ပြေပြစ်သော သူတော်ကောင်းတို့၏ စိတ်နှလုံးတို့နှင့် ပြည့်စုံလေသောကြောင့်လည်းကောင်း ဂါရဝေါစ, နိဝါတောစ-ဟူသော တရားနှစ်ပါးသည် မင်္ဂလာမည်ပါလေသတည်း။

သန္တုဋ္ဌီစ—ဟူသောပုဒ်၌ ရရသမျှသော ဆွမ်းသင်္ကန်း အစရှိသောပစ္စည်း,ရရသမျှသောအသုံးအဆောင် ပရိက္ခရာတို့ဖြင့် ရောင့်ရဲ၍သုံးဆောင်၏၊ ထို့ထက်အကောင်းအမြတ်ကို စိတ်ဖြင့်လည်း မတောင့်တ၊ ကိုယ်,နှုတ်တို့ဖြင့်လည်း အပ်သောအရာဟို၌ပင် သော်လည်းမရှာမှီး၊ သန္တုဋ္ဌိ,သံလေခတရားနှင့်ပြည့်စုံသော ရဟန်းမြတ်တို့သည်ကား ''ဤဆွမ်းကိုသုံးဆောင်လို၏-ကပ္ပိပါ၊ ခဲဘွယ်ကိုသုံးဆောင်လို၏-ကပ္ပိပါ၊ ဤသင်္ကန်းကိုသုံးဆောင်လို၏-ချုပ်၍ပေးပါ၊ ဤပရိက္ခရာကိုသုံးဆောင်လို၏-ရှာ၍ပေးပါ''ဟု ဆိုအပ်သော ဉတ္တိပဝါရိဘကပ္ပိယကာရက သာမဏေတို့ကိုသော်မျှလည်း မဆိုမဝီရင် မနိုင်းခန့် မတောင်းမရမ်း၊ ထို့ကြောင့် ဝိနည်းအဋ္ဌကထာတို့၌—

သလ္လေခံ အစ္စဇန္တေန၊
အပ္ပမတ္တေန ဘိက္ခုနာ။
ကပ္ပိယေပိ နကာတဗ္ဗာ၊
အာမိသတ္ထာယ လောလတာ။

ဟူ၍လာ၏၊

သလ္လေခံ၊ခေါင်းပါးခြင်းသန္တုဋ္ဌီသလ္လေခတရားကို။အစ္စဇန္တေန၊ မစွန့်သော။ အပ္ပမတ္တေန၊ အနည်းငယ်သော ပစ္စည်းအတိုင်းအရှည် ဖြင့်သုံးဆောင်လေ့ရှိသော။ဘိက္ခုနာ၊ရဟန်းမြတ်သည်။ကပ္ပိယေပိ၊ စီရင်ထိုက်သော အပ်သောအရာ၌လည်း။ လောလတာ၊ လျှပ်ပေါ် သောအဖြစ်ဖြင့်။အာမိသတ္ထာယ၊ ဆွမ်း,သင်္ကန်းအစရှိသောပစ္စည်း အာမိသအကျိုးငှါ။ နကာတဗ္ဗာ၊ မစီရင်အပ်, မပြုစေအပ်။

အရိယဝံသ တရားလေးပါး၌ အတွင်းဝင် လေသောကြောင့် သန္တုဋ္ဌိတာသည် မင်္ဂလာမည်ပါလေသတည်း။

**ကတညုတာ**–ဟူသောပုဒ်၌ ပရေနကတဥပကာရံ ဇာနာတီတိ ကတညူ၊ ကတညုဿဘာဝေါ ကတညုတာ။ ဒြပ်ကိုဘောစီးလျှင် ဂုဏ်ရ၏ဟူရကား သိတတ်သောလူဒြပ်ကို ဘောစီးသောကြောင့် သိခြင်းကိရိယာဂုဏ်ရ၏။

**ကာလေနဓမ္မဿဝနံ**–ဟူသောပုဒ်၌ ကာမဝိတက်,ဗျာပါဒ ဝိတက်,ဝိဟိံသာဝိတက်၊ ဤမိစ္ဆာဝိတက်သုံးပါး ဖြစ်သောအခါ၌ တရားတော်ကို နာခြင်းငှါ လျောက်ပတ်သောအခါမည်၏၊ ဥပုသ် နေ့,သီတင်းနေ့တို့သည်လည်း တရားတော်ကိုနာခြင်းငှါ လျောက် ပတ်သောအခါမည်၏။

### တရားနာရသောအကျိုး ၅-ပါး

တရားတော်ကိုကြားနာရခြင်း၌ ငါးပါးသော အကျိုးအာနိသင် ဟူသည်ကား–

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ သဒ္ဓမ္မဿဝနေ။ ကတမေ ပဉ္စ၊ အသုတံ သုဏာတိ၊ သုတံ ပရိယောဒပေတိ၊ ကင်္ခံ ဝိဟနတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ သဒ္ဓမ္မဿဝနေ။

ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မဿဝနေ၊ ပိဋကတ်သုံးပုံဖြစ်သော သူတော်ကောင်းတရားကိုကြားနာခြင်း၌။ အာနိသံသာ၊ အကျိုးအာနိသင်တို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့တည်း၊ ပဉ္စ၊ ငါးပါးသောအကျိုးအာနိသင်တို့ဟူသည်၊ ကတမေ၊ အဘယ်တို့နည်းဟူမူကား။ အသုတံ၊ မကြားဘူးသေးသော ထုံးပုံနည်းနာ ဝတ္ထုသက်သေ, ဒေသနာအထူး,အနက်အဓိပ္ပါယ်အထူး,သဒ္ဒါနည်းအထူး,ပါဠိနည်းအထူးကို။ သုဏာတိ၊ ကြားနာရ၏။ သုတံ၊ ကြားနာဘူးပြီးသော ထုံးပုံနည်းနာ ဝတ္ထုသက်သေ, ဒေသနာအထူး, အနက်အဓိပ္ပါယ်အထူး, သဒ္ဒါနည်းအထူး, ပါဠိနည်းအထူးသည်။ ပရိယောဒပေတိ၊ နှလုံး၌စင်ကြယ်၏။ ကင်္ခံ၊ သို့လောသို့လောဟူသောယုံမှားခြင်းကို။ ဝိဟနတိ၊ ဖြတ်နိုင်၏။ ဒိဋ္ဌိံ၊ အယူကို။ ဥဇုံ၊ ဖြောင့်ဖြောင့်။ ကရောတိ၊ ပြုနိုင်၏။ အဿ၊ ထိုပိဋကတ်သုံးပုံဖြစ်သောသူတော်ကောင်းတရားကိုကြားနာရသောပုဂ္ဂိုလ်၏။ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မဿဝနေ၊ သူတော်ကောင်းတရားကိုကြားနာခြင်း၌။ အာနိသံသာ၊ အကျိုးဆက်တို့သည်။ ဣမေခေါပဉ္စ၊ ဤငါးပါးတို့တည်း။

ဤအကျိုးအာနိသင်ငါးပါးသည်ချမ်းသာကြီးသုံးပါးကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့်ကာလေနဓမ္မဿဝနံသည်မင်္ဂလာမည် ပါလေသတည်း။

---

၂၁။ ခန္တီစ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလမုတ္တမံ။

၂၁။ ဒေဝပုတ္တ၊ နတ်သား။ ယာ ခန္တိစ၊ အကြင် သည်းခံရခြင်းသည် လည်းကောင်း။ ယာ သောဝစဿတာစ၊ အကြင် ဆိုဆုံးမလွယ်သော သူ၏အဖြစ်သည် လည်းကောင်း။ သမဏာနံ၊ ရဟန်း, ရသေ့ သူတော်ကောင်းတို့ကို။ ယံ ဒဿနဉ္စ၊ အကြင် ဖူးမြင်ရခြင်းသည် လည်းကောင်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သော ကာလ၌။ ယာ ဓမ္မသာကစ္ဆာစ၊ အကြင် တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်း သည်လည်းကောင်း။ ဧတံ၊ ဤ၊ ဓမ္မသာကစ္ဆာ၊ ထိုတရားလေးပါးကိုလျှင်။ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင်နတ် သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

## အဓိပ္ပါယ်ရှင်းလင်းချက်

၂၁။ ခန္တိစ-ဟူသောပုဒ်၌ အဓိပ္ပါယ်ကား အဝတ်၌သည်းခံခြင်း,အစား၌သည်းခံခြင်း,အပူနှိပ်စက်သည်၌သည်းခံခြင်း,အချမ်းနှိပ်စက်သည်၌သည်းခံခြင်း,အနာရောဂါဒုက္ခဝေဒနာနှိပ်စက်သည်၌သည်းခံခြင်း,အိပ်ရာနေရာမကောင်းသည်၌သည်းခံခြင်း,ရာဂဒေါသမောဟ အစရှိသော ကိလေသာနှိပ်စက်သည်၌သည်းခံခြင်း,ရူပါရုံ၌သည်းခံခြင်း,သဒ္ဒါရုံ၌သည်းခံခြင်း,ဂန္ဓာရုံ၌သည်းခံခြင်း,ရသာရုံ၌သည်းခံခြင်း, ဖောဋ္ဌဗ္ဗာရုံ၌သည်းခံခြင်း, မှက်ခြင် ယင်ရဲတို့ကိုသည်းခံခြင်း,အပူနှိပ်စက်သည်၌ သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏထေရ်ကဲ့သို့ကိုယ်ဖြင့်လည်းကောင်း-နှုတ်ဖြင့်လည်းကောင်း သူတပါးတို့ မထေမဲ့မြင်ပြုခြင်း-ဆဲရေးရေရွတ်ခြင်းတို့ကို သည်းခံခြင်း, ဒုတ်လုံးကန်သက်ဆုပ် တတောင်ဖြင့် ညှဉ်းဆဲခြင်းကိုသည်းခံခြင်း, ခန္တိဝါဒ အရှင်ရသေ့-ဆဒ္ဒန်ဆင်မင်းတို့ကဲ့သို့ ဓား လှံ လေး မြား လက်နက်တို့ဖြင့် ညှဉ်းဆဲခြင်းကိုသည်းခံခြင်းသည် မြတ်လှစွာသော သူတော်ကောင်းတို့၏ အကျင့်မည်၏၊ ထို့ကြောင့် ခန္တီ ပရမံ တပေါ တိတိက္ခာ-ဟူ၍လည်းကောင်း။

အက္ကောသံ ဝဓဗန္ဓဉ္စ၊
အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တိဗလံ ဗလာနီကံ၊
တ မဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူ၍လည်းကောင်း ဟောတော်မူအပ်၏။

တိတိက္ခာ၊သည်းခံခြင်းတည်းဟူသော။ခန္တိ၊ ခန္တီအကျင့်သည်။ ပရမံ၊မြတ်လှစွာသော။တပေါ၊သူတော်ကောင်းတို့၏အကျင့်တည်း။

ယောသပ္ပုရိသော၊အကြင်သူတော်ကောင်းသည်။ ပရေသံ၊ သူတပါးတို့၏။ အက္ကောသဉ္စ၊ ဆဲရေးခြင်း, ရေရွတ်ခြင်း, မထေမဲ့မြင်ဆိုခြင်း,ကဲ့ရဲ့ ချုတ်ချယ်ခြင်းကိုလည်းကောင်း။ဝဓဗန္ဓဉ္စ၊ သတ်ပုတ်ညှဉ်းဆဲခြင်း,နှောင်ဖွဲ့ခြင်းကိုလည်းကောင်း။ အဒုဋ္ဌော၊ အမျက်မထွက်သည်ဖြစ်၍။တိတိက္ခတိ၊ သည်းခံ၏။ ခန္တိဗလံ၊ခန္တီအားသည်။ ဗလာနီကံ၊ခုနစ်ပါးသောအားတို့၏အထွဋ် ရှစ်ခု မြောက်သောသူတော်ကောင်းတို့၏အားသည်။ ဟောတိ၊၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုခန္တီအားနှင့်ပြည့်စုံသော သူတော်ကောင်းကို။ ဗြာဟ္မဏံ၊ အပပြုပြီးသော မကောင်းမှုရှိသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောဘော်မူ၏။

## သည်းမခံခြင်း၌အပြစ် ၅-ပါး

သည်းမခံခြင်း၌အပြစ်ငါးပါးရောက်၏၊ အပြစ်ငါးပါး ဟူသော်ကား—

၁။ သည်းခံခြင်းသူတော်ကောင်းတို့၏လက္ခဏာမရှိဟု တပါးသောပညာရှိတို့၏ ကဲ့ရဲ့ခြင်း, အပြစ်တင်ခြင်းကိုခံရသည်လည်းတပါး,
၂။ လူမုန်းသည်လည်းတပါး,
၃။ နတ်တို့မုန်းသည်လည်းတပါး,
၄။ တွေဝေလျက် သေရသည်လည်းတပါး,
၅။ သေလျှင် အပါယ်လားရသည်လည်းတပါး,

ဤငါးပါးတည်း။

## သည်းခံခြင်း၌ အကျိုး ၅-ပါး၊

သည်းခံခြင်း၌အကျိုးငါးပါးရှိ၏၊ အကျိုးငါးပါးဟူသော်ကား-

၁။ သည်းခံခြင်း သူတော်ကောင်းတို့၏ လက္ခဏာနှင့်ပြည့်စုံပေ၏ဟု တပါးသောပညာရှိတို့၏ ချီးမွမ်းခြင်းအကျိုးကို ရသည်လည်းတပါး,

၂။ လူခပ်သိမ်းချစ်သည်လည်းတပါး,

၃။ နတ်တို့ချစ်သည်လည်းတပါး,

၄။ မတွေမဝေသေရသည်လည်းတပါး,

၅။ သေလျှင် သုဂတိဘဝသို့ လားရသည်လည်းတပါး,

ဤငါးပါးတည်း၊ ဤသို့သူတော်ကောင်းတို့၏လက္ခဏာနှင့်ပြည့်စုံလေသောကြောင့် ခန္တီစသည် မင်္ဂလာမည်ပါလေသတည်း။

**သောဝစဿတာ**-ဟူသောပုဒ်၌ သုခံ ဝစော အသ္မိန္တိ သုဝစော၊ သုဝစဿ ကမ္မံ သောဝစဿံ၊ သောဝစဿဿ ဘာဝေါ သောဝစဿတာ-ဟု အဋ္ဌကထာ၌ မိန့်အပ်၏။

အသ္မိ၊ ထိုပုဂ္ဂိုလ်၌။ သုခံ၊ဆုံးမလွယ်သော ဝစော၊ စကားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ သုဝစော၊ သုဝစမည်၏။ (သတ္တမီဗဟုဗ္ဗီဟိသမာသ်၊)သုဝစဿ၊ ဆုံးမလွယ်သောစကားရှိသောပုဂ္ဂိုလ်၏။ကမ္မံ၊အမှုတည်း။သောဝစဿံ၊ဆုံးမလွယ်သောစကားရှိသောပုဂ္ဂိုလ်၏အမှု၊ (ကမ္မတဒ္ဓိတ်၊) ယဒနုပပန္နာ-သုတ်ကြီးဖြင့် ကမ္မအနက်၌ ဿံပစ္စည်းသက်လေ၏။ သောဝစဿဿ၊ ဆုံးမလွယ်သော စကားအမှုရှိသော ပုဂ္ဂိုလ်၏။ ဘာဝေါ၊အဖြစ်တည်း။ သောဝစဿတာ၊ ဆုံးမလွယ်သောစကားအမှုရှိသောပုဂ္ဂိုလ်၏အဖြစ် (ဘာဝတဒ္ဓိတ်။)ဏျတ္တတာ ဘာဝေတု သုတ်ဖြင့် ဘာဝအနက်၌ တာပစ္စည်းသက်လေ၏ဒြဲဗ်ကိုဘောဓိးလှင်ဂုဏ်ရှိ၏-ဟူရကား ဟူဒြဲဗ်ကိုဘောဓိးသောကြောင့် ဆုံးမလွယ်ခြင်းဂုဏ်ရှိ၏၊အရှင်ရာဟုလာသည် ဆိုဆုံးမလွယ်သည်၊ အဖြင်းအနံမြ၊ တခုသောအရာ၌နှစ်ကြိမ်ထပ်၍ ဩဝါဒမပေးရ၊ တခွန်းတည်းသော

စကားဖြင့်ပြီး၏၊ ထိုသို့ဆုံးမလွယ်ခြင်းဂုဏ်သည် သူတော်ကောင်းတို့၏ သဘောလက္ခဏာဖြစ် လေသောကြောင့် သောဝစဿတာသည် မင်္ဂလာမည်ပါလေသတည်း။

**သမဏာနဉ္စ ဒဿနံ**-ဟူသော ပုဒ်၌ တဒင်္ဂပဟာန ဝိက္ခမ္ဘန-ပဟာန သမုစ္ဆေဒပဟာနဝသေန ကိလေသေ သမေန္တီတိ သမဏာ ဟု ပရိတ်ကြီးဋီကာ၌ မိန့်အပ်၏။

ယေဘိက္ခု၊ အကြင် သီလဝန္တ ရဟန်းတို့သည်။ တဒင်္ဂပဟာန ဝိက္ခမ္ဘနပဟာန သမုစ္ဆေဒပဟာနဝသေန၊ တဒင်္ဂပဟာန်,ဝိက္ခမ္ဘန ပဟာန်,သမုစ္ဆေဒပဟာန်အစွမ်းအားဖြင့်။ ကိလေသေ၊ တထောင့်ငါးရာ ကိလေသာတို့ကို။သမေန္တိ၊ငြိမ်းစေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ တထောင့်ငါးရာ ကိလေသာတို့ကို ငြိမ်းစေတတ်သောသတ္တိကြောင့်။ တေဘိက္ခု၊ထိုသီလဝန္တရဟန်းတို့သည်၊သာမဏာ၊သမဏာ မည်ကုန်၏။

သီလဝန္တကလျာဏပုထုဇဉ်နှင့် တက္က သေက္ခ ခုနစ်ယောက်, ရဟန္တာပုဂ္ဂိုလ်တို့ကိုရကုန်၏၊ ထို့ကြောင့် သီလဝန္တ ကလျာဏ ပုထုဇ္ဇနေနသဒ္ဓိံ သတ္တသေက္ခာ-ဟူ၍ အဋ္ဌကထာတို့၌မိန့်အပ်ကုန်၏။

## ရဟန်းသံဃာဖူးမြင်ရကျိုး

သာသနာတော်ပသော ကာလတို့၌လည်းကောင်း,ဘုရားမဖြစ်သော သုညကမ္ဘာတို့၌လည်းကောင်း သီလဝန္တဖြစ်သော ရဟန်းသံဃာသူတော်ကောင်းတို့ကို စက္ခုဒွါရဖြင့် ဖူးမြင်ရသည်ကို မဆိုလင့်ဦး၊သမဏော သမဏော,သံဃော သံဃော-ဟူသောအသံကိုမျှလည်း ကြားရခဲကုန်၏၊ သီလဝန္တဖြစ်သော ရဟန်းသံဃာတို့ကို ကြည်ညိုသောစိတ်ဖြင့် ပေတ္တာနှင့်ယှဉ်သော စက္ခုဝိညာဏ်တို့ဖြင့် စိမ်းစိမ်း ကြည့်ကာမျှဖြင့် ထိုကောင်းမှုကံကြောင့် များစွာသော ဘဝအထောင်တို့ပတ်လုံး မျက်စိအနာကင်း၏၊ ကမ္ဘာတသိန်းတို့ပတ်လုံး လူမင်း, နတ်မင်းတို့၏ စည်းစိမ်ချမ်းသာတို့ကို ရလေ၏၊ ထို့ကြောင့်အဋ္ဌကထာ၌—

သီလ၀န္တေ ဘိက္ခူ ပသန္နစိတ္တေန ပိယစက္ခုဟိ သံပဿိတဗ္ဗာ။ တံမူလကေနပိ ဟိ ပုညေန အနေကာနိ ဇာတိသဟဿာနိ စက္ခုမ္ဟိ ရောဂေါ နဟောတိ။ သတသဟဿကပ္ပမတ္တံ ဒေဝေသုစ မနုဿေသုစ သမ္ပတ္တိနံ လာဘီ ဟောတိ။

ဟူ၍ မိန့်အပ်၏။

သီလ၀န္တေ ဘိက္ခူ၊ သီလနှင့်ပြည့်စုံသော ရဟန်းသံဃာတို့ကို။ ပသန္နစိတ္တေန၊ ကြည်ညိုလှစွာသောစိတ်ဖြင့်။ ပိယစက္ခုဟိ၊ မေတ္တာနှင့် ယှဉ်သောမျက်စိတို့ဖြင့်။ ဪတ္ထိပုရိသေဟိ၊ မိန်းမ, ယောကျ်ားတို့တို့သည်။ သံပဿိတဗ္ဗာ၊ စိမ်းစိမ်းကြည့်အပ်ကုန်၏။ ဟိ၊ သင့်စွ။ တံမူလကေန၊ ထိုစိမ်းစိမ်းကြည့်ခြင်း ကုသိုလ်အရင်းရှိသော။ ပုညေနပိ၊ ကောင်းမှုကြောင့်လျှင်။ အနေကာနိ ဇာတိသဟဿာနိ၊ များစွာသော ဘ၀အထောင်တို့ပတ်လုံး။ စက္ခုမှိ၊ မျက်စိ၌။ ရောဂေါ၊ အနာသည်၊ နဟောတိ၊ မဖြစ်။ သတသဟဿကပ္ပမတ္တံ၊ ကမ္ဘာတသိန်းအတိုင်းအရှည်။ ဒေဝေသုစ၊ နတ်ပြည်တို့၌လည်းကောင်း၊ မနုဿေသုစ၊ လူ့ပြည်တို့၌လည်းကောင်း။ သမ္ပတ္တိနံ၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာတို့ကို။ လာဘီ၊ ရသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့သောအကျိုးအာနိသင်ရှိသောကြောင့် သမဏာနဉ္စဒဿနံသည် မင်္ဂလာမည်ပါလေသတည်း။

**ကာလေန ဓမ္မသာကစ္ဆာ** ပုဒ်၌ သဟ တထနံ သာကစ္ဆာဟု ဘာ၀သာဓန ပြုအပ်၏။

သဟ၊ ပညာရှိတို့နှင့်တကွ။ ကထနံ၊ ဆွေးနွေးလီဆယ် တိုင်ပင်ခြင်း, ပုစ္ဆာပြု၍ မေးမြန်းခြင်း။ သာကစ္ဆာ၊ ပညာရှိတို့နှင့် တကွ ဆွေးနွေးလီဆယ်တိုင်ပင်ခြင်း, ပုစ္ဆာပြု၍ မေးမြန်းခြင်း။

သဟသဒ္ဒါ ရှေးရှိသော ကထ-ဓာတ်၊ ၀ဇ္ဇာဒိဟိသုတ်ကြီးဖြင့် ဆ-ပစ္စည်းသက်၊ သဟသဒ္ဒါကိုလည်း သာ-ပြု၊ ဗုဒ္ဓနန္ဒသသုတ်ဖြင့် ဆပစ္စည်းနှောင်းသောကြောင့်ဓာတွန်တကို စပြု၊စ-ဆသို့ကပ်၊

ဇုတ္တိလိင်ဇောတက အာပစ္စည်းသက်၊ သိသက်၊ သိဝိဘတ်ကိုချေ၊ သာကစ္ဆာ၊ ပြီး၏၊သာဂစ္ဆာ-ဟု တတိယကွဲရာ-ဂနှင့် ရှိကြသည်ကား ပုဒ်ပျက်တည်း၊ ဓမ္မဿ သာကစ္ဆာ ဓမ္မသာကစ္ဆာ-ဟု ကမ္မတ္ထဆဋ္ဌီ တပ္ပုရိသ် ပြုအပ်၏။

ဓမ္မဿ၊ ပိဋကသုံးပုံတရားတော်ကို။ သာကစ္ဆာ၊ပညာရှိတို့နှင့်တကွ ဆွေးနွေးလီဆယ်တိုင်ပင်ခြင်း, ပုစ္ဆာပြု၍ မေးမြန်းခြင်း။ ဓမ္မသာကစ္ဆာ၊ ပိဋကတ်သုံးပုံ တရားတော်ကို ပညာရှိတို့နှင့်တကွ ဆွေးနွေးလီဆယ်တိုင်ပင်ခြင်း, ပုစ္ဆာပြု၍ မေးမြန်းခြင်း။

ယုတ္တတ္ထုပစ္စယန္တသ္မိံ၊
ဆဋ္ဌီဝိဘတ္တိ ကမ္မနိ။
ဘာဝသာဓနေသံယုတ္တေ၊
ကမ္မေဝ ဆဋ္ဌီ ဘာဝေ။

ဟူ၍ သဒ္ဒါငယ်ကျမ်းတို့၌ဆိုသည့်အတိုင်း ဓမ္မဿကားကမ္မတ္ထဆဋ္ဌီ။

တရားဆွေးနွေးမှုပညာကြီးခြင်းအကြောင်း

ဤသို့လျှင် ဓမ္မသာကစ္ဆာသည် ပညာပါရမီ ကြီးရင့် ခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်ပါလေသတည်း။

*အတင်အချေ၊ အဖြေအမေး၊ အနှေးအလျင်၊ အရှင်အထက်၊အနက်အနဲ၊အခွဲအခြမ်း၊အစမ်းအစုံ၊အာဂုမ်ဥပမာ၊ အရာရာဖြင့်၊ ပညာရှိညွန်၊ သူဆိုဟန်ကို၊ အကျွန်မှတ်သား၊ စေ့စေ့ကြားမှု၊ လေးပါးကဝိ၊ ပဏ္ဍိတစစ်၊ အနှစ်ပြည့်စွာ၊ ဆရာကောင်းထံ၊ ကျိုးနွံဆည်းကပ်၊ အပ်မအပ်ကို၊ ကြပ်ကြပ်သိမှု၊ ပုစ္ဆာပြု၍၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဖြင့်၊ သုံးဖြာဉာဏ်ထူး၊တတ်ဦးရှေးခါ၊ ဝါသနာကြောင့်၊ဖြစ်ပါတော်ငြား၊ ဂုဏ်မြောက်မြားမှု၊ တရားလမ်းကြီး၊ ခရီးသိတတ်၊ရှေးညွှန်းမှတ်သည်။ ။မပြတ်ပေါင်းယှဉ်တွဲသတည်း။

ဟူ၍ ဓမ္မသာကစ္ဆာအရာ၌ ပညာကြီးသော ဆရာကျော်တို့ဆိုကုန်၏။

၂၂။ တပေါ စ ဗြဟ္မ-စရိယဉ္စ၊
အရိယ-သစ္စာန ဒဿနံ။
နိဗ္ဗာန-သစ္ဆိ-ကိရိယာ စ။
ဧတံ မင်္ဂလမုတ္တမံ။

၂၂။ ဒေဝပုတ္တ၊ နတ်သား။ ယော တပေါ စ၊ အကြင် အဘိဇ္ဈာ, ဗျာပါဒ, ဒေါမနဿ အစရှိသော အကုသိုလ်တရားတို့ကိုပယ်သဖြင့် ခြိုးခြံသောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ ယံ ဗြဟ္မစရိယဉ္စ၊ အကြင်မေထုန်မှကြဉ်သဖြင့် မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ တနည်းကား-ယံ ဗြဟ္မစရိယဉ္စ၊ အကြင်ဗြဟ္မဝိဟာရတရား ၄ လးပါးကို ပွားစေသဖြင့် မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာလေးပါး တရားတို့ကို။ ယံ ဒဿနဉ္စ၊ အကြင်မဂ်ဉာဏ်လေးပါးဖြင့် မြင်ရခြင်းသည်လည်းကောင်း။ နိဗ္ဗာနံ၊ တဏှာမှထွက်မြောက်ရာဖြစ်သော အရဟတ္တဖိုလ်တည်းဟူသောနိဗ္ဗာန်ကို။ ယာ သစ္ဆိကိရိယာ စ၊ အကြင် မျက်မှောက်ပြုရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတရားလေးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ ယူလေလော့။ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၂၂။ ထိုလေးပါးသောမင်္ဂလာတို့တွင် **တပေါစ**-ဟူသောပုဒ်၌ တပေါနာမ အဘိဇ္ဈာဗျာပါဒဒေါမနဿာဒီနံ တပနတော ဣန္ဒြိယသံဝရော၊ ကောသဇ္ဇဿ ဝါ တပနတော

ဝိရိယံ၊တေန ဟိ သမန္နာဂတော ပုဂ္ဂလော အာတာပီတိ
ဝုစ္စတိ၊ သွာယံ အဘိဇ္ဈာဒိပ္ပဟာနာ ဈာနာဒိပ္ပဋိလာဘာ
ဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗော။

ဟု အဋ္ဌကထာ၌မိန့်အပ်၏။

အဘိဇ္ဈာဗျာပါဒဒေါမနဿာဒီနံ၊ အဘိဇ္ဈာ,ဗျာပါဒ,ဒေါမန ဿအစရှိသော အကုသိုလ်တရားတို့ကို။ တပနတော၊ညှဉ်းဆဲတတ် သောကြောင့်။ ဇုန္ဒြိယသံဝရောဝါ၊ ဇုန္ဒြိယသံဝရသီလသည်လည်း။ တပေါနာမ၊တပမည်၏။ကောသဇ္ဇံ၊ပျင်းရိခြင်းကို။တပနတော၊ နှိပ်စက်တတ်သောကြောင့်။ ဝိရိယံဝါ၊ ဝိရိယသည်လည်း။ တပေါ နာမ၊တပမည်၏။ဟိ၊သင့်စွ။တေန၊ထိုဇုန္ဒြိယသံဝရသီလ,ဝိရိယနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်ကို။ အာတာပီတိ၊ ကိလေသာကိုညှဉ်းဆဲတတ်သော လုံ့လရှိသောပုဂ္ဂိုလ်ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ သာယံ-သောအယံတပေါ၊ထိုတပအကျင့်ကို။ အဘိဇ္ဈာ ဒိပ္ပဟာနာ၊ အဘိဇ္ဈာအစရှိသည်ကိုပယ်သဖြင့်။ ဈာနာဒိပ္ပဋိလာဘ ဟေတုတော၊ ဈာန်အစရှိသော ဂုဏ်အထူးကိုရခြင်း၏ အကြောင်း ဖြစ်သောကြောင့်။ မင်္ဂလန္တိ၊မင်္ဂလာဟူ၍။ ဝေဒိတဗ္ဗော၊သိအပ်၏။

ဗြဟ္မစရိယာ စ-ဟူသောပုဒ်၌ ဗြဟ္မစရိယံနာမ မေထုန ဝိရတိ၊ သမဏဓမ္မသာသနမဂ္ဂါန မဓိဝစန မေတံ၊ ဣဓပန အရိယသစ္စာနဒဿနနန္တ သေခတော မဂ္ဂဿ သင်္ဂဟိ တတ္တာ အဝသေသံ သဗ္ဗံပိ ဝဋ္ဋတိ၊ တဉ္စေတံ ဥပရူပရိနာ နပ္ပကာရ ဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

ဟူ၍ အဋ္ဌကထာ၌မိန့်အပ်၏။

မေထုနဝိရတိ၊မေထုန်အကျင့်မှကြဉ်ခြင်းသည်။ ဗြဟ္မစရိယံနာမ၊ ဗြဟ္မစရိယမည်၏။ ဧတံ၊ထိုဗြဟ္မစရိယဟူသောအမည်သည်။သမဏ ဓမ္မသာသနမဂ္ဂါနံ၊ရဟန်းတို့၏တရား,အဆုံးအမတော်,မဂ်လေးပါး တို့၏။အဓိဝစနံ၊အမည်တည်း။ ဣဓပန၊ဤဗြဟ္မစရိယမင်္ဂလာ၌ကား။ အရိယသစ္စာနဒဿနေန၊ အရိယသစ္စာနဒဿနပုဒ်ဖြင့်။ သေခ

တော၊ သေခလေးယောက်အားဖြင့်။ မဂ္ဂဿ၊ မဂ်လေးပါးကို။ သင်္ဂဟိတတ္တာ၊ သင်္ဂြိုဟ်အပ်သောကြောင့်။ အဝသေသံ၊ အရိယမဂ်လေးပါးမှ ကြွင်းသော။ သဗ္ဗံပိ၊ အလုံးစုံသောသမထာဓမ္မဗြဟ္မစရိယ, သာသန ဗြဟ္မစရိယလည်းလည်း။ ဝဋ္ဋတိ၊ သင့်၏။ တာဒိသံ-တဒ္ဒိသံတော၊ ထိုသမထာ ဓမ္မဗြဟ္မစရိယ, သာသနဗြဟ္မစရိယကိုလည်း။ ဥပရူပရိနာနပ္ပကာရ ဝိသေသာဓိဂမဟေတုတော၊ အထက်အထက်၌အထူးထူးသော အခြင်းအရာဖြင့်ထူးမြတ်သောတရားကို ရခြင်း၏အကြောင်းဖြစ်သော ကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

[ယဿ္မာတဿ္မာ၊ ယသ္မိံတသ္မိံ ပုဒ်တို့ကိုရွတ်သကဲ့သို့ ဗြဟ္မစရိယာ ဟူ၍ ဟ-အက္ခရာထင်အောင်ရွတ်အပ်ကုန်၏။]

ဗြဟ္မစရိယသဒ္ဒါသည်ဒါနအနက်, ဝေယျာဝစ္စအနက်, ပဉ္စသိက္ခာ ပဒသီလအနက်, မေထုနဝိရတိအနက်, သဒါရသန္တောသအနက်, ဝီရိယအနက်, ဥပေါသထင်္ဂအနက်, အရိယမဂ္ဂအနက်, ဓမ္မဒေသနာ အနက်, အဇ္ဈာသယအနက်, သာသနာတော်အနက်, သမထာဓမ္မ ဟူသော အနက်အစရှိသော များစွာသော အနက်တို့၌ ဤအရာ၌ မေထုနဝိရတိအနက်, သာသနာတော်အနက်, သမထာဓမ္မအနက် တို့၌ဖြစ်၏၊ **အရိယသစ္စာနဒဿနံ**-ဟူသောပုဒ်ဝယ်သစ္စာနဉ်ဆန်း သို့လိုက်၍ နိဂ္ဂဟိတလောပတည်း။

အရိယသစ္စာနဒဿနံနာမ ကုမာရကပဉှေ ဝုတ္တာနံ စတုန္နံ အရိယသစ္စာနံ အဘိသမယဝသေန မဂ္ဂဒဿနံ၊ တံ သံသာရဒုက္ခဝိတိက္ကမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။
ဟူ၍ အဋ္ဌကထာ၌မိန့်အပ်၏။

အရိယသစ္စာနဒဿနံနာမ၊ အရိယသစ္စာနဒဿနံမည်သည်ကား။ ကုမာရကပဉှေ၊ ရာဟုလာသာမဏေငယ်ကို မေးတော်မူသော ပြဿနာ၌။ ဝုတ္တာနံ၊ ဟောတော်မူအပ်ကုန်သော။ စတုန္နံ၊ လေးပါး ကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အဘိသမယဝသေ န၊ သိခြင်း၏အစွမ်းအားဖြင့်။ မဂ္ဂဒဿနံ၊ မဂ်လေးပါးဉာဏ်ဖြင့် မြင်

ခြင်းတည်း။ တံ၊ ထိုအရိယသစ္စာလေးပါးတို့ကိုမဂ်ဉာဏ်ဖြင့်မြင်ခြင်းကို။သံသာရဒုက္ခဝိတိက္ကမဟေတုတော။သံသရာဒုက္ခကိုလွန်မြောက်ခြင်း၏အကြောင်းဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။

**အရိယသစ္စာ ၄-ပါး**

အရိယသစ္စာလေးပါးဟူသည်ကား–

၁။ ဒုက္ခအရိယသစ္စာ,

၂။ ဒုက္ခသမုဒယအရိယသစ္စာ,

၃။ ဒုက္ခနိရောဓအရိယသစ္စာ,

၄။ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ,

ဟူ၍လေးပါးတည်း၊ ထိုလေးပါးတို့တွင် လောဘ တဏှာကြောင့်သော တေဘူမကတရားအပေါင်းသည် ဒုက္ခအရိယသစ္စာမည်၏၊ တဏှာဟု ဆိုအပ်သော လောဘ စေတသိက်သည် ဒုက္ခသမုဒယအရိယသစ္စာမည်၏၊ နိဗ္ဗာန်သည်ဒုက္ခနိရောဓ အရိယသစ္စာမည်၏၊ မဂ်စိတ်လေးခုဥ္စယှဉ်သော သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးသည် ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာမည်၏၊ ဤလေးပါးသော အရိယသစ္စာတို့ကို သောတာပတ္တိမဂ်ဉာဏ်,သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်,အရဟတ္တမဂ်ဉာဏ်၊ ဤလေးပါးသောမဂ်ဉာဏ်ဖြင့်မြင်ခြင်း,သိခြင်း,မျက်မှောက်ပြုခြင်း,ရခြင်းသည် အရိယသစ္စာနဒဿနမည်၏၊ ဤသို့အရိယသစ္စာလေးပါးတို့ကို မဂ်လေးပါးဉာဏ်ဖြင့်မြင်နိုင်ရခြင်းသည်နိဗ္ဗာန်သို့ ရောက်ခြင်း၏အကြောင်း,သံသရာဝဋ်ဒုက္ခငြိမ်းခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်ပါလေသတည်း။

**နိဗ္ဗာနသစ္ဆိကိရိယာစ**-ဟူသော ပုဒ်၌ နိဗ္ဗာန သစ္ဆိကိရိယာနာမ ဣဓ အရဟတ္တဖလံ အဓိပ္ပေတံ၊ တံပိ ဟိ ပဉ္စဂတိဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ဝုစ္စတိ၊ တဿ ပတ္တိဝါ ပစ္စဝေက္ခဏာဝါ သစ္ဆိကိရိယာ

ဟောတိ၊ ဉတရဿ ပန နိဗ္ဗာနဿ အရိယသစ္စနေဝ
သစ္ဆိကိရိယာ သိဒ္ဓါ၊ တေနေတံ ဉာဓ နာဓိပ္ပေတံ။
ဟူ၍ အဋ္ဌကထာ၌မိန့်အပ်၏။

နိဗ္ဗာနသစ္ဆိကိရိယာနာမ၊နိဗ္ဗာနသစ္ဆိကိရိယာမည်သည်ကား။ ဣဓ၊ဤပုဒ်၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ အဓိပ္ပေတံ၊အလိုရှိအပ်၏။ဟိ၊ သင့်စွ။ တံပိ၊ ထိုအရဟတ္တဖိုလ်ကိုလည်း။ပဉ္စဂတိဝါနသင်္ခါတာယ တဏှာယ၊ငါးပါးသော ဂတိဝါနဟုဆိုအပ်သော တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သောကြောင့်။ နိဗ္ဗာနန္တိ၊နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဿ၊ ထိုအရဟတ္တဖိုလ်သို့။ (အရဟတ္တဖိုလ်ကိုလည်းဟူ) ပတ္တိဝါ၊ ရောက်ခြင်းသည်လည်းကောင်း။ ပစ္စဝေက္ခဏာဝါ၊ဆင်ခြင်ခြင်းသည်လည်းကောင်း။ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုသောမည်သည်။ ဟောတိ၊ ဖြစ်၏။ ဉတရဿပန နိဗ္ဗာနဿ၊ အရဟတ္တဖိုလ်မှတပါးသော အသင်္ခတ နိဗ္ဗာန်ကိုကား။ အရိယသစ္စနေဝ၊ အရိယသစ္စာ လေးပါးဖြင့်သာလျှင်၊ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုခြင်းသည်။ သိဒ္ဓါ၊ ပြီး၏။ တေန၊ ထို့ကြောင့်၊ ဧတံ၊ ထိုအသင်္ခတနိဗ္ဗာန်ကို။ ဣဓ၊ ဤပုဒ်၌။ နအဓိပ္ပေတံ၊ အလိုမရှိအပ်။

## အရိယသစ္စာနဒဿနဉ်သွင်းပုံ

အထူးအားဖြင့်သော်ကား အနုပါဒိသေသ နိဗ္ဗာန်ကို အရိယ-သစ္စာန ဒဿနံပုဒ်ဖြင့်သင်္ဂြိုဟ်အပ်၏။ လောဘက္ခယနိဗ္ဗာန်, ဒေါသက္ခယနိဗ္ဗာန်, မောဟက္ခယ နိဗ္ဗာန်ကို နိဗ္ဗာနသစ္ဆိကိရိယာစ-ပုဒ်ဖြင့် သင်္ဂြိုဟ်အပ်၏၊ တနည်းကား-ခန္ဓနိဗ္ဗာန်ကို အရိယသစ္စာနဒဿနံ-ပုဒ်ဖြင့် သင်္ဂြိုဟ်အပ်၏၊ ကိလေသနိဗ္ဗာန်ကို နိဗ္ဗာနသစ္ဆိကိရိယာစ-ပုဒ်ဖြင့် သင်္ဂြိုဟ်အပ်၏၊ ဤသည်ကား အထူးမှတ်ဘွယ်တည်း။

၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အ-သောကံ ဝိ-ရဇံ ခေမံ၊
ဧတံ မင်္ဂလမုတ္တမံ။

၂၃။ ဒေဝပုတ္တ၊ နတ်သား။ လောကဓမ္မေဟိ၊ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံဟူသော လောကဓံတရားရှစ်ပါးတို့ဖြင့်။ ဖုဋ္ဌဿ၊ တွေ့သော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ ကြံယာစိတ်သည်။ နကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ တပ်မက်ခြင်းလည်း ကင်း၏။ ခေမံ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းလည်းမရှိ။ ဧတံ၊ ထိုတရားလေးပါးကိုလျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍၊ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊ယူလေလော့။ ဓာရေဟိ၊ လော့။ ဇာနာဟိ၊ လော့။

[ဤမင်္ဂလာ လေးပါးတို့ကိုကား ကိလေသာကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၌သာ မုချအားဖြင့် ရအပ်ကုန်၏၊ ပညာကြီးတော်မူကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်တို့၌ကား ဥပစာ အားဖြင့်သာ ရအပ်ကုန်၏ ဟု မှတ်အပ်ကုန်၏၊ ယူအပ်ကုန်၏-ဟူလိုသော်။]

---

၂၄။ ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မ-ပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလမုတ္တမံ။

၂၄။ ဒေဝပုတ္တ၊ နတ်သား။ တောဒိသာနိ- တောနိ ဧဒိသာနိ အဋ္ဌတိံသမင်္ဂလာနိ၊ ထိုသုံးဆယ့်ရှစ်ပါး အပြားရှိသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော ပစ္စုပ္ပန်ဘဝ, တမလွန်ဘဝတို့၌။ တနည်းကား-သဗ္ဗတ္ထ၊ အလုံးစုံသော ဣရိယာပုထ်လေးပါတို့၌။ ပစ္စတ္ထိကေဟိ၊ ဆန့်ကျင်ဘက် ရန်သူတို့သည်။ အပရာဇိတာ၊ မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးသော ပစ္စုပ္ပန်ဘဝ, တမလွန်ဘဝတို့၌။ တနည်းကား- သဗ္ဗတ္ထ၊ အလုံးစုံသောဣရိယာပုထ်လေးပါးတို့၌။ သောတ္ထိံ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တနည်းကား- သောတ္ထိံ၊ဘေးငြိမ်းခြင်း,ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့သည်။ ဂစ္ဆန္တိ-ပဝတ္တန္တိ၊ဖြစ်ကုန်၏။ တံ၊ ထိုသို့ဘေးငြိမ်းခြင်း, ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကိုရခြင်းကို။ တေသံ၊ ထိုလူနတ်တို့အား။ဥတ္တမံ၊မြတ်သော။ မင်္ဂလံ၊မင်္ဂလာဟူ၍။ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊ယူလေလော့။ ဓာရေဟိ၊ မှတ်လေဆောင်လေလော့။ ဇာနာဟိ၊ သိလေလော့။

မင်္ဂလသုတ္တံ၊မင်္ဂလသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၂၄။ သောတ္ထိံဟုနိဂ္ဂဟိတ်နှင့်ရှိမှုကား တတိယ မကာရ ဝိပုလာဂါထာတည်း၊ သောတ္ထိဟု ဣကာရန္တနှင့်သာရှိမှုကား ပထျာဝတ္တဂါထာတည်း၊ ပဉ္စမာယောဝိဘတ်တည်း၊ ရုပ်ပြီးကား-သုခါ နိဗ္ဗာယာအတ္ထာသောတ္ထိ-ဟုကမ္မဓာရည်းသမာသ်ပြုအပ်၏။ သုခါ၊

ချမ်းသာခြင်းဟုဆိုအပ်ကုန်သော။နိဗ္ဗာယာ၊ဘေးငြိမ်းခြင်းဟုဆိုအပ်ကုန်သော။ အတ္ထာ၊အကျိုးတို့တည်း။ သောတ္ထိ၊ချမ်းသာခြင်းဟုဆို အပ်ကုန်သော ဘေးငြိမ်းခြင်းဟုဆိုအပ်ကုန်သောအကျိုးတို့။

သု-အတ္ထာဟုသာ ကျေပြု၊သုအတ္ထဟုရှိစေ၊ပဌမာယောသက်၊သုကို ခွင်း၊တေသုဝုဒ္ဓိသုတ်ဖြင့် အစ၌ဥကိုဩဝုဒ္ဓိပြု၊ အလယ်၌ အကိုလည်း ချေ၊ ယောဝိဘာက်ကိုလည်းဤပြု၊ ကွစာဒိသုတ်ဖြင့် အဆုံး၌ဤကို ဣ ရဿပြု၊သ-ဩသို့ကပ်၊တ္ထ-ဣသို့ကပ်၊သောတ္ထိပြီး၏။ တနည်းကား– သောတ္ထိသဒ္ဒါသည် ချမ်းသာခြင်း, ဘေးငြိမ်းခြင်းအနက်ကိုဟော သောနိပါတ်ပုဒ်တည်း။

**မင်္ဂလ်ရသူ။** ။မင်္ဂလသုတ်ကိုဟောတော်မူသောအဆုံး၌အ ဘယ်မျှသော နတ်ဗြဟ္မာတို့သည် မင်္ဂလ်ရကြလေကုန်သနည်းဟူ မူကား–

> ဝေဠု ဘဂဝတာ နိဋ္ဌာပိတာယ ဒေသနာယ ပရိယော
> သာနေ ကောဋိသတသဟဿ ဒေဝတာယော အရဟတ္တံ
> ပါပုဏိံသု။သောတာပတ္တိ သကဒါဂါမိ အနာဂါမိဖလ
> သမ္ပတ္တာနံ ဂဏနာ အသင်္ချေယျာ အဟောသိ။

ဟုအဋ္ဌကထာ၌ မိန့်အပ်၏၊ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့ သည် ရဟန္တာဖြစ်ကုန်၏၊အသင်္ချေသောနတ်ဗြဟ္မာတို့သည် သော တာပန်, သကဒါဂါမ်,အနာဂါမ်ဖြစ်ကုန်ကြသည်ဟူလိုသော်။

## မင်္ဂလာ ၃၈-ပါးရေတွက်ပုံ

သုံးဆယ့်ရှစ်ပါး၏သရုပ်သော်ကား–

၁။ အသေနာစဗာလာနံ,
၂။ ပဏ္ဍိတာနဉ္စ သေဝနာ,
၃။ ပူဇာစပူဇနေယျာနံ,
၄။ ပတိရူပဒေသဝါသောစ,
၅။ ပုဗ္ဗေစကတပုညတာ,
၆။ အတ္တသမ္မာပဏိဓိစ,

၇။ ဗာဟုသစ္စဉ္စ,
၈။ သိပ္ပဉ္စ,
၉။ ဝိနယောစ သုသိက္ခိတော,
၁၀။ သုဘာသိတာစ ယာဝါစာ,

၁၁။ မာတာပိတုဥပဋ္ဌာနံ,
၁၂။ ပုတ္တသင်္ဂဟော,
၁၃။ ဒါရသင်္ဂဟော,
၁၄။ အနာကုလာစကမ္မန္တာ,

၁၅။ ဒါနဉ္စ,
၁၆။ ဓမ္မစရိယာ,
၁၇။ ဉာတကာနဉ္စသင်္ဂဟော,
၁၈။ အနဝဇ္ဇာနိကမ္မာနိ,

၁၉။ အာရတီဝိရတီပါပါ,
၂၀။ မဇ္ဇပါနာစသံယမော,
၂၁။ အပ္ပမာဒေါစဓမ္မေသု,

၂၂။ ဂါရဝေါစ,
၂၃။ နိဝါတောစ,
၂၄။ သန္တုဋ္ဌီစ,
၂၅။ ကတညုတာ,
၂၆။ ကာလေနဓမ္မဿဝနံ,

၂၇။ ခန္တီစ,
၂၈။ သောဝစဿတာ,
၂၉။ သမဏာနဉ္စဒဿနံ,
၃၀။ ကာလေနဓမ္မသာကစ္ဆာ,
၃၁။ တပေါစ,

၃၂။ ဗြဟ္မစရိယဉ္စ,
၃၃။ အရိယသစ္စာနဒဿနံ,
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာစ,

၃၅။ နကမ္ပတိ,
၃၆။ အသောကံ,
၃၇။ ဝိရဇံ,
၃၈။ ခေမံ,

ဤသို့ရေတွက်အပ်ကုန်၏။

မင်္ဂလသုတ်ပြီး၏။

# ၂-ရတနသုတ်

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ သမ-တိံသပါရမိယော ပဉ္စမဟာ-ပရိစ္စာဂေ,လောကတ္ထ-စရိယံ ဉာတတ္ထ-စရိယံ ဗုဒ္ဓတ္ထ-စရိယန္တိ တိဿော စရိယာယော, ပစ္ဆိမ-ဘဝေ ဂဗ္ဘ-ဝေါက္ကန္တိံ,ဇာတိံ,အဘိ-နိက္ခ-မနံ, ပဓာန-စရိယံ,ဗောဓိ-ပလ္လင်္ကေ မာရ-ဝိဇယံ, သဗ္ဗညုတညာဏပ္ပဋိဝေဓံ,ဓမ္မ-စက္ကပ္ပဝတ္တနံ,နဝ လောကုတ္တရ-ဓမ္မေတိ သဗ္ဗေပိမေ ဗုဒ္ဓ-ဂုဏေ အာဝဇ္ဇေတွာ ဝေသာလိယာ တီသု ပါကာရန္တ-ရေသု တိ-ယာမ-ရတ္တိံ ပရိတ္တံ ကရောန္တော အာ-ယသ္မာ အာနန္ဒတ္ထေရော ဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ။

၂၆။ ကောဋီ-သတ-သဟဿေသု၊
စက္က-ဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿ-ဒုဗ္ဘိက္ခ-၊
သမ္ဘူတံ တိ-ဝိဓံ ဘယံ။

ဒိပ္ပံမန္တရခေပေဿ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၂၅။ ပဏိဓာနတော၊ ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ဘုရားဆုကို တောင်းတော်မူသည်မှ။ ပဋ္ဌာယ၊ စ၍။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဒသပါရမိယော၊ ဒသ ပါရမီတော်တို့လည်းကောင်း။ ဒသဥပပါရမိယော၊ ဒသ ဥပပါရမီတော် တို့ လည်း ကောင်း။ ဒသပရမတ္ထပါရမိယော၊ ဒသပရမတ္ထ ပါရမီတော် တို့လည်းကောင်း။ ဣတိ၊ ဤသို့။ သမတိံသပါရမိယော၊ အမျှသုံးဆယ်သော ပါရမီတော်တို့ ကိုလည်းကောင်း။ ပဉ္စမဟာပရိစ္စာဂေ၊ ငါးပါးသောစွန့်ခြင်းကြီးတို့ကို လည်းကောင်း။ လောကတ္ထစရိယံ၊ သတ္တလောက၏ အကျိုးစီးပွါးအလို့ငှါ ကျင့်တော်မူခြင်းလည်းကောင်း။ ဉာတတ္ထစရိယံ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွါးအလို့ငှါ ကျင့်တော် မူခြင်း လည်းကောင်း။ ဗုဒ္ဓတ္ထစရိယံ၊ သဗ္ဗညုတ ဉာဏ်တော်အကျိုးငှါ ကျင့်တော်မူခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တိဿော စရိယာယော၊ သုံးပါးကုန်သော အကျင့်တော်တို့ကိုလည်းကောင်း။—

ပစ္ဆိမဘဝေ၊ အဆုံးစွန်သောဘဝ၌။ ဂဗ္ဘဝေါက္ကန္တိံ၊ မယ်တော်ဝမ်းသို့ သက် တော် မူခြင်းကို လည်း ကောင်း။ ဇာတိံ၊ ဖွားတော်မူခြင်းကို လည်းကောင်း။ အဘိနိက္ခမနံ၊ မြတ်သော တော ထွက် တော် မူ ခြင်း ကို လည်း ကောင်း။ ပဓာနစရိယံ၊ ခဲယဉ်းလှစွာသော ဒုက္ကရစရိယာ အကျင့်တော်ကိုလည်းကောင်း။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပလ္လင်၌။ မာရဝိဇယံ၊ မာရ်ငါးပါးကို အောင်တော် မူခြင်းကိုလည်း

ကောင်း။ သဗ္ဗညုတညာဏပ္ပဋိဝေဓံ၊ သဗ္ဗညုတ ဉာဏ်ကို ရတော်မူခြင်းကို လည်းကောင်း။ ဓမ္မစက္ကပ္ပဝတ္တနံ၊ ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်းကို လည်းကောင်း။ နဝလောကုတ္တရဓမ္မေ၊ ကိုးပါးသော လောကုတ္တရာတရားတော်တို့ကို လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဣမေ ဗုဒ္ဓဂုဏေ၊ ဤမြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို။အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။—

ဝေသာလိယာ၊ ဝေသာလီပြည်၌။ (ပြည်၏လည်းဟူ) တိသု ပါကာရန္တရေသု၊ တံတိုင်း သုံးထပ်တို့၏ အကြား၌။ တိယာမရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး။ ပရိတ္တံ၊ ရတနသုတ်ပရိတ်တော်ကို။ ကရောန္တော၊ ရွတ်တော်မူသော။ အာယသ္မာ အာနန္ဒတ္ထေရောပိ၊ အရှင်အာနန္ဒာ မထေရ်ကဲ့သို့။ ကာရုညစိတ္တံ၊ ကရုဏာနှင့် ယှဉ်သောစိတ်ကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ –

၂၆။ ကောဋိသတသဟဿေသု၊ ကုဋေ တသိန်း ကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာတို့၌။ ဝသန္တာ၊ နေကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ယဿ၊ အကြင်ရတနသုတ်ပရိတ်တော်၏။ အာဏံ၊ အရှိန်အစော် အာနုဘော်ကို။ ပဋိဂ္ဂဏှန္တိ၊ ခံယူကြကုန်၏။ယဉ္စ-ပနဝေ၊ အကြင် ရတနသုတ်ပရိတ်တော်သည်လျှင်။ ဝေသာလိယာ၊ ဝေသာလီ အမည်ရှိသော။ ပုရေ၊ ပြည်ကြီး၌။--

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ၊ အယည့်နာ ရောဂါ, ဘီလူး, မွတ်သိပ်ခြင်းကြောင့် ဖြစ်သော။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဘယံ၊ ဘေးကို။ခိပ္ပံ၊ လျင်စွာ၊ အန္တရ

ခါပေသိ၊ ကွယ်ပျောက်စေ၏။ တံ ပရိတ္တံ၊ ထိုရတနသုတ် ပရိတ်တော်ကို။ ဟော၊ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

## အဓိပ္ပါယ်ရှင်းလင်းချက်

၂၅။ ဒါနံ သီလဥ္စ နေက္ခမ္မံ၊
ပညာ ဝီရိယပဉ္စမံ။
ခန္တိ သစ္စ မဓိဋ္ဌာနံ၊
မေတ္တုပေက္ခာတိ တေ ဒသ။

[ပါရမီဆယ်ပါးဂါထာ။]

**ပဉ္စမဟာပရိစ္စာဂေ**-ဟူသည်ကား-ဇီဝိတပရိစ္စာဂ,အင်္ဂပရိစ္စာဂ, ဘရိယပရိစ္စာဂ, ပုတ္တပရိစ္စာဂ,ဓနပရိစ္စာဂ၊ ဤငါးပါးသည် မဟာပရိစ္စာဂမည်၏။ **ဗောဓိပလ္လင်္ကေ**—ဟူသောပုဒ်၌ အဘယ်အနက်ကြောင့် ပလ္လင်မည်သနည်းဟူမူကား—

ပလ္လံ သဗ္ဗကိလေသဝိဒ္ဓံသနံ ကရိယတိအသ္မိံတိ ပလ္လင်္ကော၊ အထဝါ ပထဝိံ အလံ ဘူသနံ ကရောတိ၊ ပထဝိယာ အလင်္ကာရော, ပထဗျာဝါ အလင်္ကာရော သောဘဏောတိ ပလ္လင်္ကော။

ဟု ပရိတ်ကြီးဋီကာ၌ ဝစနတ္ထပြုတော်မူ၏။

အသ္မိံ၊ ထိုနေရာ၌။ ပလ္လံ သဗ္ဗကိလေသဝိဒ္ဓံသနံ၊အလုံးစုံသော တထောင့်ငါးရာကိလေသာတို့ကို ဖျက်ဆီးခြင်းကို၊ကရိယတိ၊ပြုအပ်၏။ဣတိတသ္မာ၊ ထိုသို့အလုံးစုံသော တထောင့်ငါးရာ ကိလေသာတို့ကို ဖျက်ဆီးခြင်းကို ပြုရာဖြစ်သော သတ္တိကြောင့်။ အသ္မိန္တိ ပဒေန၊ အသ္မိံဟူသောပုဒ်ဖြင့်။ နိဋ္ဌံ၊ ပြအပ်သော။ တံ အာသနံ၊ ထိုနေရာသည်။ ပလ္လင်္ကော၊ ပလ္လင်မည်၏။ အဓိကရဏသာဓန၊ ပလ္လသဒ္ဒါရှေးရှိသောကရ-ဓာတ်, အ-ပစ္စည်း၊ ပလ္လသဒ္ဒါသည် သဗ္ဗကိလေသဝိဒ္ဓံသနအနက်ကိုဟော၏။

အထဝ ါ၊တနည်းကား။ယံအာသနံ၊ အကြင်နေရာသည်။ပထဝိံ၊ မြေကို။ အလံဘူသနံ၊ တန်ဆာဆင်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဇာတိတသ္မာ၊ ကြောင့်။ တံအာသနံ၊ ထိုနေရာသည်။ ပလ္လင်္ကော၊ ပလ္လက်မည်၏။ ကဥ္စုသာမ်ိနေ၊ ပပုဗ္ဗအလံသဒ္ဒါရှေးရှိသော ကရ-ဓာတ်,အပစ္စည်း၊ (ပသဒ္ဒါပထဝီအနက်, အလံသဒ္ဒါဘူသနအနက်ရှိ၏။) ဝါ၊ ကား၊ ပထဝိယာ၊ မြေ၏။ အလင်္ကာရော၊ တန်ဆာတည်း။ ပလ္လင်္ကော၊ မြေ၏တန်ဆာ။ (ဆဋ္ဌီတပ္ပုရိသ်သမာသ်။) ဝါ၊ ကား။ ပထဗျံ၊မြေကို။ အလင်္ကာရော သောဘဏော၊ တင့်တယ်စေတတ်သည်တည်း။ ဇာတိတသ္မာ၊ ထို့ကြောင့်။ ပလ္လင်္ကော၊ ပလ္လက်မည်၏။ (ဒုတိယာတပ္ပုရိသ် သမာသ်။) ပသဒ္ဒါပထဝီအနက်, ပထဗျာအနက်ကိုဟော၏။

[မဏိဒီပကျမ်း၌ ပလ္လင်တော်မပေါက်ဟုဆို၏၊ ပရိတ်ကြီးနိဿယကာ၌ ပလ္လင်တော်ပေါက်သည်ဟုဆို၏၊ ကျမ်းဆရာတို့ပင် မညီကြကုန်၊]

## ပလ္လင်တော်ပမာဏ

သုဒ္ဓိယေန တိဏဟာရကေန ဒိန္နံ အဋ္ဌတိဏမုဋ္ဌိံ ဂဏှိတွာ ပုဗ္ဗုတ္တရဒိသာဘာဂေ ဌိတော တာနိ အဂ္ဂေ ဂဟေတွာ ထရန္တက္ခဏေ အနေကကပ္ပေပါပစိတပါရမိတာနုဘာဝေန ပထဗျာ ဉဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဒသဟတ္ထုဗ္ဗေဓော တဒနုကူလာယာမော ဘူမိကမ္ပကောအပရာဇိတော ပလ္လင်္ကော။

ဟု ပရိတ်ကြီးနိဿယကာ၌ မိန့်အပ်၏။

သုဒ္ဓိယေန၊ သုဒ္ဓိယအမည်ရှိသော။ တိဏဟာရကေန၊ မြက်ထမ်းယောက်ျားသည်။ ဒိန္နံ၊ လှူအပ်သော။ အဋ္ဌတိဏမုဋ္ဌိံ၊မြက်ရှစ်ဆုပ်ကို။ ဂဏှိတွာ၊ ယူတော်မူ၍။ ပုဗ္ဗုတ္တရဒိသာဘာဂေ၊ အရှေ့မြောက်ထောင့်အရပ်၌။ ဌိတော၊ ရပ်တော်မူလျက်။ တာနိ၊ထိုရှစ်ဆုပ်သောမြက်စည်းတို့ကို။ အဂ္ဂေ၊ အဖျား၌။ ဂဟေတွာ၊ ကိုင်တော်မူ၍။ ထရန္တက္ခဏေ၊ ဖြန့်ခင်းတော်မူသောခဏ၌။ အနေက

ကပ္ပေါပမိတပါရမိတာနုဘာဝေန၊ များစွာသော ကမ္ဘာပတ်လုံး ဆည်းပူးတော်မူအပ်သောပါရမီတော်တို့၏ အာနုဘော်ကြောင့်။ ပထဗျာ၊ မြေမှ။ သဗ္ဗရတနမယော၊အလုံးစုံသော ရတနာခုနစ်ပါး ဖြင့်ပြီးသော။ စုဒ္ဒသဟတ္ထုဗ္ဗေဓိတော၊ ဆန်းကြယ် လှစွာသော တဆယ့်လေးတောင် အစောက်မြင့်သော။တဒနုရူပာယာမော၊ ထိုအစောက်အား လျောက်ပတ်သော အလျားအနံရှိသော။ ဘူမိ ကမ္ပနကော၊ မောဓိမဏ္ဍိုင်မြေအရပ်ကို တင့်တယ်စေတတ်သော။ အပရာဇိတောပလ္လင်္ကော၊အပရာဇိတပလ္လင်တော်သည်။ ဥဋ္ဌိတော၊ ပေါက်လေ၏။

### ဗောဓိပင်နှင့် ပလ္လင်တော်အကွာအဝေး

ဗောဓိပလ္လင်္ကော-ဟူသောပုဒ်ကို အဘယ်သမာသ်ပြုရမည်နည်း၊ ဗောဓိပင်နှင့်ပလ္လင်တော်သည် အဘယ်မျှ ကွာသနည်း ဟူမူကား—

ဗောဓိဿ သမီပေ ၊ဝိဒတ္ထာဓိကစတုဟတ္ထန္တရေ ဌာနေ ပဝတ္တော ပလ္လင်္ကော ဗောဓိပလ္လင်္ကော။

ဟု ပရိတ်ကြီးဋီကာ၌မိန့်အပ်၏။

ဗောဓိဿ၊ ဗောဓိပင်၏။ သမီပေ၊အနီးဖြစ်သော။ ဝိဒတ္ထာဓိက စတုဟတ္ထန္တရေ၊ တထွာအလွန်ရှိသော လေးတောင် အတွင်းဖြစ် သော။ ဌာနေ၊ အရပ်၌။ ပဝတ္တော၊ ဖြစ်သော။ ပလ္လင်္ကော၊ ပလ္လင် တော်တည်း။ ဗောဓိပလ္လင်္ကော၊ ဗောဓိပင်၏အနီး ဖြစ်သော လေး တောင်ထွာခြားရာအရပ်ဖြစ်သော ပလ္လင်တော်။ ဗောဓိဿ သမီ ပေပလ္လင်္ကော ဗောဓိပလ္လင်္ကော-ဟု မဇ္ဈေလောပ ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြုအပ်၏ဟူလိုသော်။

ပလ္လင်္ကဿစ ဋ္ဌိတဋ္ဌာနဿစ အန္တရေ အာကာသတောသြရုယှ သတ္တာဟံစင်္ကမိ-ဟူသော အဋ္ဌသာလိနီပါဠ်ကိုထောက်သော်လည်း ပလ္လင်တော်ပေါက်သည်ပင်ယူရန်ရှိ၏။ ပလ္လင်္ကဿစ၊ ရတနာပလ္လင် တော်၏လည်းကောင်း။ ဋ္ဌိတဋ္ဌာနဿစ၊မျက်စိမမှိတ်ဘဲရပ်၍ရှုတော် မူသော အနိမိသဋ္ဌာန၏လည်းကောင်း။ အန္တရေ၊ အကြား၌။ အာကာသတော၊ကောင်းကင်မှ၊ သြရုယှ၊သက်တော်မူ၍။ သတ္တာ

ဟံ၊ ခုနစ်ရက်ပတ်လုံး။ စက်မိ၊ စကြိုကြွတော်မူ၏။ ။ဘုရားဟူသမျှ တူကြသည်မရှိ ကွဲပြားကြသောဝေမတ္တရှစ်ပါးတို့၌လည်း ပလွက်ဝေမတ္တာဟုလာသည်ကို ထောက်သော်လည်း ပလ္လင်ပေါက်သည်ပင် ယူရန်ရှိ၏၊ ပညာကြီးတော်မူကုန်သော ရှေးဆရာကျော်တို့သည် လည်း-

*ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်၊ ဆိုစသည်တုံ၊ တရည်တည်းပင်၊ တူချင်မဲ့ဘဲ၊ ကွဲလွဲထူးခြား၊ရှစ်ပါးလောက်စင်၊ ဟောရေးဖြင်သည်-ဟူ၍လည်းကောင်း။ ။ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ် ပေါက်သည်၊ ရောင်တောက်ပလ္လင်၊သမိုက်ပြင်ထက်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်သည်-ဟူ၍လည်းကောင်း ဆိုတော်မူကုန်၏။

## စင်္ကြံဝင်္ကမည်ခြင်းအကြောင်း

၂၆။ **ကောဋိသတသဟဿေသု စက္ကဝါဠေသု**- ဟူသောပုဒ်၌ အဘယ်အနက်ကြောင့် စက္ကဝါဠမည်သနည်းဟူမူကား-

စက္ကတိ ဘမတီတိစက္ကံ၊ ရထစက္ကံ။ စက္ကံဝိယာတိ စက္ကံ၊ မဏ္ဍလဘူတံ သဏ္ဌာနံ။ အာဘုသော ဝါရေတိ ဌာနေတိ အာဝါဠံ၊ စက္ကံ အာဝါဠံ ယေသန္တာနီတိ စက္ကဝါဠာနိ၊ စက္ကာနိဝိယ ဝါဝါဠန္တိ ပဝတ္တန္တီတိ စက္ကဝါဠာနိ၊ တေသု စက္ကဝါဠေသု။

ဟုပရိတ်ကြီးဋီကာ၌ ဝစနတ္ထပြုတော်မူ၏။

ယံမဏ္ဍလံ၊ အကြင်အဝန်းသည်။ စက္ကတိဘမတိ၊ လည်တတ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ တံမဏ္ဍလံ၊ ထိုအဝန်းသည်။ စက္ကံ၊ စက္ကမည်၏။ ရထစက္ကံ၊ ရထားလှည်းဘီးရ၏။စက္ကံဝိယ၊ရထားဘီးစက်ကဲ့သို့တည်း။ ဣတိ၊ ထို့ကြောင့်။ စက္ကံ၊ စက္ကမည်၏။ မဏ္ဍလဘူတံသဏ္ဌာနံ၊အဝန်းဖြစ်သော သဏ္ဌာန်ရ၏။ ဌေ၊ ဤအရပ်၌။ အာဘုသော၊ လွန်စွာ။ ဝါရေတိ၊ တားမြစ်တတ်၏။ ဣတိ၊ ထိုသို့ တားမြစ်ရာဖြစ်သောသတ္တိကြောင့်။တံဌာနံ၊ထိုအရပ်သည်။အာဝါဠံ၊ အာဝါဠမည်၏၊အဓိကရဏသာဓန၊ အာပုဗ္ဗ ဝရ-ဓာတ်,ဏ-

ပစ္စည်း၊ ခါတွန် ရကိုဋ္ဌေပြု၊ အလုံးစုံကိုပြင်သို့မထွက် တားမြစ်ရာဟူ လိုသော်။

ယေသံဩကာသလောကာနံ၊အကြင်ဩကာသလောကတို့အား။ အာဝါဠံ၊ တားမြစ်ရာအရပ်ဖြစ်သော။ စက္ကံ၊ စက်ဝန်းသဏ္ဌာန် တံတိုင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ထိုကြောင့်။ တာနိဩကာသ လောကာနိ၊ ထိုဩကာသလောကတို့သည်။ စက္ကဝါဠာနိ၊ စက္က ဝါဠတို့မည်ကုန်၏။ ဝါ၊ ကား။ ယာနိဩကာသလောကာနိ၊ တို့ သည်။ စက္ကာနိဝိယ၊ စက်ဝန်းသဏ္ဌာန်ကဲ့သို့။ ဝါဠန္တိပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ (တည်တတ်ကုန်၏-လည်းဟူ၏။) ဣတိ၊ ထို့ ကြောင့်။တာနိဩကာသလောကာနိ၊တို့သည်၊စက္ကဝါဠာနိ၊ကုန်၏။ တေသုစက္ကဝါဠေသု၊ထိုစကြဝဠာတို့၌။

## ဝေသာလီပြည်အကြောင်း

**ဝေသာလိယာပုရေ**—ဟူသောပုဒ်၌ ဝေသာလီဟု အမည်တွင် ကြောင်းကိုကား ဤခုဒ္ဒကပါဌအဋ္ဌကထာ၌ လာသော နည်းဖြင့် သိအပ်၏။

ဗာရာဏသီ မိဖုရားကြီး၏ဝမ်း၌ ကိုယ်ဝန်တည်သော အခါ၌ မင်းကြီးအားလျှောက်လေသော် ကောင်းပြီဟု ကိုယ်ဝန်အစောင့် အရှောက်ကိုပေး၍ မိဖုရားကို ကိုယ်ဝန်ကို ကောင်းစွာ စောင့် ရှောက်စေလေ၏၊ဆယ်လစေ့သောအခါမိုးသောက်ထ၌သားတစ် ဖွားလေ၏၊ (ဘုန်းတန်ခိုးကြီးသောသူငယ်တို့သည်မိုးသောက်ထ၌ သာဖွားမြဲတည်း။) မိဖုရားသည်လည်း သူတပါးတို့ ကဲ့ရဲ့အံ့သည်မှ ကြောက်၍ ထိုသားတစ်ကို အိုးကြီးထဲ၌ထည့်၍ လုံလုံပိတ်ဆို့၍ ဗာရာဏသီမင်းကြီး၏ သားတော်တည်းဟုတံဆိပ်ခတ်၍ မြစ်ထဲ၌ မျှောလေ၏၊ လူတို့လက်မှ လွတ်သောခဏ၌ နတ်တို့သိမ်းဆည်း စောင့်ရှောက်လေ၏၊ ထို့ကြောင့် လှိုင်းတံပိုးအန္တရာယ်မရှိ ချမ်း သာသဖြင့်မျှောလေ၏။

အောက်အရပ်၌ ရှင်ရသေ့သည် နွားကျောင်းသားတို့၏ရွာကို အမှီပြု၍ မြစ်နား၌နေ၏၊ ထိုရှင်ရသေ့သည် နံနက်စောစောမြစ်သို့

သက်လေသော်မျောလာသောအိုးကိုမြင်၍ ပံသုကူဟူသောအမှတ်ဖြင့် အိုးကိုယူလေ၏၊ အိုးကိုဖွင့်၍ကြည့်သောအခါ သားတစ်ကိုမြင်၍ ဤသို့ကြံ၏၊ "ဤသားတစ်ဖြစ်သောကိုယ်ဝန်သည် ပုပ်ခြင်း, နံခြင်းမရှိ ဘုန်းတန်ခိုးကြီးသောကိုယ်ဝန်ပင်ဖြစ်မည်"ဟု သန့်ပြန့်ရာအရပ်၌ အိုးကိုပိတ်မြဲပိတ်၍ထားလေ၏။ တဆဲ့ငါးရက် ရှိသောအခါ အိုးကိုဖွင့်၍ကြည့်လေသော် သားတစ်ကွဲ၍ နှစ်ခုဖြစ်လေ၏၊ တဘန် တဆဲ့ငါးရက်ရှိသောအခါကြည့်ပြန်သော်သားတစ်နှစ်ခု၌ပင် အသီးသီးလက်ခြေဦးခေါင်းဖြစ်လိုသောအဖုတို့သည်ထွက်ကုန်၏၊ တဘန်တဆဲ့ငါးရက်ရှိသောအခါ အိုးကိုဖွင့်၍ ကြည့်ပြန်သော် ရွှေဆင်းတုနှင့်တူသော သတို့သား တယောက်, သတို့သမီး တယောက်ဖြစ်လေ၏၊

ထိုသူငယ်တို့၌ရှင်ရသေ့သည် သား,သမီးဟူသော အမှတ်ရှိ၍ ချစ်လေးမြတ်သောစိတ်ရှိသည်ဖြစ်၏၊ရှင်ရသေ့၏ လက်ချောင်းမှ နို့ရည်ထွက်၍ လက်ချောင်းကိုသူငယ်တို့ခံတွင်းသွင်း၍ နို့တိုက်၏၊ ထိုသူငယ်တို့၏ဝမ်း၌ တည်သောနို့ရည်သည် ပတ္တမြားခွက်၌တည်သကဲ့သို့ထင်လေ၏၊ထို့ကြောင့် လိစ္ဆဝီဟူသော သူငယ်တို့၏ အမည်တို့သည်ဖြစ်ကုန်၏၊အချို့သောဆရာတို့ကား အပ်ဖြင့်ချုပ်သကဲ့သို့ သူငယ်တို့၏အရေတွန့်သည်ကို အကြောင်းပြု၍ လိစ္ဆဝီအမည်တွင်သည်ဟုဆိုကြကုန်၏၊ရှင်ရသေ့သည် ထိုသူငယ်တို့ကိုမွေးကျွေးရသဖြင့် ကြောင့်ကြပလိဗောဓဖြစ်လေ၏၊ ထိုအခါ နွားကျောင်းသား ရွာသားတို့သည် ဤသို့ဆိုကုန်၏၊"အရှင်ဘုရား…ရဟန်းတို့၏ အကျင့်တရားကိုသာ အားထုတ်တော်မူကုန်လော့"ဟု ဆိုကြကုန်၏၊ ထိုအခါ ရှင်ရသေ့သည် ကောင်းပြီဟု ဝန်ခံလေ၏။

ထိုနွားကျောင်းရွာသားတို့သည် မိုးသောက်ကာလနေ့၌ လမ်းခရီးကိုသုတ်သင်၍ပန်းမာလ်ကြဲကုန်၍ တံခွန်ကုက္ကား စိုက်ကုန်၍ စည်,စောင်းငြင်းတီးမှုတ်မျိုးတို့ဖြင့် ရှင်ရသေ့၏သခ်မ်းသို့ လာကြကုန်၏၊ရှင်ရသေ့လည်းဤသို့ဆို၏၊ "ဒါယကာတို့…ဤသူငယ်တို့သည် ဘုန်းတန်ခိုးကြီးသော့သူငယ်တို့တည်း၊ မမေ့မလျော့မွေး

ကျွေး၍ ကြီးပွါးစေကုန်၊ ကြီးပွါး၍ အရွယ်ရောက်သော ကာလ၌ အချင်းချင်းပင်ထိမ်းမြားမင်္ဂလာဆောင်လေကုန်၊ ငါးပါးသောနွား နို့အရသာဖြင့် ဗာရာဏသီပြည့်ရှင် မင်းကြီးကိုနှစ်သက်စေ၍ မြေအဘို့ကို ရအောင်တောင်းယူလေကုန်၊ မြေအဘို့ရသောအခါ မြို့တည်လေကုန်၊ ထိုမြို့၌ထိုသူငယ်တို့ကို ဘိသိက်သွန်း၍ မင်းမြှောက်လေကုန်,' ဟုမှာ၍ သူငယ်တို့ကိုပေးလိုက်၏၊ ထိုနွားကျောင်းတို့သည်လည်း ကောင်းပါပြီဟူ၍ ဝန်ခံကုန်၍ သူငယ်တို့ကိုဆောင်ယူ၍မွေးကျွေးကုန်သဖြင့် ကြီးပွါး၍ ကစားမြူးထူးရာ၌ သူငယ်တို့ကို လက်ဖြင့်လည်းကောင်း, ခြေဖြင့်လည်းကောင်း ပုတ်ခတ်ကုန်၏၊ သူငယ်တို့ငိုကြွေကုန်လတ်သော် မိဘတို့က အဘယ်သူ ပုတ်ခတ်လေသနည်းဟု မေးကြကုန်လျှင် မိဘမရှိသော ရှင်ရသေ့မွေးသော သူငယ်တို့ပုတ်ခတ်ကုန်သည်ဟု ဆိုကြကုန်၏။

ထိုအခါ၌ သူငယ်တို့၏မိဘတို့က ဤသို့ဆိုကြကုန်၏၊ ''မိဘမရှိသော ရှင်ရသေ့မွေးသောသူငယ်တို့နှင့် အတူမကစားကြကုန်လင့် ကြဉ်ကြကုန်''ဟုဆိုကုန်၏၊ထိုစကားကိုစွဲ၍ ထိုသူငယ်နှစ်ယောက်တို့သည် ဝဇ္ဇီမင်းသား, မင်းသမီးဟုတွင်လေ၏၊ ထိုအခါ၌ နွားကျောင်းရွာသားတို့သည်လည်းငါးပါးသောနွားနို့အရသာတို့ဖြင့် ဗာရာဏသီမင်းကို နှစ်သက်စေ၍ ယူဇနာတရာ အတိုင်းအရှည်ရှိသောမြေအရပ်ကိုတောင်း၍ရလျှင် ထိုအရပ်၌မြို့တည်၍ဝဇ္ဇီသူငယ်တို့ကို တဆယ့်ခြောက်နှစ်ရှိသောအခါ၌ ထိမ်းမြားမင်္ဂလာဆောင်၍ ဘိသိက်သွန်း၍ မင်းမြှောက်လေကုန်၏၊ ထိုဝဇ္ဇီသူငယ်မသည် ယောကျ်ားတယောက်, မိန်းမတယောက်၊ နှစ်ယောက်ဘွား၍ တဆယ့်ခြောက်ကြိမ်ဘွားသဖြင့် သုံးကျိပ်နှစ်ယောက်သော သားသမီးတို့သည် ဖြစ်ကုန်၏။

ထိုသုံးကျိပ်နှစ်ယောက်ကုန်သော သားသမီး တို့သည်လည်း အချင်းချင်းထိမ်းမြားကုန်၍ ဤသို့သောနည်းဖြင့်ပွားများကုန်သည်ဖြစ်၍ ထိုမင်းတို့၏ဥယျာဉ်,ရေကန်,နေရာနန်းပြာသာဒ် အခြံအရံ ပြုကြကုန်သဖြင့် မြို့မဆံ့၍ တဂါဝုတ်ခွါ၍မြို့တည်ပြန်၏၊ ထို့နောင်

လည်း တဂါဝုတ်ချဲ့၍ မြို့တည်ပြန်၏၊ ထို့နောင်လည်း တဂါဝုတ်ချဲ့၍ မြို့တည်ပြန်၏၊ ထိုသို့အကြိမ် သုံးကြိမ်တိုင်အောင် မြို့တည်လေသောကြောင့် ကြီးကျယ်ပြန့်ပြောလှသော မြို့ဖြစ်၍ ထိုမြို့ကို ဝေသာလီဟု အမည်တွင်ပါလေသတည်း။

[ပရိတ်ကြီးနိဿယအကျယ်၌ ဤဝေသာလီမြို့ဖြစ်စကို ဆိုရာ၌ကျမ်းဂန်နှင့်မညီ၊ ဆ-ဝါး၍သာမဟုတ်မမှန်ဆိုလေသည်၊ ထိုစကားကိုမယူအပ်ကုန်။]

ထိုဝေသာလီပြည်ကြီး၌ များစွာသောလူတို့သည် အလှည့်အလှည့်မင်းပြုကြကုန်၏၊ ခိုက်ရန်အငြင်းအခုံမရှိ သင့်တင့်ကြကုန်၏၊ ညီညွတ်ကြကုန်၏၊တယောက်ကိုတယောက် ရိုသေကြကုန်၏၊ကိုင်းညွတ်ကြကုန်၏၊ရန်သူတို့ကိုအောင်နိုင်ကြကုန်၏၊စည်ပင်ဝပြောသာယာကုန်၏၊ မြို့စောင့်နတ်,အိမ်စောင့်နတ်,ရုက္ခစိုးနတ်,ဘုမ္မစိုးနတ်တို့ကို နေ့၌လည်းကောင်း, ညဉ့်၌လည်းကောင်း ထမင်းပုဆိုးမပြတ် ဗလိနတ်စာပေး၍ ပူဇော်ကြကုန်၏။

ထိုဝေသာလီပြည်ကြီး၌ မင်းပေါင်း ခုနစ်ထောင် ခုနစ်ရာ့ခုနစ်ပါး၍၏၊အိမ်ရှေ့မင်းပေါင်းလည်း ထို့အတူ,စစ်သူကြီးအမတ်ကြီးပေါင်းလည်း ထို့အတူပင်တည်း၊ မင်းနေနန်းပြာသာဒ်ပေါင်းခုနစ်ထောင် ခုနစ်ရာ့ ခုနစ်ပြာသာဒ်ရှိ၏၊ စုလစ်မွန်းချွန်တပ်သောပြာသာဒ်ငယ်ပေါင်းခုနစ်ထောင်ခုနစ်ရာ့ခုနစ်ဆောင်ရှိ၏၊ဥယျာဉ်ပေါင်း ခုနစ်ထောင်ခုနစ်ရာ့ခုနစ်ဥယျာဉ်ရှိ၏၊ ရေကန်ပေါင်းခုနစ်ထောင် ခုနစ်ရာ့ခုနစ်ကန်ရှိ၏၊ တာဝတိံသာနတ်ပြည်နှင့်ပင်နှိုင်းခိုင်း၍ မြတ်စွာဘုရားဟောတော်မူ၏။

အချို့သော ဝေသာလီပရိသတ်တို့သည် နီသောအဝတ်ကိုဝတ်ကုန်၍ ရွှေသောအရုံကိုရုံကုန်၏၊ အချို့သောပရိသတ်တို့သည် ရွှေသောအဝတ်ကိုဝတ်ကုန်၍နီသောအရုံကို ရုံကုန်၏၊အချို့သောပရိသတ်တို့သည် စိမ်းသောအဝတ်ကိုဝတ်ကုန်၍ ပြာသောအရုံကို ရုံကုန်၏၊ ရွှေသောပေါင်းထုပ်ကိုပေါင်းကုန်၏၊အချို့သောပရိသတ်

တို့သည် ရွှေသောအဝတ်ကိုဝတ်ကုန်၍ နီသောအရုံကိုရုံကုန်၍ ဖြူသော ပေါင်းထုပ်ကိုပေါင်းကုန်၏၊ ''ရဟန်းတို့…တာဝတိံသာ ပရိသတ်ကို ရှုလိုလျှင် ဝေသာလီပရိသတ်ကိုသာ ရှုကုန်လော့''ဟု မိန့်တော်မူ၏။

## ရတနသုတ်ဟောခြင်းအကြောင်း

၂၇။ ထိုသို့သာယာစည်ပင်ဝပြောပြည့်စုံလှစွာသောဝေသာလီပြည်ကြီးသည်လည်းတရံရောအခါမိုးခေါင်၍ဒုဗ္ဘိက္ခဘေးရောက်၍များစွာသောလူတို့သည် သေကြကုန်၏။ အယည့်နာရောဂါဘေးရောက်၍လည်းကောင်း, ဘီလူးစားသောဘေး ရောက်၍လည်းကောင်း,များစွာသောလူတို့သည် သေကြကုန်၏၊ ထိုအခါမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌နေတော်မူရာမှာ ဝေသာလီမင်းများပင့်၍ မြတ်စွာဘုရား သံဃာတော်ငါးရာနှင့်ကြွတော်မူ၍ ဝေသာလီမြို့မင်းထွက်တံခါး၌ ဆောက်လုပ်အပ်သော တဲကျောင်းမဏ္ဍပ်ကြီး၌ နေတော်မူ၏၊ အရှင်အာနန္ဒာအမှူးရှိသော သံဃာတော်ငါးရာကို ဤသို့မိန့်တော်မူ၏၊ ''ဤရတနသုတ်ပရိတ်ကို တံတိုင်းသုံးထပ်တို့၏ အကြား၌ ညဥ့်သုံးယံ၌ သုံးထပ်သုံးကြိမ် ရွတ်လေကုန်'' ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာအမှူးရှိသော သံဃာတော်ငါးရာလည်း အမိန့်တော်အတိုင်းရွတ်တော်မူကုန်၏၊ ခပ်သိမ်းသောနတ်တို့သည်တရားတော်ကို နာကြကုန်၏၊ သိကြားမင်းသည် စာတုမဟာရာဇ်, တာဝတိံသာနတ်ပရိသတ်များစွာနှင့် တရားတော်ကိုနာလာကုန်၏၊ များစွာသော နတ်ဗြဟ္မာပရိတ်တို့သည် စည်းဝေးကြကုန်၏၊ ပရိတ်ရွတ်၍အဆုံးမိုးသောက်ယံ၌ လူရိုးလူကောင် မျောလောက်အောင် မိုးကြီးရွာ၍ အလုံးစုံမျော၍ သန့်ရှင်းစင်ကြယ်လေ၏၊ ပရိတ်မရွတ်မီ မြတ်စွာဘုရား ရောက်တော်မူလျှင် ပေါက္ခရဝဿမိုးကြီးရွာသည် ဟူ၍လည်းဆို၏၊ ဘေးသုံးပါးလည်း ကွယ်ပျောက်လေ၏။

**အနုသန္ဓေ။** ။ယခုအခါ၌ ပရိတ်တော်၏အစ၌ ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်, အာကာသစိုးနတ်, စာတုမဟာရာဇ် နတ်, တာဝတိံသာနတ်က စ၍ နတ်ပြည် ခြောက်ထပ်, ဗြဟ္မာပြည်တိုင်အောင် အလုံးစုံသော ဗြဟ္မာတို့သည် တရားနာလာကြပါကုန်ဟူ၍ ဘိတ်ခြင်း, တရားတော်ကို ဝမ်းမြောက်သည်ဖြစ်ပါကုန်— တရားတော်ကို ရိုသေစွာ နာကြပါကုန်ဟု တိုက်တွန်းခြင်း, တရားတော်ကိုနှလုံး၌ ကောင်းစွာ သိမှီးကြပါကုန်ဟု တိုက်တွန်းခြင်း, ခပ်သိမ်းသောနတ်တို့သည် လူတို့အား မေတ္တာပွါးကြပါကုန်ဟု တိုက်တွန်းခြင်း, အကြင်လူတို့သည် နေ့၌လည်းကောင်း, ညဉ့်၌ လည်းကောင်း မမေ့မလျော့ မပြတ် မလပ် ဗာလိနတ်စာ ပူဇော်ကုန်၏၊ ထိုလူတို့၏ကျေးဇူးတို့ကို သိကုန်သည် ဖြစ်၍ ကျေးဇူးတို့ ပူဇော်သောအားဖြင့် မမေ့မလျော့ စောင့်ရှောက်ကြ ပါကုန်လော့ဟု တိုက်တွန်းခြင်း ဥယျောဇနကို ပြုအပ်၏ဟု ပြတော် မူလိုသော အစိန္တေယျ အပ္ပမေယျ ဓမ္မ သာမိဖြစ်တော်မူသော မြတ်စွာဘုရားသည် "ယာနီဓ ဘူတာနိ။ ပ။ အပ္ပမတ္တာ" ဟူသော နှစ်ဂါထာကို ဟောတော်မူအပ်၏။

၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သု-မနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

[ယာနိဓကို(ယာနိ+ဣဓ)ဟု ပုဒ်ဖြတ်၊ ဆန်းဂိုဏ်းသင့်စေခြင်းငှါ ဣကို ဤဒီဃပြု၍ နီ-ဟုဤဒီဃနှင့်ရှိလေသတည်း၊ ဘူတာနိဝါ ယာနိဝ-ပုဒ်၌လည်း ဆန်းဂိုဏ်းသင့်စေခြင်းငှါ အာကို အရဿပြု၍ ထားလေသတည်း။]

၂၀။ ဣဓ၊ ဤပရိတ်ရွတ်ရာအရပ်သို့။ ဓမ္မဿဝနတ္ထာယ၊ တရားနာအံ့သောငှါ။ ယာနိဘူတာနိ၊ အကြင်နတ်တို့သည်။ သမာဂတာနိ၊ အညီအညွတ်စည်းဝေးလာကုန်၏။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင်ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်, မြို့စောင့်နတ်, အိမ်စောင့်နတ်, စာတုမဟာရာဇ်နတ်, တာဝတိံသာ နတ်တို့သည် လည်းကောင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ဌိတာနိ၊ တည်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင် စာတုမဟာရာဇ်နတ်, တာဝတိံသာနတ်, ယာမာအစရှိသော နတ်ပြည်ခြောက်ထပ် ဗြဟ္မာပြည်တိုင်အောင်သော နတ်တို့သည် လည်းကောင်း။ ဓမ္မဿဝနတ္ထာယ၊ တရားနာအံ့သောငှါ။ သမာဂတာနိ၊ အညီအညွတ်စည်းဝေး လာကုန်၏။ ဘူတာ၊ အို—နတ်များတို့။ သဗ္ဗေဝ—သဗ္ဗေဧဝ ဒေဝါ၊ အလုံးစုံသော နတ်များတို့သည်။ ဓမ္မဒေသနံ၊ ဓမ္မဒေသနာတော်ကို။ သုမနာ၊ ဝမ်းမြောက်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ အထောပိ၊ ထိုမှတပါးလည်း။ ဘာသိတံ၊ ဟောတော် မူအပ်သော တရားတော်ကို။ သက္ကစ္စ၊ အရိုအသေပြု၍။ သုဏန္တု၊ နာစေကုန်သတည်း။ (ဤသို့ ပါဌ်သေသနှင့်ပေး။)

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၂၉။ ဘူတာ၊ အိုနတ်များတို့။ တုမှေ၊ သင်တို့သည်။ ဓမ္မဿဝနတ္ထာယ။ တရားနာအံ့သောငှါ။ဟိ ယသ္မာ၊ အကြင့်ကြောင့်။ သမာဂတတ္ထ၊ အညီအညွတ် စည်းဝေးကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မံ၊ တရားတော်ကို။ မနသိ၊ နှလုံး၌။ နိသာမေထ၊ ကောင်းစွာသိမှီး ကြကုန်လော့။ (ဤသို့ပါဌ သေသနှင့်ပေး။) သဗ္ဗေဒေဝါ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။ မာနုသိယာ၊ လူဖြစ်သော။ ပဇာယ။ သတ္တဝါ၌။ (သတ္တဝါအားလည်းဟူ။) မေတ္တံ၊ ချစ်မြတ်နိုးခြင်း မေတ္တာကို။ ကရောထ၊ ပြုပါကုန်လော့။ ယေ၊ အကြင် လူတို့သည်။ ဒိဝါ စ၊ နေ့၌ လည်းကောင်း။ ရတ္တော စ၊ ညဉ့်၌ လည်းကောင်း။ ဗလိံ၊ ဗာလိနတ်စာကို။ တုမှာကံ၊ သင်နတ်သားတို့အား။ ဟရန္တိ၊ ပူဇော်ကုန်၏။ တသ္မာဟိ၊ ထိုသို့ပူဇော်ကုန်သော ကြောင့်သာလျှင်။ နေ၊ ထိုဗာလိနတ်စာပူဇော်သော လူတို့ကို။ ပတိပူဇာဝသေန၊ တဘန်ပူဇော်တုံ့ပူဇော်သော အားဖြင့်။ ရောဂဘယအန္တရာယေဟိ၊ ရောဂါဘေး, အန္တရာယ်တို့မှ။ အပ္ပမတ္တာ၊ မမေ့မလျော့ ကုန်သည်ဖြစ်၍။ ၂ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခထ၊ စောင့်ရှောက်ကုန်လော့။ (ဤသို့ပါဌသေသနှင့်ပေးလေကုန်။)

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၀။ ဣဓ ဝါ၊ ဤလူ့ပြည်၌လည်းကောင်း။ ဟုရံ ဝါ၊ နဂါး, ဂဠုန်,အသုရာပြည်တို့၌လည်းကောင်း။သဂ္ဂေသု ဝါ၊ နတ်ပြည် ခြောက်ထပ်, ဗြဟ္မာပြည်တို့၌ လည်းကောင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝိတ္တံ၊ အတွင်းအပ သုံးဆောင်အပ်သော။ ပဏီတံ၊ မြတ်သော။ ယံရတနံ၊ အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား အစရှိသော ရတနာခုနစ်ပါး, ရတနာဆယ်ပါး, ပုဆိုးစပါးအစရှိသော လောကီရတနာသည်။ အတ္ထိ၊ ရှိ၏။ တထာဂတေန၊ မြတ်စွာဘုရား တည်းဟူသော ရတနာနှင့်။ သမံ၊ တူသော လောကီရတနာသည်။ န အတ္ထိ နော-န အတ္ထိဝေ၊ မရှိသည် သာလျှင်တည်း။ ဗုဒ္ဓေ—ဗုဒ္ဓသ္မိ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိ ရတနံ အယမ္ပိရတနဘာဝေါ၊ဤရတနာ၏အဖြစ်သည်။ ပဏီတံ-ပဏီတော၊ မြတ်လှစွာ၏။ တနည်းကား-ဣဒမ္ပိ ဣမိနာ ကာရဏေနပိ၊ ဤသို့ မြတ်စွာဘုရားနှင့် တူသောလောကီ ရတနာမရှိခြင်း အကြောင်းကြောင့်လည်း။ ဗုဒ္ဓေ-ဗုဒ္ဓေါဝ၊ မြတ်စွာဘုရား သည်သာလျှင်။ ပဏီတံ၊ မြတ်ထွန်းလှစွာသော။ ရတနံ၊ ရတနာမည်သည်။ ဟောတိ၊ ၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါ တို့အား။

သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၃၀။ သုဝတ္ထိပုဒ်ကို စေနတ္ထုရုပ်ပြီးကြံရမည်ကား—သုခေါ်နိဗ္ဗာယောဝ်ဝါ အတ္တော သုဝတ္ထိ-ဟု ကမ္မဓာရည်းသမာသ်ပြုအပ်၏။ ။ သုခေါ်၊ ချမ်းသာခြင်းတည်းဟူသော။ ဝါ။ကား။ နိဗ္ဗယော၊ ဘေး မရှိခြင်းတည်းဟူသော။ အတ္တော၊အကျိုးတည်း။ သုဝတ္ထိ၊ ချမ်းသာခြင်းတည်းဟူသော, ဘေးမရှိခြင်း တည်းဟူသော အကျိုး။ သု အတ္တောဟု ဝါကျပြု၊ သု အတ္ထဟု ရှိစေ၊ သိသက်၊ သုကိုခွင်း၊ ထ္ထ ကိုခွင်း၊ တေသုဝုဒ္ဓိသုတ်ဖြင့် အစဥ္ဓဥကို ဩဝုဒ္ဓိပြု၊ ကွစိဓာတု သုတ်ဖြင့် ဩကို ဥဝပြု၊ ကွစိ သမာသန္တဂတာန မကာရန္တေ— သုတ်၌ အန္တသဒ္ဒါဖြင့် သမာသ်၏အဆုံး၌ အကို-ဣပြု၊သ-ဥသို့ကပ်၊ ဝ-အသို့ကပ်၊ ထ္ထ-ဣ သို့ကပ်၊ သိကိုချေ၊ သုဝတ္ထိပြီး၏။

**ဆန်းမစစ်သင့်။** ။ပရိတ်ပါဠိများလည်း ဆရာကြီးတို့ ဆန်းစစ်တော်မူကြ၍ တစောင်နှင့်တစောင်မတူကြပြီ၊ ပါဠိတော်ကိုဆန်းမစစ်အပ်ဟူ၍လည်း ရှေးဆရာကြီးတို့ ဆိုတော်မူကုန်၏၊ အဘယ်ကြောင့်နည်းဟူမူကား— ဆန်းစစ်သောဆရာတို့သည် ဝုတ္တောဒယကျမ်း၌လာသော ဆန်းနည်းကိုသာ စစ်နိုင်ကြသည်၊ ဝုတ္တောဒယကျမ်း၌ မလာသော ဆန်းနည်း, မြတ်စွာဘုရား၏ ဉာဏ်တော်ဖြင့် သိတော်မူသော ဆန်းနည်းသည် အများပင်ရှိသေးသောကြောင့်တည်း၊ ဆန်းနှင့်ပင်မညီသော်လည်း သဒ္ဒါနည်းနှင့်ညီလျှင် အနက်အဓိပ္ပါယ်ဖြောင့်လျှင် အပြစ်မရှိ၊ အနက်အဓိပ္ပါယ်သာ လိုရင်းဖြစ်ပါသည်။

---

၃၁။ ခယံ ဝိရာဂံ အ-မတံ ပဏီတံ၊
ယ-ဒဇ္ဈဂါ သကျ-မုနီ သမာဟိတော။

န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။ ခယံ၊ ရာဂအစရှိသော တထောင့်ငါးရာ ကိလေသာတို့၏ကုန်ရာဖြစ်ထသော။ ဝိရာဂံ၊ တပ်ခြင်းကင်းရာ ဖြစ်ထသော။ အမတံ၊ မသေရာဖြစ်ထသော။ ပဏီတံ၊ ခပ်သိမ်းသောတရားတို့ထက်မြတ်ထသော။ ယံ-နိဗ္ဗာနံ၊ အကြင်အသခ်တဖြစ်သောနိဗ္ဗာန်ကို။ သမာဟိတော၊ မဂ်လေးပါး၌ယှဉ်သော သမာဓိဖြင့် တည်ကြည်သော သမာဓိရှိတော်မူထသော။ သကျမုနိ၊ သာကီဝင်မင်းမျိုးဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အဇ္ဈဂါ-အဓိအဂါ၊ သိတော်မူပြီ။ တေနဓမ္မေန၊ ထိုနိဗ္ဗာန်တရားတော်နှင့်။ သမံ၊ တူသော။ ကိဉ္စိ၊ တစုံတခုသောတရားသည်။ နအတ္ထိ၊မရှိ။ [သမတ္ထိကို (သမံ+အတ္ထိ) ဟု ပုဒ်ဖြတ်။]ဓမ္မေ-ဓမ္မသ္မိ၊နိဗ္ဗာန်တရား၌။ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ-ပဏီတော၊ မြတ်၏။ တနည်းကား—ဣဒမ္ပိ-ဣမိနာ ကာရဏေနပိ၊ ဤနိဗ္ဗာန်တရားတော်နှင့် တူသော တစုံတခုသော တရားမရှိခြင်းဟူသော အကြောင်း ကြောင့်လည်း။ ဓမ္မေ-ဓမ္မောဝ၊ နိဗ္ဗာန်တရားတော်သည်သာလျှင်။ ပဏီတံ၊ မြတ်ထွန်းလှစွာသော။ ရတနံ၊ ရတနာသည်။ ဟောတိ၊ဖြစ်၏။ တံဧဝ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏၊ ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ချမ်းသာခြင်း,ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

## အဓိပ္ပါယ်ရှင်းလင်းချက်

၃၁။ သကျမုနီတိသကျကုလပ္ပသူတတ္တာသကျော၊ မောနေယျဓမ္မသမန္နာဂတတ္တာမုနိ၊ သကျောဝ မုနိ၊ သကျမုနိ၊ ဟု အဋ္ဌကထာ၌မိန့်အပ်၏။

သကျမုနီတိ၊သကျမုနိဟူသည်ကား။သကျကုလပ္ပသူတတ္တာ၊သာကီဝင်မင်းမျိုး၌ဖြစ်တော်မူသည်၏အဖြစ်ကြောင့်။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ သကျော၊သကျမည်တော်မူ၏။ မောနေယျဓမ္မသမန္နာဂတတ္တာ၊ အလုံးစုံသောတရားတို့ကို သိတော်မူတတ်သောဉာဏ်ဟုဆိုအပ်သော မောနေယျဓမ္မနှင့်ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မုနိ၊ မုနိမည်တော်မူ၏။ သကျောဝ၊ သာကီဝင်မင်းမျိုးသာလျှင် ဖြစ်တော်မူသော။ မုနိ၊ ရဟန်းမြတ်တည်း။ သကျမုနိ၊ သာကီဝင်မင်းမျိုးသာလျှင်ဖြစ်တော်မူသောရဟန်းမြတ်။

---

၃၂။ ယံ ဗုဒ္ဓ-သေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိံမာနန္တရိကညံမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

[ယံကို သမာဓိံ နှင့်ဟပ်၊ သုစိ-သုစိံ သုစိံဟုနိဂ္ဂဟိတ်ထည့် နှင့်ရှည်၊ သမာဓိ မာနန္တရိကည မာဟု-ကို (သမာဓိံ+အာနန္တရိကံ+အညံ+အာဟု)ဟုပုဒ်ဖြတ်။]

၃၂။ ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်စွာသည်။ ယံ-သမာဓိံ၊ အကြင် အရဟတ္တ မဂ်စိတ်နှင့် ယှဉ်သောသမာဓိကို။ သုစိံ၊

ကိလေသာမရှိ အညစ်အကြေးမရှိ စင်ကြယ်၏ဟူ၍။ (ဖြူစင်၏ဟူ၍လည်းဟူ။) ပရိဝဏ္ဏယိ၊ ချီးမွမ်းတော်မူ၏။ အညံ၊ သောတာပတ္တိမဂ်ဉာဏ်သည် မသိအပ်သော အပိုင်းအခြားကို မလွန်မူ၍သိသည်။ ဟုတွာ၊ ဖြစ်၍။ အာနန္တရိကံ၊ မိမိ၏အခြားမဲ့၌ အရဟတ္တဖိုလ်ဟူသော အကျိုးကို ပေးတတ်၏ဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အာဟု၊ ဆိုတော်မူကုန်၏။ တေန သမာဓိနာ၊ ထိုအရဟတ္တ မဂ်နှင့် ယှဉ်သော သမာဓိနှင့်။ သမော၊ တူသောသမာဓိသည်။ နဝိဇ္ဇတိ၊ မရှိ။ ဣဒမ္ပိ ရတနံ-အယမ္ပိ ရတနဘာဝေါ။ ဤရတနာ၏အဖြစ်သည်။ ပဏီတံ ပဏီတော၊ မြတ်လှစွာ၏။ တနည်းကား-ဣဒမ္ပိ-ဣမိနာ ကာရဏေနပိ၊ ဤ အရဟတ္တမဂ် သမာဓိနှင့်တူသော သမာဓိမရှိခြင်းဟူသော အကြောင်းကြောင့်လည်း။ ဓမ္မေ-ဓမ္မော၊ အရဟတ္တမဂ် သမာဓိတရားတော်သည်သာလျှင်။ ပဏီတံ၊ မြတ်ထွဋ်လှစွာသော။ ရတနံ၊ ရတနာသည်။ ဟောတိ၊ ဖြစ်၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သောသစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၂၂။ ယေ ပုဂ္ဂလာ အဋ္ဌ-သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၃။ သတံ- သပ္ပုရိသေဟိ ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိ
ကုန်သော သူတော်ကောင်းတို့သည်။ ပသတ္ထာ၊ ချီးမွမ်းအပ်
ကုန်သော။ ယေ ပုဂ္ဂလာ။ အကြင် အရိယာပုဂ္ဂိုလ်တို့သည်။
အဋ္ဌ၊ ရှစ်ယောက်တို့တည်း။ တနည်းကား— ပသတ္ထာ၊
ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်
ကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင်အရိယာပုဂ္ဂိုလ်တို့သည်။
အဋ္ဌသတံ၊ တရာ့ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်
၏။ တေနိ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည်။ စတ္တာရိ၊ လေးပါး
ကုန်သော။ ယုဂါနိ၊ အစုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။
သုဂတဿ၊ မြတ်စွာဘုရား၏။ သာဝကာ၊ သာဝကဖြစ်
ကုန်သော။ တေ၊ ထိုအစုံအားဖြင့် လေးပါးကုန်သော အရိ
ယာပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ၊ မြတ်သောအလှူကို
ခံထိုက်ကုန်၏။ ဧတေသု၊ ထိုအစုံအားဖြင့် လေးပါးကုန်
သော အရိယာပုဂ္ဂိုလ်တို့အား။ ဒိန္နာနိ၊ လှူအပ်သော အလှူ
တို့သည်။ မဟပ္ဖလာနိ၊ ကြီးမြတ်သော အကျိုးရှိကုန်၏။
သံဃေ-သံဃသ္မိံ၊ အရိယာသံဃာတော်၏။ ဣဒမ္ပိ ရတနံ-
အယမ္ပိရတနဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ-
ပဏီတော၊ မြတ်လှစွာ၏။ ဣတိ ဝစနံ၊ ဤစကားသည်
သာချင်။ သစ္စံ၊ မှန်၏။ ဧတေနသစ္စေန၊ ဤသို့မှန်သောသစ္စာ
စကားကြောင့်။ ပါဏိနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်း
သာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

# အဓိပ္ပါယ် ရှင်းလင်းချက်

## အရိယာပုဂ္ဂိုလ် ၁၀၈-ပါး

၃၃။ အရိယာပုဂ္ဂိုလ် တရာ့ရှစ်ပါး ဟူသော်ကား-ကောမိဇ သောတာပန်, ကောလံကောလသောတာပန်, သတ္တက္ခတ္တုပရမ သောတာပန်ဟူ၍သောတာပန်သုံးယောက်တည်း၊ ထိုသုံးယောက်ကို သုခပဋိပဒါခိပ္ပါဘိညာ, သုခပဋိပဒါဒန္ဓာဘိညာ, ဒုက္ခပဋိပဒါခိပ္ပါဘိညာ,ဒုက္ခပဋိပဒါဒန္ဓာဘိညာ-ဟူ၍ ပဋိပဒါလေးပါးနှင့် မြှောက်သော် သောတာပန် တကျိပ်နှစ်ယောက်ဖြစ်၏၊ကာမသကဒါဂါမိ,ရူပသကဒါဂါမိ, အရူပသကဒါဂါမိ-ဟူ၍ သုံးယောက်တည်း၊ထိုသုံးယောက်ကို ပဋိပဒါလေးပါးဖြင့် မြှောက်သည်ရှိသော် သကဒါဂါမိ တကျိပ်နှစ်ယောက်ဖြစ်၏၊ အန္တရာ ပရိနိဗ္ဗာယိ အနာဂါမိ, ဥပဟစ္စ ပရိနိဗ္ဗာယိ အနာဂါမိ, သသင်္ခါရပရိနိဗ္ဗာယိ အနာဂါမိ, အသင်္ခါရ ပရိနိဗ္ဗာယိအနာဂါမိ, ဥဒ္ဓံသောတ အနာဂါမိဟူ၍ အနာဂါမိငါးယောက်တည်း၊ ထိုငါးယောက်တို့သည် အဝိဟာဘုံ၌ ငါးယောက်, အတပ္ပါဘုံ၌ ငါးယောက်, သုဒဿာဘုံ၌ ငါးယောက်,သုဒဿီဘုံ၌ ငါးယောက်အားဖြင့် နှစ်ကျိပ်၊ အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတအနာဂါမိကို မရအပ်သောကြောင့် လေးယောက်၊ အလုံးစုံကို ပေါင်းသော် အနာဂါမိ နှစ်ကျိပ်လေးယောက်ဖြစ်၏၊ဈာန်မရသောသုက္ခဝိပဿကရဟန္တာ ဈာန်ရသောသမထယာနိကရဟန္တာ-ဟူ၍ ရဟန္တာ နှစ်ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်, သကဒါဂါမိမဂ္ဂဋ္ဌာန်,အနာဂါမိမဂ္ဂဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်ဟူ၍ လေးယောက်၊ ဤအလုံးစုံကိုပေါင်းသော် ငါးကျိပ်လေးယောက်ဖြစ်၏၊ ထိုငါးကျိပ်လေးယောက်သည် သဒ္ဓါကို အကြီးပြု၍ ရအပ်သော သဒ္ဓါဓုရ အရိယာငါးကျိပ် လေးယောက်, ပညာကိုအကြီးပြု၍ ရအပ်သောပညာဓုရ အရိယာ ငါးကျိပ်လေးယောက်အားဖြင့် တရာ့ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည် ဖြစ်ကုန်၏၊ ဤအရိယာ တရာ့ရှစ်ယောက်တို့၏ သရုပ်ကို ခုဒ္ဒကပါဌ အဋ္ဌကထာ၌ဆို၏။

အစုံအားဖြင့် လေးပါးဟူသော်ကား-သောတာပတ္တိမဂ္ဂဋ္ဌာန်, သောတာပတ္တိဖလဋ္ဌာန်တစုံ၊ သကဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန်တစုံ၊ အနာဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိဖလဋ္ဌာန်တစုံ၊ အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် တစုံအားဖြင့် လေးပါးဖြစ်သတည်း။ (ဧတေသုကား ဒါ-ခေါ်တ်၏အယှဉ် သမ္ပဒါန် အနက်၌ သတ္တမီဝိဘတ်တည်း။)

---

၃၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠ္ဌေန
နိက္ကာမိနော ဂေါတမ-သာသနမှိ။
တေ ပတ္တိ-ပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

၃၄။ ယေ၊ အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဒဠ္ဌေန၊ ပြင်းစွာသော။ (မြဲမြံစွာသောလည်းဟူ။) မနသာ၊ ဝီရိယ, သမာဓိနှင့် ယှဉ်သောစိတ်ဖြင့်။ သုပ္ပယုတ္တာ၊ ကောင်းစွာ လုံ့လ ပြုကုန်သည်ဖြစ်၍။ ဂေါတမသာသနမှိ၊ အရှင်ဂေါတမ သာသနာတော်၌။ နိက္ကာမိနော၊ ကိလေသာဝဋ်မှ ထွက်မြောက်တော် မူကုန်၏။ တေ၊ ထို ရဟန္တာပုဂ္ဂိုလ်တို့သည်။ ပတ္တိပတ္တာ၊ ရောက်အပ်သော အရဟတ္တဖိုလ်သို့ ရောက်ကုန်သည်ဖြစ်၍၊ အမတံ၊ နိဗ္ဗာန်ကို။ ဝိဂယှ၊ အာရုံ ပြုသောအားဖြင့် သက်ကုန်၍။ မုဓာ၊ အနည်းငယ်မျှ မပျက်သော ဘာဝနာဖြင့်။ လဒ္ဓါ၊ ရကုန်သည်ဖြစ်၍။ နိဗ္ဗုတိံ၊ ဖလသမာပတ္တိ ချမ်းသာကို။ ဘုဉ္ဇမာနာ၊ ခံစားတော်မူ

ကုန်၏။ တနည်းကား– မုခေ၊ စိုးစဉ်းမျှ မပျက်သော သမာပတ်စိတ်ဖြင့်။ လဒ္ဓါ၊ ဝင်စားသော အားဖြင့် ရကုန်သည်ဖြစ်၍။ နိဗ္ဗုတိံ၊ ဖလသမာပတ် ချမ်းသာကို။ ဘုဉ္ဇမာနာ၊ ခံစားတော်မူကုန်ပြီ။ (နိဗ္ဗုတိ၌ ဆန်းသို့ လိုက်၍ နိဂ္ဂဟိတ လောပတည်း။) ဇာဒမ္ဘိ–ဇာမိနာ ကာရကောနပိ၊ ဤနိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ် ချမ်းသာကိုခံစားခြင်း ဟူသော အကြောင်း ကြောင့်လည်း။ သံဃေ - သံဃောဝ၊ ရဟန္တာပုဂ္ဂိုလ် သံဃာတော်သည်သာလျှင်။ ပဏီတံ မြတ်ထွန်းလှစွာသော။ ရတနံ၊ ရတနာသည်။ ဟောတိ၊ ဖြစ်၏။ တံဝေဝ စနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သောသစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

## အဓိပ္ပါယ်ရှင်းလင်းချက်

၃၄။ မုခေနာတိ အဗျယေန ကာကဏိကမတ္တံပိ ဗျယံအကတွာ - ပဒုမ်မွေကာထာ၌ မိန္နိုင်၏၊ ကာကဏိကမတ္တံပိကို ထေကာအနက်ကြီးအခါ၊ တချင်ရွေးမျှသော ပဏ္ဏည်းအနက်ကိုမကြံအင်၊ အချို့သော ပရိတ်နိသယ၌ ''မုခေါအနေင်းမရှိသော လက်ချည်းဖြင့်-ဟူ၍လည်း ကောင်း၊ မုခ၊ မပျက်သော လက်ဆောင်ဖြင့်-ဟူ၍လည်း ကောင်း'' အနက်ပေးကြကုန်၏၊ သဘောမသင့်၊ မုခေသည် အဗျယအနက်ကိုဟောသော အနိပ္ပာတ ဋိပဒ်ကောဒ်တည်း၊ ကရိယာအနက်၌ ပဉ္စမီ ဝိဘတ်တည်း။

၃၅။ ယထိန္ဒခီလော ပထဝိံသိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အ-သမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယ-သစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
[ယထိန္ဒခီလောကို(ယထာ+ဣန္ဒခီလော)ဟုပုဒ်ဖြတ်။]

၃၅။ ပထဝိံသိတော၊ နက်စွာမြေ၌ မြှုပ်စိုက်အပ်သော။ ဣန္ဒခီလော၊ ကျောက်စာတိုင်သည်။ (တံခါးတိုင်သည်လည်းဟူ။) စတုဗ္ဘိဝါတေဟိ၊ အရပ်လေးမျက်နှာတို့မှ လာကုန်သော လေပြင်းမုန်တိုင်းတို့ဖြင့်။ အသမ္ပကမ္ပိယော၊ မလှုပ်ရှားနိုင်သည်။ သိယာယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ သပ္ပုရိသံ၊ သူတော်ကောင်းဖြစ်သော သောတာပန်ပုဂ္ဂိုလ်ကို။ တထူပမံ-တထာဥပမံ၊ ထိုကျောက်စာတိုင်နှင့် ဥပမာရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ၏။ ယောသပ္ပုရိသော၊ အကြင် သူတော်ကောင်း ဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ၊ အရိယသစ္စာ လေးပါး တရားတို့ကို။ အဝေစ္စ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍။ ပဿတိ၊ မြင်နိုင်၏။ ဣဒမ္ပိ-ဣမိနာကာရဏေနပိ ဤအရိယသစ္စာလေးပါး တရားတို့ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် မြင်နိုင်ခြင်းဟူသော အကြောင်းကြောင့်လည်း။ သံဃေ-သံဃေ၀၊ သောတာပန်ပုဂ္ဂိုလ် သံဃာသည်သာလျှင်။ ပဏီတံ၊ မြတ်လှစွာသော။ ရတနံ၊ ရတနာသည်။ ဟောတိ၊ ၏။ ကံဝေ ဝစနံ၊ ဟိုစကားသည်သာလျှင်။ သစ္စံ၊

မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

[ကျောက်စာ တိုင်နှင့် တူသော သောတာပန်ပုဂ္ဂိုလ်ကို မိစ္ဆာဒိဋ္ဌိအယူတည်းဟူသော လေမုန်တိုင်း လှုပ်ရှားသော်လည်း မလှုပ်ရှားနိုင်ရာ-ဟူလိုသော်။]

---

၁၆။ ယေ အရိယ-သစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရ-ပညေန သု-ဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
နတေဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
[အဋ္ဌမမာဒိယန္တိကို (အဋ္ဌမံ+အာဒိယန္တိ)ဟုပုဒ်ဖြတ်]

၁၆။ ယေ၊ အကြင်သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။ တထာဂတေန၊ မြတ်စွာဘုရားသည်။ ဂမ္ဘီရပညေန၊ နက်နဲလှစွာသော သဗ္ဗညုတပညာတော်ဖြင့်။ သုဒေသိတာနိ၊ သမာသ, ဗျာသနည်း အစရှိသော နည်းတို့ဖြင့် ကောင်းစွာဟောတော်မူအပ်ကုန်သော။အရိယ-သစ္စာနိ၊ အရိယသစ္စာလေးပါး တရားတို့ကို။ ဝိဘာဝယန္တိ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ထင်ကုန်၏။ တေ၊ ထိုသတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည်။ ဘုသံ၊ လွန်စွာ။ ပမတ္တာ၊ အထက်မဂ် ဘာဝနာကို မေ့လျော့ကုန်သည်။ ကိဉ္စာပိ

ဟောန္တိ။ အကယ်၍ကား ဖြစ်ကုန်၏။ တထာပိ ထိုသို့အထက်မဂ်ဘာဝနာကို မေ့လျော့ကုန်သော်လည်း။ တေ၊ ထိုသတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံဘဝံ၊ ရှစ်ကြိမ်မြောက်သောဘဝကို။ နအာဒိယန္တိ၊ မယူကုန်။ ဣဒမ္ပိ-ဣမိနာကာရဏေနပိ၊ ဤရှစ်ကြိမ်မြောက်သော ဘဝကို မယူခြင်းဟူသော အကြောင်းကြောင့်လည်း။ သံဃေ-သံဃောဝ၊ သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ် သံဃာတော်သည်သာလျှင်။ ပဏီတံ၊ မြတ်ထွန်းလှစွာသော။ ရတနံ၊ ရတနာသည်။ ဟောတိ၊ ဖြစ်၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သောသစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

## အမိပ္ပါယ်ရှင်းလင်းချက်

၃ဒါ။ သမာသ, ဗျာသနည်းဟူသည်ကား အကျဉ်း, အကျယ်နည်းတည်း၊အာဒိသဒ္ဒါဖြင့် သာကလျနည်း, ဧကလျနည်းတို့ကိုယူအပ်ကုန်၏၊ န အဋ္ဌမံ ဘဝံ အာဒိယန္တိ၊ သတ္တမဘဝေဃဝ ပန ဝိပဿနံ အာရဘိတွာ အရဟတ္တံ ပါပုဏန္တိဟု အဋ္ဌကထာ၌ မိန့်အပ်၏။

ဂမ္ဘီရပညေန ပုဒ်၌ ဝစနဖြင့်သော်ကား ဂံဘီရ၌ကား မြေကိုဟော၏။

ဂံ ပထဝိံ ဘိန္ဒတိတိ ဂမ္ဘီရော။ ။ယော ပဒေသော၊ အကြင်အရပ်သည်။ ဂံ ပထဝိံ၊ မြေကို။ ဘိန္ဒတိ၊ ဖျက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ပဒေသော၊ ထိုအရပ်သည်။ ဂမ္ဘီရော၊ ဂမ္ဘီရ မည်၏။ ကူးခတ်နိုင်ခဲသော နက်သောမြေအရပ်ရ၏။

ဂမ္ဘီရောဝိယာတိ ဂမ္ဘီရော။ ။ယောပဒေသော၊ သည်။ ဂမ္ဘီရော ဝိယ၊ ကူးခတ်နိုင်ခဲသော နက်သော မြေအရပ်ကဲ့သို့တည်း။ ဣတိ၊ ထို့ကြောင့်။ သော ပဒေသော၊ သည်။ ဂမ္ဘီရော၊ ဂမ္ဘီရမည်၏။ နက်သော ပညာရ၏။

ပကာရေန ဇာနာတီတိ ပညော။ ။ယောဓမ္မော၊သည်။ပကာရေန၊ အပြားအားဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သောဓမ္မော၊ သည်။ ပညော၊ ၏။

ဂမ္ဘီရော စ သော ပညော စာတိ ဂမ္ဘီရပညော၊ တေန ဂမ္ဘီရပညေန။ ။ယောဓမ္မော၊ သည်။ ဂမ္ဘီရော စ၊ နက်နဲသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပညော စ၊ အပြားအားဖြင့် သိတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့နှစ်ပါးသော အနက်ရှိသော သတ္တိကြောင့်။ သောဓမ္မော၊ သည်။ ဂမ္ဘီရပညော၊ မည်၏။ တေန ဂမ္ဘီရပညေန၊ ဖြင့်။

---

၃၇။ သဟာဝဿ ဒဿန-သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယ-ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

[သဟာဝဿကို(သဟာဝ+အဿ)ဟုပုဒ်ဖြတ်၊တယဿုဓမ္မာကို (တယော + အဿု+ဓမ္မာ) ဟု ပုဒ်ဖြတ်၊ အဿုကား အနက်မရှိ၊ နိပါတ်ပုဒ်မျှသာတည်း၊ ယဒတ္ထိကို (ယံ+အတ္ထိ)ဟု ပုဒ်ဖြတ်။]

၃၇။ အဿ-သောတာပတ္တိပုဂ္ဂလဿ၊ ထိုသောတာပန်ပုဂ္ဂိုလ်အား။ တနည်းကား—အဿ- တေန သောတာပတ္တိပုဂ္ဂလေန၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့်။ သဟာဝ၊ တကွသာလျှင်၊ သက္ကာယဒိဋ္ဌိစ၊ သက္ကာယဒိဋ္ဌိ သံယောဇဉ် လည်း

ကောင်း။ ဝိစိကိစ္ဆိတဉ္စ၊ ဝိစိကိစ္ဆာသံယောဇဉ်လည်းကောင်း။ သီလဗ္ဗတံဝါပိ၊ သီလဗ္ဗတပရာမာသ သံယောဇဉ်လည်း ကောင်း။ ဣတိ၊ ဤသို့။ တယော ဓမ္မာ၊ သုံးပါးကုန်သော သံယောဇဉ် တရားတို့ကို။ ဇဟိတာ၊ စွန့်အပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ စိုးစဉ်းသော။ ယံ-ကိလေသဇာတံ၊ အကြင် အပါယဂမနိယ ဖြစ်သော ကိလေသာ သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ-ကိလေသဇာတံပိ၊ ထိုစိုးစဉ်းသော အပါယ ဂမနိယဖြစ်သော ကိလေသာ သဘောကိုလည်း၊ ဇဟိတံ၊ စွန့်အပ်၏။

---

၃၇။ စတူဟပါယေဟိစ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အ-ဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

[စတူဟ ပါယေဟိကို (စတူဟိ+အပါယေဟိ) ဟု ပုဒ်ဖြတ်။]

၃၇။ သော၊ထိုသောတာပန်ပုဂ္ဂိုလ်သည်။ စတူဟိ၊ လေး ပါးကုန်သော။ အပါယေဟိစ၊ အပါယ်လေးခြင်းတို့မှလည်း။ ဝိပ္ပမုတ္တော၊လွတ်၏။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ ဆ၊ ခြောက်ပါးကုန်သော။ အဘိဌာနာနိစ၊ မာတုဃာတက အစရှိသော အလွန်ယုတ်မာသော အရာတို့ကိုလည်း။ ကာ-တုံ၊ ပြုအံ့သောငှါ။ အဘဗ္ဗော၊ မထိုက်။ သံဃေ–သံဃသော၊ သောတာပန်ပုဂ္ဂိုလ် သံဃာတော်၏။ ဣဒမ္ပိရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤရတနာ၏ အဖြစ်သည်။ ပဏီတံ-ပဏီ တော၊ မြတ်လှစွာ၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။

သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ ပါဏိနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

## အဓိပ္ပါယ်ရှင်းလင်းချက်

၃၇။ သက္ကာယဒိဋ္ဌိ သံယောဇဉ်ဟူသော်ကား—အနိစ္စ, ဒုက္ခ, အနတ္တဟု ရှဆင်ခြင်အပ်သော ပဉ္စုပါဒါနက္ခန္ဓာကို နိစ္စတည်း, သုခတည်း, အတ္တတည်း—ဟု ရှုဆင်ခြင်သော မှားသောအယူသည် သက္ကာယဒိဋ္ဌိ သံယောဇဉ်မည်၏။

**ဝိစိကိစ္ဆာ** သံယောဇဉ်ဟူသော်ကား-မြတ်စွာဘုရား၌ယုံမှားရှိခြင်း, တရားတော်၌ယုံမှားရှိခြင်း, သံဃာတော်၌ ယုံမှားရှိခြင်းတည်း။

**သီလဗ္ဗတပရာမာသ** သံယောဇဉ် ဟူသော်ကား—နွားတို့၏အလေ့အကျင့်,ခွေးတို့၏အလေ့အကျင့်ဖြင့် သံသရာအကျိုးစင်ကြယ်၏ဟုယူသော မှားသောအယူတည်း၊ သီလဗ္ဗတံ ဝါ၌ တတိယက္ခရာ ဗ္ဗ—ဒွေဘော်နှင့် ရွတ်အပ်၏၊ ။သီလဉ္စ ဝတဉ္စ သီလဗ္ဗတံ။ ။ သီလဉ္စ၊နွားတို့၏အလေ့,ခွေးတို့၏အလေ့လည်း၊ဝတဉ္စ၊နွားတို့၏အကျင့်,ခွေးတို့၏အကျင့်လည်း။ သီလဗ္ဗတံ၊နွားတို့၏အလေ့၊ခွေးတို့၏အလေ့၊ နွားတို့၏အကျင့်, ခွေးတို့၏အကျင့်။ ကိုဗပြု၊ ဗ-ဒွေဘော်ပြုပါသတည်း၊ ဥဒယဗ္ဗယဉာဏ်ဟူသကဲ့သို့တည်း။

### သောတာပန်မပြုသော အဘိဌာန ၆—ပါး

၃၈။ **ဆအဘိဌာန**-နိ ဟူသော်ကား-မာတုဃာတက,ပိတုဃာတက,အရဟန္တဃာတက, လောဟိတုပ္ပါဒက,သံဃဘေဒက,အညသတ္ထာရုဒ္ဒေသက၊ ဤခြောက်ပါးတို့သည် ဆအဘိဌာနာနိ မည်ကုန်၏။ ,အညသတ္ထာရုဒ္ဒေသက ဟူသော်ကား—ရတနာသုံးပါးမှတပါး အညတိတ္ထိတို့ကိုလည်းကောင်း၊ စန္ဒ, ပရမိဿရ, မဟာပိန္နဲအစရှိသော နတ်မိစ္ဆာတို့ကိုလည်းကောင်း ငါ၏ဆရာတည်းဟု ညွှန်းခြင်းတည်း။

၃၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌ-ပဒဿ ဝုတ္တာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၉။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ ပါပကံ၊ ယုတ်မာစွာသော။ ကမ္မံ၊ ဒုစ္စရိုက်ကံကို။ ကာယေနဝါ၊ ကာယဒွါရဖြင့် လည်းကောင်း။ ဝါစာယဝါ၊ ဝစီဒွါရဖြင့်လည်းကောင်း။ ဥဒ၊ ထိုမှတပါး။ စေတသာဝါ၊ မနောဒွါရဖြင့်လည်းကောင်း။ ကိဉ္စာပိကရောတိ၊ အကယ်၍ကား ပြုမိငြားအံ့။ တဿ၊ ထိုမကောင်းမှု ဒုစ္စရိုက်ကံကို။ ပဋိစ္ဆဒါယ၊ ဖုံးလွှမ်းခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ ဒိဋ္ဌပဒဿ၊ မဂ်ဉာဏ်ဖြင့် မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန် ပုဂ္ဂိုလ်အား။ အဘဗ္ဗတာ၊ မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်သော အဖြစ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ သံဃေ- သံဃသ္မိံ၊ သောတာပန် ပုဂ္ဂိုလ် သံဃာတော်၌။ ဣဒမ္ပိရတနံ- အယမ္ပိရတနဘာဝေါ၊ ဤ ရတနာ၏အဖြစ်သည်။ ပဏီတံ-ပဏီတော၊ မြင့်မြတ်၏။ တံ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်၊ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

[အဘဗ္ဗော, အဘဗ္ဗတာပုဒ်တို့၌ ဟတိယက္ခရာဗ္ဗ-
ဒွေဘော်နှင့် ရွတ်အပ်ကုန်၏။ ဘဝိတဗ္ဗော. ဘဗ္ဗော၊
နဘဗ္ဗော-အဘဗ္ဗော-ဟု ပြုအပ်ကုန်၏၊ ဘူတောဗ္ဗ—
သုတ်ဖြင့် ဘူခာတ်နောင်မှ နှောင်းသော ကျ—
ပစ္စည်းကို ခာတ္တန်ဥနှင့်တကွ အဗ္ဗ ပြု၊ ဘ-အသို့
ကပ်၊ သိသက်၊ ဩပြု၊ ဝ—ဩသို့ကပ်၊ ဘဗ္ဗောပြီး၏။]

၄၀။ ဝန-ပ္ပဂုမ္ဗေ ယထ ဖုဿိတ-ဂ္ဂေ၊
ဂိမှာန-မာသေ ပဌမသ္မိံ ဂိမှေ။
တထူ ပမံ ဓမ္မ-ဝရံ အဒေသယိ၊
နိဗ္ဗာန-ဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၀။ ဂိမှာနံ၊ နွေလတို့၏။ (နွေလတို့တွင်လည်းဟူ)။ ပဌ
မသ္မိံဂိမှေ၊ ရှေးဦးစွာသော နွေလဖြစ်သော။ မာသေ၊ တန်
ခူးလ၌။ ဖုဿိတဂ္ဂေ၊ ပွင့်သောအခက်အဖျားရှိသော။ ဝနပ္ပ—
ဂုမ္ဗေ၊ တောအုပ်သည်။ သဿိရိကော၊ အသရေရှိသည်။
(ရှုချင်ဘွယ်ရှိသည်လည်းဟူ၊ ကြည်ညိုဘွယ် ရှိသည်လည်း
ဟူ။)ဟောတိယထာ ဖြစ်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ တထူ—
ပမံ-တထာဉပမံ၊ ထိုတောအုပ်လျှင် ဥပမာရှိသော။ နိဗ္ဗာ—
နဂါမိံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်ထသော။ ဓမ္မဝရံ၊ ခန္ဓာ,
အာယတန, ဓာတ်, သစ္စာ, ဈာန်ေ အစရှိသော ပွင့်သော
အခက်အလက်ရှိသော ပရိယတ္တိနှင့်တကွ ဆယ်ပါးသော
တရားတော်မြတ်ကို။ ပရမံဟိတာယ၊ မြတ်သောအစီးအပွါး

အကျိုး၄ါ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဒေသယိ၊ ဟောတော်မူပြီ။ ဗုဒ္ဓေ-ဗုဒ္ဓေသ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိ-ရတနံ – အယမ္ပိ ရတနဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ—ပဏီတော၊ မြတ်လှစွာ၏။ တံဝေ ဝစနံ၊ ထိုစကား သည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသ တည်း။

---

## အဝိပ္ပါယ်ရှင်းလင်းချက်

၄၀။ **ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ**ပုဒ်တို့၌ နဟောစံ ဝတ္တဗ္ဗေ အစရှိသောပုဒ်တို့၌ကဲ့သို့ ပဌမာသိဝိဘတ်ကို သျှာစ-သုတ်၌စသဒ္ဒါ ဖြင့်ဧ-ပြုလေသတည်း၊ နိကာယ၌ကား ပဌမာအနက်၌ သတ္တမီဝိဘတ် ဟူ၏။

ဝိဝိစ္စတိ ဇုတ္တိသဒ္ဒါဒိဟိ ဗျောတိဝနံ-ဟုဓာတွတ္ထဝိဂ္ဂဟ အဓိက ရဏသာဓနပြုအပ်၏။ ။ဗျောဋ္ဌာနေ၊ဤအရပ်၌။ဇုတ္တိသဒ္ဒါဒိဟိ၊မိန်းမ အသံအစရှိသည်တို့မှ။ ဝိဝိစ္စတိ၊ဆိတ်သုဉ်းတတ်၏။ ဇုတိ၊ထိုသို့ဆိတ် သုဉ်းရာဖြစ်သောသတ္တိကြောင့်။ ဗျောတိပဒေန၊ ဖြင့်။ နိဒ္ဒိဋ္ဌံ၊ ပြအပ် သော။ တံဌာနံ၊ သည်။ ဝနံ၊ ဝနမည်၏။ ဝန-ဓာတ်,' အ-ပစ္စည်း တည်း။

ပသိဒ္ဓေါ ဂုမ္ဗော ပဂုမ္ဗော။ ။ပသိဒ္ဓေါ၊ထင်ရှားသော။ဂုမ္ဗော၊ အစုအပေါင်းတည်း။ ပဂုမ္ဗော၊ ထင်ရှားသောအစုအပေါင်း။ တတိ ယက္ခရာ ဂ,တတိယက္ခရာ မ္ဗော-နှင့်ရွတ်အပ်၏။

ဝနဿ ပဂုမ္ဗော ဝနပ္ပဂုမ္ဗော။ ။ဝနဿ၊ တော၏။ ပဂုမ္ဗော၊ ထင်ရှားသော အစုအပေါင်းတည်း။ ဝနပ္ပဂုမ္ဗော၊ တော၏ထင် ရှားသောအစုအပေါင်း။

ဂိမှာန–၌ဆန်းသို့လိုက်၍ နိဂ္ဂဟိတလောပတည်း၊ဂိမန္တိပရိဠော ဟန္တိ သတ္တာ ဧတ္ထ ဧတေနာတိ ဝါ ဂိမှော။ ။ဖွင့်ကာလေ၊ဤကာလ၌။ ဝါ၊ ကား။ ဧတေနကာလေန၊ ထိုကာလဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဂိမန္တိပရိဠာ ဟန္တိ၊ ပူပန်တတ်ကုန်၏။ ဣတိ၊ ထိုသို့ပူပန် ရာပူပန်ကြောင်းဖြစ်သောသဘာကြောင့်။ သောကာလော၊ ထိုကာ လသည်။ ဂိမှော၊ ဂိမှမည်၏။ ဂိမ-ဓာတ်၊ ဝဇာဒိဟိ-သုတ်ကြီး ဖြင့် ပ-ပစ္စည်းသက်၊ အဆို့သော ကြောင့် ဂိမှာနပဉ္စသေ ဂိမ္ဟ-ဟု မှ-ဓွေဘော်နှင့်ပြု၏။ မဟုတ်မမှန်၊ ပရမ်ဟိတာဃ-၌ ဆန်းသို့ လိုက်၍ နိဂ္ဂဟိတာဂမတည်း။

---

၄၁။ ဝရော ဝရညူ ဝရ-ဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မ-ဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ ဝရော၊ သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံသည်ဖြစ်၍မြတ်စွာ ထသော။ ဝရညူ၊ မြတ်သောနိဗ္ဗာန်ကို သိတော်မူတတ်သ သော။ ဝရဒေါ၊ လူနတ်တို့အား မြတ်သောကောင်းကျိုးချမ်း သာကို ပေးတော်မူတတ်ထသော။ ဝရာဟရော၊ မြတ်သော အရဟတ္တ မဂ်မိုလ်ကို ဆောင်တော်မူတတ်ထသော။ အနုတ္တ ရော၊ လောကသုံးပါးတို့ထက် ကဲလွန်သော ဂုဏ်ရှိတော်မူ သော မြတ်စွာဘုရားသည်။ ဓမ္မဝရံ၊ သွာက္ခာတော–အစရှိ သော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော မဂ် လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိဟု ဆိုအပ်သော မြတ်သောဆယ်ပါးသောတရားတော်ကို။ အဒေသယိ၊ ဟော တော်မူပြီ။ ဗုဒ္ဓေ–ဗုဒ္ဓသ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိရတနံ– အယမ္ပိ ရတနဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ–

ပဏီတော၊ မြတ်လှစွာ၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာ လျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့မှန်သောသစ္စာ စကားကြောင့်။ ပါဏီနံ ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာ ခြင်း,ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ
ဝိ-ရတ္တ-စိတ္တာ-ယတိကေ ဘဝသ္မိံ။
တေ ခီဏ-ဗီဇာ အ-ဝိရူဠှိ-ဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

[နဝံနတ္ထိ-ဟုရှိလိုလျက် ဆန်းသို့လိုက်၍ နိဂ္ဂဟိတ်ကိုချေ၍ နဝနတ္ထိ-ဟုရှိလေသတည်း၊ ဝိရတ္တစိတ္တာ ယတိကေကို (ဝိရတ္တစိတ္တာ+အာယတိကေ) ဟု ပုဒ်ဖြတ်၊ ယထာယံကို (ယထာ+အယံ)ဟု ပုဒ်ဖြတ်၊ ယဘာ၌ ဆန်းသို့လိုက်၍ အာ ကို အရဿပြုလေသတည်း။]

၄၂။ ယေသံ ခီဏာသဝါနံ၊ အကြင် ရဟန္တာပုဂ္ဂိုလ်တို့ အား။ ပုရာဏံ၊ ရှေးကံဟောင်းသည်။ ခီဏံ၊ ကုန်လေပြီ။ နဝံသမ္ဘဝံ၊ အသစ်ဖြစ်သောကုသိုလ်ကံ, အကုသိုလ်ကံသည်။ နတ္ထိ—နတ္ထိဝေ၊ မရှိသည်သာလျှင်ကတည်း။ တေ-ခီဏာသဝါ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ အာယတိကေ ဘဝသ္မိံ၊ လာ လတ္တံ့သော အနာဂတ်ဘဝသစ်၌။ ဝိရတ္တစိတ္တာ၊ တပ်ခြင်း ကင်းသော စိတ်ရှိတော်မူကုန်၏။ ခီဏဗီဇာ၊ ကုန်ပြီးသော ပဋိသန္ဓေဟူသော မျိုးစေ့ရှိတော်မူကုန်၏။ အဝိရူဠှိဆန္ဒာ၊

ဝင့်ကြွတင့်တယ်ခြင်းကင်းသော ဆန္ဒရှိတော်မူကုန်၏။ (မစည်ပင်သော ဆန္ဒရှိတော်မူကုန်၏လည်းဟူ။) အယံ-ပဒီပေါ၊ ဤဆီမီးသည်။ ဇမ္ဗုဒီပ အဖို့တော်ယထာ၊ ငြိမ်းသကဲ့သို့၊ ဧဝံ၊ ထို့အတူ။ ဓီရာ၊ မြော်မြင်သော ပညာရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ နိဗ္ဗန္တိ၊ ... ငြိမ်းတော်မူကုန်၏၊ သံဃေ--သံဃာ၊ ရဟန္တာပုဂ္ဂိုလ် သံဃာတော်၌။ ဣဒမ္ပိရတနံ—အယမ္ပိရတန ဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ-ပဏီတော၊ မြတ်... ၏။ ဧတေန ဝစနာ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ... ဧတေန သစ္စေန၊ ထိုသို့ မှန်သော သစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်း ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ-မနုဿ-ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။
[ယာနီဓကို(ယာနိ+ဣဓ)ဟုပုဒ်ဖြတ်။]

၄၃။ ဣဓ၊ ဤပရိတ်ရွတ်ရာအရပ်သို့။ ဓမ္မဿဝနတ္ထာယ၊ တရားတော်နာအံ့သောငှါ။ ယာနိ ဘူတာနိ၊ အကြင်နတ်တို့ သည်။ သမာဂတာနိ၊ အညီအညွတ် စည်းဝေး လာကုန်၏။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိဝါ၊ အကြင် ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, အိမ် စောင့်နတ်, စာတုမဟာရာဇ်, ဘာဝတိံသာ နတ်တို့သည် လည်းကောင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ဌိတာနိ၊

တည်ကုန်သော။ ယာနိ ဘူတာနိဝါ၊ အကြင် စာတုမဟာ ရာဇ်, တာဝတိံသာ, ယာမာ-အစရှိသော နတ်ပြည်ခြောက် ထပ်, ဗြဟ္မာ့ပြည် တိုင်အောင်သော နတ်တို့သည်လည်း ကောင်း။ ဓမ္မဿဝနတ္ထာယ၊ တရားနာအံ့သောငှါ။ သမာ ဂတာနိ၊ အညီအညွတ် စည်းဝေးလာကုန်၏။ သဗ္ဗေ၊ ခပ် သိမ်းကုန်သော။ တေ-မယံ၊ ထိုနတ်အပေါင်းဖြစ်ကုန်သော ငါတို့သည်။ တထာဂတံ၊ ဝိပဿီ အစရှိသော ရှေးဘုရား တို့ကဲ့သို့ လာခြင်းကောင်းတော် ရှိထသော။ ဒေဝမနုဿ ပူဇိတံ၊ နတ်, လူတို့သည် ပူဇော်အပ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ နမဿာမ၊ ရှိခိုးပါကုန်၏။ တေန-နမဿနာနု ဘာဝေန၊ ထိုသို့ရှိခိုးရခြင်း အာနုဘော်ကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၄၄။ ယာနီ-ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ-ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ဣဓ၊ သို့။ ဓမ္မဿဝနတ္ထာယ၊ ငှါ။ ယာနိဘူတာနိ၊ တို့သည်။ သမာဂတာနိ၊ ကုန်၏။ ဘုမ္မာနိ၊ ကုန်သော။ ယာနိ ဘူတာနိဝါ၊ ကောင်း။ အန္တလိက္ခေ၊ ၌။ ဌိတာနိ၊ ကုန်သော။ ယာနိ ဘူတာနိဝါ၊ ကောင်း။ ဓမ္မဿဝနတ္ထာယ၊ ငှါ။ သမာဂတာနိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ-မယံ၊ တို့သည်။ တထာဂတံ၊ မချွတ်မယွင်း ကိလေသာကို ပယ်

သော အခြင်းအရာနှင့် ဖြစ်သော မြတ်စွာဘုရားတို့သည် ကောင်းစွာ ဟောတော်မူအပ်ထသော။ ဒေဝ မနုဿပူဇိတံ၊ လူနတ်တို့သည် ပူဇော်အပ်ထသော။ ဓမ္မံ၊ ဆယ်ပါးသော တရားတော်ကို။ နမဿာမ၊ ရှိခိုးပါကုန်၏။ ဧတေန နမဿနာနုဘာဝေန၊ ထိုသို့ရှိခိုးရခြင်း အာနုဘော်ကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ-မနုဿ-ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

၄၅။ ဣဓ၊ သို့။ ဓမ္မသံဝနတ္ထာယ၊ ၄ါ။ ယာနိဘူတာနိ၊ တို့သည်။ သမာဂတာနိ၊ ကုန်၏။ ဘုမ္မာနိ၊ ကုန်သော။ ယာနိ ဘူတာနိဝါ၊ ကောင်း။ အန္တလိက္ခေ၊ ၌။ ဌိတာနိ၊ ကုန်သော။ ယာနိ ဘူတာနိဝါ၊ ကောင်း။ ဓမ္မဿဝနတ္ထာယ၊ ၄ါ။ သမာဂတာနိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ ဧတေ-မယံ၊ ထိုနတ်အပေါင်း ဖြစ်ကုန်သော ငါတို့သည်။ တထာဂတံ၊ မချွတ်မယွင်း ဓမ္မာနုဓမ္မပဋိပတ္တိကို ကောင်းစွာ ကျင့်တော်မူတတ်ထသော။ ဒေဝမနုဿပူဇိတံ၊ နတ်လူတို့သည် ပူဇော်အပ်ထသော။ သံဃံ၊ ပရမတ္ထသံဃာတော်, သမ္မုတိသံဃာတော်ကို။ နမဿာမ၊ ရှိခိုးပါကုန်၏။ ဧတေန နမဿနာနုဘာဝေန၊ ထိုသို့ရှိခိုးရသော အာနုဘော်ကြောင့်။ ပါဏီနံ၊

သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်း သည်။ ဟောတု၊ ဖြစ်စေသတည်း။

ရတနသုတ္တံ၊ ရတနသုတ်သည်
နိဋ္ဌိတံ၊ ပြီးပြီ။

---

## အမိပ္ပါယ်ရှင်းလင်းချက်

၄၅။ ဘူတသဒ္ဒါသည် ပဉ္စက္ခန္ဓအနက်, အမနုဿ အနက်, ဓာတုအနက်, ဝိဇ္ဇမာနအနက်, ခီဏာသဝအနက်, သမအနက်, အတီတ အနက်, ပဏ္ဍအနက်, ဇာတအနက်, သတ္တဝါအနက်, ရုက္ခအနက် အစရှိသော များစွာသော အနက်တို့တွင် ဤအရာ၌ အမနုဿအနက်, သတ္တဝါအနက်တို့၌ဖြစ်၏။

### တထာဂတအနက် ၈-ပါး

**တထာဂတ်**-ဟူသောပုဒ်၌ ရှစ်ပါးသော အနက်တို့ကြောင့် တထာဂတမည်၏၊ ရှစ်ပါးဟူသော်ကား—

တထာဂတောတိ အဋ္ဌဟိ ကာရဏေဟိဘဂဝါ တထာဂတော တိဝုစ္စတိ၊ တထာ အာဂတောတိ တထာဂတော၊ တထာဂတော တိတထာဂတော၊ တထလက္ခဏံ အာဂတောတိ တထာဂတော၊ တထဓမ္မေ ယာထာဝတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော၊ တထဒဿိတာယ တထာဂတော၊ တထဝါဒိတာယ တထာ ဂတော၊ တထာကာရိတာယ တထာဂတော၊ အဘိဘဝနဋ္ဌေန တထာဂတောတိ။

၁။ ဝိပဿီအာဒယော၊ဝိပဿီအစရှိကုန်သော မြတ်စွာဘုရား တို့သည်။အာဂတာယထာ၊မေတ္တာမိမဏ္ဍိုင်သို့ ကောင်းစွာလာတော် မူကုန်သကဲ့သို့။တထာ၊ ထို့အတူ။ အာဂတော၊ မေတ္တာမိမဏ္ဍိုင်သို့

ကောင်းစွာလာတော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ သောဘဂဝါ ထိုမြတ်စွာဘုရားသည်။ တထာဂတော၊ တထာဂတမည်တော်မူ၏။

၂။ ဝိပဿီအာဒယော၊ ဝိပဿီအစရှိကုန်သော မြတ်စွာဘုရားတို့သည်။ သမ္ပတိဇာတော၀၊ ဘွားတော်မူစကသာလျှင်။ ဂတာ ယထာ၊မြောက်သို့ ရှေး၍ မျက်နှာမူ၍ သွားကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဂတော၊မြောက်သို့ရှေး၍ မျက်နှာမူ၍ သွားတော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တထာဂတော၊ တထာဂတမည်တော်မူ၏။

၃။ ယော-ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ တထလက္ခဏံ၊ မချွတ်မယွင်းသော ခန္ဓာ,အာယတန,ဓာတ်အစရှိသောဓမ္မတို့၏ ရာသဘောအစရှိသော လက္ခဏာသို့။ အာဂတော၊ ရောက်တော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တထာဂတော၊ မူ၏။

၄။ ယော-ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ တထဓမ္မေ၊ မချွတ်မယွင်းသော သစ္စာလေးပါးတရားတို့ကို။ ယာထာဝတော၊ မဘောက်မပြန်သော အားဖြင့်။ အဘိသမ္ဗုဒ္ဓေါ၊ ကောင်းစွာသိတော်မူပြီ။ ဣတိ၊ထို့ကြောင့်၊ သောဘဂဝါ၊သည်။တထာဂတော၊ မူ၏။

၅။ တထဒဿိတာယ၊ မချွတ်မယွင်း မြင်တော်မူတတ်သောကြောင့်လည်း။ သောဘဂဝါ၊သည်။ တထာဂတော၊ မူ၏။

၆။ တထဝါဒိတာယ၊ မချွတ်မယွင်း ဆိုတော်မူတတ်သောကြောင့်လည်း။ သော ဘဂဝါ၊သည်။တထာဂတော၊မူ၏။

၇။ ဝစီကမ္မံယထာ၊ ဝစီကံကဲ့သို့။ တထာ၊ ထို့အတူ။ ကာရိတာယ၊ ကာယကံကို ပြုတော်မူတတ်သောကြောင့်လည်း။ သောဘဂဝါ၊သည်။ 'တထာဂတော၊ မူ၏။

၈။ အဘိဘဝနဋ္ဌေန၊ အလုံးစုံသော လောကသုံးပါးတို့ကိုနှိမ်နင်းလွှမ်းမိုးတော်မူနိုင်သော အနက်ကြောင့်လည်း။သော-ဘဂဝါ၊ သည်။ တထာဂတော၊ တထာဂတမည်တော်မူ၏။

[ဤသည်ကား အကျဉ်းတည်း၊ အကျယ်ကိုကား **သုတ်**သီလက္ခန် အဋ္ဌကထာ,မူလပဏ္ဏာသအဋ္ဌကထာတို့၌ ကြည့်ရှုယူအပ်၏။]

**မဂ်ဖိုလ်ရသူ** ။ဤရတနသုတ်ပရိတ်တော်ကိုဟောတော်မူသော အဆုံး၌ အဘယ်မျှသောသတ္တဝါတို့သည် မဂ်ဖိုလ် ရကြလေကုန် သနည်း ဟူမူကား — ဒေသနာ ပရိယောသာနေ သဗ္ဗုပဒ္ဒဝါ ဝူပ သမိံသု၊ စတုရာသီတိပါဏသဟဿာနံ ဓမ္မာ ဘိ သ မ ယော အဟောသိ-ဟု အဋ္ဌကထာ၌ မိန့်အပ်သောကြောင့် ရှစ်သောင်း လေးထောင်သော လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့သည် မဂ်ဖိုလ်ရကြ လေကုန်၏-ဟူလိုသော်။

**ရတနသုတ်ပြီး၏။**

# ၃-မေတ္တသုတ်

၄၆။ ယဿာ-နုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘိံသနံ။
ယမှိ စေဝါ-နုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ-မတန္ဒိတော။

၄၇။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ-ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၄၆။ ယဿ-ပရိတ္တဿ၊ အကြင်မေတ္တသုတ်ပရိတ်တော်၏။ အာနုဘာဝတော၊ အရှိန်အစော် အာနုဘော်ကြောင့်။ ယက္ခာ၊ ရုက္ခစိုးနတ်ဘီလူးတို့သည်၊ ဘိံသနံ၊ ကြောက်မက်ဖွယ်သောအရုပ်,အဆင်း,အသံ, အနံ့တို့ကို။ နေဝဒဿေန္တိ၊ မပြဝံ့ကုန်။ ယမှိစေဝ၊ အကြင်မေတ္တသုတ် ပရိတ်တော်ကိုသာလျှင်။ အတန္ဒိတော၊ မပျင်းသည်ဖြစ်၍။ တနည်းကား— မလျော့သောဝီရိယရှိသည်ဖြစ်၍။ ရတ္တိန္ဒိဝံ၊ ညဉ့်,နေ့ပတ်လုံး။ အနုယုဉ္ဇန္တော၊ လုံ့လနှေညပြု၍ သရဇ္ဈာယ်သော သူသည်။-

၄၇။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုတ္တော စ၊ အိပ်ပျော်သော်လည်း။ ကိဉ္စိ၊ တစုံတခုသော။ ပါပံ၊ ကြောက်မက်ဖွယ်သော မကောင်းသော အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။ ဧဝမာဒိဂုဏူပေတံ၊ ဤသို့ အစရှိသော ဂုဏ်

ကျေးဇူးနှင့် ပြည့်စုံသော။ တံပရိတ္တံ၊ ထိုမေတ္တသုတ် ပရိတ်တော်ကို။ ဟော၊ အိုး—သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၄၆။ ယဿာနုဘာဝတော ကို (ယဿ+အာနုဘာဝတော) ဟု ပုဒ်ဖြတ်၊ ရက္ခိန္တိဝမတန္ဒိတော ကို (ရက္ခိန္တိဝံ+အတန္ဒိတော) ဟုပုဒ်ဖြတ်၊ တန္တိ သိထိလစိရိယံ ကရောတီတိ တန္ဒိတော။ ။ယော ဇနော၊ အကြင်သူသည်။ တန္တိ သိထိလစိရိယံ ကရောတိ၊ လျော့သော ဝီရိယကိုပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော-ဇနော၊ ထိုသူသည်။ တန္ဒိတော၊ တန္ဒိတမည်၏။ တန္ဒ-ခါတ်,တ-ပစ္စည်း,ဣ-အာဂုမ်၊ န တန္ဒိတော အတန္ဒိတော-ဟုပြု။

### မေတ္တသုတ်အဋ္ဌုပ္ပတ္တိ

ဤမေတ္တသုတ်ပရိတ်တော်ကိုအဘယ်သူဟောသနည်း၊ အဘယ်ပြည်၌ဟောတော်မူသနည်း၊ အဘယ်ဝတ္ထုကိုအကြောင်းပြု၍ဟောတော်မူသနည်း၊ ဤသုံးပါးသော ပုစ္ဆာတို့ကိုထုတ်အပ်ကုန်၏၊ ထိုသုံးပါးသောပြဿနာတို့တွင်—

၁။ အဘယ်သူဟောသနည်း-ဟူသောပဌမပြဿနာ၌ အဖြေသော်ကား— ဤမေတ္တသုတ် ပရိတ်တော်ကို နတ်လည်း မဟော၊ အသီတိသာဝကတို့တွင် တပါးပါးတို့သည်လည်း ဟောတော်မမူကုန်၊ မြတ်စွာဘုရားဟောတော်မူသတည်း။

၂။ အဘယ်ပြည်၌ဟောတော်မူသနည်း-ဟူသောဒုတိယပြဿနာ၌ အဖြေသော်ကား—ဤမေတ္တသုတ်ပရိတ်တော်ကို ရာဇဂြိုဟ်ပြည်၌လည်းမဟော၊ ဝေသာလီပြည်၌သည်း မဟော၊ကောသမ္ဗီပြည်၌လည်းမဟော၊ သာဝတ္ထိပြည်၌ဟောတော်မူပါသတည်း။

၃။ အဘယ်ဝတ္ထုကို အကြောင်းပြု၍ဟောတော်မူသနည်း- ဟူသောတတိယပြဿနာ၌ အဖြေသော်ကား-ဝါဆိုအံ့သောကာလ

နီးသောအခါ၌ငါးရာသောရဟန်းတို့သည် မြတ်စွာဘုရား၏အထံ၌ ကမ္မဋ္ဌာန်းတို့ကိုယူကုန်၍တောဆောက်တည်အံ့သောငှါဟိမဝန္တာ တော၏အနီး တောရွာသို့သွားကုန်၍ ရွာငယ်တခုကို ဆွမ်းခံရွာ အမှီပြု၍ တောဆောက်တည်၍ နေကြကုန်၏၊ ထိုရွာသားတို့သည် လည်း သဒ္ဓါကြည်ညိုလေးမြတ်ကုန်သည်ဖြစ်၍ ကျောင်းငယ်ငါးရာ ဆောက်ကုန်၍ ဆွမ်းလုပ်ကျွေးကြကုန်၏၊ ထိုရဟန်းငါးရာတို့သည် ''စကားမပြောကြကုန်အံ့၊ကမ္မဋ္ဌာန်းကိုသာအားထုတ်ကြကုန်အံ့'' ဟုသစ်တပင်စီယူ၍ အောက်၌သာ နေ့၌နေ၍ ကမ္မဋ္ဌာန်းစီးဖြန်းကြကုန်၏။

သီလရှိသောရဟန်း သစ်ပင်အောက်၌နေသောအခါ၌ ထိုသစ်ပင်ကိုမှီ၍နေသောရုက္ခစိုးနတ်တို့သည် သစ်ပင်ထက်၌ မနေဝံ့ကုန်၍ သားငယ်တို့ကို ယူကုန်၍ အောက်သို့သက်၍ နေကြကုန်၏၊ ''ဤရဟန်းတို့သည် အဘယ်ကာလ သွားကြပါကုန်အံ့နည်းဟု'' သစ်ပင်နှင့် မနီးမဝေးအရပ်က ငံ့လင့်၍ နေကြကုန်၏၊ ''ဤရဟန်း တို့ကို ဤတောအရပ်၌ မနေဝံ့အောင် ကြောက်မက်ဖွယ်သော အရုပ်, အဆင်း, အသံ, အနံ့တို့ကိုပြကုန်အံ့'' ဟု ရုက္ခစိုးနတ်တို့ ကြံကြကုန်၍ ကြောက်မက်ဖွယ်သော အရုပ်အဆင်းတို့ကို ညဉ့်အခါ ၌ပြကုန်၏၊ အိပ်မက်တို့ကို မက်စေကုန်၏၊ ကြောက်မက်ဖွယ်သော အသံတို့ကို ကြားစေကုန်၏၊ မကောင်းသောအနံ့တို့ကို လှိုင်စေ ကုန်၏။

ထိုအခါ၌ ထိုရဟန်းငါးရာတို့ နှလုံးထိတ်လန့်ကုန်၍ မအိပ်နိုင် မစားနိုင် ကြုံလှီ၍ရှိကြကုန်၏၊ စိတ်မတည်ကြည်သောကြောင့် ကမ္မဋ္ဌာန်းကို အားမထုတ်နိုင်ကုန်၊ ထိုအခါ၌ ထိုရဟန်းငါးရာတို့သည် နှလုံးထိတ်လန့်ကုန်၍ ဝါဆိုပြီးသောပဌမဝါကိုဖျက်ကုန်၍ ဒုတိယ ဝါကိုမှဝါသို့ကပ်ကြကုန်အံ့ဟု မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိ ပြည်သို့သွားလေကုန်၏၊ မြတ်စွာဘုရားလည်း ''ဝါတွင်းကိုသင်တို့ အဘယ့်ကြောင့် ဒေသစာရီ သွားကြကုန်သနည်း''ဟု မိန့်တော် မူ၏၊ ထိုရဟန်းတို့လည်း ထိုသို့သော ဘေးရန်ဥပဒ် ရှိကြောင်းကို လျှောက်ကြကုန်၏။

မြတ်စွာဘုရားလည်း ဤသို့ဆင်ခြင်တော်မူ၍၊ ''ဤရဟန်းတို့သည် ဤနေရာ၌ပင်လျောက်ပတ်ကုန်၏၊ ဤတရား၌ပင် အာသဝေါကုန်ခြင်းသို့ရောက်ကုန်လတ္တံ့၊ တပါးသောအရပ်သို့ပြောင်းကြကုန်သဖြင့် မလျောက်ပတ်ကုန်''ဟု ဆင်ခြင်တော်မူ၍ မေတ္တာသုတ်ပရိတ်ကို ထိုရဟန်းတို့အား ဟောတော်မူ၍ ရအောင်လေ့ကျက်စေ၍''သင်တို့ နေရာဟောင်းသို့ပြန်၍ ဒုတိယဝါသို့ ကပ်လေကုန်၊ ဤပရိတ်ကို နေ့ညဉ့်မပြတ် ရွတ်ဆိုကြကုန်''ဟု မိန့်တော်မူ၏၊ ထိုရဟန်းငါးရာတို့သည်လည်း အမိန့်တော်အတိုင်း နေမြဲကျောင်းသို့ပြန်ကုန်၍ ဒုတိယဝါကပ်၍ ပရိတ်တော်ကို နေ့ညဉ့်မပြတ်ရွတ်ကြကုန်၏။

ရုက္ခစိုးနတ်တို့သည်လည်း မေတ္တာသက်ကြကုန်၍ ချစ်လေးမြတ်သောစိတ်ဖြစ်ကြကုန်၍ ကြောက်မက်ဖွယ်သော အရုပ်, အဆင်း, အသံ,အနံ့တို့ကို မပြကြကုန်ပြီ၊ထိုရုက္ခစိုးနတ်တို့သည် ရဟန်းတို့ကို မြတ်နိုး ရိုသေကုန်သည်ဖြစ်၍ ကျောင်းတသင်းတို့၌ တံမြက်လှည်းကြကုန်၏၊သောက်ရေ,သုံးဆောင်ရေ တည်ထားကြကုန်၏၊ ဘေးဥပဒ်မရှိရအောင်စောင့်ရှောက်ကြကုန်၏၊ ထိုရဟန်းငါးရာတို့သည်လည်း တည်ကြည်ရှင်လန်းသောစိတ်ရှိကြကုန်သည်ဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်းကိုပွားစေကုန်၍ ထိုဝါတွင်း၌ပင်လျှင် ထိုရဟန်းငါးရာတို့သည် တထောင့်ငါးရာ ကိလေသာတို့ကို အရဟတ္တမဂ်ဖြင့် သတ်ကုန်၍ အရဟတ္တဖိုလ်သို့ရောက်ကုန်၍ ရဟန္တာချည်းဖြစ်ကြကုန်၏၊ ဤသည်ကား-တဘိယပြဿနာ၏ အဖြေတည်း။

---

**အနုသန္ဓေ။** ။မေတ္တာကို ပွားစေခြင်း၏ ရှေးအဘို့ဖြစ်သော သမာစာရ အကျင့် တဆယ့်ငါးပါး တို့ကိုဌင်း, မေတ္တာ ပွားစေရာသော အခြင်း အရာကိုဌင်း ပြတော်မူလိုသော မြတ်စွာ ဘုရားသည် ''ကရဏီယ မတ္ထကုသလေန၊ ပ။ ဘဝန္တု၊ သုခိတတ္တာ'' ဟူသော ဒေသနာတော်ကို ဟောတော်မူအပ်၏။

၄၈။ ကရဏီယမတ္ထ-ကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သု-ဟုဇူ စ၊
သု-ဝစော စဿ မုဒု အနတိမာနီ။

၄၉။ သန္တုဿကော စ သု-ဘရော စ၊
အပ္ပ-ကိစ္စော စ သလ္လဟုက ဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွနနုဂိဒ္ဓေါ။

၅၀။ နစ ခုဒ္ဒမာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ။

၄၈။ သန္တံ၊ ငြိမ်းချမ်းမှုစွာသော။ ယံပဒံ၊ အကြင်မသေခြင်း၏အကြောင်းဖြစ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ကိုမသေခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဘိသမေစ္စ၊ အာရုံပြုသောအားဖြင့် ရှေးရှုပညာဖြင့်ကပ်၍။ ဝိဟရိတုကာမေန၊ နေခြင်းငှါအလိုရှိသော။ အတ္ထကုသလေန၊ မဂ်ဖိုလ်အကျိုး၌ လိမ်မာသောရဟန်းသည်။ တနည်းကား— အတ္ထကုသလေန၊ လောကီအကျိုး, လောကုတ္တရာအကျိုး၌ လိမ်မာသောရဟန်းသည်။ တနည်းကား—အတ္ထကုသလေန၊ မျက်မှောက်အကျိုး, တမလွန်အကျိုး၌ လိမ်မာသောရဟန်းသည်။ ဘာဝနာကမ္မံ၊ သမထ, ဝိပဿနာ ဘာဝနာအမှုကို။

ကရဏီယံ၊ ပြုအပ်၏။ တနည်းကား—ကရဏီယံ၊ အားထုတ်အပ်၏။ [ဤသို့ပါဌ်သေသနှင့်တကွ ယောဇနာလေ။] သက္ကောစ၊ စွမ်းနိုင်သည်လည်းကောင်း။ ဥဇုစ၊ ဖြောင့်သောကိုယ်, နှုတ်, စိတ်ရှိသည်လည်းကောင်း။ သုဟုဇုစ၊ အလွန်ဖြောင့်သော သုံးပါးသော ကောက်ခြင်းကင်းသော နှလုံးရှိသည်လည်းကောင်း။ သုဝစောစ၊ ဆိုဆုံးမလွယ်သည်လည်းကောင်း။ အဿ—ဘဝေယျ၊ ဖြစ်ရာ၏။ [သုဝစောစဿကို (သုဝစောစ+အဿ)ဟု ပုဒ်ဖြတ်။]မုဒုစ၊ နူးညံ့သောကိုယ်, နှုတ်, စိတ်ရှိသည်လည်းကောင်း။ အနတိမာနီစ၊ မာန်မာနထက်ခြင်းမရှိသည်လည်းကောင်း။—

၄၉။ သန္တုဿကောစ၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်သည်လည်းကောင်း။ သုဘရောစ၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်သည်ဖြစ်၍ ဒါယကာတို့ မွေးမြူလွယ်သည်လည်းကောင်း။ အပ္ပကိစ္စောစ၊ နည်းသောနဝကမ္မကိစ္စရှိသည်လည်းကောင်း။ သလ္လဟုကဝုတ္တိစ၊ ကိစ္စနည်းသည်ဖြစ်၍ ပေါ့သော အသက်မွေးခြင်း ရှိသည်လည်းကောင်း။ အဿ—ဘဝေယျ၊ ဖြစ်ရာ၏။ သန္တိန္ဒြိယောစ၊ ငြိမ်သက်သောကိုယ်ဣန္ဒြေ, နှုတ်ဣန္ဒြေ ရှိသည်လည်းကောင်း။ နိပကောစ၊ ရင့်သော သမထပညာ, ဝိပဿနာ ပညာရှိသည်လည်းကောင်း။ အပ္ပဂဗ္ဘောစ၊ ကိုယ်၏ကြမ်းတမ်းခြင်း, နှုတ်၏ကြမ်းတမ်းခြင်း မရှိသည်လည်းကောင်း။ ကုလေသု၊ ဒါယကာတို့၌။ အနနုဂိဒ္ဓေါစ၊ မက်မောခြင်း မရှိသည်လည်းကောင်း။ အဿ—ဘဝေယျ၊ ဖြစ်ရာ၏။ (ဤသို့ အဿပုဒ်ကို လိုက်စေအပ်၏။)

၅၀။ ယေန-ပါပကမ္မေန၊ အကြင် မကောင်းသော အမူအကျင့်ကြောင့်။ ပရေ၊ တပါးကုန်သော။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကုန်ရာ၏။ တံပါပကမ္မံ၊ ထိုမကောင်းသော အမူအကျင့်ကို။ ခုဒ္ဒံ၊ အနည်းငယ် ဖြစ်သော်လည်း။ ကိဉ္စိ၊ စိုးစဉ်းမျှ။ နစအာစရေ၊ လွန်ကျူး၍ မကျင့်ရာ။ သဗ္ဗသတ္တာ၊ ခပ်သိမ်းသော သတ္တဝါတို့သည်။ တနည်းကား-သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ အာရုံငါးပါးတို့၌ ကပ်ငြိတတ်ကုန်သော သတ္တဝါတို့သည်။ သုခိနောဝါ၊ ချမ်းသာကုန်သည် လည်းကောင်း။ ခေမိနောဝါ၊ ဘေးငြိမ်း ကုန်သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း၊ သုခိတတ္တာ၊ ချမ်းသာသော စိတ်ရှိကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

[အချို့သောစာ၌ ကုလေသွနနုဂိဒ္ဓေါ—ဟု ရှိ၏၊ (ကုလေသု+အနနုဂိဒ္ဓေါ ဟု ပုဒ်ဖြတ်၊ အချို့စာ၌ ကုလေသုအနနုဂိဒ္ဓေါ—ပင်ရှိ၏။ ရှိသင့်သည်ချည်းပင်။ အချို့သောစာ၌ နစခုဒ္ဒံ သမာစရေ-ဟုရှိ၏၊ သမာစရေကို (သံ+အာစရေ) ဟု ပုဒ်ဖြတ်၊ သံ-သဒ္ဒါသည် သမ္မာဟဝိနောဒနီ ပုဒ်၌ သံ-သဒ္ဒါကဲ့သို့ အတိရေက အနက်ကို ဟော၏၊ အချို့သောစာ၌ နစခုဒ္ဒမာစရေ-ဟု ရှိ၏၊ (ခုဒ္ဒံ+အာစရေ) ဟု ပုဒ်ဖြတ်၊ နှစ်တွေ့ပင် ရှိသင့်၏၊ ဂါထာဆန်းနည်းသည် ကျယ်ဝန်း လှသည် ဖြစ်သောကြောင့် တနည်းနှင့် မသင့်သော်လည်း တနည်းနှင့် သင့်လေသတည်း၊ ထို့ကြောင့် ပါဠိတော်ကို ဆန်းမစစ်သင့်ဟု ဆရာကြီးတို့ ဆိုတော်မူကုန်၏၊ ဤအရာ၌ အတ္တသဒ္ဒါ စိတ်ကို

ဟော၏၊ သဗ္ဗေ သတ္တာ ဘဝန္တု-ဟူ၍လည်း စာရှိကြ၏၊ ရှိသင့်သည်ချည်းပင်။]

---

**အနုသန္ဓေ။** "ဤသို့လျှင် မေတ္တာကို ပွားစေခြင်း၏ ရှေ့အဘို့ ပုဗ္ဗဘာဂကာလ၌ သူတော်ကောင်းတို့၏ အကျင့် သမာစာရ တဆယ့်ငါးပါးကို လည်းကောင်း, မေတ္တာကို ပွားစေရာသော အခြင်း အရာကိုလည်းကောင်း ပြတော်မူပြီး၍ ယခုအခါ၌ မေတ္တာ ပွါးအပ်သော သတ္တဝါအပြား တဆယ့်ခုနစ်ပါးတို့ကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "ယေကေစိပါဏဘူတတ္ထိ။ ပ။သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ" ဟူသော ဓမ္မဒေသနာတော်ကို ဟောတော်မူအပ်၏။

၅၁။ ယေ ကေစိ ပါဏ-ဘူတတ္ထိ၊
တသာဝါ ထာဝရာဝ-နဝသေသာ။
ဒီဃာဝါ ယေဝ မဟန္တာ
မဇ္ဈိမာ ရဿကာ အဏုက ထူလာ။

၅၂။ ဒိဋ္ဌာဝါ ယေဝ အ-ဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အ-ဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။

၅၁။ ယေကေစိ၊ အလုံးစုံကုန်သော။ အနဝသေသာ၊ အကြွင်းမရှိကုန်သော။ ပါဏာ၊ ဇီဝိတိန္ဒြေ ရှိကုန်သော။ ဘူတာဝါ၊ သတ္တဝါတို့သည် လည်းကောင်း။ တနည်းကား-

ယေကေစိ၊ အလုံးစုံကုန်သော။ အနဝသေသာ၊ အကြွင်းမရှိကုန်သော။ ပါဏာဝါ၊ ထွက်သက် ဝင်သက် ရှိကုန်သော ကာမပဉ္စဝေါကာရ သတ္တဝါတို့သည်လည်းကောင်း။ ဘူတာဝါ၊ ထင်ရှားဖြစ်ကုန်သော ရူပ, အရူပ သတ္တဝါတို့သည်လည်းကောင်း။ [ဘူတတ္ထိကို (ဘူတာ+အတ္ထိ) ဟု ပုဒ်ဖြတ်၊ ရှေးနည်းဖြင့် ပါဏာဝေ ဘူတာ ပါဏာဘူတာ-ဟု အဋ္ဌကထာ၌ မိန့်အပ်၏။] တသာဝါ၊ တဏှာရှိသည်ဖြစ်၍ လန့်တတ် ကုန်သော သတ္တဝါတို့သည် လည်းကောင်း။ ထာဝရာဝါ၊ ကမ္ဘာပတ်လုံး အမြဲတည်သော သတ္တဝါတို့သည်လည်းကောင်း။ ဒီဃာ၊ ရှည်သောကိုယ် ရှိကုန်သော။ ယေ သတ္တာဝါ၊ အကြင် သတ္တဝါတို့သည် လည်းကောင်း။ မဟန္တာ၊ ကြီးသော ကိုယ်ရှိကုန်သော။ ယေ သတ္တာဝါ၊ အကြင် သတ္တဝါတို့သည် လည်းကောင်း။ မဇ္ဈိမာ၊ အလတ်သောကိုယ်ရှိကုန်သော။ ယေ သတ္တာဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ရဿကာ၊ တိုသောကိုယ်ရှိကုန်သော။ ယေ သတ္တာဝါ၊ အကြင်သတ္တဝါတို့သည် လည်းကောင်း။ အဏုကာ၊ ငယ်ကုန်သော သိမ်မွေ့နူးညံ့သောကိုယ်ရှိကုန်သော။ ယေ သတ္တာဝါ၊ အကြင်သတ္တဝါတို့ သည်လည်းကောင်း။ ထူလာ၊ ရုန့်ရင်း ကြမ်းတန်းသော ကိုယ်ရှိကုန်သော။ ယေ သတ္တာဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။—

၅၂။ ဒိဋ္ဌာ၊ ပသာဒစက္ခုဖြင့် မြင်ကောင်းကုန်သော။ ယေ သတ္တာဝါ၊ အကြင်သတ္တဝါတို့သည် လည်းကောင်း။ အဒိဋ္ဌာ၊ ပသာဒစက္ခုဖြင့် မမြင်စကောင်း ကုန်သော။ ယေ သတ္တာဝါ၊ အကြင်သတ္တဝါ တို့သည်လည်းကောင်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ယေဝါ၊ အကြင်သတ္တဝါတို့သည်လည်း။

ဒုရေ၊ ဝေးသောအရပ်၌။ ဝသန္တိ၊ နေကုန်၏။ တေသတ္တာဝါ၊ ထိုသတ္တဝါ တို့သည်လည်းကောင်း။ ယေဝါ၊ တို့သည်လည်း။ အဝိဒူရေ၊ မနီးလွန်းသောအရပ်၌။ ဝသန္တိ၊ နေကုန်၏။ တေသတ္တာဝါ၊ ထိုသတ္တဝါတို့သည် လည်းကောင်း။ တနည်းကား– ယေဝါ၊ တို့သည်လည်း။ ဒူရေ၊ မိမိသန္တာန်မှအပဖြစ်၍ ဝေးသောအရပ်၌။ ဝသန္တိ၊ နေကုန်၏။ တေသတ္တာဝါ၊ ထိုသတ္တဝါ တို့သည် လည်းကောင်း။ ယေဝါ၊ တို့သည်လည်း၊ အဝိဒူရေ၊ မိမိကိုယ်သန္တာန်၌ တည်သည်ဖြစ်၍ နီးသောအရပ်၌။ ဝသန္တိ၊ နေကုန်၏။ ဧမေသတ္တာဝါ၊ ဤသတ္တဝါ တို့သည်လည်းကောင်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဘူတာဝါ၊ ဖြစ်ပြီးသာလျှင် ဖြစ်ကုန်သော တဖန်ဝဋ်၌ မဖြစ်လတ္တံ့ကုန်သော ရဟန္တာ သတ္တဝါတို့သည်လည်းကောင်း။ သမ္ဘဝေသီဝါ၊ မပယ်အပ်သေးသော ဘဝသံယောဇဉ် ရှိသည်ဖြစ်၍ တဖန်ဝဋ်၌ ဖြစ်လတ္တံ့ကုန်သော ပုထုဇဉ်, သေက္ခသတ္တဝါတို့သည် လည်းကောင်း။ တနည်းကား– ဘူတာဝါ၊ ဥခွံတွင်း, သားအိမ်တွင်းမှ ထွက်ကုန်ပြီးသော အဏ္ဍဇ, ဇလာဗုဇသတ္တဝါ တို့သည် လည်းကောင်း။ သမ္ဘဝေသီဝါ၊ ဥခွံတွင်း, သားအိမ်တွင်း၌ တည်ကုန်သော အဏ္ဍဇ, ဇလာဗုဇ သတ္တဝါတို့သည်လည်း ကောင်း။ တနည်းကား–ဘူတာဝါ၊ ပဋိသန္ဓေ စိတ္တက္ခဏာ တချက်နောင် ဒုတိယစိတ်ဟုဆိုအပ်သော ပဌမ ဘဝင်စိတ် မှစ၍ ဖြစ်သော သံသေဒဇ, ဩပပါတိက သတ္တဝါတို့ သည်လည်းကောင်း။ သမ္ဘဝေသီဝါ၊ ပဋိသန္ဓေ စိတ္တက္ခဏာ တချက်၌သာ ဖြစ်ကုန်သော သံသေဒဇ, ဩပပါတိက သတ္တဝါတို့သည် လည်းကောင်း။ အတ္ထိ– သန္တိ၊ ရှိကုန်၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ တနည်းကား-တေ သဗ္ဗသတ္တာ၊ ထိုအလုံးစုံသော သတ္တဝါတို့သည်။ သုခိတတ္တာ၊ ချမ်းသာသော စိတ်ရှိကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

---

## အဝိပ္ပါယ်ရှင်းလင်းချက်

### အဿာသ ပဿာသ စိစ်တမ်း

၅၁။ ပါဏန္တီတိ ပါဏာ၊ ဧတေန အဿာသပဿာသ-ပဋိဗဒ္ဓေ ပဉ္စဝေါကာရသတ္တေ ဂဏှာတိ။

ဘဝန္တီတိ ဘူတာ၊ ဧတေန ဧကဝေါကာရစတုဝေါကာရ-သတ္တေ ဂဏှာတိ။

ဤဒုဋ္ဌကပါဌ အဋ္ဌကထာပါဠိသည် ပျက်ဟန်လက္ခဏာ ထင်သည်၊ အဘယ့်ကြောင့်နည်းဟူမူကား-ဤပါဌ်၏အရသည် ပဉ္စဝေါကာရ သတ္တဝါဟူသမျှပင် အဿာသပဿာသရှိ၏ဟူသော အနက်သည် ရောက်ခဲ့၏၊ ကာမာဝစရ ပဉ္စဝေါကာရ သတ္တဝါတို့သည်သာလျှင်အဿာသပဿာသရှိကြောင်းကိုပါရာဇိကကဏ်အဋ္ဌကထာ တတိယသိက္ခာပုဒ်အဖွင့်, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာနာပါနအဖွင့်တို့၌ ဆိုသောကြောင့်တည်း၊ ကြံတော်မူလေကုန်။

ရူပါဝစရ ပဉ္စဝေါကာရ သတ္တဝါတို့သည် အဘယ့်ကြောင့် အဿာသပဿာသမရှိလေကုန်သနည်းဟူမူကား-ဒေါသမင့်သောကြောင့်ရင်း,ကဗဠီကာရ အာဟာရမရှိသောကြောင့်ရင်း မရှိကုန်သတည်း၊ အချို့သော ဆရာတို့ကား ကရဇကာယ မဟုတ်သောကြောင့် မရှိကုန်သည်ဟုဆိုကြကုန်၏၊ထိုစကားသည်မသင့်၊အဘယ့်ကြောင့်နည်းဟူမူကား-ကာမာဝစရ ဩပပါတိက သတ္တဝါတို့သည် ကရဇကာယမဟုတ်တကား၊ထိုသတ္တဝါတို့သည် အဿာသပဿာသ မရှိသည်ဖြစ်ခဲ့ရာ၏၊ ထိုသို့မရှိသည် မဟုတ်သောကြောင့်တည်း။

**၅၂။ သဗ္ဗေ သတ္တာဘဝန္တု**-ဟူ၍လည်းရှိ၏၊ သဗ္ဗ သတ္တာ ဘဝန္တု-ဟူ၍လည်းရှိ၏၊ရှိသင့်သည်ချည်းပင်၊ဝါကျ, သမာသ်သာ ထူးတော့သည်၊ ယေကေစိပါဏာ-ဟူ၍လည်းကောင်း, ထာဝရာ ဝါ-ဟူ၍လည်းကောင်း,ဒီဃာဝါ ယေဝါ မဟန္တာ ရဿကာအနု ကာ-ဟူ၍လည်းကောင်း,ဒိဋ္ဌာဝါယေဝါ အဒိဋ္ဌာ ယေဝါ ဒူရေ ဝသန္တိ-ဟူ၍လည်းကောင်း, ဘူတာ သမ္ဘဝေသီဝါ-ဟူ၍လည်း ကောင်းရှိကြ၏၊ သဒ္ဒါနည်းလည်းသင့်၏၊ အနက်အဓိပ္ပါယ်လည်း ဖြောင့်၏၊ ရှိသင့်သည်ချည်းပင်၊ဋီကာ၌ကား အချို့၌ ဝါ-ဟုဒီဃ နှင့်,အချို့၌ ဝ-ဟုရဿနှင့် ဆန်းသို့လိုက်၍ ဆိုတော်မူ၏။

---

**အနုသန္ဓေ။** ။ဤသို့ လျှင် မေတ္တာ ပွားအပ်သော သတ္တဝါ အပြားတို့ကို ပြတော်မူပြီး၍ ယခုအခါ၌ ထို အလုံးစုံသော သတ္တဝါတို့အား အစီးအပွား မရှိခြင်း, ဆင်းရဲခြင်းတို့သို့ မရောက်ခြင်းတို့ကို အမြဲ မပြတ် တောင့်တ အပ်၏ ဟု ပြ တော် မူ လို သော မြတ်စွာဘုရားသည် "နပရော ပရံ နိကုဗ္ဗေထ။ပ။ တော သတိ အဓိဋ္ဌေယျ" ဟူသော ဒေသနာကို ဟောတော်မူအပ်၏။

တ နည်း ကား — ဤသို့လျှင် မေတ္တာကို ပွားစေ အပ် သော သတ္တဝါ အ ပြား တို့ ကို ပြတော် မူပြီး ၍ ယခုအခါ၌ မြတ်စွာ ဘုရားတို့၏ ဩဝါဒါနုသာ သနီ-သူတော် ကောင်းတို့၏ တောင့်တ အပ်သော သဘောကို ပြတော်မူလိုသော မြတ်စွာ ဘုရားသည် "နပရောပရံနိကုဗ္ဗေထ။ ပ။ တော သတိ အဓိဋ္ဌေယျ" ဟူသော ဒေသနာတော်ကို ဟောတော် မူအပ်၏။

၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာ'တိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာ'ညမညဿ ဒုက္ခမိစ္ဆေယျ။
[နာညမညဿကို(န+အညံ+အညဿ)ဟုပုဒ်ဖြတ်။]

၅၃။ ပရော၊ တယောက်သောသူသည်။ ပရံ၊ တယောက်သောသူကို။ နနိကုဗ္ဗေထ၊ အမျက် မထွက်ရာ။ ကတ္ထစိ၊ တစုံတခုသောအမှု၌။ (တစုံတခုသောအမှုကြောင့်လည်းဟူ။) နံ၊ ထိုတယောက်သောသူကို။ ဗျာရောသနာ-ဗျာရောသနာယ၊ ချုတ်ချယ် စောင်းမြောင်းခြင်းဖြင့်လည်းကောင်း။ ပဋိဃသညာ-ပဋိဃသညာယ၊ ညှဉ်းဆဲခြင်း, ရန်ငြိုးထားခြင်းဖြင့် လည်းကောင်း။ ကဉ္စိ၊ စိုးစဉ်းမျှ၊ နာတိမညေထ။ မထေမဲ့မြင် မအောက်မေ့ရာ။ (မထေမဲ့မြင် မမှတ်ရာလည်းဟူ။) အညံ-အညော၊ တယောက်သောသူသည်။ အညဿ၊ တယောက်သောသူ၏။ ဒုက္ခံ၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းဖြစ်ခြင်းကို။ နဣစ္ဆေယျ၊ အလိုမရှိရာ။ ဒုက္ခံ၊ ကိုယ်, စိတ်ဆင်းရဲ ပင်ပန်းလေအောင်။ န ဣစ္ဆေယျ၊ မတောင့်တရာ။

---

၅၄။ မာတာ ယထာ နိယံ ပုတ္တံ၊
မာယုသာ ဧက-ပုတ္တမနုရက္ခေ။

ဝေမ္ပိ သဗ္ဗ-ဘူတေသု၊
မာနသံ ဘာဝယေ အ-ပရိမာဏံ။

[ပုတ္တမာယုသာကို (ပုတ္တံ+အာယုသာ)ဟု ပုဒ်ဖြတ်၊ ယထာကို အနုရက္ခေနှင့်ဟပ်။]

၅၄။ မာတာ၊ အမိသည်။ နိယံပုတ္တံ၊ မိမိသားရင်းဖြစ်သော။ ဧကပုတ္တံ၊ တယောက်ထည်းသောသားကို။ အာယုသာ၊ အသက်ဟူသော အကြောင်းကြောင့်။ အနုရက္ခေ-အနုရက္ခေယျယထာ၊ အစဉ်စောင့်ရှောက်သကဲ့သို့။ ဧဝံပိ၊ ဤအတူလည်းကောင်းလျှင်၊ သဗ္ဗဘူတေသု၊ အလုံးစုံသော သတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းအရှည်မရှိ များလှစွာသော။ မေတ္တံ၊ မေတ္တာနှင့်ယှဉ်သော။ တနည်းကား—မေတ္တံ၊ အဒေါသစေတသိက်နှင့်ယှဉ်သော။ မာနသံ၊ စိတ်ကို။ ဘာဝယေ—ဘာဝေယျ။ ပွားစေရာ၏။

---

၅၅။ မေတ္တဉ္စ သဗ္ဗ-လောကသ္မိ၊
မာနသံ ဘာဝယေ အ-ပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အ-သမ္ဗာဓံ အ-ဝေရံ-မ-သပတ္တံ။

၅၅။ အပရိမာဏော၊ အတိုင်းအရှည်မရှိ ကျယ်ဝန်းလှစွာသော။ (ထည့်ပုဒ်။) သဗ္ဗလောကသ္မိံ၊ အလုံးစုံသော သတ္တလောက, [ဩကာသလောက]၌။ ဥဒ္ဓဉ္စ၊ အထက်မျက်နှာ အရပ်သို့ လည်းကောင်း။ အဓော စ၊ အောက်မျက်နှာ အရပ်သို့ လည်းကောင်း။ တိရိယဉ္စ၊ အနန္တစကြဝဠာ ဒီလာ မျက်နှာ အရပ်သို့ လည်းကောင်း။ (ဘာဝယေ—၌

ကံစပ်လေ။) အသမ္ဘာဓံ၊ ကျဉ်းမြောင်းခြင်း မရှိထသော။ အဝေရံ၊ အဖျက်ဘ္ဘရန် မရှိထသော။ အသပတ္တံ၊ ဗဟိဒ္ဓရန် မရှိထသော။ အပရိမာဏံ၊ အတိုင်းအရှည်မရှိ များလှစွာသော။ မေတ္တံ၊ အဒေါသ စေတသိက်နှင့် ယှဉ်ထသော။ မာနသံ၊ စိတ်ကို။ ဘာဝယေ-ဘာဝေယျ၊ ပွားစေရာ၏။ တနည်းကား – အသမ္ဘာဓံ၊ ကျဉ်းမြောင်းခြင်း မရှိသည်။ အဝေရံ၊ အတွင်းရန်မရှိသည်။ အသပတ္တံ၊ အပရန်မရှိသည်။ ဟောတူတိ၊ ဖြစ်စေသတည်းဟု။ အဓိဋ္ဌဟိတွာ၊ စိတ်ကိုဆောက်တည်၍။(ထည့်ပုဒ်။) အပရိမာဏံ၊ အတိုင်းအရှည်မရှိ များလှစွာသော။ မေတ္တံ၊ အဒေါသစေတသိက်နှင့်ယှဉ်သော။ မာနသံ၊ စိတ်ကို။ ဘာဝယေ-ဘာဝေယျ၊ ပွားစေရာ၏။

[အသမ္ဗာဓံ အဝေရ မသပတ္တံကို(အသမ္ဗာဓံ+အဝေရံ+အသပတ္တံ)ဟု ပုဒ်ဖြတ်၊ အသပတ္တံဟုအဋ္ဌကထာ၌ရှိ၏၊ အဋ္ဌကထာရှိတိုင်း အသပတ္တံဟူ၍ပင် ရွတ်အပ် ရေးအပ်ကုန်၏၊ များစွာသော ပရိတ်စာတို့၌ အသမ္ပတ္တံဟူ၍သာပင် ရှိကြကုန်၏၊ ရှိတိုင်းလည်း ဆရာကြီးတို့ရွတ်ကြကုန်၏။]

---

၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝတာဿ ဝိတ-မိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

[ဝိဟာရမိဓကို (ဝိဟာရံ+ဣဓ) ဟု ပုဒ်ဖြတ်၊ မာဟု၌ မ-ကား အနက်မရှိ အာဂမ်တည်း။]

၅၆။ တိဌံ-တိဋ္ဌန္တော ဝါ၊ ရပ်စဉ်လည်းကောင်း။ စရံ-စရန္တော ဝါ၊ သွားစဉ်လည်းကောင်း။ နိသိန္နော ဝါ၊ ထိုင်စဉ်လည်းကောင်း။ သယာနော ဝါ၊ လျောင်းစဉ် လည်းကောင်း။ ယာဝတာ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိတမိဒ္ဓေါ၊ ကင်းသော ငိုက်မျဉ်းခြင်း ရှိသည်၊ (အိပ်မွေ့ခြင်း ကင်းသည်လည်းဟူ။ (အဿ-ဘဝေယျ၊ ဖြစ်ငြားအံ့၊ တာဝတာ၊ ထိုငိုက်မျဉ်းခြင်း မရှိသော ကာလပတ်လုံး။ (အိပ်မွေ့ခြင်းကင်းသော ကာလပတ်လုံးလည်းဟူ၊ ထည့်ပုဒ်။) ဧတံသတိံ၊ ထိုမေတ္တာနှင့် ယှဉ်သော သတိကို။ အဓိဋ္ဌေယျ၊ ဆောက်တည်ရာ၏။ [စိတ်ကို မိဋ္ဌာန်ရာ၏လည်းဟူ၊ ယာဝတာဿကို(ယာဝတာ+အဿ) ဟုပုဒ်ဖြတ်၊ ဧတံသတိံမဓိဋ္ဌေယျ-ဟူ၍လည်းရှိ၏။ (သတိံ+အဓိဋ္ဌေယျ) ဟုပုဒ်ဖြတ်။] ဧတံ၊ ထိုမေတ္တာနှင့်ယှဉ်သော သတိကို ဆောက်တည်၍နေခြင်းကို။ ဗြဟ္မဝိဟာရံ၊ မြတ်သောနေခြင်းဟူ၍။ တနည်းကား-ဗြဟ္မဝိဟာရံ၊ ဗြဟ္မာကြီးနှင့်တူသော နေခြင်းဟူ၍။ ဣဓ၊ ဤသာသနာတော်၌။ ဗုဒ္ဓါဒယော ပဏ္ဍိတာ။ ဘုရားအစရှိကုန်သောပညာရှိတို့သည်။ (ထည့်ပုဒ်။) အာဟု၊ ဆိုတော်မူကုန်၏။

---

ဗုဒ္ဓနုသန္ဓေ။ ။ဤသို့လျှင် မြတ်စွာဘုရားတို့၏ သြဝါဒါနုသာသနီ သူတော်ကောင်းတို့၏ တောင့်တ အပ်သော သဘောတို့ကို ပြတော်မူပြီး၍ ယခု အခါ၌ မေတ္တာကိုပွားစေခြင်း၏ (မေတ္တာကို ပွားစေခြင်း၌) အကျိုး အာနိသင် တို့ကို ပြတော် မူလို ရကား–

"ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ။ ပ။ပုနရေတိ" ဟူသော ဒေသနာတော်ကို ဟောတော်မူအပ်၏။

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘ-သေယျ ပုနရေတိ။
မေတ္တသုတ္တံ နိဋ္ဌိတံ။

၅၇။ သော ပုဂ္ဂလော၊ ထိုမေတ္တာကို ပွားစေတတ်သော ပုဂ္ဂိုလ်သည်။ (ထည့်ပုဒ်။) ဒိဋ္ဌိဥ္စ၊ မှားသော မိစ္ဆာအယူသို့ လည်း။ အနုပဂ္ဂမ္မ၊ မရောက်မူ၍။ (မရောက်သောကြောင့် လည်းဟူ။) သီလဝါ၊ လောကီသီလနှင့်ပြည့်စုံသည်။ ဒဿနေန၊ ကောင်းသော ဉာဏ်အမြင်နှင့်။ သမ္ပန္နော၊ပြည့်စုံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ တနည်းကား—သီလဝါ၊ လောကုတ္တရာသီလနှင့်ပြည့်စုံသည်။ ဒဿနေန၊ မဂ်ဉာဏ်အမြင်နှင့်။ သမ္ပန္နော၊ ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ ကာမေသု၊ ဝတ္ထုကာမ, ကိလေသာကာမတို့၌။ ဂေဓံ၊ တပ်မက်မောခြင်းသည်။ ဝိနယ—ဝိဂမေတွာ၊ ကင်းခြင်းကြောင့်။ ဇာတု-ဧကန္တေန၊ စင်စစ်သဖြင့်။ ပုန။ တဖန်။ ဂဗ္ဘသေယျံ၊ အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသို့။ နဟိ ဧတိ၊ မရောက်။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့ လားရခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

မေတ္တသုတ္တံ၊ မေတ္တသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## အဓိပ္ပါယ်ရှင်းလင်းချက်

၅၇။ နမ္ဘိ ၌ ဟိသဒ္ဒါ အနက်မရှိ၊ နိပါတ်ပုဒ်မျှသာတည်း၊ ပုနရေတိကို (ပုန+ဧတိ)ဟု ပုဒ်ဖြတ်၊ ရ-လည်းအနက်မရှိ အာဂမ်တည်း။

### မေတ္တာ၏အကျိုးအာနိသင်

ထိုမှတပါး မေတ္တာ၏အကျိုး အာနိသင်တို့ကို ဤသို့သောဒေသနာတော်ဖြင့် သိအပ်ကုန်၏။

> အစ္ဆရာသင်္ဃာတမတ္တံပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တစိတ္တံ
> အာသေဝေတိ ဘာဝေတိ မနသိကရောတိ၊ အယံဝုစ္စတိ
> ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသန
> ကရော ဩဝါဒပဋိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊
> ကော ပန ဝါဒေါ ယေ ဗဟုလီကရောတိ။
>
> [အင်္ဂုတ္တရငုကနိပါတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အစ္ဆရာသင်္ဃာတမတ္တံပိ၊ လက်ဖျစ်တတွက်သော ကာလမျှသော်လည်း။ မေတ္တစိတ္တံ၊ မေတ္တာစိတ်ကို။ စေအာသေဝေတိ၊ အကယ်၍ မှီဝဲသည်ဖြစ်အံ့။ စေဘာဝေတိ၊ အကယ်၍ပွားစေသည်ဖြစ်အံ့။ စေမနသိကရောတိ၊ အကယ်၍ နှလုံးသွင်းသည်ဖြစ်အံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဘိက္ခု၊ ဤလက်ဖျစ်တတွက်သောကာလမျှ မေတ္တာစိတ်ကို ပွားစေသောရဟန်းကို။ အရိတ္တဇ္ဈာနော၊ မေတ္တာဈာန်နှင့် မကင်းသောရဟန်းဟူ၍။ (မေတ္တာဈာန်ကိုဝင်စားသောရဟန်းဟူ၍လည်းဟူ။) ဝုစ္စတိ၊ဆိုအပ်၏။ သတ္ထုသာသနကရော၊ မြတ်စွာဘုရားဆုံးမတော်မူတိုင်းကျင့်သောရဟန်းဟူ၍။ ဩဝါဒပဋိကရော၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာသောရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရဋ္ဌပိဏ္ဍံ၊ ပြည်သူတို့၏ ဆွမ်းအစရှိသော ပစ္စည်းလေးပါးကို။ ယံ ဘုဉ္ဇတိ၊ အကြင်သုံးဆောင်၏။ တံဘုဉ္ဇနံ၊ ထိုပြည်သူတို့၏ပစ္စည်းလေးပါးကိုသုံးဆောင်ခြင်းသည်။ အမောဃံ-သဖလံ၊ အကျိုးရှိသော သုံးဆောင်ခြင်းမည်၏။ ယေဘိက္ခု၊ အကြင် ရဟန်း

သည်။ ဗဟုလီကရောတိ၊ မေတ္တာကို အကြိမ်များစွာ ပွါးစေ၏၊ တဿ ဘိက္ခုနော၊ ထိုမေတ္တာကို အကြိမ်များစွာ ပွါးစေသောသူအား။ အာနိသံသာ၊ အကျိုးအာနိသင်သည်။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အပ္ပမေယျာ၊ များလှစွာသော အကျိုးအာနိသင်သည်။ ဟောတိ၊ ဖြစ်၏။

[ဤဒေသနာတော်ကို နှလုံးပိုက်တော်မူကုန်၍ ဆရာကြီးတို့သည် ဆွမ်းစဉ်ရာ၌ မေတ္တာသုတ်ကို အလေ့အလာပြု၍ ရွတ်တော်မူကုန်၏။]

**မေတ္တာအကျိုး ၁၁-ပါး။** ။ထို့မှတပါးလည်း မေတ္တာကိုပွါးစေခြင်း၌ တဆယ့်တပါးသော အကျိုးတို့ကိုရအပ်ကုန်၏၊ တဆယ့်တပါးဟူသော်ကား—

မေတ္တာယ ခေါ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနိကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။ ကတမေ ဧကာဒသ၊ သုခံ သုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ န ပါပကံ သုပိနံ ပဿတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ပသီဒတိ၊ အသမ္မူဠှော ကာလင်္ကရောတိ၊ ဥတ္တရိံ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။ [အင်္ဂုတ္တရ ဧကာဒသနိပါတ် ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အာသေဝိတာယ၊ မပြတ်မှီဝဲအပ်သော။ ဘာဝိတာယ၊ ပွားစေအပ်သော။ ဗဟုလီကတာယ၊ အကြိမ်များစွာ သန္တောယ်အပ်သော။ ယာနိကတာယ၊ ယာဉ်ကိုကဲ့သို့ ပြုအပ်သော။ ဝတ္ထုကတာယ၊ တည်ရာကိုကဲ့သို့ပြုအပ်သော၊ အနုဋ္ဌိတာယ၊ မိမိစိတ်၌အဘန်တလဲလဲ တည်စေအပ်သော။ ပရိစိတာယ၊ ထက်ဝန်းကျင်အားဖြင့် လေ့လာအပ်သော။ သုသမာရဒ္ဓါယ၊ ကောင်းစွာအား

ထုတ်အပ်သော။ စေတောဝိမုတ္တိယာ၊ ဒေါသစိတ်မှလွတ်သော။ တနည်းကား—စေတောဝိမုတ္တိယာ၊ ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်မှလွတ်သော။ မေတ္တာယခေါ၊ မေတ္တာစိတ်၌။ (မေတ္တာကို ပွါးစေခြင်း၌လည်းဟူ။)ဧကာဒသ၊ တဆဲ့တပါးကုန်သော။ အာနိ သံသာ၊ အကျိုးဆက်တို့ကို။ ပါဠိကင်္ခါ၊ ရအပ်ကုန်၏။ ဧကာဒသ၊ တဆယ့်တပါးကုန်သော မေတ္တာ၏အကျိုးအာနိသင်တို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား—

၁။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။

၂။ သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။

၃။ ပါပကံ၊ မကောင်းသော ကြောက်မက်ဖွယ်သော။ သုပိနံ၊ အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။

၄။ မနုဿာနံ၊ လူတို့သည်။ ပိယော၊ ချစ်မြတ်နိုး အပ်သည်။ ဟောတိ၊ ဖြစ်၏။

၅။ အမနုဿာနံ၊ နတ်ဘီလူးတို့သည်။ ပိယော၊ ချစ်မြတ်နိုးအပ်သည်။ ဟောတိ၊ ဖြစ်၏။

၆။ ဒေဝတာ၊ နတ်တို့သည်။ ရက္ခန္တိ-အနုရက္ခန္တိ၊ အစဉ်စောင့်ရှောက်ကုန်၏။

၇။ အဿ၊ ထိုမေတ္တာကိုပွါးစေသောသူအား။ အဂ္ဂိဝါ၊ မီးသည်မူလည်း။ နကမ္မတိ-နဒယှတိ၊ မလောင်။ ဝိသံဝါ၊ အဆိပ်သည်မူလည်း။ နကမတိ-နဝိရုဇ္ဈတိ၊ မတောက်။ သတ္တံဝါ၊ ဓား,လှံ,လေးအစရှိသော လက်နက်တို့သည်မူလည်း။ နကမတိ နပဝိသတိ၊ မစူးမရှ။

၈။ တုဝဋ္ဋစိတ္တံ၊ လျင်သော အပြန်ရှိသော စိတ်သည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။

၉။ မုခဝဏ္ဏော၊ မျက်နှာ၏ အဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။

၁၀။ အသံမူဠှော၊ မတွေမဝေသည်ဖြစ်၍။ ကာလင်္ကရောတိ၊ စုတေရ၏။

၁၁။ ဥတ္တရိ၊ အထက်မင်္ဂိုလ်ကို။ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ မသိရသေးသော်လည်း။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့လားရသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မေတ္တာယခေါ၊ မေတ္တာကိုပွါးစေခြင်း၌။ ဧကာဒသ၊ တဆဲ့တပါးကုန်သော။ ဣမေ အာနိသံသာ၊ ဤအကျိုးအာနိသင်တို့ကို။ ပါဋိကင်္ခါ၊ ရအပ်ကုန်၏။

**ဝစနတ္ထ**။ ။အဘယ်သို့သော ဝစနတ္ထကြောင့် မေတ္တာမည်သနည်းဟူမူကား - မိဒတိ သိနေဟတီတိ မေတ္တာ။ ။ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သတ္တေသု၊ သတ္တဝါတို့၌။ မိဒတိ,သိနေဟတိ၊ ချစ်မြတ်နိုးတတ်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တဝါတို့၌ ချစ်မြတ်နိုးတတ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မေတ္တာ၊ မေတ္တာမည်၏။ မိဒ-ဓာတ်, တ-ပစ္စည်း၊ ဓာတွန် ဒကို တပြု၊ ဣကို ဝုဒ္ဓိပြု၊ ဣတ္ထိလိင်ဇောတက အာပစ္စည်းသက်၊ မေတ္တာပြီး၏။

[မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်၊ ဤသုံးသုတ်သည် ခုဒ္ဒကပါဌပါဠိတော်၌လာ၏။]

## မေတ္တသုတ်ပြီး၏။

# ၄-ခန္ဓပရိတ်

၅၈။ သဗ္ဗာသီဝိသဇာတီနံ၊
ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာ-ခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗ-ပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၅၈-၅၉။ ဒိဗ္ဗမန္တာဂဒံ၊ နတ်မန္တရား နတ်ဆေးသည်။ သဗ္ဗာသီဝိသဇာတီနံ၊ အလုံးစုံ လျှင်သော အဆိပ်ရှိကုန်သော မြွေအစရှိသောသတ္တဝါတို့၏။ ဃောရံ၊ ပြင်းစွာသော။ ဝိသံ၊ အဆိပ်ကို။ နာသေတိဝိယ၊ ဖျက်ဆီးနိုင်သကဲ့သို့။ (ဖျောက်နိုင်သကဲ့သို့လည်းဟူ။) ဝေဘာထာ၊ ထို့အတူ။ ယံ-ပရိတ္တံ၊ အကြင်ခန္ဓပရိတ်တော်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော။ အာဏာခေတ္တမှိ၊ စကြဝဠာကုဋေတသိန်းအာဏာခေတ်၌။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော အဆိပ်ရှိသော သတ္တဝါတို့၏။ (ဝိသံ၌စပ်။) တနည်းကား--သဗ္ဗပါဏီနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။ (ပရိဿယဉ္စာပိ၌စပ်။) ဃောရံ၊ ပြင်းစွာသော။ ဝိသံ၊ အဆိပ်ကို။ နာသေတိ၊ ဖျက်ဆီးနိုင်၏။ (ငြိမ်းစေနိုင်၏လည်းဟူ။) သေသံ၊ အဆိပ်မှကြွင်းသော။ ပရိဿယဉ္စာပိ၊ ခြင်္သေ့,သစ်,ကျား,ဆင် အစရှိသော သားရဲ

ဘေးရန်ကိုလည်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဗ္ဗသောပိ- သဗ္ဗပကာရေနပိ၊ ခပ်သိမ်းသော အပြား အားဖြင့်လည်း။ နိဝါရေတိ၊ တားမြစ်နိုင်၏။ တနည်းကား- နိဝါရေတိ- နိဗ္ဗာပေတိ၊ ငြိမ်းစေနိုင်၏။ (ပျောက်စေနိုင်၏လည်းဟူ။) တံပရိတ္တံ၊ ထိုသို့ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ခန္ဓပရိတ်တော်ကို။ ဟေ။ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

## အဓိပ္ပါယ်ရှင်းလင်းချက်

၅၀။ သဗ္ဗာသိကို (သဗ္ဗ+အာသိ) ဟုပုဒ်ခြား၊ သဗ္ဗဉ္စ တတိယကဏ္ဍ ရာဗ္ဗ-ဒွေဘော်နှင့်ရှက်အပ်၏၊ အစေန သဟ ယော ဝတ္တတီတိ သဗ္ဗောဟု ဝနစ္ဆပ္ပ်အပ်၏၊ သဟရှေးရှိသော ဝတု-ဓာတ်, ကွိ-ပစ္စည်း၊ သဟပုဒ်၌ဟကိုချေ၊ ဝကိုဗပြု၊ ဒွေဘော်ပြု၊ ဓာတွန့်တကိုချေ၊ သိသက်၊ သဗ္ဗောပြီး၏၊ အာသီသဒ္ဒါ လျင်သောအနက်ကို ဟော၏။

ဒိဗ္ဗဉ္စလည်း တတိယကဏ္ဍရာဗ္ဗ-ဒွေဘော်နှင့်ရှက်အပ်၏။ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဒိဗ္ဗတိပုဒ်တို့၌ကဲ့သို့ ဒိဝု-ဓာတ်၊ ဝကိုဗပြုသတည်း။

မန္တဂဒံကို (မန္တ+အဂဒံ)ဟု ပုဒ်ဖြတ်၊ အဂဒသဒ္ဒါဆေးကို ဟော၏၊

### ခန္ဓပရိတ်အတ္ထုပ္ပတ္တိ

ဤ ခန္ဓ ပရိတ်တော်ကို အဘယ်ပြည်၌ အဘယ်ဝတ္ထုကိုအကြောင်းပြု၍ ဟောတော်မူသနည်း ဟူမူကား-ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြွေကိုက်၍သေသောရဟန်းကို အကြောင်းပြု၍ဟောတော်မူ၏၊ အခါတပါး မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ရဟန်းတပါးသည် မြွေကိုက်၍သေလေ၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား

ချောက်ကြကုန်၏၊ မြတ်စွာ ဘုရားလည်း ဤသို့ မိန့်တော်မူ၏၊ ''ရဟန်းတို့…ထိုရဟန်းသည်နဂါးမျိုးလေးပါးတို့အားမေတ္တာကို မပွားစေ,မေတ္တာစိတ်ကို မနှံ့စေသောကြောင့်မြွေကိုက်၍ သေလေသည်၊ မေတ္တာစိတ်ဖြင့် နဂါးမျိုးလေးပါးတို့အား နှံ့စေမူကား ထိုရဟန်းသည်မြွေကိုက်၍ မသေလေရာ၊ ရဟန်းတို့…ယခုနေ့မှစ၍ ဘေးအန္တရာယ်ကင်းခြင်း၏အကြောင်းဖြစ်သောအတ္တဘောတည်းဟူသော ခန္ဓပဉ္စကကို စောင့်ရှောက်လုံခြုံစေခြင်း၏ အကြောင်းလည်းဖြစ်သော နဂါးမျိုးလေးပါးတို့ကို အစအဦးတည်၍ ခပ်သိမ်းသော သတ္တဝါတို့အားမေတ္တာကို ပွားစေအပ်ကုန်၏၊ မေတ္တာစိတ်ဖြင့် နှံ့စေအပ်ကုန်၏၊ ဤခန္ဓပရိတ်တော်ကို မပြတ်မလပ် ရွတ်အပ်ကုန်၏၊ သရဇ္ဈာယ်အပ်ကုန်၏'' ဟု ဟောတော်မူအပ်၏။

---

၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ-ဂေါတမကေဟိ စ။

၆၀။ ဝိရူပက္ခေဟိ၊ ဝိရူပက္ခ အမျိုးဖြစ်ကုန်သော နဂါးမင်းတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။ ဧရာပထေဟိ၊ ဧရာပထ အမျိုးဖြစ်ကုန်သောနဂါးမင်းတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်၊ ဖရတု၊ နှံ့စေသတည်း။ ဆဗျာပုတ္တေဟိ၊ ဆဗျာပုတ္တ အမျိုးဖြစ်ကုန်သော နဂါးမင်းတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။ ကဏှာဂေါတမကေဟိ စ၊ ကဏှာဂေါတမက အမျိုးဖြစ်ကုန်သော နဂါးမင်းတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။

၆၁။ အ-ပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိ-ပါဒကေဟိ မေ။
စတု-ပ္ပဒေဟိ မေ မေတ္တံ။
မေတ္တံ ဗဟု-ပ္ပဒေဟိ မေ။

၆၁။ အပါဒကေဟိ၊ အခြေမရှိကုန်သော သတ္တဝါတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။ ဒွိပါဒကေဟိ၊ အခြေနှစ်ချောင်း ရှိကုန်သော သတ္တဝါတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။ စတုပ္ပဒေဟိ၊ အခြေလေးချောင်းရှိကုန်သော သတ္တဝါတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။ ဗဟုပ္ပဒေဟိ။ များသော အခြေရှိကုန်သော သတ္တဝါတို့အား။ မေ၊ ငါ၏။ မေတ္တံ၊ မေတ္တာသည်။ ဖရတု၊ နှံ့စေသတည်း။ (ဤသို့သမ္ပဒါန်အနက်၌ ပဉ္စမီဝိဘတ်ကြံအပ်ကုန်၏။)

---

၆၂။ မာ မံ အ-ပါဒကော ဟိံသိ၊
မာ မံ ဟိံသိ ဒွိ-ပါဒကော။
မာ မံ စတု-ပ္ပဒေါ ဟိံသိ၊
မာ မံ ဟိံသိ ဗဟု-ပ္ပဒေါ။

၆၂။ မံ၊ ငါ့ကို။ အပါဒကော၊ အခြေမရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲ

စေသတည်း။ မံ၊ ငါ့ကို။ ဗဟုပ္ပဒေါ၊ များသော အခြေရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲ စေသတည်း။

---

၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာစ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပမာဂမာ။

၆၃။ သဗ္ဗေ။ အလုံးစုံကုန်သော။ သတ္တာ၊ အာရုံငါးပါးတို့၌ ကပ်ငြိတတ်ကုန်ပြီးသော သတ္တဝါတို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏာ၊ ထွက်သက် ဝင်သက်ရှိကုန်သော သတ္တဝါတို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘူတာ၊ ထင်ရှား ဖြစ်ကုန်ပြီးသော သတ္တဝါတို့သည် လည်းကောင်း။ ကေဝလာ၊ အကြွင်းမရှိကုန်ပြီးသော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ဘဒြာနိ၊ ကောင်းသော အာရုံတို့ကို။ ပဿန္တု၊ မြင်စေကုန်သတည်း။ ကိဉ္စိ၊ တစုံတခုသော။ တနည်းကား– ကိဉ္စိ၊ စိုးစဉ်းမျှ။ ပါပံ၊ မကောင်းသော သဘောသို့။ မာအာဂမာ–မာအာဂမူ၊ မရောက်စေ ကုန်သတည်း။

---

၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရိသပါနိ။

အဟိ-ဝိစ္ဆိကာ-သတပဒီ၊
ဥဏ္ဏနာဘိ-သရဗူ-မူသိကာ။

၆၅။ ကတာ မေ ရက္ခာ၊ ကတာ မေ ပရိတ္တာ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။
ခန္ဓပရိတ္တံ နိဋ္ဌိတံ။

၆၄၊ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဂုဏတော၊ ဂုဏ်တော်အားဖြင့်။ (ထည့်ပုဒ်။) အပ္ပမာဏော၊ အတိုင်းအရှည်မရှိ။ ဓမ္မော၊ တရားတော်သည်။ ဂုဏတော၊ ဂုဏ်တော်အားဖြင့်။ အပ္ပမာဏော၊ အတိုင်း အရှည်မရှိ။ သံဃော၊ သံဃာတော်သည်။ ဂုဏတော၊ ဂုဏ်တော် အားဖြင့်။ အပ္ပမာဏော၊ အတိုင်း အရှည်မရှိ။ သရီသပါနိ၊ ရင်ဖြင့် တွား၍ သွားတတ်ကုန်သော။ အဟိ၊ မြွေတို့သည်လည်း ကောင်း။ ဝိစ္ဆိကာ၊ ကင်းမြီးကောက်, ကင်းဗုဇ္ဇန်တို့သည် လည်းကောင်း။ သတပဒီ၊ ကင်းခြေများတို့ သည်လည်း ကောင်း။ ဥဏ္ဏနာဘိ၊ ချက်မှချည်မျှင် ထွက်သော ပင့်ကူ တို့သည်လည်းကောင်း။ သရဗူ၊ တောက်တဲ့, တက်တူတို့ သည် လည်းကောင်း။ မူသိကာ၊ ကြွက်တို့သည် လည်း ကောင်း။ တာနိ သဗ္ဗာနိ၊ ထိုအလုံးစုံသောသတ္တဝါတို့သည်။ ပမာဏဝန္တာနိ၊ အတိုင်းအရှည်ရှိကုန်၏။

၆၅။ မေ၊ ငါသည်။ !ရက္ခာ၊ မေတ္တာကို နှံ့စေခြင်းဖြင့် အစောင့် အရှောက်တို့ကို။ ကတာ၊ ပြုအပ်ကုန်ပြီ။ မေ၊

ငါသည်။ ပရိတ္တာ၊ ရတနာသုံးပါးတို့၏ ဂုဏ်တော် အပေါင်းဖြင့် အရံအတားတို့ကို။ ကတာ၊ ပြုအပ်ကုန်ပြီ။ ဘူတာနိ၊ ဘေးဥပဒ္ဒဝေါ အန္တရာယ်တို့ကို ပြုတတ်ကုန်သော သတ္တဝါတို့သည်။ ပဋိက္ကမန္တု၊ ဖဲစေကုန်သတည်း။ သောအဟံ၊ ထိုငါသည်။ ဘဂဝတော၊ ဂေါတမ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သောအဟံ၊ ထိုငါသည်။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီအစရှိကုန်သော မြတ်စွာဘုရားတို့အား။ နမော၊ ရှိခိုးပါ၏။ နမက္ကာရာနုဘာဝေန၊ ရှိခိုးရခြင်း အာနုဘော်ကြောင့်။ ဘူတာနိ၊ ဘေးဥပဒ္ဒဝေါ အန္တရာယ်တို့ကို ပြုတတ်ကုန်သော သတ္တဝါတို့သည်။ ပဋိက္က-မန္တု၊ ဖဲစေကုန်သတည်း။ (ဤသို့ပေးလေ။)

ခန္ဓပရိတ္တံ၊ ခန္ဓပရိတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## အဝိပ္ပါယ်ရှင်းလင်းချက်

ဤပရိတ်တော်သည်အဘယ့်ကြောင့် ခန္ဓပရိတ် အမည်တွင်လေသနည်းဟူမူကား-အတ္တဘော တည်းဟူသော ခန္ဓပဉ္စကကို စောင့်ရှောက် လုံခြုံစေတတ်သောကြောင့် ခန္ဓပရိတ်ဟု အမည်ရပါသတည်း။

အတ္တဘာဝသန္ဒါတံ ခန္ဓပဉ္စကံ ပရိသမန္တတော တာယတိ ရက္ခတီတိ ခန္ဓပရိတ္တံ။

ယံမ္မှိ၊ အကြင်တရားတော်သည်။ အတ္တဘာဝသန္ဒါတံ၊ အတ္တဘောဟု ဆိုအပ်သော။ ခန္ဓပဉ္စကံ၊ ခန္ဓပဉ္စကကို။ ပရိသမန္တတော၊ ထက်ဝန်းကျင်အားဖြင့်။တာယတိ-ရက္ခတိ၊ စောင့်ရှောက်တတ်၏။

ဠာတိတသ္မိံ၊ ထို့ကြောင့်။ တံမမ္မံ၊ ထိုတရားတော်သည်။ ခန္ဓပရိတ္တံ၊ ခန္ဓပရိတ္တမည်၏။

[ဤ ခန္ဓပရိတ်တော်သည် ဝိနည်း စူဠဝဂ္ဂပါဠိတော်၌ လာ၏၊ ဇာတ်ဒုကနိပါတ်၌လည်းလာ၏၊ အင်္ဂုတ္တရစတုက္က၌ လည်းလာ၏။]

ခန္ဓပရိတ်ပြီး၏။

# ၅-မောရပရိတ်

၆၆။ ပူရေန္တံ ဗောဓိ-သမ္ဘာရေ၊
နိဗ္ဗတ္တံ မောရ-ယောနိယံ။
ယေန သံဝိဟိတာ-ရက္ခံ၊
မဟာ-သတ္တံ ဝနေ-စရာ။

၆၇။ စိရဿံ ဝါယမန္တာပိ၊
နေဝ သက္ခိံသု ဂဏှိတုံ။
ဗြဟ္မ-မန္တန္တိ အက္ခာတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၆၆--၆၇။ ဗောဓိသမ္ဘာရေ၊ သဗ္ဗညုတ ဉာဏ် တော်၏ အဆောက်အဦ ဖြစ်ကုန်သော ပါရမီတော်တို့ကို။ ပူရေန္တံ၊ ဖြည့်ကျင့်တော်မူသော။ (မဟာသတ္တံမှာ ဝိသေသနစပ်။) မောရယောနိယံ၊ ဥဒေါင်းမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ်တော်မူသော။ ယေန-မောရပရိတ္တေန၊ အကြင်မောရပရိတ်တော်ဖြင့်။ သံဝိဟိတာရက္ခံ၊ စီရင်အပ်သောအစောင့်အရှောက်ရှိတော်မူသော။ မဟာသတ္တံ၊ ဘုရားလောင်းကို။ ဝနေစရာ၊ တောမုဆိုးတို့သည်။ စိရဿံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ ဝါယမန္တာပိ၊ လုံ့လပြုကုန်သော်လည်း။ ဂဏှိတုံ၊ ဖမ်းယူအံ့သောငှါ။ နေဝသက္ခိံသု၊ မတတ်နိုင်ကုန်။ ယံပရိတ္တံ၊ အကြင်မောရပရိတ်တော်ကို။ (ထည့်ပုဒ်။) ဗြဟ္မမန္တန္တိ၊ မြတ်သောမန္တရားဟူ၍။ ဗုဒ္ဓါဒိပဏ္ဍိတေဟိ၊ ဘုရားအစရှိကုန်

သောပညာရှိတို့သည်။ (ထည့်ပုဒ်။)အက္ခာတံ၊ ချီးမွမ်းတော်မူအပ်၏။ တံပရိတ္တံ၊ ထိုမောရပရိတ်တော်ကို။ ဟော· အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အမိပ္ပါယ်ရှင်းလင်းချက်

ဗြဲ။ ဝနေမဗျာ – ဟူသောပုဒ်၌ ဝနေစရာတိ ဝနန္တိ ဘဇန္တိ ဝိဟင်္ဂမာဒယော ဧတ္ထ အရညေတိ ဝနံ၊ စရန္တီတိ စရာ၊ လုဒ္ဒကာ၊ အလုဒ္ဓသမာသောယံ၊ ကာမေသုမိစ္ဆာစာရာ တိအာဒီသုဝိယ- ဟူ၍ ဋီကာ၌ မိန့်အပ်၏။

### မောရပရိတ်၏အဖြစ်ကို

ဤ မောရပရိတ်တော်ကို အဘယ်ပြည်၌ အဘယ် ဝတ္ထုကို အကြောင်းပြု၍ဟောတော်မူသနည်းဟူမူကား–သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ လှမ်းပိုရှုပ်၌တန်ဆာဆင်သော အရှုပ်နှင့်ပြည့်စုံသော မာတုဂါမကိုမြင်၍ တပ်သော စိတ်ဖြို၍ ပူတွက်လိုသော ရဟန်း ဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူအပ်၏။ ဤသည်ကား အကျဉ်းပကားတည်း။

အကျယ်အားဖြင့်သော်ကား–အပေါင်းအဖော်ဖြစ်သော ရဟန်းတို့သည် ထိုလူထွက်လိုသောရဟန်းကို မြတ်စွာဘုရားအထံတော်သို့ ဆောင်ယူ၍သွားလေကုန်၏၊ မြတ်စွာဘုရားလည်း မှန်ပေသလော ဟု မေးတော်မူ၏၊ မှန်ပေ၏ အရှင်ဘုရားဟု လျှောက်၏၊ မြတ်စွာဘုရားလည်း ဤသို့မိန့်တော်မူ၏၊ ''အို–ရဟန်း…မာတုဂါမမည်သည်ကား ပညာနည်းသော သင့်ကဲ့သို့ကိုမဆိုလင့်ဦး၊ ရှေးပညာကြီးတော်မူသော ဥဒေါင်းမင်း၏ စိတ်ကိုသော်လည်း နှောင့်ရှက်ဖျက်ဆီးသေဘူး၏''ဟု မိန့်တော်မူ၍ ဥဒေါင်းမင်းဇာတ်ကို ဟောတော်မူ၏။

လွန်လေပြီးသောအခါဗာရာဏသီပြည်၌ဗြဟ္မဒတ်အမည်ရှိသော မင်းကြီးသည် ပြည်ကိုအုပ်စိုးတော်မူ၏၊ ထိုအခါ ဘုရားလောင်း

ဥဒေါင်းမင်းသည် နတ်ပြည်မှစုတေခဲ့၍ ဗာရာဏသီပြည်နှင့် မနီးမဝေးသောတောအရပ်၌ ဥဒေါင်းမျိုး၌ပဋိသန္ဓေနေတော်မူ၏၊ အဥသည် မဟာလှေခါးပန်းအဆင်းနှင့်တူ၏၊ အဥမှပေါက်သောအခါ၌ ဇမ္ဗူရာဇ်ရွှေနှင့်တူသော အဆင်းရှိ၏၊ အတောင်နှစ်ဘက်တို့၏ အကြား၌ ကမ္ဗလာအဆင်းနှင့်တူသော အမွေး ရောသောကြောင့် အလွန်တင့်တယ် ရှု၍မငြီးသော အဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏။

ထိုဥဒေါင်းမင်းသည် ဤသို့ကြံ၏၊ "ငါ၏အတ္တဘောသည် တင့်တယ်လျောက်ပတ်လှ၏၊လူတို့အနီးအပါး၌နေ၍ အသက်မရှည်ရာ၊ အပေါင်းအဖော်မှခွဲ၍ ငါ၏အသက်ကိုစောင့်ရှောက်ခြင်းငှါ ဟိမဝန္တာတောသို့သွား၍နေအံ့"ဟု ကြံ၍ တောင်သုံးလုံးတို့ကိုလွန်၍ လေးခုမြောက်သောတောင်ကြား၌ ဒဏ္ဍကဟိရည အမည်ရှိသော ရွှေတောင်အထွဋ်အကြားသို့သွား၍နေလေ၏၊နေထွက်သောအခါ၌ နေကိုကြည့်၍ "ဥဒေတယံ" ပရိတ်တော်ကိုရွတ်၍ တောင်ပေါ်မှဆင်း၍အစာရှာအံ့သောငှါသွားလေ၏၊ နေဝင်ခါနီးသောအခါ၌ တောင်ပေါ်သို့တက်၍နေကိုကြည့်၍ "အပေတယံ"ပရိတ်တော်ကိုရွတ်၍အိပ်လေ၏၊ ဤသို့လျှင် နေ့တိုင်းနေ့တိုင်း ပရိတ်တော် နှစ်ပုဒ်ကိုရွတ်၍ ရှည်မြင့်စွာသောကာလပတ်လုံး နေတော်မူ၏၊ ဘေးဥပဒ်အန္တရာယ်မရှိ၊ အစာရှာ၍ရလွယ်၏၊ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို ရတော်မူ၏။

ဗာရာဏသီပြည်မှ မုဆိုးအိုတယောက်သည် ဟိမဝန္တာတောသို့ သွား၍ လှည့်ပတ်လေသော် ထိုဒဏ္ဍကဟိရညအမည်ရှိသော ရွှေတောင်ထွဋ်အကြား၌နေသောရွှေဥဒေါင်းမင်းကိုမြင်လေ၍ အိမ်သို့ ရောက်သောအခါ မိမိ၏သားအားပြော၏၊ ထိုမုဆိုး၏သားသည်လည်း အဘပြောသောစကားအရပ်ဌာနကိုမှတ်၍ထား၏၊ ထိုမုဆိုးအို သေပြီးသောနောက်ကာလ၌ ဗာရာဏသီ ဗြဟ္မဒတ်မင်းကြီး၏ ခေမာအမည်ရှိသော မိဖုရားကြီးသည် အိပ်မက်၌ ရွှေဥဒေါင်းမင်း တရားဟောသည်ကို နှစ်သက်ဝမ်းသာ နာရ၏ဟုမက်၏၊ မိဖုရားလည်း ထိုအိပ်မက်ကိုမင်းကြီးအား ကြားလျှောက်လေ၏၊ မင်းကြီး

လည်း အမတ်ပုရောဟိတ် ပုဏ္ဏားတို့ကို ရွှေဥဒေါင်းမင်း အဘယ် အရပ်၌ရှိသနည်းဟုမေး၏၊ အမတ်ပုရောဟိတ် ပုဏ္ဏားတို့ကလည်း မုဆိုးတို့သာသိနိုင်ရာ၏ဟု လျှောက်ကြားကုန်၏၊ မုဆိုးတို့ကိုခေါ်၍ မေးမြန်းသော် တယောက်သောမုဆိုးက "ဤအရပ်၌ရွှေဥဒေါင်း မင်းရှိကြောင်းကို အဘပြောသောစကားကို ကြားဘူးပါ၏" ဟု လျှောက်လေ၏၊ ထိုမုဆိုးကို "ရွှေဥဒေါင်းကို ကျော့ကွင်းဖြင့် ရအောင်ထောင်၍ ဆောင်ယူခဲ့ရမည်"ဟု ဆုလာဘ်သပ္ပကာများ စွာချ၍ ရိက္ခာစရိတ်များစွာပေး၍ဟိမဝန္တာတောသို့လွှတ်လိုက်၏။

မုဆိုးလည်း အဘမှာခဲ့သောစကားကိုမှတ်၍ ရွှေဥဒေါင်းမင်း ရှိရာအရပ်သို့သွားလေ၍ အနီးအပါး၌နေရာစခန်းချ၍ နေ့တိုင်း နေ့ တိုင်း ကျော့ကွင်းဖြင့် ထောင်သော်လည်းမရနိုင်၊ ကာလရှည်သဖြင့် မုဆိုးလည်း တော၌ပင် သေလေ၏၊ မိဖုရားလည်း ကံကုန်သဖြင့် သေလေ၏၊ ဗြဟ္မဒတ်မင်းကြီးလည်း နှလုံးမသာရှိ၍ "ဤအရပ်၌ ရွှေဥဒေါင်းမင်းရှိ၏၊ ထိုရွှေဥဒေါင်းမင်း၏ အသားကိုစားရလျှင် အနာကင်း၏၊ အသက်ရှည်၏၊ ဘေးအန္တရာယ်ကင်း၏၊ ဘုန်းတန် ခိုးကြီး၏" ဟု ရွှေပေ၌ကမ္ပည်းစာရေးထားခဲ့၍ သေလေ၏၊နောက် မင်းတပါး နန်းတက်ပြန်၍ ထိုကမ္ပည်းစာကိုတွေ့၍ မုဆိုးတို့ကိုဖမ်း စေသော်လည်း မရနိုင်၍ ထိုမုဆိုး,ထိုမင်းတို့သည်လည်း သေကြ ကုန်၏၊ ဤသို့သောနည်းဖြင့် မင်းခြောက်ဆက်တိုင်အောင် အနှစ် ခုနစ်ရာပတ်လုံး မုဆိုးအဆက်ဆက်ကျော့ကွင်းထောင်၍ ဖမ်းသော် လည်း မရနိုင်။

ခုနစ်ဆက်မြောက်သော မင်းလက်ထက်၌ မုဆိုးတယောက်ကို စေ၍ ကျော့ကွင်းထောင်စေသော်လည်း မရနိုင်၍ ဥဒေါင်းမနှင့် ထောင်မှ ရနိုင်မည်ဟုကြံ၍ ဥဒေါင်းမကို ကခြင်း,သီခြင်း၌ လိမ္မာ အောင်သင်ပြီးလျှင် ဥဒေါင်းမကို အလယ်၌ထား၍ ပတ်လည် ဝန်း ကျင် ကျော့ကွင်းထား၍ နံနက်စောစောထောင်လေ၏၊ ဥဒေါင်းမ လည်း ကခြင်း,သီခြင်းဖြင့် သာသာယာယာသီ၏၊ ထိုဥဒေါင်းမ၏ သီချင်းသံကို ဥဒေါင်းမင်းကြားလေလျှင်အသံ၌တပ်သောစိတ်ဖြစ်၍

အနှစ်ခုနစ်ရာပတ်လုံး ကျိန်းဝပ်သော ကိလေသာပေါ်လတ်၍ပရိတ်တော်ကိုမရွတ်နိုင်ပြီ၊ ဥဒေါင်းမ၏အနီးသို့ သွားအံ့ဟု ရွှေတောင်ထွဋ်အကြားမှသက်၍ သွားလေသော် ကျော့ကွင်း၌ မိလေ၏။

ထိုအခါ မုဆိုးလည်း ရွှေဥဒေါင်းမင်းကို အသာအယာ ချစ်မြတ်နိုးသောစိတ်ဖြင့်ယူ၍ မပင်ပန်းစေမူ၍ မငတ်မွတ်စေမူ၍ နေမပူမိုးမစွတ်ရအောင် အမိုးအကာလုပ်၍ ဗာရာဏသီပြည်သို့ ထမ်းယူ၍ မင်းကြီးအားဆက်လေ၏။ မင်းကြီးသည် ရွှေဥဒေါင်းမင်းကိုမြင်လျှင်ပင် အလွန် ချစ်မြတ်နိုးသောစိတ်ဖြစ်၍ မြတ်သောနေရာခင်း၍ ဤနေရာ၌နေပါဟု အခွင့်ပေး၏။ ဥဒေါင်းမင်းလည်းမင်းကြီးခင်းသောမြတ်သောနေရာ၌နေပြီးသော် ဤသို့မေး၏။ ''မင်းကြီး… အဘယ့်ကြောင့် ငါ့ကိုဖမ်းသနည်း''ဟုမေး၏၊ ''ရွှေဥဒေါင်းမင်း၏အသားကို စားရသောသူတို့သည် မအိုပြီ, မသေပြီ, မနာပြီဟု ရွှေပေ၌ကမ္ပည်းစာရှိ၍ အသားကိုစားလို၍ဖမ်းသည်''ဟု မင်းကြီးဆို၏။

''မင်းကြီး… ငါ့အသားကိုစား၍ မင်းကြီးကား မအို, မသေသည်ဖြစ်တန်စေ၊ ငါကား သေလေမည်မဟုတ်လော''ဟု ဥဒေါင်းမင်းဆို၏။ ''ဟုတ်၏၊ ဥဒေါင်းမင်းကား သေလေတော့မည်''ဟု မင်းကြီးဆို၏၊ ''ငါသေလေသော် ငါ့အသားကိုစားသောသူကား အဘယ့်ကြောင့် မအို, မသေ, နေရတုံအံ့နည်း၊ ဝဋ်၌ ဖြစ်သောသတ္တဝါသည် မအို,မသေသော သတ္တဝါမည်သည်မရှိ၊ နိဗ္ဗာန်သာ မအိုသောတရားတည်း''ဟု ဥဒေါင်းမင်းဆို၏၊ မင်းကြီးလည်း ထိုဥဒေါင်းမင်းဟောသောတရားကို အလွန်နှစ်သက်ဝမ်းမြောက်၍ ဥဒေါင်းမင်းကို ကောင်းမြတ်သော ဘောဇဉ်ခဲဘွယ်တို့ဖြင့် ကျွေး၍ ကောင်းမြတ်သော ရေတို့ကို သောက်စေ၍ ဤသို့ မေးပြန်၏၊ ''ဥဒေါင်းမင်းကား အဘယ့်ကြောင့် ရွှေအဆင်းနှင့် တူသော အဆင်းသဏ္ဌာန် ကြီးအင်လက္ခဏာပြည့်စုံသနည်း''ဟု မေး၏။

''မင်းကြီး…ငါကား အကြောင်းမရှိဘဲ အဆင်းသဏ္ဌာန်ကြီးအင်လက္ခဏာနှင့် ပြည့်စုံသည်မဟုတ်၊ ရှေးသောအခါ ဤဗာရာဏသီပြည်၌ ငါစကြဝတေးမင်းဖြစ်၍ ခင်သိမ်းသောလူတို့ကို ဒါန,

သီလ-အစရှိသော ကုသိုလ်ကောင်းမှုနှင့်ကို ပြုကြကုန်ဟု ဟိုက်တွန်း နှိုးဆော်၍ အလှူပေးခြင်း, ငါးပါးသောသီလ—ရှစ်ပါးသော သီလ တို့ကို မပြတ်မလပ်ဆောက်တည်စေ၏၊ ဤစကြဝဠာတိုက်အလုံး၌ နေသော သတ္တဝါတို့ကို ဆုံးမဩဝါဒပေး၍ ကုသိုလ်ကောင်းမှု တို့ကိုပြုစေ၏၊ ထိုစကြဝတေးမင်းအဖြစ်မှစုတေ၍ တာဝတိံသာ နတ်ပြည်၌ဖြစ်လေ၏၊ တာဝတိံသာနတ်ပြည်၌ နတ်တို့၏အသက် အတိုင်း အနှစ်သုံးကုဋေခြောက်သန်းပတ်လုံး နတ်စည်းစိမ်ကိုခံစား ပြီးမှ ထိုတာဝတိံသာနတ်ပြည်မှစုတေခဲ့၍ ဥဒေါင်းမျိုး၌ ဖြစ်လာ သတည်း၊ ထိုစကြဝတေးမင်းဖြစ်သောအခါ စောင့်ရှောက်ခဲ့ဘူး သော သီလအစရှိသော ကုသိုလ်ကံအကျိုးကြောင့် ငါကား ရွှေ အဆင်းနှင့်တူသော အဆင်းသဏ္ဌာန်ကြီးအင်လက္ခဏာနှင့်ပြည့်စုံပါ သတည်း''ဟု ဥဒေါင်းမင်းဆို၏။

မင်းကြီးလည်း ဤသို့ဆိုပြန်၏၊ ''ဥဒေါင်းမင်း…. စကြဝတေး မင်းဖြစ်၏ ဟူသောစကားကို အဘယ်သက်သေကို ထောက်၍ ယုံကြည်ရပါအံ့နည်း''ဟု ဆို၏၊ ''မင်းကြီး… ယုံကြည်ရာသော သက်သေကို ငါဆိုအံ့၊ မင်းကြီး… စကြဝတေးမင်း ဖြစ်သောအခါ ရတနာခုနစ်ပါးဖြင့်ပြီးသော ရထားကိုစီး၍ ကောင်းကင်သို့သွား၏၊ ထိုရထားသည် ဤမင်္ဂလာရေကန်ထဲ၌နစ်၍ ရှိလေသည်၊ ရေကို ထုတ်၍ မြေကိုတူး၍ယူခတော်မူ''ဟုဆို၏။ မင်းကြီးလည်း ရေကန်၌ ရေကိုထုတ်၍ မြေကိုတူးယူသော် ရွှေရထားကို ရလေ၏၊ မင်းကြီး လည်း ယုံကြည်လေ၏။

ဥဒေါင်းမင်းလည်း ဤသို့တရားဟော၏၊ ''မင်းကြီး….နိဗ္ဗာန် ကိုထား၍ နိဗ္ဗာန်မှကြွင်းသော သင်္ခါရတရားအပေါင်းသည် မအို, မနာ,မသေသောတရားမည်သည်မရှိ၊ခပ်သိမ်းသော သင်္ခါရတရား တို့သည် အမြဲ ရှိကုန်၊ ပျက်တတ်သော သဘောရှိကုန်၏ ကုန်တတ် သောသဘောရှိကုန်၏၊ပျောက်တတ်သော သဘောရှိကုန်၏၊ဤသို့ တရားဟောပြီး၍ မင်းကြီးအား ငါးပါးသီလကို ဆောက်တည်စေ ၏၊ မင်းကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက်တော်မူ၍ ဥဒေါင်း မင်းကို ပြည်ဖြင့်ပူဇော်၏၊ ပြည်ကိုအပ်နှင်းတော်မူ၏၊ ပြည်စည်းစိမ်

ဖြင့် ဆောက်နှင်းတော်မူ၏၊ ဥဒေါင်းမင်းသည်း နှစ်ရက်, သုံးရက် ရွှေနန်းတော်၌ နေတော်မူ၍ မင်းကြီးအား မမေ့မလျော့ ကုသိုလ်ကောင်းမှုကို ပြုလေလော့ဟု ဆုံးမဩဝါဒပေးခဲ့၍ ကောင်းကင်သို့ ပျံ၍ ဒဏ္ဍကဟိရညအမည်ရှိသော တောင်ထွဋ်သို့ပြန်၍ နေတော်မူလေ၏။

ထိုအခါ မင်းကြီးကား ယခုအခါ၌အနန္ဒာဖြစ်လာ၏၊ ဥဒေါင်းမင်းကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏၊ ဇာတ်ကိုပေါင်းတော်မူသောအဆုံး၌ သစ္စာလေးပါးတို့ကိုထုတ်၍ ဟောတော်မူ၏၊ သစ္စာလေးပါးကို ဟောတော်မူသောအဆုံး၌ ထိုလူထွက်လိုသောရဟန်းသည် သောတာပတ္တိဖိုလ်ကိုရလော၍ မထေရ်ကြီးဖြစ်လေ၏။

[ဤဥဒေါင်းမင်းဇာတ်သည် ဒုကနိပါတ်ဇာတ်ကျမ်း၌လာ၏။]

၆၈။ ဥဒေတ-ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ-ဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿ- ဝဏ္ဏံ
ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

[ဥဒေတယံကို (ဥဒေတိ+အယံ)ဟုပုဒ်ဖြတ်။]

၆၈။ စက္ခုမာ၊ သတ္တဝါတို့၏ မျက်စိအမြင်ကို ပေးတတ်ထသော။ ဧကရာဇာ၊ မြတ်သောအတုမရှိသော မင်းဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေအဆင်းနှင့် တူသောအဆင်းရှိထသော။ ပထဝိပ္ပဘာသော၊ မြေ၌ ထွန်းပသောအရောင်ရှိထသော။ အယံ ဘောနော သူရိယော၊ ဤအရှင်နေမင်းသည်။ ယံ—ယသ္မာ၊ အကြင့်ကြောင့်။ ဥဒေတိ တက်၏။ တံ-တသ္မာ၊ ထိုသို့ တက်သောကြောင့်။ ဟရိဿ

ဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော။ ပထဝိပ္ပဘာသံ၊ မြေသို့ထွန်းပသော အရောင်လည်း ရှိထသော၊ တံ ဘဝန္တံ သူရိယရာဇာနံ၊ ထိုအရှင်နေမင်းကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုးပါ၏။ တယာ–ဘဝတာ၊ အရှင်နေမင်းသည်။ အဇ္ဇ၊ ယနေ့။ ဂုတ္တာ၊ စောင့်ရှောက်အပ်ကုန်သည်ဖြစ်၍။ ဒိဝသံ၊ တနေ့ပတ်လုံး။ မယံ၊ ငါတို့သည်။ ဝိဟရေမှ၊ နေပါကုန်၏။

ဖ၉။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ-ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ။
မောရော စရတိ ဧသနာ။

ဖ၉။ ဗြာဟ္မဏာ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိတော်မူကုန်သော။ ယေဗုဒ္ဓါ၊ အကြင်ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည်။ သဗ္ဗဓမ္မေ၊ အလုံးစုံသော ခန္ဓာ, အာယတန, ဓာတ်, သစ္စာလေးပါး တရားတို့ကို။ ဝေဒဂူ၊ သိခြင်းအဆုံးသို့ ရောက်တော်မူကုန်၏။ တေဗုဒ္ဓေ–တေသံဗုဒ္ဓါနံ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေဗုဒ္ဓါ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည်လည်း။ မံ၊ ငါ့ကို။ နိဗ္ဗုဓေယနစ၊ ဘေးဥပဒ္ဒဝေါ မရှိခြင်းဖြင့် လည်းကောင်း။ သုခေနစ၊ ချမ်းသာခြင်းဖြင့် လည်းကောင်း။ (ထည့်ပုဒ်။)

ပါလယန္တု၊ စောင့်ရှောက်တော်မူစေကုန်သတည်း။ ဗုဒ္ဓါနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ဖြစ်စေသတည်း။ ဗောဓိယာ၊မဂ်လေးပါးဉာဏ်, ဖိုလ်လေးပါးဉာဏ် တည်းဟူသော ဗောဓိအား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်တော်မူကုန်ပြီးသော အရိယာမြတ်တို့အား။ အဟံ၊ငါသည်။ နမော၊ ရှိခိုးပါ၏။ ဝိမုတ္တိယာ၊ ငါးပါးသော ဝိမုတ္တိအား။ အဟံ၊ ငါသည်။ နမော၊ ရှိခိုးပါ၏။ ဣတိ၊ ဤသို့။ တေဟိ၊ ထိုဝိမုတ္တိတရား, ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ တို့သည်။ ရက္ခိတော၊ စောင့်ရှောက်အပ်သော။ (ထည့်ပုဒ်။)သော-မောရော၊ ထိုဥဒေါင်းမင်းသည်။ သူရိယုဂ္ဂမနကာလေ၊ နေထွက်သောအခါ၌၊ (ထည့်ပုဒ်။) ဣမံပရိတ္တံ၊ ဤအရံအတားဖြစ်သော ပရိတ်တော်ကို။ ကတ္တွာ၊ ရွတ်၍။ဒိဝါ၊ နေ့၌။ သေနာ-သေနာယ၊ အစာရှာအံ့သောငှါ။ စရတိ၊ သွားတော်မူ၏။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၆၉။ ဤပရိတ်တော်သည် စုဏ္ဏိယမဟုတ်၊ ပဌမဂါထာ, ဒုတိယဂါထာဟု ဇာတ်အဋ္ဌကထာ၌ လာသောကြောင့် ဂါထာပင်တည်း။ ဥဒေတယံ။ ပ။ ဒိဝသံ–ဤတိုင်အောင်တဂါထာ၊ယေဗြာဟ္မဏာ။ ပ။ ဝိမုတ္တိယာ-ဤတိုင်အောင် တဂါထာ၊ ဣမံသော။ ပ။ သေနာ- ဤတိုင်အောင်ဂါထာဝက်၊ အဋ္ဌက္ခရာမျိုးတည်း၊ ပဌမဂါထာ၌ ပဌမပါဒ- ဒုတိယပါဒတဆယ့်တလုံး, တတိယပါဒတဆယ့်ခုနစ်လုံး,စတုတ္ထပါဒ တဆယ့်နှစ်လုံးတည်း၊ ဒုတိယဂါ

ထာ၌ ပဌမပါဒ-ဒုတိယပါဒတဆယ့်တလုံး, တတိယပါဒ-စတုတ္ထပါဒ တဆယ့်နှစ်လုံး၊ ဝံသဋ္ဌဂါထာမျိုးတည်း၊ အဋ္ဌက္ခရာဖြစ်သော နောက်နှစ်ပါဒကား ဥဒေါင်းမင်းရွတ်သော ဂါထာမဟုတ်၊ဘုရားဖြစ်တော်မူမှ အထွင်္ကတင်သောဂါထာတည်း၊ နောက်အပေတယံ-ဟူသော ပုဒ်တို့၌လည်း ဤနည်းကိုနှလုံးပိုက်၍သိအပ်ကုန်၏။

---

**အနုသန္ဓေ။** ။ဤသို့လျှင် နေ့၌ထားအပ်သော အရံအတား ပရိတ်တော်ကို ပြတော်မူပြီး၍ ယခုအခါ၌ ညဉ့်၌ထားအပ်သော အရံအတားပရိတ်တော်ကို ပြတော်မူလိုရကား''အပေတယံ'' အစရှိသော နှစ်ဂါထာခွဲကို ဟောတော်မူအပ်၏။

၃၀။ အပေတာံယံ စက္ခုမာ ဧက-ရာဇာ၊
ဟရိဿ-ဝဏ္ဏော ပထဝိံပ္ပဘာသော။
တံ တံ နမဿာမိ ဟရိံဿ-ဝဏ္ဏံ ပထဝိံ
ပ္ပဘာသံ၊
တယာ·ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ*။
[အပေတယံကို(အပေတိ+အယံ)ဟုပုဒ်ဖြတ်။]

၃၀။ စက္ခုမာ၊ သတ္တဝါတို့၏ မျက်စိအမြင်ကို ပေးတော်မူတတ်ထသော။ ဧကရာဇာ။ မြတ်သော အတုမရှိသောမင်းဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော၊ ပထဝိပ္ပဘာသော၊ မြေ၌ထွန်းလင်းသော အရောင်ရှိထသော။ အယံဘောန္တောသူရိယော၊ ဤအရှင်နေမင်းသည်။ ယံ ယသ္မာ၊ အကြင့်ကြောင့်။ အပေတိ၊ ဝင်၏။ တံ တသ္မာ၊ ထိုသို့ဝင်သောကြောင့်။ ဟရိဿ

ဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော။ ပထဝိပ္ပဘာသံ၊ မြေ၌ ထွန်းလင်းသော အရောင်ရှိထသော။ တံ-ဘဝန္တံ သူရိယရာဇာနံ၊ ထိုအရှင်နေမင်းကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုးပါ၏။ တယာ-ဘဝတာ၊ အရှင်နေမင်းသည်။ အဇ္ဇ၊ ယနေ့။ ဂုတ္တာ၊ စောင့်ရှောက်အပ်ကုန်သည် ဖြစ်၍။ ရတ္တိံ၊ တညဉ့်ပတ်လုံး။ မယံ၊ ငါတို့သည်။ ဝိဟရေမု၊ နေပါကုန်အံ့။

---

၇၁။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ-ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသမကပ္ပယိ။

[ဝါသမကပ္ပယိကို(ဝါသံ+အကပ္ပယိ)ဟုပုဒ်ဖြတ်။]

မောရပရိတ္တံနိဋ္ဌိတံ။

၇၁။ ဗြာဟ္မဏာ၊ အပပြုပြီးသော မကောင်းမှုရှိတော်မူကုန်သော။ ယေဗုဒ္ဓါ၊ အကြင်ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည်။ သဗ္ဗဓမ္မေ၊ အလုံးစုံသော ခန္ဓာ, အာယတန, ဓာတ်, သစ္စာလေးပါးတရားတို့ကို။ ဝေဒဂူ၊ သိခြင်းအဆုံးသို့ ရောက်တော်မူကုန်၏။ တေဗုဒ္ဓေ-တေသံဗုဒ္ဓါနံ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေစဗုဒ္ဓါ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည်လည်း။ မံ၊ ငါ့ကို။ နိဗ္ဗယေ

နစ၊ ဘေးဥပဒ္ဒဝေါ မရှိခြင်းဖြင့်လည်းကောင်း၊ သုခေနစ၊ ချမ်းသာခြင်းဖြင့်လည်းကောင်း။ (ထည့်ပုဒ်။) ပါလယန္တု၊ စောင့်ရှောက်တော်မူစေကုန်သတည်း။ ဗုဒ္ဓါနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဗောဓိယာ၊ မဂ်ဉာဏ် လေးပါး, ဖိုလ်ဉာဏ်လေးပါး တည်းဟူသော ဗောဓိအား။ မေ၊ ငါ၏၊ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ ကိလေသာတို့မှ လွတ်တော်မူကုန်ပြီးသော အရိယာမြတ်တို့အား။ အဟံ၊ ငါသည်။ နမော၊ ရှိခိုးပါ၏။ ဝိမုတ္တိယာ၊ ငါးပါးသော ဝိမုတ္တိအား။ အဟံ၊ ငါသည်။ နမော၊ ရှိခိုးပါ၏။ တေဟိ၊ ထိုဝိမုတ္တိတရား, ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည်။ ရက္ခိတော၊ စောင့်ရှောက်အပ်သော။ (ထည့်ပုဒ်။) သော-မောရော၊ ထိုဥဒေါင်းမင်းသည်။ အတ္တဂ်တော၊ နေဝင်သောအခါ၌။ (ထည့်ပုဒ်။) ဣမံပရိတ္တံ၊ ဤအရံအတားဖြစ်သော ပရိတ်တော်ကို။ ကတွာ၊ ရွတ်၍။ ရတ္တိံ၊ ညဉ့်၌။ ဝါသံ၊ နေခြင်းကို။ အကပ္ပယိ၊ ပြုတော်မူပြီ။

မောရပရိတ္တံ၊ မောရပရိတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

### ဝိမုတ္တိ ၅-ပါး

၇၁။ ငါးပါးသောဝိမုတ္တိဟူသည်ကား။ ၁-တဒင်္ဂဝိမုတ္တိ, ၂-ဝိက္ခမ္ဘနဝိမုတ္တိ, ၃-သမုစ္ဆေဒဝိမုတ္တိ, ၄-ပဋိပဿဒ္ဓိဝိမုတ္တိ, ၅-နိဿရဏဝိမုတ္တိဟူ၍ ငါးပါးတို့တည်း၊ ထိုငါးပါးတို့တွင်–

၁။ ကာမာဝစရ မဟာကုသိုလ်ဉာဏ်သည် တဒင် တခဏမျှ ကိလေသာတို့မှ လွတ်တတ်သောကြောင့် တဒင်-ဝိမုတ္တိမည်၏။

၂။ မဟဂ္ဂုတ်ကုသိုလ်ဉာဏ်သည် တဘဝလည်းကောင်း, နှစ်ဘဝလည်းကောင်း, သုံးဘဝလည်းကောင်း ဖြဟ္မာ့ပြည်၌ ဖြစ်နိုက်ကိလေသာတို့မှ လွတ်တတ်သောကြောင့် ဝိက္ခမ္ဘန-ဝိမုတ္တိမည်၏။

၃။ လောကုတ္တရာ မဂ်စိတ်လေးခု၌ရှိသော ဉာဏ်သည် မိမိသတ်အပ်သော ကိလေသာတို့ကို တဖန်မဖြစ်စေမူ၍ အကြွင်းမဲ့ သတ်၍ ကိလေသာတို့မှ လွတ်တတ်သောကြောင့် သမုစ္ဆေဒ-ဝိမုတ္တိမည်၏။

၄။ လောကုတ္တရာ ဖိုလ်စိတ်လေးခု၌ ရှိသော ဉာဏ်သည် "မဂ်ဉာဏ်သည် သတ်အပ်သောကိလေသာတို့ကို" တဖန်ငြိမ်းစေတတ်သဖြင့် ကိလေသာတို့မှ လွတ်တတ်သောကြောင့် ပဋိပဿဒ္ဓိ-ဝိမုတ္တိမည်၏။

၅။ နိဗ္ဗာန်သည် ခပ်သိမ်းသောကိလေသာတို့မှ ထွက်မြောက်ရာ တဏှာမှ လွတ်တတ်သောကြောင့် နိဿရဏ-ဝိမုတ္တိမည်၏။

၅ါဝိမုတ္တိငါးပါးကိုရည်၍—

*လောကီလောကုတ်၊ ဝိမုတ်ငါးတန်၊ ရှာန်အဘိညာဉ်၊ ယှဉ်သည်မဂ္ဂာ၊ အသာခရဏ၊မဓ္ဈခြောက်စု၊ စတုဝီသ၊ သမန္တပဟု၊ကျမ်းမနည်းဆန်၊ပဋ္ဌာန်းခပင်း၊သိမြင်ခြင်းသား၊ ကျယ်ဝင်းဂုဏ်တော်၊ကျေးဇူးသော်ကား၊ အကျော်ထဲနက်၊ အံ့ဆတက်၍၊ တိုင်းဖက်အဘယ်၊ဆိုဘွယ်စရာ၊ရှိသည်ရာအံ့။

ဟူ၍ ရှေးဆရာကျော်ဘို့ ဆိုတော်မူကုန်၏။

အဘယ်အနက်ကြောင့် မောရမည်သနည်း၊ အဘယ်သမာသ် ကြောင့် မောရပရိတ္တမည်သနည်း ဟူမူကား-မဟိယံ ရာတီတိ

မောရော။ ။ယောသကုဏော၊ အကြင်ငှက်သည်။ မဟိယံ၊ မြေ၌။ ရဝတိ၊ တွန်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သောသကုဏော၊သည်။ မောရော၊ မောရမည်၏။

မဟိသဒ္ဒါအနီးရှိသော ရုဓာတ်, ကွိပစ္စည်း၊ မကိုခွင်း၊ ရကိုခွင်း၊ ကွစိဓာတုသုတ်ဖြင့် မအစိတ်အကိုညြပြု၊ ဟီကိုချေ၊ ရအင်္ဂါတ်ဥကိုလည်းချေ၊ ကွိပစ္စည်းကိုလည်းချေ၊ သိသက်၊ ညြပြု၊မောရောပြီး၏။ တနည်းကား-မုရဓာတ်,သဒ္ဒအနက်,ဏပစ္စည်း။ မောရဿ ပရိတ္တံ မောရပရိတ္တံ၊မောရံမောရဇာတ်နံ ပရိသမန္တတော တာယတိရက္ခတီတိဝါ မောရပရိတ္တံ-ဟု ဝစနတ္ထပြုအပ်၏။

[ဤမောရ ပရိတ်တော်သည် ပါဠိဇာတ် ပါဠိတော် ဒုကနိပါတ်၌ လာသည်။]

**မောရပရိတ်ပြီး၏။**

# ၆-ဝဋ္ဋပရိတ်

၇၂။ ပူရေန္တံ ဗောဓိ-သမ္ဘာရေ၊
နိဗ္ဗတ္တံ ဝဋ္ဋ ဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊
မဟာ သတ္တံ ဝိဝဇ္ဇယိ၊

၇၃။ ထေရဿ သာရိ-ပုတ္တဿ၊
လောက-နာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာ-တေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၇၂။ ဗောဓိသမ္ဘာရေ၊ သဗ္ဗညုတ ဉာဏ်တော်၏ အဆောက်အဦ ဖြစ်ကုန်သော ပါရမီတော်တို့ကို။ ပူရေန္တံ၊ ဖြည့်ကျင့်တော်မူသော။ ဝဋ္ဋဇာတိယံ၊ ငုံးအမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ်တော်မူသော။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ယဿ ဝဋ္ဋပရိတ္တဿ၊ အကြင် ဝဋ္ဋ ပရိတ်တော်၏။ တေဇေန၊ တန်ခိုး အာနုဘော်ကြောင့်။ ဒါဝဂ္ဂိ၊ တောမီးသည်။ ဝိဝဇ္ဇယိ၊ ပဲကြဉ်လေ၏။

၇၃။ သာရိပုတ္တဿ၊ သာရိပုတ္တရာ အမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်သော။ ကပ္ပဋ္ဌာယိံ၊ ကမ္ဘာပတ်လုံး တည်လတ္တံ့သော။ မဟာတေဇံ၊ ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိသော။ တံ ပရိတ္တံ၊ ထိုဝဋ္ဋပရိတ်တော်ကို။ ဟေ၊ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

# အဓိပ္ပါယ်ရှင်းလင်းချက်

## ဝဋ္ဋပရိတ်အဋ္ဌုပ္ပတ္တိ

၇၂။ ဤဝဋ္ဋပရိတ်တော်ကို အဘယ်တိုင်း၌ အဘယ်ဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူသနည်း ဟူမူကား-မြတ်စွာဘုရားသည် အခါတပါး များစွာသောရဟန်းသံဃာ အပေါင်းခြံရံတော်မူလျက် မဂဓရာဇ်တိုင်းတောအရပ်သို့ နွေလအခါ ဒေသစာရီ ကြွတော်မူသည်ရှိသော် တခုသောတောအရပ်၌ ကြီးစွာသော တောမီးတို့သည် ထလတ်၍ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာ အပေါင်းကို တောမီးဝိုင်းမိလေ၍ ပုထုဇဉ်ရဟန်းတို့သည် သေအံ့သောဘေးမှ ကြောက်ကြကုန်၍ ကြွေးကြော် မြည်တမ်းကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရပ်တော်မူ၍ ''သင်တို့မကြောက်ကြကုန်လင့်၊ငါ၏အနီးသို့လာကြကုန်''ဟု မိန့်တော်မူသော ခဏ၌ပင် ကြီးစွာသော တောမီးသည် ရေ၌ရောက်သကဲ့သို့ တခဏခြင်းငြိမ်းလေ၏။

ညချမ်းသောအခါ၌ ရဟန်းတို့သည် အစုအစု နေကြကုန်၍ ''ကြီးစွာသော တောမီးတို့ကို တန်ခိုးတော်ဖြင့် ငြိမ်းစေတော်မူနိုင်ခြင်းသည် အံ့ဘွယ်သရဲရှိလှ၏''ဟုကျေးဇူးတော်ကိုပြောဟောကြကုန်၏၊ ထိုအခါကြွတော်မူလာ၍''သင်တို့အဘယ်စကားကို ပြောဟောကြကုန်သနည်း'' ဟုမေးတော်မူ၏၊ ''အရှင်ဘုရား တန်ခိုးတော်ကြောင့် ကြီးစွာသောတောမီးတို့သည် ရေသို့ရောက်သကဲ့သို့ တခဏခြင်း ငြိမ်းလေကုန်သည်ကား အံ့ဘွယ်သရဲရှိပေစွဟု အရှင်ဘုရား၏ကျေးဇူးတော်ကိုပြောဟောကြပါကုန်သည်''ဟုလျှောက်ကြလေကုန်၏။

''ရဟန်းတို့…ယခုဘုရားဖြစ်မှ ကြီးစွာသော တောမီးတို့ကို ငြိမ်းစေနိုင်သည်ကား အံ့ဘွယ်မရှိသေး၊ ငုံးအမျိုး၌ဖြစ်သောအခါ ဥခွံတွင်းမှပေါက်စသာဖြစ်သော အမွေးအတောင် မရောက်သေး

သော ငုံးငယ်သည်သစ္စာပြု၍ ကြီးစွာသော တောမီးတို့ကို ရေသို့ ရောက်သကဲ့သို့ ငြိမ်းစေနိုင်ခြင်းသည်သာ အံ့ဘွယ်သရဲရှိလှ၏''ဟု အနုသန္ဓေကိုစပ်တော်မူ၍ ''အတ္ထိလောကေ''အစရှိသော ဒေသနာတော်ကိုဟောတော်မူ၏။

[ရှေ့စကား,နောက်စကားစပ်သည်ကို အနုသန္ဓေ စပ်သည်ဟုဆိုသည်၊ ရှေ့စကား, နောက်စကား မစပ်သည်ကို အနုသန္ဓေ မစပ်ဟုဆိုသည်၊ ထိုအနုသန္ဓေသည် ပုစ္ဆာနုသန္ဓေ, အဇ္ဈာသယာနုသန္ဓေ, ယထာနုသန္ဓေဟူ၍ သုံးမျိုး အပြားရှိ၏။]

---

၇၄။ အတ္ထိ လောကေ သီလ-ဂုဏော၊
သစ္စံ သောစေယျံနုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စ-ကိရိယံမနုတ္တရံ။

၇၅။ အာဝဇ္ဇေတွာ ဓမ္မ-ဗလံ၊
သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စ-ဗလမဝဿာယ၊
သစ္စ-ကိရိယမကာသဟံ။

[ဗလမဝဿာယကို (ဗလံ+အဝဿာယ)ဟုပုဒ်ဖြတ်၊ ကိရိယမကာသဟံကို (ကိရိယံ+အကာသိ°+အဟံ) ဟု ပုဒ်ဖြတ်။]

၇၄-၇၅။ သာရိပုတ္တ၊ သာရိပုတ္တ်ရာ။ ဂိမှာသမယေ၊ နွေလအခါ၌။ မဟာပဇ္ဇလိတော၊ ကြီးစွာသောအလျှံရှိသော။ သိခီ၊ တောမီးသည်။ ဥဋ္ဌိတော၊ ထလတ်၏။ တဒါ၊

ထိုတောမီးထသောအခါ၌။ အဟံ-ဝဋ္ဋပေါတကော၊ ငါငုံး ငယ်သည်။ အာဝဇ္ဇေသိံ၊ ဆင်ခြင်ပြီ။ ကိံ အာဝဇ္ဇေသိံ၊ အဘယ်သို့ ဆင်ခြင်သနည်းဟူမူကား။ (ဤပုဒ်တို့ကို ထည့်၍ပေးလေ။) ပုဗ္ဗကေ-ပုဗ္ဗကာနံ၊ ရှေး၌ ဖြစ်ကုန်ပြီးသော။ ဇိနေ-ဇိနာနံ၊ မာရ်ငါးပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရားတို့၏။ ဓမ္မဗလံ၊ ဒသဗလဉာဏ်, အသာဓာရဏဉာဏ်, ခန္တီ-မေတ္တာ အစရှိသော ဂုဏ်တော်အစွမ်းကို။ သရိတွာ၊ အောက်မေ့၍။ အနုဒ္ဒယာ၊ ရှေး၌ဖြစ်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့၏ မဟာကရုဏာတော်ကိုလည်း။ သရိတွာ၊ အောက်မေ့၍။ [သောစေယျာနုဒ္ဒယာကို (သောစေယျံ+အနုဒ္ဒယာ) ဟုပုဒ်ဖြတ်။] လောကေ၊ လောက၌။ သပ္ပုရိသာနံ၊ သူတော်ကောင်းတို့၏၊ (ထည့်ပုဒ်။) ယော သီလဂုဏော၊ အကြင်သီတင်းကျေးဇူးတော်သည်။ အတ္ထိ၊ ရှိ၏။ တဉ္စသီလဂုဏံ၊ ထိုသူတော်ကောင်းတို့၏ သီတင်းကျေးဇူးကိုလည်း။ (ထည့်ပုဒ်။) အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ သောစေယျံ၊ ယုံမှားသက်ာကို စင်ကြယ်စေတတ်သော။ ယံသစ္စံ၊ အကြင်သစ္စာသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ သစ္စံ၊ ထိုသစ္စာကိုလည်း။ (ထည့်ပုဒ်။) အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ တေနသစ္စေန၊ ထိုသစ္စာဖြင့်။ အနုတ္တရံ၊ အတုမရှိမြတ်သော။ သစ္စကိရိယံ၊ သစ္စာအမှုကို။ အဟံ၊ ငါသည်။ ကာဟာမိ၊ ပြု၏။ ဣတိ သို့။ အာဝဇ္ဇေသိံ၊ဆင်ခြင်ပြီ။ သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ-ဝဋ္ဋပေါတကော၊ ငါငုံးငယ်သည်။ ဧဝံအာဝဇ္ဇေတွာ၊ ဤသို့ဆင်ခြင်၍။ သစ္စကိရိယံ၊ သစ္စာအမှုကို။ အကာသိံ၊ ပြုပြီ။

၇၆။ သန္တိ ပက္ခာ အ-ပတနာ၊
သန္တိ ပါဒါ အ-ဝဉ္စနာ။
မာတာ ပိတာစ နိက္ခန္တာ၊
ဇာတ-ဝေဒ ပဋိက္ကမ။

၇၆။ ကိံ အကာသိ၊ အဘယ်သို့ပြုသနည်း ဟူမူကား။ ဘောအဂ္ဂိ၊ အို-မီး။ (ဤသို့ထည့်၍ပေး။) မေ၊ ငါ၏။ ပက္ခာ၊ အတောင်တို့သည်။ သန္တိ၊ ကုန်၏။ တေန၊ ထိုအတောင်ဖြင့်။ (ထည့်ပုဒ်။) အပတနာ။ မပျံတတ်ကုန်သေး။ ပါဒါ၊ ခြေတို့သည်။ သန္တိ၊ ရှိကုန်၏။ တေန၊ ထိုခြေဖြင့်။ အဝဉ္စနာ မသွားတတ်ကုန်သေး။ မေ၊ ငါ၏။ မာတာပိတာစ၊ အမိအဘတို့သည်လည်း။ တံ ဘယာ၊ သင့်ကို ကြောက်သောကြောင့် (ထည့်ပုဒ်။) နိက္ခန္တာ၊ ထွက်ပြေးလေကုန်ပြီ။ တံဝစနံ၊ ထိုစကားသည်။ သစ္စံ၊ မှန်၏။ (ထည့်ပုဒ်။) ဇာတဝေဒ၊ ဟယ်-တောမီး။ ပဋိက္ကမ၊ ဖဲလေလော့။ ဣတိ၊ ဤသို့။ သာရိပုတ္တ၊ သာရိပုတ္တရာ။ (ထည့်ပုဒ်။) အဟံ-ဝဋ္ဋပေါတကော၊ ငုံးငယ်သည်။ သစ္စဗလံ၊ သစ္စာအစွမ်းကို။ အဝဿာယ၊ အမှီပြု၍။ သစ္စကိရိယံ၊ သစ္စာအမှုကို။ အကာသိံ၊ ပြုပြီ။

---

၇၇။ သဟ သစ္စေ ကတေ မယှံ၊
-မဟာ-ပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။

သဗ္ဗေသနံ မေ သဗ္ဗော နတ္ထိ၊
သော မေ သစ္စ-ပါရမီ။
ဝဋ္ဋပရိတ္တံ နိဋ္ဌိတံ။

၇၇။ သာရိပုတ္တ၊ သာရိပုတ္တရာ။ မယှံ၊ ငါ၏ငယ်သည်။ ဇိဝ်သစ္စေ၊ ဤသို့သောသစ္စာကို။ ကတော၊ ပြုအပ်သည်ရှိသော်။ သစ္စေန၊ ပြုသောသစ္စာနှင့်။ သဟ၊ တကွ။ မဟာပဇ္ဇလိတော၊ ကြီးစွာသော အလျှံရှိသော။ သိခီ၊ တောမီးသည်။ သောဠသ ကရီသာနိ–သောဠသ ကရီသေဟိ၊ တဆယ့်ခြောက်မင်းပယ်စားအရပ်တို့မှ။ မံ၊ ငါ့ကို။ ဝဇ္ဇေသိ၊ ကြဉ်ဖဲလေ၏။ ဝဇ္ဇိတော၊ ကြဉ်ဖဲအပ်သော။ သိခီ၊ တောမီးသည်။ (ထည့်ပုဒ်။) ဥဒကံ၊ ရေသို့။ ပတ္တွာ၊ ရောက်၍။ နိဗ္ဗာတိယထာ၊ ငြိမ်းသကဲ့သို့။ တထာ၊ ထို့အတူ။ (ထည့်ပုဒ်။) နိဗ္ဗာတိ၊ ငြိမ်း၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ မေ၊ ငါငယ်၏။ သစ္စေန၊ သစ္စာနှင့်။ သမော၊ တူသော သစ္စာသည်။ နတ္ထိ၊ မရှိသည်သာလျှင်တည်း။ မေ၊ ငါ၏။ သောပါရမီ၊ ထိုပါရမီသည်။ သိခါပတ္တာ၊ အထွဋ်သို့ရောက်သော။ (ထည့်ပုဒ်။) သစ္စပါရမီ၊ သစ္စာပါရမီတည်း။

ဝဋ္ဋပရိတ္တံ၊ ဝဋ္ဋပရိတ်သည်။
နိဋ္ဌိတံ၊ပြီးပြီ၊

## အဓိပ္ပါယ်ရှင်းလင်းချက်

အဘယ်အနက်ကြောင့် ဝဋ္ဋကမည်သနည်း၊ အဘယ် သမာသ်ကြောင့် ဝဋ္ဋကပရိတ္တ မည်သနည်းဟူမူကား–ဝဋ္ဋတိ ပထဝိယံ ဧဝ ဂေါစရတီတိ ဝဋ္ဋကော၊ ဝဋ္ဋတိ ပဋ္ဋကိစ္စံ ဂစ္ဆတီတိဝါ ဝဋ္ဋကော။

ဒယာသကုဏော၊အကြင်ငှက်သည်။ပထဝိယံ ဝေ၊မြေ၌သာလျှင်။ ဝဋ္ဋတိ ဂေါစရတိ၊ ကျက်စားတတ်၏။ ဇာတိ၊ ကြောင့်၊ သောသကုဏော၊ ထိုငှက်သည်။ ဝဋ္ဋကော၊ ဝဋ္ဋကမည်၏။ ဝါ၊တနည်းကား။ ယော သကုဏော၊ အကြင်ငှက်သည်၊ ပဋ္ဋုကိစ္စ၊ ထင်သော ဉာဏ်ကိစ္စသို့။ဝဋ္ဋတိဂစ္ဆတိ၊ ရောက်တတ်၏။ ဇာတိ၊ ကြောင့်။ သောသကုဏော၊ ထိုငှက်သည်။ ဝဋ္ဋကော၊ ၏ ။ဝဋ္ဋမော်ဟ်,ဂတိဒနက်, အပစ္စည်း, ကအာဂမ်။ ဝဋ္ဋကဿ ပရိတ္တံ ဝဋ္ဋက ပရိတ္တံ၊ ဝဋ္ဋကံ ဝဋ္ဋေပါတာကံ ပရိသမန္တတော တာယတိ ရက္ခတိတိဝါ ဝဋ္ဋက-ပရိတ္တံ-ဟု တပ္ပုရိသ်သမာသ်ပြုအပ်၏။

[ဤ ဝဋ္ဋကပရိတ်တော်သည် စရိယာပိဋက ပါဠိတော် ၌ သာ၏။]

ဝဋ္ဋပရိတ်ပြီး၏။

# ၇-ဓဇဂ္ဂပရိတ်

၇၈။ ယဿာနုဿရဏေနာပိ၊
အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌမဓိဂစ္ဆန္တိ၊
ဘူမိယံ ဝိယ သဗ္ဗထာ။

၇၉။ သဗ္ဗုပဒ္ဒဝ-ဇာလမှာ၊
ယက္ခ-စောရာဒိ-သမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

[ယဿာနုဿရဏေနာပိကို (ယဿ+အနုဿရဏေန+အပိ) ဟု ပုဒ်ဖြတ်၊ ပတိဋ္ဌမဓိဂစ္ဆန္တိကို (ပတိဋ္ဌ+အဓိဂစ္ဆန္တိ)ဟု ပုဒ်ဖြတ်။]

၇၈-၇၉။ ယဿ-ဓဇဂ္ဂပရိတ္တဿ၊ အကြင် ဓဇဂ္ဂပရိတ်တော်ကို။ အနုဿရဏေနာပိ၊ နှလုံးဖြင့် အောက်မေ့ကာ မျှဖြင့်လည်း။ အန္တလိက္ခေပိ ပါဏိနော၊ ကောင်းကင် တည်ကုန်သော သတ္တဝါတို့ သည်လည်း။ ဘူမိယံဝိယ၊ မြေ၌တည်ကုန်သကဲ့သို့။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပတိဋ္ဌံ၊ တည်ရာကို။ အဓိဂစ္ဆန္တိ၊ ရကုန်၏။ တဿာ နုဘာဝတော၊ ထိုဓဇဂ္ဂပရိတ်တော်၏ အာနုဘော်ကြောင့်။ (ထည့်ပုဒ်။) သဗ္ဗုပဒ္ဒဝဇာလမှာ၊ ခပ်သိမ်းသော ဥပဒ္ဒဝေါ တည်းဟူသော ကွန်ယက်မှ လည်းကောင်း။ ယက္ခ—စောရာဒိသမ္ဘဝါ၊ နတ်ရဲ, ဘီလူးရဲ, ခိုးသူ အစရှိသည်တို့ ကြောင့်ဖြစ်သော ဘေးရန်မှ လည်းကောင်း။ မုတ္တာနံ၊

လွတ်ကုန်သော သတ္တဝါတို့၏။ ဂဏနာ၊ အရေအတွက်သည်။ နစ အတ္ထိ၊ မရှိသည်သာလျှင်တည်း။ တံပရိတ္တံ၊ ထိုခဇ္ဂပရိတ်တော်ကို။ ဟော၊ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၇၈။ **အနုဿရဏေနာ**ဝိပုဒ်၌အဝိသဒ္ဒါသည် ဂရဟာအနက်ရှိ၏၊ထိုအဝိသဒ္ဒါဖြင့်ခဇ္ဂပရိတ်တော်ကိုနှလုံးဖြင့် အောက်မေ့ကာမျှဖြင့်လည်း ကောင်းကင်၌တည်ကုန်သော သတ္တဝါတို့သည်လည်း မြေ၌တည်ကုန်သကဲ့သို့ ခိုင်ခံ့သောအပြားအားဖြင့် တည်ရာမှီရာတို့ကိုရကုန်သေး၏၊ မပြတ်မလပ် ရွတ်ရဆောင်ရွက်ရမှုကား- ''ကောပန ဝါဒေါ-ဆိုဘွယ်မရှိ''ဟူသော အနက်ကိုပြတော်မူ၏။ အန္တလိက္ခေပိပုဒ်၌ အဝိသဒ္ဒါသည် သမ္ဘာဝနာအနက်ရှိ၏၊ထိုအဝိသဒ္ဒါဖြင့် ကောင်းကင်၌တည်သောသတ္တဝါတို့သော်လည်းတည်ရာမှီရာတို့ကိုရကုန်သေး၏၊ မြေ၌တည်သော သတ္တဝါတို့သော်ကား ပဂေဝ-ဟူသော အနက်ကိုပြတော်မူ၏။

**ဘူမိယံဝိယ**ပုဒ်၌ ဥပမာနအနက်, ဥပမေယျအနက်, ဥပမာအနက်,ဥပမာဇောတကအနက်၊ ဤအနက်လေးပါးတို့ကိုထုတ်အပ်ကုန်၏၊ထိုဘွင်ဘူမိသည်ထင်သောအနက်ဖြစ်သောကြောင့်ဥပမာနအနက်မည်၏၊ အန္တလိက္ခသည် မထင်သော အနက်ဖြစ်သောကြောင့် ဥပမေယျအနက်မည်၏၊ သတ္တဝါတို့၏ တည်ရာဟုဆိုအပ်သော မြေ,ကောင်းကင်နှစ်ပါးတို့၏ တည်ရာ၏အဖြစ်ဖြင့် တူသောသဒိသသမ္ဗန္ဓဘောဂုဏ်သည် ဥပမာအနက်မည်၏၊ ဝိယ,ဣဝ-အစရှိသော သဒ္ဒါသည် ထိုဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက အနက်မည်၏၊ အဝိသဒ္ဒါသည် အယုတ်နောင်ထိုင်မှု ဂရဟာ, အမြတ်နောင်ထိုင်မှု သမ္ဘာဝနာဟု ဆိုတော်မူကုန်၏။

**အနုသန္ဓေ။** ။အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာ ပဌမ သင်္ဂါယနာတင်တော်မူသော အခါ "ဓဇဂ္ဂပရိတ္တံ အာဝုသော အာနန္ဒ ဘဂဝတာ ကတ္ထ ဘာသိတံ"ဟု အရှင်မဟာကဿပ မေးအပ်သည်ဖြစ်၍ ထိုဓဇဂ္ဂပရိတ်တော်၏ နိဒါန်းအစရှိသော အနက်တို့ကို ပြတော်မူလိုသော အရှင်အာနန္ဒာမထေရ်သည် "ဧဝံ မေ သုတံ"အစရှိသော ပါဠိတော်အစဉ်ကို ဟောတော်မူအပ်၏။

၈၀။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတ-ဝနေ အနာထ-ပိဏ္ဍိကဿ အာရာမေ။

၈၀။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤဓဇဂ္ဂသုတ်ပရိတ်တော်ကို။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ မေ—မယာ၊ အကျွန်ုပ်၏။ သုတံ-သောတဒွါရာနုသာရေန ဥပဓာရိတံ၊ သောတဒွါရကိုအစဉ်မှီးသဖြင့် ဆောင်အပ်သည်ကား။ (ဆောင်ခြင်းသည်ကားလည်းဟူ။) ဧဝံ၊ ဤသို့လျှင်တည်း။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ (ဒေသနာသမယ၌လည်းဟူ။) သာဝတ္ထိယံ၊ သာဝတ္ထိပြည်၏ အနီးဖြစ်သော။ ဇေတဝနေ၊ ဇေတမင်းသား၏ဥယျာဉ်၌။ အနာထပိဏ္ဍိကဿ—အနာထ-ပိဏ္ဍိကေန၊ အနာထပိဏ် သူဌေးသည်။ စတုပညာသ-ဟိရညာနိ၊ ငါးဆယ့်လေးကုဋေ အရေအတွက်ရှိသော ရွှေဒင်္ဂါးတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ကာတေ၊ ဆောက်အပ်သော။ အာရာမေ၊ ရတနာကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။

၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရ-သင်္ဂါမော သမုပဗျူဠှော အဟောသိ။ အထခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော ဒေဝေ တာဝတိံသေ အာမန္တေသိ သစေ မာရိသာ ဒေဝါနံ သင်္ဂါမ-ဂတာနံ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ။

၈၁။ တတြခေါ၊ ထိုသို့နေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ အိုရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ-ပတိအဿောသုံ၊ ရိုသေစွာဦးဖြင့်ခံကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ (ထည့်ပုဒ်။) ဘူတပုဗ္ဗံ ဘိက္ခဝေ။ ပ။ ဥတြာသီပလာယီတိ၊ ဥတြာသီပလာယီဟူသော။ ဧတံဝစနံ၊ ထိုစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တနည်းကား-ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော, ရသည်မူလည်း ဖြစ်စေ-မရသည်မူလည်း ဖြစ်စေ

ဆွမ်းခံရွာသို့ ကပ်တတ်သော အလေ့ရှိကုန်သော, ရသည်မူလည်းဖြစ်စေ - မရသည်မူလည်းဖြစ်စေ အရိယာတို့၏ အလေ့ဖြစ်သော ကာယဝိညတ်ဖြင့် တောင်းတတ်သော အလေ့ရှိကုန်သော, အဘိုး-အတွေ့-အဆင်းကို ဖျက်တတ်သော ဓားငယ်ဖြင့် အပိုင်းအပိုင်း ဖြတ်အပ်သော အပ်ချည်ဖြင့် အကြောင်း အကြောင်း ချုပ်အပ်သော ဖန်ရည်ဖြင့် ဆိုးသော အဝတ်ကို ဆောင်လေ့ရှိကုန်သော, တဒင်္ဂပဟာန်- ဝိက္ခမ္ဘနပဟာန်- သမုစ္ဆေဒပဟာန် ဤပဟာန်သုံးပါးတို့တွင် တပါးပါးသောပဟာန်တို့ဖြင့် သည်းထန်လှစွာသော ကိလေသာတို့ကိုပယ်ဖြတ်တတ်သော အလေ့ရှိကုန်သော ငါ၏ချစ်သားရဟန်းများတို့။ ဒေဝါသုရသင်္ဂါမေ၊ တာဝတိံသာနတ်, အသုရာနတ်တို့၏ စစ်ဆိုင်ခြင်း, စစ်တက်ခြင်း အစုအဝေးသည်။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူး၏။ သမုပဗျူဠော၊ အလွန်ရှေးရှုသွားရှုသွား၍ အစုဖွဲ့ခြင်းသည်။ အဟောသိ၊ ဖြစ်ဘူးပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ အထခေါ၊ ထိုသို့စစ်ဆိုင်ကြသော အခါ၌။ ဒေဝါနမိန္ဒော၊ နတ်ပြည်နှစ်ထပ်ကို အစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ ဒေဝေတာဝတိံသေ၊ တာဝတိံသာနတ်တို့ကို။ သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ။ ပ။ လောမဟံသော ပဟီယိဿတီတိ၊ လောမဟံသော ပဟီယိဿတိ- ဟူ၍။ အာမန္တေသိ-ကထေသိ၊ ဆို၏။ မာရိသာ၊ အချင်းနတ်များတို့။ သင်္ဂါမဂတာနံ၊ စစ်ဆိုင်ရာအရပ်သို့ ရောက်ကုန်သော။ (စစ်မြေအရပ်သို့ ရောက်ကုန်သောလည်းဟူ။) ဒေဝါနံ၊ သင်နတ်တို့၏။ (ဘယံဝါစသောပုဒ်၌စပ်။) ဒေဝါနံ၊ သင်နတ်တို့အား။ (ဥပ္ပဇ္ဇေယျ၌စပ်။) ဘယံဝါ၊ ကြောက်ခြင်း,

ထိတ်လန့်ခြင်းသည် လည်းကောင်း။ ဆမ္ဘိတတ္တံဝါ၊ ကိုယ်ခက်တရော်ရှိသော အဖြစ်သည် လည်းကောင်း။ လောမဟံသောဝါ၊ ကြက်သီးမွေးညှင်း ထခြင်းသည် လည်းကောင်း။ သစေ ဥပ္ပဇ္ဇေယျ၊ အကယ်၍ဖြစ်ငြားအံ့။ တနည်းကား— သစေ၊ အကယ်၍။ ဥပ္ပဇ္ဇေယျ၊ ဖြစ်လေမူကား။ တသ္မိံသမယေ၊ ထိုသို့ဖြစ်သောအခါ၌။ မမေဝ၊ ငါသိကြားမင်း၏ သာလျှင်။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ တုမှေ၊ သင်တို့သည်။ ဥလ္လောကေယျာထ၊ ကြည့်ကြလေကုန်။

ဟိ-ယုတ္တံ၊ ထိုငါဆိုသောစကားသည် သင့်၏။ မမံ၊ ငါသိကြားမင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ— ဥလ္လောကေန္တာနံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်နတ်များ တို့၏။ (တို့အားလည်းဟူ။)ယံဘယံဝါ၊ အကြင်ကြောက်ခြင်း, ထိတ်လန့်ခြင်းသည်လည်းကောင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း။ ယော လောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်း သည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထို ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကိုယ်ခက် တရော်ရှိခြင်း, ကြက်သီး မွေးညှင်း ထခြင်းသည်။ ပဟီယိဿတိ၊ ပျောက် လိမ့်သတည်း။

---

## အဝိပ္ပါယ်ရှင်းလင်းချက်

၇၁။ သမုပဗျူဠှောကို (သံ+ဥပ+ဝိ+ဦဠှော)ဟု ပုဒ်ဖြတ်၊ သံသဒ္ဒါ အတိရေကအနက်, ဥပသဒ္ဒါသမ္မုခအနက်, ဝိသဒ္ဒါဝေမုန အနက်, ဦဠှသဒ္ဒါ အစုဖွဲ့ခြင်း အနက် ဟိ၍-ဝိဝဒေဆုတွာ ဝိဝဒေဆုတွာ

ဦင္ဟော ဗျူဠှောဟုပြုအပ်၏။ ။ဝိဝဓေတွာ ဝိဝဓေတွာ၊ ပွား၍ ပွား၍။ ဦင္ဟော၊ အစုဖွဲ့ခြင်း။ ဗျူဠှော၊ ပွား၍ပွား၍အစုဖွဲ့ခြင်း။ ။ ဝိပုဗ္ဗဦဟဓာတ်, တပစ္စည်း၊ ဝိကိုခွင်း၊ ဥကိုယပြု၊ ယ-ဦသို့ကပ်၊ ဝကို ဗပြု၊ ဗ-ယူသို့ကပ်၊ ဟဒန္တဟ်သုတ်ဖြင့် တပစ္စည်းကိုဟပြု၊ ဓာတွန် ဟကိုလည်းဠပြု၊ ဠ-ဟသို့ကပ်၊ သိ-ဩပြု၊ ဠ-ဩသို့ကပ်၊ ဗျူဠှောပြီး ၏။ဗြူဠှောဟုရစ်၍ရေးကြရွတ်ကြသည်ကား အမှားတည်း-ဟုမှတ် လေကုန်။

သံအတိရေကော ဥပသမ္ဘုခံ ဗျူဠှော သမုပဗျူဠှော။ ။သံအ တိရေကော၊ လွန်စွာ။ ဥပသမ္ဘုခံ၊ ရှေ့ရှု။ ဗျူဠှော၊ ပွား၍ ပွား၍ အစုဖွဲ့ခြင်း။ သမုပဗျူဠှော၊လွန်စွာရှေ့ရှုပွား၍ပွား၍အစုဖွဲ့ခြင်း။စစ် ဆိုင်ခြင်းစစ်ထိုးခြင်းရှေ၏။

မြင့်မိုရ်တောင်အောက် မြခနောက်သုံးလုံးကြား၌ အသုရာ ပြည်သည် တာဝတိံသာနှင့်အတူ နပျိုသာယာ၏၊ မွေလျော်ဘွယ် ရှိ၏၊ တာဝတိံသာ၌ ပင်လယ်ကသစ်ပင်, အသုရာပြည်၌ သခွတ် ပင်၊ ဤသစ်ပင်နှစ်ပင်သာ ထူးပြားကြသတည်း၊ သည်မှတပါး အထူးအပြားမရှိကုန်၊ ထိုနှစ်ဦးသောနတ်တို့ စစ်ထိုးကြသည်လည်း ကမ္ဘာဦးကာလ၌ နှစ်ကြိမ်,သုံးကြိမ်သာဖြစ်ဘူးသည်၊ ထိုမှနောက် ကာလ၌ဖြစ်ကြသည်မဟုတ်၊ ထို့ကြောင့် ဘူတပုဗ္ဗံ-ဟုဟောတော် မူအပ်၏။

အဘယ်ကြောင့် သိကြားမင်း၏ တံခွန်ဖျားကို မြင်ကာမျှဖြင့် ကြောက်ခြင်း, ထိတ်လန့်ခြင်း ပျောက်ရာဘိသနည်း၊ သိကြားမင်း၏ တန်ခိုးအာနုဘော်ကြီးမြတ်သောကြောင့် သိကြားမင်း၏တံခွန်ဖျား ကိုမြင်ရသဖြင့် ရဲရင့်ခြင်းဖြစ်သောကြောင့် ပျောက်ပါလေသတည်း။

သိကြားမင်း၏ ဘုန်းတန်ခိုးအာနုဘော်ကား အဘယ်မျှကြီး သနည်း၊ သိကြားမင်း၏ ဝေဇယန္တာရထားသည် ယူဇနာတရာ့ ငါးဆယ် အလျားရှိ၏၊ ရထားနောက်စွန်း ယူဇနာငါးဆယ်ရှိ၏၊ အလယ်ရထားချိုင့်မှသည် ရထားဦးတိုင်အောင် ယူဇနာငါးဆယ်

ရှိ၏၊ ရထားချိုင့်၌ခင်းအပ်သော ရတနာပလ္လင် တယူဇနာရှိ၏၊ ထိုရတနာပလ္လင်၌ဆောက်အပ်သော ရတနာထီးဖြူသုံးယူဇနာရှိ၏၊ တခုသောထမ်းပိုး၌ သိန္ဓောမြင်းတထောင်က၏၊ ထိုမှကြွင်းသော ရထားတန်ဆာတို့၌ကား အကြီး,အငယ် ပမာဏမရှိ၊ ထိုရထား၌ ဆောက်အပ်သော ရတနာတံခွန်ကား အမြင့်ယူဇနာ သုံးရာငါး ဆယ်ရှိ၏၊လေခတ်သော် ထိုတံခွန်၏အသံသည် ပဉ္စင်္ဂတူရိယာအသံ ကဲ့သို့ နာ၍မရောင့်ရဲနိုင်အောင် အလွန်သာယာစွာသော အသံ ထွက်၏၊ ထိုတံခွန်ဖျားကိုမြင်ကုန်သောနတ်တို့အား ''သိကြားမင်း လာ၍ ပရိသတ်အစွန်၌ရင်လာသကဲ့သို့''ထင်ကုန်၍ ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကိုယ်ခက်တရော်ရှိခြင်း, ကြက်သီးမွေးညှင်းထ ခြင်းသည် ပျောက်ပါလေသတည်း၊ ဤသည်အား သိကြားမင်း၏ တန်ခိုးအာနုဘော်တည်း။

**ဆမ္ဗိ တ တ္တံ၌** ထအက္ခရာကို ဆအက္ခရာပြုသတည်း၊ ထို့ကြောင့် ဋီကာ၌–ဆမ္ဗိတတ္တန္တိထမ္ဘိတာကာရော ဧတေသန္တိ ဆမ္ဘိတာ ထကာရဿ ဆကာရံ ကတွာ၊ တေသံ ဘာဝေါ ဆမ္ဘိတတ္တံ၊ ကာယဿ ထဒ္ဓါကာရော–ဟု ဋီကာ၌မိန့်အပ်၏။

---

**အနုသန္ဓေ။** ။သိကြားမင်းမှတပါး ဘုန်းတန်ခိုး အာနုဘော်ကြီးကုန်သော နတ်မင်းကြီးတို့၏ တံခွန်ဖျားတို့ကို ကြည့်ကုန်သော်ကား ကြောက်ခြင်း, ထိတ်လန့်ခြင်း ပျောက်ရပါအံ့ မဟုတ်လောဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ချေတော်မူလိုသော မြတ်စွာဘုရားသည် '' နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ'' အစရှိသော ပါဠိတော်အစဉ်ကို ဟောတော်မူအပ်၏။

၈၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော- ကေယျာထ၊ပဇာပတိဿ ဟိ ဝေါ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီ- ယိဿတိ။

၈၂။ မာရိသာ၊ အချင်းနတ်များတို့။ (လိုက်ပုဒ်။) မေ၊ ငါသိကြားမင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ တုမှေ၊ သင်တို့ သည်။ နော စေ ဥလ္လောကေယျာထ၊ အကယ်၍ မကြည့်မိ ကုန်အံ့။ အထ၊ ထိုသို့ ငါသိကြားမင်း၏ တံခွန်ဖျားကို မကြည့်မိ ကုန်သော်။ ပဇာပတိဿ၊ ပဇာပတိ အမည်ရှိ သော။ ဒေဝရာဇဿ၊ နတ်မင်းကြီး၏။ ဓဇဂ္ဂံ၊ တံခွန်ဖျား ကို။ တုမှေ၊ သင်တို့သည်။ (ထည့်ပုဒ်။) ဥလ္လောကေယျာထ၊ ကြည့်လေကုန်။ ဟိ- ယုတ္တံ၊ ထိုစကားသည်သင့်၏။ ပဇာ ပတိဿ၊ ပဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း ကြီး၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ–ဥလ္လော ကေန္တာနံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်နတ်များတို့၏။ (တို့ အားလည်းဟူ။)ယံဘယံဝါ၊ အကြင်ကြောက်ခြင်း, ထိတ်လန့် ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည် လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်း သည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထို ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကိုယ်ခက်တရော်ရှိခြင်း, ကြက်

သီးမွေးညှင်း ထခြင်းသည်။ ပဟီယိဿတိ၊ ပျောက်လိမ့်သတည်း။

---

၈၃။ နော စေ ပဇာပတိဿ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊အထ ဝရုဏဿဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ သော ပဟီယိဿတိ။

၈၃။ မာရိသာ၊ အချင်းနတ်များတို့။ (လိုက်ပုဒ်။) ပဇာပတိဿ၊ ပဇာပတိအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်းကြီး၏။ ဓဇဂ္ဂံ၊ တံခွန်များကို။ တုမှေ၊ သင်တို့သည်။ (ထည့်ပုဒ်။) နောစေဥလ္လောကေယျာထ၊ အကယ်၍ မကြည့်မိကုန်အံ့။အထ၊ ထိုသို့ မကြည့်မိကုန်သော်။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်များကို။ တုမှေ၊ တို့သည်။ (ထည့်ပုဒ်။) ဥလ္လောကေယျာထ၊ ကြည့်လေကုန်။ ဟိ-ယုတ္တံ၊ ၏။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ ၏။ ဓဇဂ္ဂံ၊ တံခွန်များကို။ ဥလ္လောကယတံ-ဥလ္လောကေန္တာနံ၊ ကုန်သော။ ဝေါ၊ သင်တို့၏။ (သင်တို့အားလည်းဟူ) ယံဘယံဝါ၊ ကောင်း။ ယံဆမ္ဘိတတ္တံဝါ၊ ကောင်း။ ယောလောမဟံသောဝါ၊ ကောင်း။ ဘဝိဿတိ၊ တတ္တံ။ သော၊ ထိုကြောက်ခြင်း, ထိတ်လန့်ခြင်း စသည်သည်။ ပဟီယိဿတိ၊ ပျောက်လိမ့်သတည်း။ (ဝရုဏ္ဏဿ-ဟူ၍လည်း ဏ္ဏ-ဒွေဘော်နှင့် ရှိသင့်၏။)

၈၄။ နော စေ ဝရုဏဿ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဤသာနဿ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ဤသာ-နဿ ဟိ ဝေါ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောက-ယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ သော ပဟီယိဿတီတိ။

၈၄။ မာရိသာ၊ အချင်းနတ်များတို့။ (လိုက်ပုဒ်။) ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ ၏။ ဓဇဂ္ဂံ၊ ကို။ တုမှေ၊ သင်တို့သည်။ (ထည့်ပုဒ်။) နော စေ ဥလ္လောကေယျာထ၊ အကယ်၍မကြည့်မိကုန်မူကား။ အထ၊ ထိုသို့ဝရုဏနတ်မင်းကြီး၏ တံခွန်ဖျားကို မကြည့်မိကုန်သော်။ ဤသာနဿ၊ ဤသာနအမည်ရှိသော။ ဒေဝရာဇဿ၊ ၏။ ဓဇဂ္ဂံ၊ ကို။ တုမှေ၊ သင်တို့သည်။ ဥလ္လောကေယျာထ၊ ကြည့်လေကုန်။ ဟိ-ယုတ္တံ၊ ၏။ ဤသာနဿ၊သော။ ဒေဝရာဇဿ၊ ၏။ ဓဇဂ္ဂံ၊ ကို။ ဥလ္လောကယတံ-ဥလ္လောကေန္တာနံ၊ ကုန်သော၊ ဝေါ၊ သင်နတ်များတို့၏။ (တို့အားလည်းဟူ။) ယံဘယံဝါ၊ ကောင်း။ ယံ ဆမ္ဘိ တတ္တံ ဝါ၊ ကောင်း။ ယောလောမဟံသောဝါ၊ ကောင်း။ ဘဝိဿတိ၊ လတ္တံ့။ သော၊ ထိုကြောက်ခြင်း, ထိတ်လန့်ခြင်းစသည်သည်။ ပဟီယိဿတိ၊ ပျောက်လိမ့်သတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၈၄။ ပဇာပတိနတ်မင်းကြီး, ဝရုဏနတ်မင်းကြီး, ဤသာနနတ်မင်းကြီး၊ ဤနတ်မင်းကြီးတို့သည် သိကြားမင်း၏ အမတ်ဖြစ်

သော နတ်မင်းကြီးတို့တည်း၊ သိကြားမင်းနှင့်တကွ ဤနတ်မင်းကြီး လေးပါးတို့သည် ခပ်သိမ်းသောနတ်ပြည်နှစ်ထပ် နတ်တို့၏ မှီခိုရာ ကိုးကွယ်ရာဖြစ်ကုန်၏၊ ထိုနတ်မင်းကြီး လေးယောက်တို့၏ တံခွန်ဖျားကိုသော်လည်းကောင်း, နတ်မင်းကြီး တို့ကိုသော်လည်း ကောင်း မြင်ရသောနတ်သည် ကြောက်ခြင်း, ထိတ်လန့်ခြင်း ပျောက်ကုန်၍ ရဲရင့်ခြင်းဖြစ်ကုန်၏၊ ထိုကိုရည်၍—

*သတ္တဟတ္ထာ၊ မြင့်မိုရ်တာဖြင့်၊ ယူဇနာပေါင်း၊ မြင့်ဆောင်းဆောင်းလျှင်၊ ရှစ်သောင်းလေးထောင်၊ နှစ်ပြန် ဆောင်သား၊ တောင်၏ထိပ်မှာ၊ မိုးနတ်ချာနှင့်၊ ပဇာပတိ၊ ဘုန်းရှိကျော်ဟုန်၊ ဝရုဏ်နာမ၊ ဤသာနဟု၊ ဒေဝလေး ယောက်၊ လွှင့်ဆောက်လေးပါး၊ တံခွန်ဖျားကို၊ လူများ တကာ၊ ကိုးကွယ်ရာသား၊ မဟာပဏ္ဍိ၊ ဟတ္ထိပါလ၊ စသည် သားချင်း၊ မင်းတို့နောက်ဆုံး၊ ရွှေဘုံးညီတော်၊ တောထွက် သော်လည်း။

ဟူ၍ ရှေးဆရာကျော်တို့ဆိုတော်မူကုန်၏။

---

**အနုသန္ဓေ။** ။ထိုနတ်မင်းကြီး လေးယောက်တို့၏ တံခွန်ဖျားကို မြင်ရကုန်သော နတ်တို့အား ဧကန် စင်စစ်ပင် ကြောက်ခြင်း, ထိတ်လန့်ခြင်းသည် ပျောက်ရာသလောဟု စောဒနာဘွယ်ရှိ၍ ထိုစော ဒနာကို ချေတော်မူလိုရကား "တံခေါ ပန ဘိက္ခဝေ ။ ၀ ။ သောပဟီယေထာပိ နော ပဟီယေထ" ဟူသောပါဠိတော်အစဉ်ကို ဟောတော်မူအပ်၏။

၅၈။ တံခေါ ပန ဘိက္ခဝေ သက္ကဿဝါဒေဝါ- နံမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ ပဇာပတိဿ ဝါ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ဝရုဏဿ

ဝါ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ဤသာ-နဿ ဝါ ဒေဝ-ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ သော ပဟီယေထာပိ နော ပဟီ-ယေထ။

၇၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနမိန္ဒဿ၊ နတ်ပြည်နှစ်ထပ်ကို အစိုးရသော။ သက္ကဿ၊ သိကြားမင်း၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထိုတံခွန်များကို။ ဥလ္လောကယတံဝါ၊ ကြည့်ကုန်သော နတ်တို့အားလည်းကောင်း။ ပဇာပတိဿ၊ သော။ ဒေဝရာဇဿ၊ ၏။ တံခေါပန ဓဇဂ္ဂံ၊ ထိုတံခွန်များကို။ ဥလ္လောကယတံဝါ၊ ကြည့်ကုန်သော နတ်တို့အားလည်းကောင်း။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ ၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထိုတံခွန်များကို။ ဥလ္လောကယတံ ဝါ၊ ကြည့်ကုန်သော နတ်တို့အားလည်းကောင်း။ ဤသာနဿ၊ ဤသာနအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်းကြီး၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ကို။ ဥလ္လောကယတံ ဝါ၊ တို့အားလည်းကောင်း။ ယံ ဘယံ ဝါ၊ ကောင်း။ ယံ ဆမ္ဘိတတ္တံဝါ၊ ကောင်း။ ယော လောမဟံသော ဝါ၊ ကောင်း။ ဘဝိဿတိ၊ တ္တံ့။ သော၊ ထိုကြောက်ခြင်း, ထိတ်လန့်ခြင်း စသည်သည်။ ပဟီယေထာပိ၊ ပျောက်သည်မှုလည်းရှိ၏။ နော ပဟီယေထာပိ၊ မပျောက်သည်မှုလည်းရှိ၏။

**အနုသန္ဓေ။** ။အဘယ့်ကြောင့် ပျောက်, မပျောက် ဖြစ်ရလေသနည်း။ ပျောက်သည်သာ ဖြစ်ကောင်း ပါ၏၊ မဟုတ်လောဟု စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ချေတော်မူလိုရကား "တံ ကိဿ ဟေတု သက္ကော ဟိ ဘိက္ခဝေ။ ပ။ ဥတြာသီ ပလာယီတိ" ဟူသောပါဠိတော်အစဉ်ကို ဟောတော်မူအပ်၏။

၈၆။ တံ ကိဿ ဟေတု၊သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အ- ဝီတ- ရာဂေါ အ- ဝီတ- ဒေါသော အ-ဝီတ-မောဟော ဘီရု ဆမ္ဘီ ဥတြာ- သီ ပလာယီတိ၊

[သက္ကောဟိဌ ဟိသဒ္ဒါ ဒဠှီအနက်ရှိ၏၊တနည်းကား-ကာရဏ အနက်ရှိ၏။]

၈၆။ တံ၊ ထို ပျောက်, မပျောက် ဖြစ်ခြင်းသည်။ ကိဿ၊ အဘယ်၏။ ဟေတု၊ အကြောင်းကြောင့်နည်း ဟူမူကား။ ဟိ-သစ္စံ၊ မှန်၏။ တနည်းကား-ဟိယသ္မာ၊ အကြင့်ကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနမိန္ဒော၊ နတ်ပြည်နှစ်ထပ်ကို အစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ အဝီတရာ ဂေါ၊ မကင်းသေးသောရာဂလည်းရှိ၏။ အဝီတဒေါသော၊ မကင်းသေးသော ဒေါသလည်းရှိ၏။ အဝီတမောဟော၊ မကင်းသေးသော မောဟလည်းရှိ၏။ ဘီရု၊ ကြောက်တတ်သော သဘောရှိ၏။ ဆမ္ဘီ၊ ကိုယ်ခက်တရော်လည်း ရှိ၏။ ဥတြာသီ၊ ထိတ်လန့်တတ်သော သဘောရှိ၏။ ပလာယီ၊ ပြေးတတ်သော သဘောရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။

ပဟီယေထာပိ၊ ပျောက်သည်မှုလည်းရှိ၏။ နောပဟီယေထာပိ၊ မပျောက်သည်မှုလည်းရှိ၏။ (ဤသို့လှန်လေ။)

## အဓိပ္ပါယ်ရှင်းလင်းချက်

၈၆။ **သဏ္ဍော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒောကား**—သိကြားမင်းတည်းဟူသောပြဋ္ဌာန်းသည်ကိုဆိုသဖြင့် ပဇာပတိအစရှိသော မပြဋ္ဌာန်းသည်ကိုလည်းရသောကြောင့်ပဋ္ဌာနနည်း လည်းမည်၏၊ သိကြားမင်းတည်းဟူသော အမြတ်ကိုဆိုသဖြင့် ပဇာပတိစသော အယုတ်ကိုလည်းရသောကြောင့်ဥက္ကဋ္ဌနည်းလည်းမည်၏၊ သိကြားမင်းတည်းဟူသောအထင်ကိုဆိုသဖြင့် ပဇာပတိအစရှိသောအလုံးစုံသုံးယောက်ကိုယူရသောကြောင့် နိဒဿနနည်းလည်း မည်၏၊ သိကြားမင်း တည်းဟူသောအစိတ်ကို မှတ်သဖြင့် ပဇာပတိအစရှိသောသုံးယောက်အပေါင်းကိုလည်းရသောကြောင့် ဥပလက္ခဏာနည်းလည်းမည်၏။

**အနုသန္ဓေ။** ဤသို့လျှင်ကြောက်ခြင်း, ထိတ်လန့်ခြင်း ပျောက်,မပျောက် အနေကန္တကို ပြတော်မူပြီး၍ ယခုအခါ၌ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ကုန်သော သူတို့အား ကြောက်ခြင်း, ထိတ်လန့်ခြင်း ကေန္တပျောက်လေသည်သာလျှင်တည်းဟုပြတော်မူလိုရကား "အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ"အစရှိသော ပါဠိတော်အစဉ်ကို ဟောတော်မူအပ်၏၊

၈၇။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ သစေ တုမှာကံ ဘိက္ခဝေ ရညာ-ဂတာနံ ဝါ ရုက္ခ-မူလ-ဂတာနံ ဝါ သုညာဂါရ-ဂတာနံ ဝါ ဥပ္ပဇ္ဇေယျ

ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ မမေ- ဝ တသ္မိံ သမယေ အနုဿရေယျာထ၊ ''ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ- စရဏ- သမ္ပန္နော၊ သုဂတော၊ လောက-ဝိဒူ၊ အနုတ္တရော- ပုရိသ- ဒမ္မသာရထိ၊ သတ္ထာ ဒေဝ- မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ''တိ။ ။မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ သော ပဟီ- ယိဿတိ။

၁၇။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟဉ္စခေါ၊ငါဘုရားသည် မူကား။ဝေဒါမိ၊ ဤသို့ဟောတော်မူ၏။ ဘိက္ခဝေ၊ရဟန်း တို့။ အရညဂတာနံဝါ၊ အရညကင်ခုတင် ဆောက်တည် သည်မူလည်းဖြစ်ကုန်သော။ ရုက္ခမူလဂတာနံဝါ၊ ရုက္ခမူ ခုတင် ဆောက်တည်သည်မူလည်းဖြစ်ကုန်သော။သုညာဂါ- ရဂတာနံဝါ၊ ဆိပ်ငြိမ်ရာအရပ်သို့ ကပ်၍ နေသည်မူလည်း ဖြစ်ကုန်သော။တုမှာကံ၊ သင်ရဟန်းတို့၏။ (ဘယံဝါစသော သုံးပုဒ်၌စပ်။) တနည်းကား–တုမှာကံ၊သင်ရဟန်းတို့အား။ (ဥပ္ပဇ္ဇေယျ၌စပ်။)ဘယံဝါ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်း သည်လည်းကောင်း။ ဆမ္ဘိတတ္တံဝါ၊ ကိုယ်ခက်တရော်ရှိ သော အဖြစ်သည်လည်းကောင်း။ လောမဟံသောဝါ၊ ကြက်သီးမွေးညှင်း ထခြင်းသည်လည်းကောင်း။ သစေ၊ စင်စစ်။ (အကယ်၍လည်းဟူ။) ဥပ္ပဇ္ဇေယျ၊ ဖြစ်ငြား အံ့။ (ဖြစ်မူကားလည်းဟူ။) တသ္မိံ သမယေ၊ထိုကြောက်

ခြင်း, ထိတ်လန့်ခြင်းစသည်ဖြစ်သောအခါ၌။ ဣတိပိသော ။ပ။ ဗုဒ္ဓေါ ဘဂဝါတိ၊ ဗုဒ္ဓေါ ဘဂဝါဟူသော။ (ဗုဒ္ဓေါဘဂဝါ ဟူ၍လည်းဟူ။) မမေဝ၊ ငါဘုရား၏ ဂုဏ်တော်ကိုသာလျှင်။ တုမှေ၊ သင်တို့သည်။ အနုဿရေယျာထ၊ အဖန်တလဲလဲ အောက်မေ့လေကုန်။

(၁) ဣတိပိ-ဣမိနာစကာရဏေန၊ ဤသို့သောလူနတ်တို့၏ ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်ခြင်း အကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟံ၊အရဟမည်တော်မူ၏။

(၂) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သောအလုံးစုံသော သင်္ခတအသင်္ခတဖြစ်သော တရားအပေါင်းတို့ကို မဖောက်မပြန် အလိုလိုသာလျှင် သိမြင်တော်မူပြီးသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရား သည်။သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

(၃) ဣတိပိ-ဣမိနာစ ကာရဏေန၊ဤသို့သော ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူ၏။

(၄) ဣတိပိ-ဣမိနာစကာရဏေန၊ ဤသို့သောကောင်း သောအင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ဆိုတော်မူ တတ်ခြင်း အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ ထို မြတ်စွာဘုရားသည်။သုဂတော၊သုဂတမည်တော်မူ၏။

(၅) ဣတိပိ-ဣမိနာစ ကာရဏေန၊ဤသို့သော သတ္တလောက, သင်္ခါရလောက, ဩကာသ လောက တည်းဟူသောလောကသုံးပါးကို သိတော်မူတတ်ခြင်း အကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကဝိဒူ၊လောကဝိဒူမည်တော်မူ၏။

(၆) ဣတိပိ-ဣမိနာစကာရဏေန၊ ဤသို့သော အတုမရှိသော ဉာဏ်တော်ဖြင့် မယဉ်ကျေး ကုန်သေးသော နတ်ယောကျ်ား, လူယောကျ်ား,တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော် မူတတ်ခြင်း အကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိမည်တော်မူ၏။

(၇) ဣတိပိ-ဣမိနာစကာရဏေန၊ဤသို့သော လူနတ်တို့၏ဆရာဖြစ်တော်မူခြင်းအကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနမည်တော်မူ၏။

(၈) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော သစ္စာလေးပါး တရားတို့ကို ကိုယ်တော်လည်း သိတော်မူတတ်, သူတပါးတို့ကိုလည်း သိစေတော်မူတတ်ခြင်း အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏၊

(၉) ဣတိပိ- ဣမိနာစ ကာရဏေန၊ ဤသို့သော ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ,ပယတ္တဟု ဆိုအပ်သော ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူခြင်း အကြောင်း

ကြောင့်လည်း။ သောဘဂ၀ါ၊ ထိုမြတ်စွာ ဘုရားသည်။ ဘာဂဝါ၊ ဘဂဝါမည်တော်မူ၏။

ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မ ၊ ငါဘုရား၏ဂုဏ်တော်ကို။ အနုဿရတံ-အနုဿရန္တာ နံ၊ အဖန်တလဲလဲ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့ အား။ ယံဘယံဝါ၊ ကောင်း။ ယံဆမ္ဘိတတ္တံဝါ၊ ကောင်း။ ယောလောမဟံသောဝါ၊ကောင်း။ ဘဝိဿတိ၊ တ္တံ့။ သော၊ ထိုကြောက်ခြင်း, ထိတ်လန့်ခြင်း အစရှိသည်သည်။ ပဟီ-ယိဿတိ၊ ပျောက်လိမ့်သတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၇။ ဤအရာ၌အရဟံ ဂတာနံ၀ါ-အစရှိသောပုဒ်တို့၌ဝါသဒ္ဒါ သုံးချက်တို့ကားနိဿဗ္ဗိတဗ္ဗိသံဿဿ ဝါဂဏဿ ဝါ ပုဂ္ဂလဿ ဝါ စသောပုဒ်တို့၌ ဝါသဒ္ဒါတို့ကဲ့သို့ ဝိကပ်အနက်ရှိကုန်၏၊ ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသောဝါ-ပုဒ်တို့၌ ဝါသဒ္ဒါတို့ကား ရာဇ တောဝါစောရတောဝါပုဒ်တို့၌ဝါသဒ္ဒါတို့ကဲ့သို့ သမုစ္စည်းအနက် ရှိကုန်၏၊ အထူးကား-ဝိကပ်အနက်မှာသာ တပါးပါး ယူရသည်၊ သမုစ္စည်းအနက်မှာ အလုံးစုံဆိုသရွေ့ကိုယူရသည်၊ ဤသည်ကား အတူးဘည်း၊ နိရမန္တိတ္တေဝနေတိအရည်း-ဟုဋီကာမိန့်၏၊ ဤဋီကာ ၌ရုပ်ပြီးကို ကြံအင်ကုန်၏၊တနည်းကား-နတ္ထိ ရဏံ တေသံ္ဃတိ အရ ဏံ။ ၊တေသံ ဌာနေ၊ ၌။ ရဏံ၊ တပ်မက်ဘွယ် ကိလေသာမျိုး သည်။ နတ္ထိ၊မရှိ။ဇာတိ၊ထို့ကြောင့်။ တံဌာနံ၊သည်။အရဏံ၊ မည်၏။ တနည်းကား-ရဉ္ဇနံရဏံ၊ န ရဏံ အရဏံ၊ တပ်မက်ဘွယ်မရှိခြင်း ဂုဏ်ရ၏၊ အရဏဿ ဘာဝေါအရည်း၊ ။အရဏဿ၊ တပ်မက် ဘွယ်မရှိခြင်း၏။ ဘာဝေါ၊ အဖြစ်တည်း။ အရည်၊ တပ်မက်ဘွယ် မရှိခြင်း၏အဖြစ်။ ဂုဏ်ကိုဘောစီးလျှင်ဒြဗ်ရ၏-ဟူရကားဘောဒြပ်

ရ၏၊ အရကာပုဒ်၊ ဤျတ္တတာဘာဝေတုသုတ်ဖြင့် ဤျပစ္စည်းသက်၊ ဤ အနုဗန်ကိုချေ၊ ဤ-ယသို့ကပ်၊ ယဝတံသုတ်ဖြင့် ယအက္ခရာရှိသော ဤျဗျည်းကို ဉ ပြု၍ခွေတော်မူ၍၊သိသက်၊အရည်ပြီး၏။

ရှေးဘဂဝါကား-နာမဝါစကတည်း၊ နောက်ဘဂဝါကား-ဂုဏဝါစကဟု မှတ်အပ်ကုန်၏၊ အကျယ်ကို လေ့ကျက်လိုမူကား ဂုဏဝဏ္ဏနာကျမ်း၌လည်းကောင်း, အနုဿတိဒီပနီကျမ်း၌လည်းကောင်း ယူအပ်ကုန်၏။

---

၈၁။ နောစေ မံ အနုဿရေယျာထ၊ အထ ဓမ္မံ အနုဿရေယျာထ၊ "သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အ-ကာလိကော၊ ဧဟိ ပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။ ။ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ။

၈၁။ ဘိက္ခဝေါ၊ တို့။ (လိုက်ပုဒ်။) မံ၊ ငါဘုရား၏ဂုဏ်တော်ကို။ နောစေ အနုဿရေယျာထ၊ အကယ်၍ အဖန်တလဲလဲ မအောက်မေ့ကုန်အံ့။ အထ၊ ထိုသို့ ငါဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲ မအောက်မေ့ ကုန်သော်။ သွာက္ခာတော။ ပ။ ဝိညူဟီတိ၊ဝိညူဟီဟူ၍။ ဓမ္မံ၊တရားတော်ဂုဏ်ကို။ တုမှေ၊ သင်တို့သည်။ (ထည့်ပုဒ်။)အနုဿရေယျာထ၊ အဖန်တလဲလဲ အောက်မေ့လေကုန်။

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ ပိဋကတ်သုံးပုံတည်းဟူသောပရိယတ္တိတရားတော်ကို။ သွာက္ခာ

တော၊ ကောင်းစွာ ဟောတော်မူအပ်၏။ သွာက္ခာတော၊ အစ၌ ကောင်းခြင်း, အလယ်၌ ကောင်းခြင်း, အဆုံး၌ ကောင်းခြင်းဟု ဆိုအပ်သော သုံးပါးသော ကောင်းခြင်း နှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူ အပ်သော ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိတရားတော်။

(၂) ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ကိုးပါးသောလောကုတ္တရာတရားတော်ကို။ အရိယပုဂ္ဂလေဟိ၊ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည်။သန္ဒိဋ္ဌိကော၊ မိမိကိုယ်တိုင် ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိမြင်အပ်၏။သန္ဒိဋ္ဌိကော၊ရှစ်ယောက်သောအရိယာပုဂ္ဂိုလ်တို့သည် မိမိကိုယ်တိုင် ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်အပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးသော လောကုတ္တရာတရားတော်။

(၃) ဓမ္မော၊ မဂ်လေးပါးတရားတော်သည်။ အကာလိကော၊ အကျိုးပေးအပ်သော ကာလကိုမနေမူ၍ မိမိ၏အခြားမဲ့၌ ဖိုလ်ဟူသော အကျိုးကိုပေးတတ်၏။ အကာလိကော၊ လောကီကုသိုလ်သည် ဒိဋ္ဌဓမ္မ, ဥပပဇ္ဇ, အပရာပရိယဟု အကျိုးပေးအပ်သော ကာလကို ငံ့သကဲ့သို့ အကျိုးပေးအံ့သော ကာလကို မငံ့မူ၍ မိမိအခြားမဲ့၌ ဖိုလ်ဟူသော အကျိုးကို ဖြစ်စေတတ်သော မဂ်လေးပါး တရားတော်။

(၄) ဓမ္မော၊ ကိုးပါးသော လောကုတ္တရာ တရားတော်သည်။ ဟေိပဿိကော၊ ကိလေသာဟူသော အညစ် အ

ကြေးကင်းသဖြင့် အချင်းခပ်သိမ်း စင်ကြယ်သည် ဖြစ်၍ လာလှည့်ရှုလှည့်ဟူသော အစီအရင်ကိုထိုက်၏။ ဧဟိပဿိကော၊ ကိလေသာဟူသော အညစ်အကြေး ကင်းသဖြင့် အချင်းခပ်သိမ်း စင်ကြယ်သည်ဖြစ်၍ လာလှည့်ရှုလှည့်ဟူသော အစီအရင်ကိုထိုက်သော ကိုးပါးသော လောကုတ္တရာတရားတော်။

(၅) ဓမ္မော၊ မဂ်လေးပါးတရားတော်သည်။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်ကို နိဗ္ဗာန်သို့ကပ်၍ဆောင်တတ်၏။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်ကို နိဗ္ဗာန်သို့ကပ်၍ဆောင်တတ်သော မဂ်လေးပါးတရားတော်။ တနည်းကား—ဓမ္မော၊ ဖိုလ်လေးပါး, နိဗ္ဗာန် တရားတော်သည်။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်ပြုအပ်သော အဖြစ်သို့ကပ်၍ ဆောင်ခြင်းငှါထိုက်၏။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်ပြုအပ်သောအဖြစ်သို့ ကပ်၍ ဆောင်ခြင်းငှါ ထိုက်သော ဖိုလ်လေးတန်, နိဗ္ဗာန်တရားတော်။

(၆) ဓမ္မော၊ ကိုးပါးသော လောကုတ္တရာ တရားတော်ကို။ ဝိညူဟိ၊ ပညာရှိကုန်သော ဥဃ္ဃဋိတညူဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ အသီးအသီး သိအပ်ခံစားအပ်၏။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိကုန်သော ဥဃ္ဃဋိတညူဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် အသီးအသီး သိအပ် ခံစားအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ကိုးပါးသော လောကုတ္တရာတရားတော်၊

ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မေ့၊ တရားတော်၏ ဂုဏ်တော်ကို။ အနုဿရတံ-အနုဿရန္တာနံ၊ အဘန်တလဲလဲ အောက်မေ့ကုန်သော။ ဝေါ၊ သင်ရဟန်းတို့အား။ ယံဘယံဝါ၊ သည်လည်းကောင်း။ ယံ ဆမ္ဘိတတ္တံဝါ၊ သည်လည်းကောင်း။ ယော လောမဟံသောဝါ၊ သည်လည်းကောင်း။ ဘဝိဿတိ၊ တွံ့။ သော၊ ထို ကြောက်ခြင်း, ထိတ်လန့်ခြင်း အစရှိသည် သည်။ ပဟီယိဿတိ၊ ပျောက်လိမ့်သတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၇၇။ အချို့သောဆရာတို့ကား ဩပနယိကောဟုရွတ်ကြကုန်၏၊မသင့်၊ဩပနေယျိကောဟူ၍သာ ပါဠိတော်, ဝိသုဒ္ဓိမဂ် အစရှိသော အဋ္ဌကထာ အစောင်စောင်တို့၌လာသတည်း။

တရားတော်ဂုဏ်တော်ကား ခြောက်ပါးတည်း၊ ကျမ်းဂန်၌ မလိမ်မာကုန်သော အချို့သော ဆရာတို့ကား တရားတော်ဂုဏ်တော်ငါးပါးသာဟု ဆိုကုန်၏၊ ထိုဆရာတို့စကားကို မယုံကြည်အပ်ကုန်။

---

၇၉။ နော စေ ဓမ္မံ အနုဿရေယျာထ၊ အထ သံဃံ အနုဿရေယျာထ၊ "သုပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ-ပုဂ္ဂလာ ဧသ ဘဂဝ-

တော သာဝက-သံဃော၊ အာဟုနေယျော၊ပါဟု
နေယျော၊ဒက္ခိဏေယျော၊ အဉ္ဇလိ-ကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ''တိ။ ။သံဃံ
ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ-ဟံသော ဝါ
သော ပဟီယိဿတိ။

၇၉။ ဘိက္ခဝေ၊ ရဟန်းတို့။ (လိုက်ပုဒ်။)တုမှေ၊သင်တို့သည်။ ဓမ္မံ၊ တရားတော်ဂုဏ်ကို။ နော စေ အနုဿရေယျာထ၊ အကယ်၍အဘန်တလဲလဲ မအောက်မေ့ကုန်အံ့။အထ၊ ထိုသို့တရားတော်ဂုဏ်ကို အဘန်တလဲလဲ မအောက်မေ့မိကုန်သော်။ သုပ္ပဋိပန္နော။ ပ။ လောကဿာတိ၊ လောကဿဟူ၍။ သံဃံ၊ သံဃာတော်ဂုဏ်ကို။ တုမှေ၊ သင်တို့သည်။ အနုဿရေယျာထ၊ အဘန်တလဲလဲ အောက်မေ့လေကုန်။

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက–သံဃော၊ သာဝကဖြစ်သော သံဃာတော် အပေါင်းသည်။ သုပ္ပဋိပန္နော၊ နိဗ္ဗာန်အားလျော်သော ကောင်းမြတ်သော ချီးမွမ်းအပ်သော အကျင့်ရှိတော်မူ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက-သံဃော၊ သာဝကဖြစ်သော သံဃာတော် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ သိုးပါးသော ကောက်ခြင်း ကင်းသည်ဖြစ်၍ နိဗ္ဗာန်အားလျော်သော ဖြောင့်မတ်သော အကျင့်ရှိတော်မူ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝကဖြစ်သော သံဃာတော် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ ဉာယဟုဆိုအပ်သော နိဗ္ဗာန်အားလျော်သော ကောင်းသောမြတ်သောသမထ-ဝိပဿနာဘာဝနာအကျင့်, မုတင်တေရသအကျင့်, ဝိပဿနာဉာဏ်ဆယ်ပါး အကျင့်ရှိတော်မူ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝက ဖြစ်သော သံဃာတော် အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ နတ်, လူသည် အရိုအသေ ပြုခြင်းငှါ ထိုက်သော ဓမ္မာနုဓမ္မပဋိပန္နဟုဆိုအပ်သော လောကုတ္တရာတရား ကိုးပါးအားလျော်သော ကောင်းသောမြတ်သော ချီးမွမ်းအပ်သော နှစ်ရာ့နှစ်ဆယ် ခုနစ်ပါးသော သိက္ခာပုဒ်တော်ကို စောင့်ရှောက်ခြင်းတည်းဟူသော ပါတိမောက္ခသံဝရသီလအကျင့်, စက္ခုသံဝရအစရှိသော ခြောက်ပါးသော သံဝရတို့ကိုစောင့်ရှောက်ခြင်းတည်းဟူသော ဣန္ဒြိယသံဝရသီလအကျင့်, ကုလဒူသန-အနေသန-ကုဟန-လပနနေမိတ္တက အစရှိသော မိစ္ဆာဇီဝတို့မှ စင်ကြယ်သော သမ္မာအာဇီဝဟုဆိုအပ်သော အာဇီဝပါရိသုဒ္ဓိသီလအကျင့်, ပစ္စဝေက္ခဏာဆင်ခြင်ခြင်း တည်းဟူသော ပစ္စယသန္နိဿိတသီလအကျင့် ရှိတော်မူ၏။

ယဒိဒံ-ယာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးပါးကုန်သော ယောကျ်ားမြတ်အစုံတို့သည်။ ပုဂ္ဂလာ၊ဝသေန၊ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့်။(ထည့်ပုဒ် ) အဋ္ဌပုရိသပုဂ္ဂလာ၊ ရှစ်ယောက်ကုန်သော ယောကျ်ားမြတ် ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၅) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ–သော၊ သာဝကသံဃော၊ ဤအစုံအားဖြင့် လေးပါး, ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးကုန်သော သာဝကဖြစ်သော သံဃာတော်သည်။ အာဟုနေယျော၊ အဝေးမှဆောင်ခဲ့၍ လှူအပ်သော အလုံးစုံသော ဥစ္စာနှစ်ဖြစ်သော အလှူဝတ္ထုတို့ကို ခံတော်မူထိုက်၏။(ဤအရပ်၌မြတ်သော အလှူခံပုဂ္ဂိုလ်ရှိ၏ဟု ဝေးလှစွာသောအရပ်တို့မှ အသက်, စည်းစိမ်ဥစ္စာ, သားမယားတို့ကိုစွန့်၍ များစွာသော ဥစ္စာနှစ်တို့ကိုဆောင်ယူခဲ့၍ ပင်ပန်းစွာလာ၍လှူအပ်သော အလှူဝတ္ထုတို့ကို ခံတော်မူထိုက်၏ဟုလိုသော်။)

(၆) ပါဟုနေယျော၊ ကြာမြင့်စွာ ကွေကွင်း၍ဝေးသောအရပ်မှ ရောက်လာကုန်သော အာဂန္တုကဖြစ်သော အဆွေအမျိုးတို့အားပေးစရာစီရင်၍ ထားအပ်သော လက်ဆောင်ကို ထိုအဆွေအမျိုးတို့အား မပေးမူ၍ လှူအပ်သော အလှူဝတ္ထုကိုခံတော်မူထိုက်၏။ (ကမ္ဘာတသချေပင်သော်လည်း သုညကပ်ဖြစ်ရကား သံဃာတော်နှင့် တူသော ကြာမြင့်စွာ ကွေကွင်းသော အဆွေခင်ပွန်းကောင်း မည်သည်မရှိဟု အာဂန္တုက ဖြစ်သော အဆွေအမျိုးတို့အား မပေးမူ၍ သံဃာတော်အားသာ လှူတော့အံ့ဟု လှူအပ်သော အာဂန္တုကဒါနကို ခံတော်မူထိုက်၏ ဟူလိုသော်။)

(၇) ဒက္ခိဏေယျော၊ သံသရာကို ရည်မှတ်၍ ပေးလှူအပ်သော မြတ်သော အလှူကို ခံတော်မူထိုက်၏။

(၈) အဉ္ဇလိကရဏီယော၊ လူသုံးပါးတို့၏ လက်အုပ်ချီ၍ အရိုအသေပြုအပ်သော ရှိခိုးခြင်းကို ခံတော်မူထိုက်၏။

(၉) လောကဿ၊ သတ္တလောက၏။ အနုတ္တရံ၊ အတု မရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်လည်း ဖြစ်တော်မူ၏။ (သံဃာတော်ဂုဏ်ကိုးပါးတည်း။)

ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃံ၊ သံဃာတော်ဂုဏ်ကို။ အနုဿရတံ-အနုဿရန္တာနံ၊ အဘန့်တလဲလဲ အောက်မေ့ကုန်သော။ ဝေါ၊ သင်ရဟန်းတို့ အား။ ယံဘယံဝါ၊ သည်လည်းကောင်း။ ယံဆမ္ဘိတတ္တံဝါ၊ သည်လည်းကောင်း။ ယောလောမဟံသောဝါ၊သည်လည်း ကောင်း။ဘဝိဿတိ၊ တ္တံ့။ သော၊ ထိုကြောက်ခြင်း, ထိတ် လန့်ခြင်းအစရှိသည်သည်။ ပဟီယိဿတိ၊ ကေန္တပျောက် လိမ့်သတည်း။

---

၉၀။ တံ ကိဿ ဟေတု၊ တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝီတ-ရာဂေါ ဝီတ ဒေါသော ဝီတ-မောဟော အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၉၀။ တံ၊ ထိုသို့ကြောက်ခြင်း, ထိတ်လန့်ခြင်း ကေန္တ ပျောက်ခြင်းသည်။ ကိဿ၊ အဘယ်၏။ ဟေတု၊ အကြောင်း ကြောင့်နည်းဟူမူကား။ဟိယသ္မာ၊အကြင့်ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ အရဟံ၊ နတ်,လူတို့၏ ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားအပေါင်းတို့ကို မဘောက်မပြန် အလိုလိုသာလျှင် သိတော်မူပြီးသော။ တထာဂတော၊ ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ငါဘုရား

သည်။ ဝီတရာဂေါ၊ ကင်းပြီးသော ရာဂလည်း ရှိတော်မူ၏။ ဝီတဒေါသော၊ ကင်းပြီးသော ဒေါသလည်း ရှိတော်မူ၏။ ဝီတမောဟော၊ ကင်းပြီးသော မောဟလည်း ရှိတော်မူ၏။ အဘီရု၊ ကြောက်ခြင်းသဘောလည်း မရှိ။ အဆမ္ဘိ၊ ကိုယ်ခက်တရော် ဖြစ်ခြင်းသဘောလည်း မရှိ။ အနုတြာသီ၊ ထိတ်လန့်ခြင်း သဘောလည်း မရှိ။ အပလာယီ၊ ပြေးခြင်းသဘောလည်းမရှိ။ ဇုတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုကြောက်ခြင်း, ထိတ်လန့်ခြင်းအစရှိသည်သည်။ ပဟီယိဿတိ၊ ကေန္တပျောက်လိမ့်သတည်း။ (ဤသို့လှန်လေ။)

[တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လည်း ပဋ္ဌာနနည်း,ဥက္ကဋ္ဌနည်း, နိဒဿနနည်း,ဥပလက္ခဏာနည်းပင်တည်း။]

---

၉၁။ ဇုဒံမဝေါစ ဘဂဝါ၊
ဇုဒံ ဝတွာန သုဂတော။
အထာပရံ ဧတဒဝေါစ သတ္ထာ။

၉၁။ ဇုဒံ ဓမ္မံ၊ ဤစုဏ္ဏိယဖြစ်သော ပါဠိတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူပြီ။ ဇုဒံဓမ္မံ၊ ဤစုဏ္ဏိယ ပါဠိတော်ကို။ ဝတွာန၊ ဟောတော်မူပြီး၍။သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။သတ္ထာ၊မြတ်စွာဘုရားသည်။အထာပရံ၊ ထိုထိုစုဏ္ဏိယ ပါဠိတော်မှ တပါးသော။ အရည္ဆေ ရုက္ခမူလေ ဝါ။ ပ။ နှပဟေဿတီတိ၊ နှပဟေဿတိဟူသော။ ဧတံဓမ္မံ၊ ထိုဂါထာဖြစ်သော ပါဠိတော်ကို။ အဝေါစ၊ ဟောတော်မူပြီ။

၉၂။ အရညေ ရုက္ခ-မူလေ ဝါ၊
သုညာ့ဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊
ဘယံ တုမှာက နော သိယာ။

၉၂။ ဘိက္ခဝေ၊ ရဟန်းတို့၊ အရညေ၊ အရညကင်ဓုတင် ဆောက်တည်ရာ၌လည်းကောင်း။ ရုက္ခမူလေဝါ၊ ရုက္ခမူဓုတင် ဆောက်တည်ရာ၌လည်းကောင်း။ သုညာဂါရေဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ နေရာ၌လည်းကောင်း။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ (ဝါ၊ ငါဘုရား၏ဂုဏ်တော်ကိုလည်းဟူ။) တုမှေ၊ သင်တို့သည်။ အနုဿရေယျာထ၊ အဘန်တလဲလဲ အောက်မေ့လေကုန်။ အထ၊ ထိုသို့အဘန်တလဲလဲ အောက်မေ့ကုန်သည်ရှိသော်။ (ထည့်ပုဒ်။) တုမှာကံ၊ သင်ရဟန်းတို့အား။ ဘယံ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းသည်။ နော သိယာ၊ မဖြစ်ရာ။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၉၂။ **သုညာဂါရေဝ** ဌဆန်းသို့လိုက်၍ အာကိုအရဿပြုလေသတည်း။ (သုည+အာဂါရေ)ဟု ပုဒ်ဖြတ်၊ သုညသဒ္ဒါသည်ဆိတ်ငြိမ်ခြင်းအနက် ဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်တည်း။)

အာဂါရန္တိ ပတိဋ္ဌဟန္တိ သတ္တာ ဧတ္ထာတိ အာဂါရံ။ ဧတ္ထ၊ ဤ၌။ သတ္တာ၊ တို့သည်။ အာဂါရန္တိ ပတိဋ္ဌဟန္တိ၊ လွန်စွာတည်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဌာနံ၊ သည်။ အာဂါရံ၊ မည်၏။ အာပုဗ္ဗဂရဓာတ်, ဂတိနိဝတ္တန အနက်, ဏပစ္စည်း။ သုညော စ ဝ အာဂါရံ သုညာဂါရံ-ဟု အဝဓာရဏကမ္မဓာရည်းပြုအပ်၏။

၉၃။ နော စေ ဗုဒ္ဓံ သရေယျာထ၊
လောက-ဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊
နိယျာနိကံ သု-ဒေသိတံ။

၉၃။ ဘိက္ခဝေ၊ တို့။ တုမှေ၊ သင်တို့သည်။ လောကဇေဋ္ဌံ၊ လောကသုံးပါးတို့ထက် ကြီးမြတ်တော်မူသော။ နရာသဘံ၊ လူတို့၏အထွဋ်ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ ငါဘုရားကို။ နော စေ သရေယျာထ၊ အကယ်၍ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့မအောက်မေ့မိကုန်သော်။ နိယျာနိကံ၊ ဝဋ်မှထုတ်တတ်သော။ သုဒေသိတံ၊ ငါဘုရားသည် ကောင်းစွာဟောတော်မူအပ်သော။ ဓမ္မံ၊ တရားတော်ဂုဏ်ကို၊ တုမှေ၊ သင်တို့သည်။ သရေယျာထ၊ အောက်မေ့လေကုန်။ အထ၊ ထိုသို့တရားတော်ဂုဏ်ကို အောက်မေ့ကုန်သည် ရှိသော်။ တုမှာကံ၊ သင်တို့အား။ ဘယံ ကြောက်ခြင်း,ထိတ်လန့်ခြင်းသည်။ နော သိယာ၊ မဖြစ်ရာ။ (ဤသို့လိုက်စေ၍ပေး။)

---

၉၄။ နော စေ ဓမ္မံ သရေယျာထ၊
နိယျာနိကံ သု-ဒေသိတံ။
အထ သံဃံ သရေယျာထ၊
ပုညက္ခေတ္တံ အနုတ္တရံ။

၉၄။ ဘိက္ခဝေ၊ တို့။ တုမှေ၊ သင်တို့သည်။ နိယျာနိကံ၊ ဝဋ်မှထုတ်တတ်သော။ သုဒေသိတံ၊ ငါဘုရားသည် ကောင်းစွာဟောတော် မူအပ်သော။ ဓမ္မံ၊ တရားတော်ဂုဏ်ကို။

နောစေ သရေယျာထ၊ အကယ်၍ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့တရားတော်ဂုဏ်ကို မအောက်မေ့မိကုန်သော်။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်တော်မူသော။ အနုတ္တရံ၊ အတု မရှိမြတ်သော။ သံဃံ၊ သံဃာတော်ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့လေကုန်။ အထ၊ ထိုသို့ သံဃာတော်ဂုဏ်ကို အောက်မေ့ကုန်သည် ရှိသော်။ တုမှာကံ၊ သင်တို့အား။ ဘယံ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းသည်။ နော သိယာ၊ မဖြစ်ရာ။ (ဤသို့လိုက်စေ၍ပေး။)

---

၉၅။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော န ဟေဿတိ။
ဓဇဂ္ဂပရိတ္တံ နိဋ္ဌိတံ။

၉၅။ ဘိက္ခဝေါ၊ တို့။ ဧဝံ၊ ဤသို့။ ဗုဒ္ဓဉ္စ၊ ဘုရား၏ဂုဏ်တော်ကိုလည်းကောင်း။ ဓမ္မဉ္စ၊ တရားတော်၏ဂုဏ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်၏ဂုဏ်ကိုလည်းကောင်း။ သရန္တာနံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ (ထည့်ပုဒ်။) ဘယံဝါ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းသည်လည်းကောင်း။ ဆမ္ဘိတတ္တံဝါ၊ ကိုယ်၏တုန်လှုပ်ခြင်းရှိသော အဖြစ်သည်လည်းကောင်း။ လောမဟံသောဝါ၊ ကြက်သီး မွေးညှင်း ထခြင်းသည်လည်းကောင်း။ နဟေဿတိ၊ မဖြစ်

လတ္တံ့။ ကေဂ္ဂစိတ္တော့၊ တည်ကြည်သောစိတ် ရှိသည်။ ဟောသောတိ၊ ဖြစ်လတ္တံ့။ (ဤသို့ထည့်၍ပေး။)

ဓဇဂ္ဂပရိတ္တံ၊ ဓဇဂ္ဂပရိတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## အမိပ္ပါယ်ရှင်းလင်းချက်

အဘယ်သို့သော ဝစနတ္ထကြောင့် ဓဇဂ္ဂပရိတ္တမည်သနည်းဟူမူ ကား-ဥဒ္ဓံ ဓုနာတိ ကမ္ပတီတိ ဓဇော၊ ဓဇဿ အဂ္ဂံ ဓဇဂ္ဂံ၊ ဓဇဂ္ဂံ အာဒိံ ကတွာ ဒေသိတံပရိတ္တံ ဓဇဂ္ဂပရိတ္တံ-ဟူသော ဝစနတ္ထကြောင့် ဓဇဂ္ဂပရိတ္တမည်၏။

[ဤဓဇဂ္ဂပရိတ်တော်သည် သဂါထာဝဂ္ဂသံယုတ်ပါဠိ တော်၌လာ၏။]

**ဓဇဂ္ဂပရိတ်ပြီး၏။**

# ၈-အာဋာနာဋိယသုတ်

၄၆။ အပ္ပသန္နေဟိ နာထဿ၊
သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊
သဒါ ကိဗ္ဗိသကာရိဘိ။

၄၇။ ပရိသာနံ စတဿန္နံ၊
အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၄၆-၄၇။ နာထဿ၊ မြတ်စွာဘုရား၏။ သာဓုသမ္မတေ၊ ကောင်းသည် မြတ်သည်ဟု သမုတ်အပ်သော။ သာသနေ၊ သာသနာတော်၌။ အပ္ပသန္နေဟိ၊ ရတနာသုံးပါးကို မကြည်ညိုကုန်သော။ စဏ္ဍေဟိ၊ ကြမ်းတန်းကုန်သော။ သဒါ၊ အခါခပ်သိမ်း။ ကိဗ္ဗိသကာရိဘိ၊ ကြမ်းကြုတ်သောအမှုကို ပြုလေ့ရှိကုန်သော။ အမနုဿေဟိ၊ နတ်ဘီလူးတို့သည်။ စတဿန္နံ၊ လေးပါးကုန်သော။ ပရိသာနံ၊ ပရိသတ်တို့ကို။ အဟိံသာယ စ၊ မညှဉ်းဆဲစေခြင်းငှါလည်းကောင်း။ ဂုတ္တိယာ စ၊ စောင့်ရှောက်စေခြင်းငှါလည်းကောင်း။ ယံအာဋာနာဋိယပရိတ္တံ၊ အကြင်အာဋာနာဋိယသုတ်ပရိတ်တော်ကို။ မဟာဝီရော၊ ကြီးမြတ်သောမဟာဝီရိယရှိတော်မူသော မြတ်စွာဘုရားသည်။ ဒေသေသိ၊ ဟောတော်မူပြီ။ တံ ပရိတ္တံ၊ ထိုအာဋာနာဋိယ

သုတ်ပရိတ်တော်ကို။ ဟော၊ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၉၇။ မဟိဒ္ဓိသာယရှိမှု(မ+အဟိဒ္ဓိသာယ)ဟုပုဒ်ဖြတ်၊ မသဒ္ဒါ အနက်မရှိအာဂုမ်တည်း၊ပရိသတ်လေးပါးဟူသည်ကား- ဘိက္ခုပရိသတ်,ဘိက္ခုနီပရိသတ်,ဥပါသကာပရိသတ်,ဥပါသိကာမပရိသတ် ဤလေးပါးတည်း၊ တနည်းကား-မနုဿပရိသတ်, ဒေဝပရိသတ်, မာရပရိသတ်,ဗြဟ္မပရိသတ်၊ဤလေးပါးတည်း။

## အာဋာနာဋိယသုတ် အဋ္ဌုပ္ပတ္တိ

ဤ အာဋာနာဋိယသုတ်တော်ကို အဘယ်အရပ်၌ အဘယ်ဝတ္ထုကိုအကြောင်းပြု၍ ဟောတော်မူလေသနည်းဟူမူကား-အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီးဖြစ်သောဂိဇ္ဈကုဋ်တောင် တောကျောင်း၌ များစွာသောသံဃာတော်အပေါင်းနှင့်နေတော်မူ၏၊ထိုအခါ ညဉ့်သန်းခေါင်ယံ၌ စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် များစွာသောဘီလူးစစ်သည်,ဂန္ဓဗ္ဗနတ်စစ်သည်,ကုမ္ဘဏ်နတ်စစ်သည် ဒီဇရှိသော နတ်ဘီလူးပရိသတ်တို့နှင့် တကွ အလုံးစုံသော ဂိဇ္ဈကုဋ်တောင် တောကျောင်းကို အရောင်အဝါတို့ဖြင့် ထွန်းလင်းစေ၍ ဆည်းကပ်လာကုန်၏။

ထိုစာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့တွင်ဝေဿဝဏ္ဏနတ်မင်းကြီးသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏၊ "အရှင်ဘုရား…ရတနာသုံးပါးတို့ကို မကြည်ညိုသော နတ်ဘီလူးတို့သည် များစွာကုန်၏၊ ကြည်ညိုသောနတ်ဘီလူးတို့သည် နည်းကုန်၏၊ ငါးပါးသော သီလကို မစောင့်သော နတ်ဘီလူးတို့သည်သာ များကုန်၏၊ စောင့်သော နတ်ဘီလူးတို့သည် နည်းကုန်၏၊ အရှင်ဘုရား၏ တပည့်တော်တို့သည် ဒီရညကင်စုတင်, ရက္ခမူစုတင်

ဆောက်တည်ကုန်၍တောင်မြောက်ချောက်ကြားတို့၌နေကြကုန်၏၊ ယိုကပည့်တော်တို့ကို နတ်ကြမ်း,ဘီလူးကြမ်းတို့သည် မညှဉ်းဆဲစေခြင်းငှါ,စောင့်ရှောက်စေခြင်းငှါ ဤအာဋာနာဋိယသုတ်ပရိတ်တော်ကိုမှတ်ကျက်ဆောင်ရွက်သရဇ္ဈာယ်ပါစေ''ဟု လျှောက်၏၊ ဤသို့လျှောက်တောင်းပန်ခြင်းဝတ္ထုကိုအကြောင်းပြုဟော်မူ၍မိုးသောက်သောအခါ ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍ ''ဝိပဿိဿစနမတ္ထု'' အစရှိသော ဤအာဋာနာဋိယသုတ် ပရိတ်တော်ကိုမှတ်ကျက်ဆောင်ရွက် သရဇ္ဈာယ်ကြကုန်ဟု ဟောတော်မူ၏။

---

၉၈။ ဝိပဿိဿစ နမတ္ထု၊
စက္ခုမန္တဿ သိရီမတော၊
သိခိဿပိစ နမတ္ထု၊
သဗ္ဗ-ဘူတာနုကမ္ပိနော။

[နမတ္ထုကို(နမော+အတ္ထု)ဟု ပုဒ်ဖြတ်၊ သဗ္ဗဘူတာနုကမ္ပိနောကို (သဗ္ဗဘူတေ+အနုကမ္ပိနော)ဟု ပုဒ်ဖြတ်။]

၉၈။ စက္ခုမန္တဿ၊ ငါးပါးသော စက္ခုနှင့်ပြည့်စုံတော်မူသော။ သိရီမတော၊ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်ဟုဆိုအပ်သော အသရေတော် အပေါင်းနှင့်ပြည့်စုံတော်မူသော။ ဝိပဿိဿ၊ ဝိပဿီ အမည်တော်ရှိသော မြတ်စွာဘုရားအား။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ (ထည့်ပုဒ်။)နမော၊ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဘူတေ၊ ခပ်သိမ်းသော သတ္တဝါတို့ကို။ အနုကမ္ပိနော၊ အစဉ်သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော။ သိခိဿပိ၊ သိခီအမည်တော်ရှိသော မြတ်စွာဘုရား

အားလည်း။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ (ထည့်ပုဒ်။) နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၉၀။ ငါးပါးသောစက္ခုဟူသော်ကား-ဗုဒ္ဓစက္ခု၊သမန္တစက္ခု၊ ပညာစက္ခု၊ဓမ္မစက္ခု၊ဒိဗ္ဗစက္ခု၊ဤငါးပါးတည်း၊ ထိုငါးပါးတို့တွင်-

၁။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်၊ အာသယာနုသယဉာဏ်တော်၊ဤဉာဏ်တော်နှစ်ပါးသည် ဗုဒ္ဓစက္ခုမည်၏။
၂။ သဗ္ဗညုတဉာဏ်တော်သည် သမန္တစက္ခုမည်၏။
၃။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် အစရှိသော များစွာသောဉာဏ်တော်သည် ပညာစက္ခုမည်၏။
၄။ အောက်မဂ်ဉာဏ်တော်သုံးပါးသည် ဓမ္မစက္ခုမည်၏။
၅။ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန ဟု လာသော ဉာဏ်တော်သည် ဒိဗ္ဗစက္ခုမည်၏။

သိရီမတော ပုဒ်၌သိရီ ဇရာသနှင့်စွာ၊ သို့မှသဒ္ဒါနည်း၊ ဆန်း နည်းနှစ်ပါးသင့်သတည်း။

---

၉၉။ ဝေဿဘုဿ စ နမတ္ထု၊
နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊
မာရ-သေနာ-ပမဒ္ဒိနော၊

၉၉။ နှာတကဿ၊ အရိယမဂ်လေးပါးတို့ဖြင့် ဆေး ကျော်အပ်ပြီးသော အညစ်အကြေး မကောင်းမှု ဒုစရိုက် ရှိတော်မူသော။ တပဿိနော၊ ကိလေသာတို့ကို ညှဉ်းဆဲ

ဖျက်ဆီးတော် မူတတ်သော။ ဝေဿဘုဿ၊ ဝေဿဘူ အမည်တော် ရှိသော မြတ်စွာဘုရားအား။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ မာရသေနာပမဒ္ဒိနော၊ မာရ်ငါးပါးတို့ကို နှိပ်စက်ဖျက်ဆီးတော်မူတတ်သော။ ကကုသန္ဓဿ၊ ကကုသန် အမည်တော်ရှိသော မြတ်စွာဘုရားအား။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

---

၁၀၀။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿစ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၁၀၀။ ဗြာဟ္မဏဿ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိတော်မူသော။ ဝုသီမတော၊ သုံးအပ်ပြီးသော အရိယမဂ်လေးပါးတည်းဟူသော မြတ်သော သီတင်းရှိတော်မူသော။ ကောဏာဂမနဿ၊ ကောဏာဂုံအမည်တော်ရှိသော မြတ်စွာဘုရားအား။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဓိ၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ဝိပ္ပမုတ္တဿ၊ ခပ်သိမ်းသော တထောင့်ငါးရာ ကိလေသာတို့မှ လွတ်တော်မူပြီးသော။ ကဿပဿ၊ ကဿပအမည်တော်ရှိသော မြတ်စွာဘုရားအား။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၁။ အင်္ဂီရသဿ နမတ္ထု၊
သက္ယ-ပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊
သဗ္ဗ-ဒုက္ခာ-ပနူဒနံ။

၁၀၁။ ယောဘဂဝါ၊ ႏအကြင်ႉ ဂေါတမမြတ်စွာဘုရားသည်။ သဗ္ဗဒုက္ခာပနူဒနံ၊ ခပ်သိမ်းသော ဝဋ်တရားဒုက္ခကို ဖျောက်တတ်သော။ ဣမံဓမ္မံ၊ ဤပိဋကတ်သုံးပုံ ဖြစ်သော တရားတော်ကို။ ဒေသေသိ၊ ဟောတော်မူပြီ။ အင်္ဂီရသဿ၊ ကိုယ်အင်္ဂါကြီးငယ်တို့မှ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိတော်မူသော။ သိရီမတော၊ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တည်းဟူသော အသရေအပေါင်းနှင့် ပြည့်စုံတော်မူသော။ တဿသက္ယပုတ္တဿ၊ ထိုသာကီဝင်မင်းသားဂေါတမမြတ်စွာဘုရားအား။ မေ၊ ငါ၏။ သိရသာ၊ ဦးဖြင့်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ (တဿကား ယောဟူသောအနိယတ်၏ နိယတ်အလို့ငှါ ထည့်သောပုဒ်တည်း။)

---

၁၀၂။ ယေစာ'ပိ နိဗ္ဗုတာ လောကေ၊
ယထာ-ဘူတံ ဝိပဿိသုံ။
တေ ဇနာ အ-ပိသုဏာ'ထ၊
မဟန္တာ ဝီတ-သာရဒါ။

၁၀၃။ ဟိတံ ဒေဝမနုဿာနံ၊
ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာ-စရဏ-သမ္ပန္နံ၊
မဟန္တံ ဝီတ-သာရဒံ။

[အပိသုဏာထကို(အပိသုဏာ+အထ)ဟု ပုဒ်ဖြတ်။]

၁၀၂။ လောကေ၊ လောက၌။ ယေစာပိသတ္တဗုဒ္ဓါ၊ အကြင် ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်။ နိဗ္ဗုတာ၊ ငြိမ်းပြီးသော ဝဋ္ဋဒုက္ခရှိတော်မူကုန်ပြီ။ ယထာဘူတံ၊ မဖောက်မပြန်။ ဝိပဿိသုံ၊ သစ္စာလေးပါး တရားတို့ကို မြင်တော်မူကုန်ပြီ။ တေ ဇနာ-တေ သတ္တဗုဒ္ဓါ၊ ထို ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်။ အမုသာ၊ မုသားဆိုတော်မမူကုန်။ အဖရုသာ၊ ဖရုသဝါစာ ဆိုတော်မမူကုန်။ အသမ္ဖပ္ပလာပါ၊ သမ္ဖပ္ပလာပ ဝါစာကို ဆိုတော်မမူကုန်။ [ဤသုံးပုဒ်ကို အဋ္ဌကထာနှင့်အညီ ထည့်၍ပေး။] အပိသုဏာ၊ ပိသုဏဝါစာဆိုတော်မမူကုန်။ အထ၊ ထိုမှတပါး။ မဟန္တာ၊ ကြီးမြတ်သော ဂုဏ်ကျေးဇူး ရှိတော်မူကုန်၏။ ဝီတသာရဒါ၊ ကင်းပြီးသော ကြောက်ခြင်း, ထိတ်လန့်ခြင်း, ရွံ့ရှာခြင်းရှိတော်မူကုန်၏။

၁၀၃။ ယံဂေါတမံ-ယော ဂေါတမော၊ အကြင်ဂေါတမ မြတ်စွာဘုရားသည်။ ဒေဝမနုဿာနံ၊ နတ်,လူတို့၏၊ ဟိတံ-ဟိတကရေ၊ အစီးအပွားကိုဆောင်တော်မူတတ်၏။ ဝိဇ္ဇာ-စရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူ၏။ မဟန္တံ၊ ကြီးမြတ်သော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ ဝီတသာရဒံ၊ ကြောက်ခြင်း,

ထိတ်လန့်ခြင်း, ရွံ့ရှာခြင်း ကင်းတော်မူ၏။ တံ ဂေါတမံ၊ ထို ဂေါတမ မြတ်စွာဘုရားကို။ ဒေဝမနုဿာ၊ နတ်, လူတို့သည်။ (ထည့်ပုဒ်။) နမဿန္တိ၊ ရှိခိုးကုန်၏။

[ဝိပဿိဿစနမတ္ထုကစ၍ ဝီတသာရဒံ- တိုင်အောင် ဤခြောက်ဂါထာတို့သည် သုတ်ပါထေယျပါဠိတော်၌လာသော အာဋာနာဋိယ သုတ်ကျယ်၌ဟောတော်မူသော ဂါထာတို့တည်း၊ ဧတေစညေ စသမ္ဗုဒ္ဓါ-ကစ၍ သုခီ ဒီဃာယုကော ဘဝ-တိုင်အောင် နှစ်ဆယ့်တဂါထာ တို့သည်ကား သီဟိုဠ်မဟာဝိဟာရဝါသီ ရဟန္တာအရှင်မြတ်တို့ ဟောတော်မူသောဂါထာတို့တည်းဟု သိအပ်ကုန်၏။]

---

၁၀၄။ ဧတေစံညေစ သမ္ဗုဒ္ဓါ၊
အနေက-သတ-ကောဋိယော။
သဗ္ဗေ ဗုဒ္ဓါံသမ-သမာ၊
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၀၅။ သဗ္ဗေ ဒသ-ဗလူပေတာ၊
ဝေသာရဇ္ဇေဟုံပါဂတာ။
သဗ္ဗေ့ံတေ ပဋိဇာနန္တိ၊
အာသဘံဌာနံမုတ္တမံ။

[ဧတေစညေစကို (ဧတေစ+အညေစ) ဟု ပုဒ်ဖြတ်။ သဗ္ဗေဗုဒ္ဓါသမသမာကို (သဗ္ဗေဗုဒ္ဓါ + အသမသမာ) ဟုပုဒ်ဖြတ်၊ ဝေသာရဇ္ဇေဟုပါဂတာကို(ဝေသာရဇ္ဇေဟိ+ဥပါဂတာ)ဟု ပုဒ်ဖြတ်။]

၁၀၄။ ဧတေစ သမ္ဗုဒ္ဓါ၊ ထို ခုနစ်ဆူ ကုန်သော မြတ်စွာဘုရားတို့သည်လည်းကောင်း။ အညေ၊ ထိုခုနစ်ဆူမှ တပါးကုန်သော။ အနေကသတကောဋိယော၊ ကုဋေ အရာမက များစွာကုန်သော။ သမ္ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်လည်းကောင်း။ သဗ္ဗေ ဗုဒ္ဓါ။ ထိုအလုံးစုံသော မြတ်စွာဘုရားတို့သည်။ အသမသမာ၊ အတူမရှိသော ရှေးမြတ်စွာဘုရားတို့နှင့် တူတော်မူကုန်၏။ သဗ္ဗေဗုဒ္ဓါ၊ ထို အလုံးစုံသော မြတ်စွာဘုရားတို့သည်။ မဟိဒ္ဓိကာ၊ ကြီးမြတ်သောတန်ခိုးအာနုဘော် ရှိတော်မူကုန်၏။

၁၀၅။ သဗ္ဗေဗုဒ္ဓါ၊ ထို ကုဋေအရာမက များစွာကုန်သောမြတ်စွာဘုရားတို့သည်။ ဒသဗလူပေတာ၊ ဆယ်ပါးသောဒသဗလဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူကုန်၏။ ဝေသာရဇ္ဇေဟိ၊ စတုဝေသာရဇ္ဇဉာဏ်တော်တို့နှင့်။ ဥပါဂတာ၊ ပြည့်စုံတော်မူကုန်၏။ (ဝေသာရဇ္ဇေသုပါကဋာ ဟူ၍လည်း အချို့စာရှိ၏။ဝေသာရဇ္ဇေသု၊ စတုဝေသာရဇ္ဇ ဉာဏ်တော်တို့၌။ ပါကဋာ၊ ထင်ရှားတော်မူကုန်၏-ဟု ပေးလေ။) သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဗုဒ္ဓါ၊ ထိုကုဋေအရာမက များစွာကုန်သောမြတ်စွာဘုရားတို့သည်။ ဥတ္တမံ၊ မြတ်သော။ အာသဘဏ္ဍာနံ၊ အာသဘအရာကို။ ပဋိဇာနန္တိ၊ ဝန်ခံတော်မူကုန်၏။

[ဒသဗလဉာဏ်တော်, ဝေသာရဇ္ဇဉာဏ်တော်, အာသဘဏ္ဍာနတို့ကို အကျယ်သိလိုသော်ဂုဏာဒီပနီ ကျမ်း၌ ကြည့်လေကုန်။]

၁၀၆။ သီဟ-နာဒံ နဒန္တေတေ၊
ပရိသာသု ဝိ-သာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊
လောကေ အပ္ပဋိဝတ္တိယံ။

[နဒန္တေတေကို (နဒန္တိ+ဧတေ) ဟု ပုဒ်ဖြတ်။]

၁၀၆။ ဧတေဗုဒ္ဓါ၊ ထိုကုဋေအရာမက များစွာကုန်သော မြတ်စွာဘုရားတို့သည်။ သီဟနာဒံ၊ မကြောက်မရွံ့ ရဲရင့်သော စကားတော်ကို။ နဒန္တိ၊ ဆိုတော်မူကုန်၏။ ပရိသာသု၊ ပရိသတ်လေးပါး, ပရိသတ်ရှစ်ပါးတို့၌။ ဝိသာရဒါ၊ ရဲရင့်တော်မူကုန်၏။ လောကေ၊ လောကသုံးပါး၌။ အပ္ပဋိဝတ္တိယံ၊ တစုံတယောက်သောသူသည် ဟောခြင်းငှါ မစွမ်းနိုင်သော။ ဗြဟ္မစက္ကံ၊ မြတ်သော ဓမ္မစကြာ တရားတော်ကို။ ပဝတ္တေန္တိ၊ ဟောတော်မူကုန်၏။

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၀၆။ ဗြဟ္မစက္ကံပုဒ်၌စက္ကသဒ္ဒါသည် သမ္ပတ္တိအနက်, လက္ခဏအနက်,ရထင်္ဂအနက်,ဣရိယာပထအနက်,ဒါနအနက်, စကြာရတနာအနက်,ခရစက္ကအနက်, ပဟာရဏစက္ကအနက်, အာဏာစက္ကအနက်အစရှိသောအင်္ဂုတ္တိုရ်စတုက္ကအဋ္ဌကထာ,သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌လာသောအနက်တို့တွင်ဤအရာ၌ဓမ္မစက္ကအနက်, ပဟာရဏစက္ကအနက်တို့၌ ဖြစ်၏။

၁၀၇။ ဥပေတာ ဗုဒ္ဓ-ဓမ္မေဟိ၊
အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသ-လက္ခဏူပေတာ၊
သီတာနုဗျဉ္ဇနာဓရာ။

[ဗာတ္တိံသ လက္ခဏူပေတာသီတာနုဗျဉ္ဇနာဓရာ ကို (ဗာတ္တိံသလက္ခဏ +ဥပေတာ +အသီတိ+အနုဗျဉ္ဇနာဓရာ)ဟုပုဒ်ဖြတ်။]

၁၀၇။ နာယကာ၊ လူနတ်တို့ကို နိဗ္ဗာန်သို့ ပို့တော်မူတတ်ကုန်သော ကုဋေ အရာမကများစွာကုန်သော ဖြတ်စွာဘုရားတို့သည်။ အဋ္ဌာရသဟိ၊ တဆဲ့ရှစ်ပါးကုန်သော။ ဗုဒ္ဓဓမ္မေဟိ၊ အာဝေဏိက ဗုဒ္ဓဂုဏ်တော်တို့နှင့်။ ဥပေတာ၊ ပြည့်စုံတော်မူကုန်၏။ ဗာတ္တိံသလက္ခဏူပေတာ၊ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးတို့နှင့် ပြည့်စုံတော်မူကုန်၏။ အသီတာနုဗျဉ္ဇနာဓရာ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကို ဆောင်တော်မူကုန်၏။

---

## အဝိပ္ပါယ်ရှင်းလင်းချက်

### အာဝေဏိကဂုဏ်တော် ၁၈-ပါး

၁၀၇။ သာဝကတို့နှင့်မဆက်ဆံသောကိုယ်တော်၌သာအသီးအခြားရေတွက်အပ်သောအာဝေဏိကဗုဒ္ဓဂုဏ်တော်တဆယ့်ရှစ်ပါးဟူသော်ကား—

၁။ လွန်လေပြီးသော အတိတ်တရားအဘို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်းတပါး,

၂။ လာလတ္တံ့သော အနာဂတ်တရားအဘို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်းတပါး,

၃။ မျက်မှောက်ပစ္စုပ္ပန်တရားအဘို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်းတပါး,

၄။ ကာယကံသုံးပါးသည် ဉာဏ်တော်လျှင်ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်သည်လည်းတပါး,

၅။ ဝစီကံလေးပါးသည်ဉာဏ်တော်လျှင်ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်သည်လည်းတပါး,

၆။ မနောကံသုံးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်သို့အစဉ်လိုက်သည်လည်းတပါး,

၇။ ကောင်းသောဆန္ဒတော်၏ ယုတ်ခြင်း လျော့ခြင်းမရှိသည်လည်းတပါး,

၈။ ဓမ္မဒေသနာတော်၏ယုတ်ခြင်း လျော့ခြင်း မရှိသည်လည်းတပါး,

၉။ ဝီရိယတော်၏ယုတ်ခြင်း လျော့ခြင်းမရှိသည်လည်းတပါး,

၁၀။ သမာဓိတော်၏ယုတ်ခြင်းလျော့ခြင်းမရှိသည်လည်းတပါး,

၁၁။ ပညာတော်၏ယုတ်ခြင်းလျော့ခြင်း မရှိသည်လည်းတပါး,

၁၂။ အရဟတ္တဖိုလ်ကျေးဇူးတော်ဟုဆိုအပ်သောဝိမုတ္တိတော်၏ ယုတ်ခြင်း လျော့ခြင်းမရှိသည်လည်းတပါး,

၁၃။ မြူးထူးလိုသောစိတ်တော်မရှိသည်လည်းတပါး,

၁၄။ ချွတ်ယွင်းသဖြင့် ဆိုမိသောစကားတော်တလုံးတပါဒမျှမရှိသည်လည်းတပါး,

၁၅။ ဉာဏ်တော်ဖြင့် မဆင်ခြင်ဘဲပြုသောအမှု မရှိသည်လည်းတပါး,

၁၆။ အဆောတလျင် ဆိုမိပြုမိသည်ဖြစ်၍ တဖန်နုတ်ရသောအမှု မရှိသည်လည်းတပါး,

၁၇။ အကျိုးမရှိသောအရာတို့၌ ကြောင့်ကြတော်မူသော စိတ်တော်မရှိသည်လည်းတပါး,

၁၃။ ဉာဏ်တော်ဖြင့် ရှုကြည့်တော်မူ၍ မမြင်မသိသော အရာ
မရှိသည်လည်းတပါး,
ဤတဆယ့်ရှစ်ပါးတို့တည်း၊

**ဗုဒ္ဓဓမ္မေ်ဟိ** ပုဒ်၌ ဓမ္မသဒ္ဒါသည် သဘာဝအနက်, ပရိယတ္တိ
အနက်,ပညာအနက်, ဉာယအနက်,သစ္စာအနက်, ပကတိအနက်,
ပုညအနက်,ဉေယျအနက်,ဂုဏအနက်,အာစာရအနက်, သမာဓိ
အနက်,နိဿတ္တ နိဇ္ဇီဝအနက်,အာပတ္တိအနက်, ကာရဏအနက်,
သမညအနက်,ဥပမာအနက်,ဟိံသာအနက်,ဟေတုအနက်,အတ္တ
အနက်,သိက္ခာပဒအနက်-အစရှိသော အဘိဓာန်စာကိုယ်, အဘိ
ဓာန်ဋီကာ၌လာသောအနက်တို့တွင် ဤအရာ၌ ပညာအနက်,ဂုဏ
အနက်တို့၌ဖြစ်၏၊

[ပုဒ်တို့၏အတ္ထုဒ္ဓါရကို သိလိုသော သူမြတ်တို့သည်
အနေကတ္ထဒီပနီကျမ်း၌ ကြည့်တော်မူလေကုန်။]

---

၁၀၃။ ဗျာမ·ပ္ပဘာယ သု·ပ္ပဘာ၊
သဗ္ဗေ·တေ မုနိ-ကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊
သဗ္ဗေ ခီဏာ·သဝါ ဇိနာ။

၁၀၄။ မဟာ-ပဘာ မဟာ-တေဇာ၊
မဟာ-ပညာ မဟာ·ဗ္ဗလာ။
မဟာ-ကာရုဏိကာ ဓီရာ၊
သဗ္ဗေသာနံ သုခါ·ဝဟာ။

၁၁၀။ ဒီပါ နာထာ ပတိဋ္ဌာစ၊
တာဏာ လေဏာ စ ပါဏိနံ။
ဂတိ ဗန္ဓူ မဟေဿာသာ၊
သရဏာ စ ဟိတေသိနော။
[မဟေဿာသာကို (မဟာ+ဣဿာသာ)ဟု ပုဒ်ဖြတ်။]

၁၀၈။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။တေဗုဒ္ဓါ၊ ထိုကုဋေ အရာမကများစွာကုန်သော မြတ်စွာဘုရားတို့သည်။ ဗျာမပ္ပဘာယ၊ တလံမျှလောက်သော အရောင်တော်အဝန်းဖြင့်။ သုပ္ပဘာ၊ ကောင်းစွာထွန်းပတော်မူကုန်၏။ (ဗျာမပ္ပဘာယဟိ သုပ္ပဘာဟူ၍လည်း အချို့စာ ဗဟုဂုစ်နှင့်ရှိ၏၊ တို့ဖြင့်-ဟု ပေး။) မုနိကုဉ္ဇရာ၊ ရဟန်းတို့ထက် မြတ်တော် မူကုန်၏၊ သဗ္ဗညုနော၊ အလုံးစုံသော ဉေယျဓမ္မငါးပါးတို့ကို သိတော်မူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဧတေဗုဒ္ဓါ၊ ထိုကုဋေ အရာမကများစွာကုန်သော မြတ်စွာဘုရားတို့သည်။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါတရား လေးပါး ရှိတော်မူကုန်၏၊ ဇိနာ၊ မာရ်ငါးပါးကိုအောင်တော်မူကုန်၏။

၁၀၉။ မဟာပဘာ၊ ကြီးမြတ်သော ကိုယ်တော်ရောင်, ဉာဏ်တော်ရောင် ရှိတော်မူကုန်၏။ မဟာတေဇာ၊ ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူကုန်၏။ မဟာပညာ၊ ကြီးမြတ်သော ပညာရှိတော်မူကုန်၏။ မဟာဗလာ၊ ကြီးမြတ်သော ကာယဗလ,ဉာဏဗလရှိတော်မူကုန်၏။ မဟာကာရုဏိကာ၊ ကြီးမြတ်သော မဟာကရုဏာ ရှိတော်မူကုန်၏။ ဓီရာ၊ တည်ကြည်သော သမာဓိ ရှိတော်မူကုန်၏။ သဗ္ဗေ

သာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သုခါဝဟာ၊ လောကီ ချမ်းသာ, လောကုတ္တရာ ချမ်းသာကို ဆောင်တော်မူကုန်၏။

၁၁၀။ ဒီပါ၊ မှီခိုရာကျွန်းကြီးသဖွယ်ဖြစ်တော်မူကုန်၏။ နာထာ၊ ကိုးကွယ်ရာဖြစ်တော်မူကုန်၏။ ပတိဋ္ဌာစ၊ တည်ရာလည်းဖြစ်တော်မူကုန်၏။ တာဏာ၊ အပါယ်ဘေးမှစောင့်ရှောက်တော်မူတတ်ကုန်၏။ ပါဏီနံ၊ သတ္တဝါတို့၏။ လေဏာစ၊ သံသရာဘေးမှ ပုန်းအောင်းရာလည်း ဖြစ်တော်မူကုန်၏။ ဂတီ၊ဆည်းကပ်ရာလည်းဖြစ်တော်မူကုန်၏။ ဗန္ဓူ၊ အကျိုးစီးပွားကို ဆောင်တတ်သော အဆွေခင်ပွန်းကောင်းသဖွယ်လည်း ဖြစ်တော်မူကုန်၏။ မဟေဿာသာ၊ အလိုရှိအပ်သော အကျိုးပြီးခြင်းကြောင့် သီဝဖြဟ္မာမင်း, သိကြားမင်းနှင့်လည်း တူတော်မူကုန်၏။ တနည်းကား-မဟေဿသာ-မဟာဗုဿသာ၊ မချွတ်မယွင်း မှန်တတ်သောလေးသမားကြီး လေးယောက်နှင့်တူတော်မူကုန်၏။ သရဏာစ၊ သတ္တဝါတို့၏ ဆင်းရဲကိုလည်း ဖျောက်တော်မူတတ်ကုန်၏။ ဟိတေသိနော၊ သတ္တဝါတို့၏ အစီးအပွားကို ရှာတော်မူကုန်၏။

---

# အဓိပ္ပါယ်ရှင်းလင်းချက်

## ရောင်ခြည်တော်ဝန်းပမာဏ

၁၀၈။ ဗျာမပ္ပဘာယ သုပ္ပဘာ ပုဒ်တို့၌ ရောင်ခြည်တော် အဝန်းသည် မြတ်စွာဘုရား၏အလံတော်ဖြင့် တလံရှိ၏၊ ငါးမျက်နှာတို့၌ထွန်းပ၏၊ ရောင်ခြည်တော်သည် ပကတိလူတို့၏အတောင်ဖြင့် ရှစ်ဆယ်ရှိ၏၊ အတွက်ကား- မြတ်စွာဘုရား၏ တတောင်သည် မဇ္ဈိမ ပုရိသသုံးတောင်ရှိ၏၊ မဇ္ဈိမပုရိသတတောင်သည် ပကတိ

လူတို့၏တတောင်ရှစ်သစ် ယူရပေသတည်း၊ သက်န်းတော်၌ကား တတောင့်ထွာယူရသတည်း၊ မြတ်စွာဘုရား၏ လေးတောင်သည် ပကတိလူတို့၏တဆယ့်ခြောက်တောင်ရှိ၏၊ လေးမျက်နှာ, အထက်မျက်နှာ၊ ဤငါးမျက်နှာတို့၌ တဆယ့်ခြောက်တောင်စီ ဖြစ်ရကား ရောင်ခြည်တော်အဝန်း အတောင်ရှစ်ဆယ်ဖြစ်၏။ ။သဗ္ဗေ'ပဥ္စ ဝိမဥ္စေယျုံခမ္မေ ဇာနာတီတိ သဗ္ဗညုနော-ဟုပြုအပ်၏။

## လေးသမားကြီး ၄-ယောက်

၁၁၀။ လေးသမားကြီးလေးယောက်ဟူသော်ကား-ဝါလဝေဓိလေးသမား, သဒ္ဒဝေဓိလေးသမား, သရဝေဓိလေးသမား, အက္ခဝေဓိလေးသမား၊ ဤလေးယောက်တို့တည်း။

၁။ သားမြီးဖျားကို ထုတ်ချင်းထွင်းအောင် ပစ်နိုင်သောလေးသမားသည် ဝါလဝေဓိလေးသမားမည်၏။

၂။ အသံကိုမျှော်၍ မချွတ်မယွင်း မှန်အောင်ပစ်နိုင်သောလေးသမားသည် သဒ္ဒဝေဓိလေးသမားမည်၏။

၃။ ရေကန်ထဲ၌ မြှားတဥသဘ,နှစ်ဥသဘသွားအောင်ပစ်နိုင်သော လေးသမားသည် သရဝေဓိလေးသမားမည်၏။

၄။ လုံးပတ်သုံးထွာမျှလောက်သော ရထားဝင်ရိုးကို ထုတ်ချင်းထွင်းအောင် ပစ်နိုင်သော လေးသမားသည် အက္ခဝေဓိလေးသမားမည်၏။

[အချို့သော ဆရာတို့ကား လူညှပ်ရိုးကိုဆိုကုန်၏၊ သဘောယုတ္တိမရှိသောကြောင့်မသင့်၊ သံအထူ လေးသစ်ကို ထုတ်ချင်း,ပိတောက်ပျဥ်ရှစ်သစ်ကို ထုတ်ချင်းထွင်းသည်ဆိုသောစကားနှင့်မညီကြ၊လူတို့၏ညှပ်ရိုးသည် ရထားထမ်းပိုးစကျည်းမျှသာ ရှိသတည်း။ အက္ခဏဝေဓိ ဟူ၍လည်းရှိ၏၊ လျှပ်တပြက်၌ လေးအချက်ပေါင်း တထောင်ကျော်ထွက်အောင် ပစ်နိုင်သောလေးသမားဟူလို။]

၁၁၁။ သ-ဒေဝကဿ လောကဿ၊
သဗ္ဗေ ဧတေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

၁၁၂။ ဝစသာ မနသာ စေဝ၊
ဝန္ဒာမေတေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊
ဂမနေစာပိ သဗ္ဗဒါ။

[တေသာဟံကို (တေသံ+အဟံ)ဟု ပုဒ်ဖြတ်၊ ဝန္ဒာမေတေကို (ဝန္ဒာမိ+ဧတေ)ဟုပုဒ်ဖြတ်။]

၁၁၁-၁၁၂။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေဗုဒ္ဓါ၊ ထိုကုဋေအရာမက များစွာကုန်သော မြတ်စွာဘုရားတို့သည်။ သဒေဝကဿ၊နတ်နှင့်တကွသော။ လောကဿ၊သတ္တလောက၏။ ပရာယဏာ၊ လည်းလျောင်းရာဖြစ်တော်မူကုန်၏။ တေသံ၊ ထိုကုဋေအရေမကများ စွာကုန်သော မြတ်စွာဘုရားတို့၏။ ပါဒေ၊ခြေတော်တို့ကို။ အဟံ၊ငါသည်။သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ရှိခိုးပါ၏။ ပုရိသုတ္တမေ ယောကျ်ားမြတ်ဖြစ်တော်မူကုန်သော။ ဧတေ တထာဂတေ၊ ထိုကုဋေအရာမက များစွာကုန်သော မြတ်စွာဘုရားတို့ကို။ ဝစသာ၊ ဝစီဒွါရဖြင့်လည်းကောင်း။ မနသာစေဝ၊ မနောဒွါရဖြင့် လည်းကောင်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ သယနေ၊ လျောင်းသော ဣရိယာပုထ်၌လည်းကောင်း။ အာသနေ၊ ထိုင်သောဣရိယာပုထ်၌လည်းကောင်း။ ဌာနေ၊ ရပ်သောဣရိယာပုထ်၌လည်း

ကောင်း။ ဂမနေစာပိ၊ သွားသော ဣရိယာပုထ်၌လည်းကောင်း။ သဗ္ဗဒါ။ အခါခပ်သိမ်း၊ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ (လိုက်ပုဒ်။)

၁၁၃။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိ-ကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗ-ဘယေဟိစ။

၁၁၄။ သဗ္ဗ-ရောဂါ ဝိနီမုတ္တော၊
သဗ္ဗ-သန္တာပ-ဝဇ္ဇိတော။
သဗ္ဗ-ဝေရ-မတိက္ကန္တော၊
နိဗ္ဗုတောစ တုဝံ ဘဝ။

၁၁၅။ တေသံ သစ္စေန သီလေန၊
ခန္တိ-မေတ္တာ-ဗလေနစ။
တေပိ အမှေ-နုရက္ခန္တု၊
အ-ရောဂေန သုခေနစ။

၁၁၃-၁၁၄-၁၁၅။ သန္တိကရာ။ ကိုယ်, စိတ်ငြိမ်းခြင်းကိုပြုတော်မူတတ်ကုန်သော။ ဗုဒ္ဓါ၊ အရာမက များစွာကုန်သောမြတ်စွာဘုရားတို့သည်။ တုဝံ၊ သင့်ကို။ တနည်းကား-တုဝံ-တုမှေ၊ သင်တို့ကို။ သဒါ၊ အခါခပ်သိမ်း။ သုခေန၊ ကိုယ်, စိတ်ချမ်းသာခြင်းဖြင့်။ ရက္ခန္တု၊ စောင့်ရှောက်တော်မူစေကုန်သတည်း။ တေဟိ၊ ထိုအရာမကများစွာကုန်သောမြတ်စွာဘုရားတို့သည်။ ရက္ခိတော၊ စောင့်ရှောက် အပ်

သော။ သန္တော၊ ငြိမ်းသောကိုယ်စိတ်ရှိသော။ တွံ၊ သင်သည်။ သဗ္ဗဘယေဟိစ၊ ခပ်သိမ်းသော ဘေးတို့မှလည်း။ မုတ္တော၊ လွတ်သည်။ ဘဝတု၊ ဖြစ်စေသတည်း။ (ထည့်ပုဒ်။) တနည်းကား–တေဟိ၊ ထိုအရာမက များစွာကုန်သော မြတ်စွာဘုရားတို့သည်။ ရက္ခိတော-ရက္ခိတာ၊ စောင့်ရှောက်အပ်ကုန်သော။ သန္တော–သန္တာ၊ ငြိမ်းသောကိုယ်,စိတ်ရှိကုန်သော။ တွံ-တုမှေ၊ သင်တို့သည်။ သဗ္ဗဘယေဟိစ၊ ခပ်သိမ်းသောဘေးတို့မှလည်း။ မုတ္တော- မုတ္တာ၊ လွတ်ကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (ဤသို့ ဝစန-ဝိပလ္လာသလည်းကြံအပ်ကုန်၏။)

[ပရိသတ်ကိုငဲ့၍ ရွတ်သောအခါ– ဗုဒ္ဓါ သန္တိကရာ တုဝံ တေဟိ တွံ ရက္ခိတော-ဟု ရွတ်အပ်၏၊ မိမိကိုယ်ကိုငဲ့၍ရွတ်သောအခါ- ဗုဒ္ဓါ သန္တိကရာ မမံ တေဟိ မံ ရက္ခိတော-ဟုရွတ်အပ်၏။မမံ။ ငါ့ကို။ မံ၊ ငါ့ကို-ဟုပေး။]

တေသံ၊ ထိုကုဋေအရာမက များစွာကုန်သော မြတ်စွာဘုရားတို့၏။ သစ္စေနစ၊ သစ္စာတော်ကြောင့် လည်းကောင်း။ (သစ္စာတော်အားဖြင့်လည်းကောင်းလည်းဟူ။) သီလေနစ၊ သီလတော်ကြောင့် လည်းကောင်း၊ (သီလတော်အားဖြင့်လည်းကောင်းလည်းဟူ။) ခန္တိမေတ္တာဗလေနစ၊ ခန္တီတော်, မေတ္တာတော်, ဉာဏဗလတော် အစရှိသော အစွမ်းတော်အားဖြင့်လည်းကောင်း။ တုဝံ၊ သင်သည်။ တနည်းကား–တုဝံ-တုမှေ၊ သင်တို့သည်။ (ဤသို့ဝစနဝိပလ္လာသကြံ။) သဗ္ဗရောဂါ၊ ခပ်သိမ်းသောရောဂါမှ။ ဝိနိမုတ္တော၊ လွတ်သည်။ ဘဝ၊ ဖြစ်စေသတည်း။ သဗ္ဗသန္တာပဝဇ္ဇိတော၊ ခပ်သိမ်း

သော ကိုယ်၏ပူပန်ခြင်း, စိတ်၏ပူပန်ခြင်းမှ ကင်းသည်။ ဘဝ၊ ဖြစ်စေသတည်း။ သဗ္ဗဝေရမတိက္ကန္တော၊ ခပ်သိမ်းသော ရန်ကို လွန်မြောက်သည်။ ဘဝ၊ ဖြစ်စေသတည်း။ နိဗ္ဗုတော စ၊ ဘေးဥပဒ် ငြိမ်းသည်လည်း။ ဘဝ၊ ဖြစ်စေသ တည်း။

[ပရိသတ်ကိုင်၍ ရွတ်သောအခါ-တုံ ဘဝ-ဟုရွတ်အပ်၏၊ ဘဝါဟိတ္တံ-ဟူ၍လည်း အချို့စာရှိ၏၊ မိမိကိုယ်ကိုင်၍ ရွတ်သောအခါ- ဘဝါမဟံ-ဟု ရွတ်အပ်၏။ (ဘဝါမိ+အဟံ)ဟုပုဒ်ဖြတ်။]

အဟံ၊ ငါသည်။ သဗ္ဗရောဂါ၊မှ။ဝိနိမုတ္တော၊သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ သဗ္ဗသန္တာပဝဇ္ဇိတော၊ မှကင်းသည်၊ ဘဝါမိ၊ ဖြစ်ရလို၏။ သဗ္ဗဝေရံ၊ ခပ်သိမ်းသောရန်ကို။ အတိက္ကန္တော၊ လွန်မြောက်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ နိဗ္ဗုတော စ၊ ဘေး ဥပဒ်ငြိမ်းသည်လည်း။ ဘဝါမိ၊ ဖြစ်ရလို၏။ (ဤသို့ပေး လေကုန်။)

တေပိ၊ ထိုအရာမက များစွာကုန်သော မြတ်စွာဘုရား တို့သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား—အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါဝေးခြင်းဖြင့် လည်းကောင်း။ တနည်းကား— အရောဂေန၊ ရောဂါ မရှိခြင်းဖြင့်လည်း ကောင်း။ သုခေန စ၊ ကိုယ်, စိတ် ချမ်းသာခြင်းဖြင့် လည်း ကောင်း။ အနုရက္ခန္တု၊ အစဉ် စောင့်ရှောက် တော်မူစေ ကုန်သတည်း။

[ပရိသတ်ကိုင်၍ ရွတ်သောအခါ- တေပိတုမှေ နုရက္ခန္တု-ဟု ရွတ်အပ်၏၊ မိမိကိုယ်ကိုင်၍ ရွတ် သောအခါ-တေပိ အမှေနုရက္ခန္တု-ဟု ရွတ်အပ်၏၊

အာရောဂေန-ဟု အာဒီဃ နှင့်လည်း ရှိသင့်၏၊ အရောဂေန-ဟု အရဿနှင့်လည်းရှိသင့်၏၊ အာရောဂေန-ဟု အာဒီဃနှင့်ရှိမူ ရောဂါဝေးခြင်းဖြင့်လည်းကောင်း-ဟုပေး၊ အရောဂေန-ဟု အရဿနှင့်ရှိမူ ရောဂါမရှိခြင်းဖြင့် လည်းကောင်း-ဟုပေး။ အာသဒ္ဒါဒူရအနက်ရှိ၏၊ အသဒ္ဒါ ပဋိသေဓအနက်, ဝိဂတအနက်ရှိ၏။]

---

၁၁၆။ ပုရတ္ထိမသ္မိံ ဒိသာ-ဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေံ့နုရက္ခန္တု၊
အ-ရောဂေန သုခေနစ။

၁၁၆။ ပုရတ္ထိမသ္မိံ၊ အရှေ့ဖြစ်သော။ ဒိသာဘာဂေ၊ အရပ်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဘူတာ၊ ဂန္ဓဗ္ဗနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ။ ထိုကြီးသောတန်ခိုးရှိသော ဂန္ဓဗ္ဗနတ်တို့သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါမရှိခြင်းဖြင့်လည်းကောင်း၊ သုခေနစ၊ ကိုယ်, စိတ်ချမ်းသာခြင်းဖြင့်လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်စေကုန်သတည်း။

---

၁၁၇။ ဒက္ခိဏသ္မိံ ဒိသာ-ဘာဂေ၊
သန္တိ ဒေဝါ မဟိဒ္ဓိကာ၊
တေပိ အမှေံ့နုရက္ခန္တု၊
အ-ရောဂေန သုခေန စ။

၁၁၇။ ဒက္ခိဏာသ္မိံ၊ တောင်ဖြစ်သော။ ဒိသာဘာဂေ၊ အရပ်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဒေဝါ၊ ကုမ္ဘဏ်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုတန်ခိုးကြီးကုန်သော ကုမ္ဘဏ်နတ်တို့သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါမရှိခြင်းဖြင့်လည်းကောင်း။ သုခေနစ၊ ကိုယ်, စိတ်ချမ်းသာခြင်းဖြင့် လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်စေကုန်သတည်း။

---

၁၁၈။ ပစ္ဆိမသ္မိံ ဒိသာ-ဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အ-ရောဂေန သုခေနစ။

၁၁၈။ ပစ္ဆိမသ္မိံ၊ အနောက်ဖြစ်သော။ ဒိသာဘာဂေ၊ အရပ်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ နာဂါ၊ နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုကြီးသော တန်ခိုး ရှိကုန်သော နဂါးတို့ သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါမရှိခြင်းဖြင့်လည်းကောင်း။ သုခေနစ၊ ကိုယ်, စိတ် ချမ်းသာခြင်းဖြင့်လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်စေကုန်သတည်း။

၁၁၉။ ဥတ္တရသ္မိံ ဒိသာ-ဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ၊
တေပိ အမှေ့ံ နုရက္ခန္တု၊
အ-ရောဂေန သုခေန စ။

၁၁၉။ ဥတ္တရသ္မိံ၊ မြောက်ဖြစ်သော။ ဒိသာဘာဂေ၊ အရပ်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုကြီးသော တန်ခိုးရှိကုန်သောဘီလူးတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါကိုကို။ အရောဂေန၊ ရောဂါမရှိခြင်းဖြင့် လည်းကောင်း။ သုခေန စ၊ ကိုယ်, စိတ် ချမ်းသာခြင်းဖြင့်လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်စေကုန်သတည်း။

---

၁၂၀။ ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။

၁၂၁။ စတ္တာရော တေ မဟာ-ရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ့ံ နုရက္ခန္တု၊
အ-ရောဂေန သုခေန စ။

၁၂၀။ မေရု ရာဇသော၊ မြင့်မိုရ် တောင်မင်း၏။ (ထည့်ပုဒ်။) ပုရတ္ထိမေန၊ အရှေ့မျက်နှာ၌။ ဓတရဋ္ဌော၊

ဓတရဋ္ဌ နတ်မင်းကြီးသည်။ ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗ နတ်တို့ကို။ ဇာဿရော၊ အစိုးရ၏။ (ထည့်ပုဒ်။) ဒက္ခိဏေန၊ တောင်မျက်နှာ၌။ ဝိရူဠှကော၊ ဝိရူဠှက နတ်မင်းကြီးသည်။ ကုမ္ဘဏ္ဍာနံ၊ ကုမ္ဘဏ်နတ်တို့ကို။ ဇာဿရော၊ အစိုးရ၏။ (ထည့်ပုဒ်။) ပစ္ဆိမေန၊ အနောက်မျက်နှာ၌။ ဝိရူပက္ခော၊ ဝိရူပက္ခနတ်မင်းကြီးသည်။ နာဂါနံ၊ နဂါးတို့ကို။ ဇာဿရော၊ အစိုးရ၏။ (ထည့်ပုဒ်။) ဥတ္တရံဒိသံ၊ မြောက်မျက်နှာ၌။ ကုဝေရော၊ ကုဝေရနတ်မင်းကြီးသည်။ ယက္ခာနံ၊ ဘီလူးတို့ကို။ ဇာဿရော၊ အစိုးရ၏။ (ထည့်ပုဒ်။)

၁၂၁။ စတ္တာရော၊ လေးယောက်ကုန်သော။ တေမဟာရာဇာ၊ ထိုစာတုမဟာရာဇ် နတ်မင်းကြီးတို့သည်။ လောကပါလာ၊ လူတို့ကို စောင့်ရှောက်ကုန်၏။ ယဿဿိနော၊ များသော အခြံအရံရှိကုန်၏။ တေပိ၊ ထိုစာတုမဟာရာဇ် နတ်မင်းကြီးတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါ မရှိခြင်းဖြင့်လည်းကောင်း။ သုခေန စ၊ ကိုယ်,စိတ် ချမ်းသာခြင်းဖြင့်လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက် စေကုန်သတည်း။

---

၁၂၂။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ အနုရက္ခန္တု၊
အ-ရောဂေန သုခေန စ။

၁၂၂။ အာကာသဋ္ဌာ စ၊ ကောင်းကင်၌ တည်သည်လည်းဖြစ်ကုန်သော။ ဘုမ္မဋ္ဌာ စ၊ မြေ၌တည်သည်လည်းဖြစ်ကုန်သော။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ဒေဝါ၊ နတ်တို့သည် လည်းကောင်း။ နာဂါ၊ နဂါးတို့သည်လည်းကောင်း၊သန္တိ၊ရှိကုန်၏။(ထည့်ပုဒ်။)တေပိ၊ထိုအာကာသဋ္ဌဘုမ္မဋ္ဌဖြစ်ကုန်သောတန်ခိုးကြီးကုန်သောနတ်, နဂါးတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါမရှိခြင်းဖြင့် လည်းကောင်း။ သုခေန စ၊ ကိုယ်,စိတ်ချမ်းသာခြင်းဖြင့် လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်စေကုန်သတည်း။

---

၁၂၃။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊
ဝသန္တာ ဇိန သာသနေ။
တေပိ အမှေ'နုရက္ခန္တု၊
အ-ရောဂေန သုခေန စ။

၁၂၃။ ဇိန သာသနေ၊ ဉာဏ်မြတ်စွာဘုရား သာသနာတော်၌။ ရက္ခန္တာ၊ စောင့်ရှောက် ကုန်သည် ဖြစ်၍။ (ထည့်ပုဒ်။) ဝသန္တာ၊ နေကုန်သော။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်သော။ ယေ ဒေဝါ စ၊ အကြင်နတ်မင်းကြီး တို့သည် လည်း။ သန္တိ၊ ရှိကုန်၏။ (ထည့်ပုဒ်။) တေပိ၊ ထိုတန်ခိုးကြီးသော သာသနာစောင့် နတ်မင်းကြီးတို့သည် လည်း။ တုမှေ၊ သင်တို့ကို။ တနည်းကား-အမှေ၊ ငါတို့ကို။ အရောဂေန၊ ရောဂါမရှိခြင်းဖြင့် လည်းကောင်း။ သုခေန စ၊ ကိုယ်,

စိတ်ချမ်းသာခြင်းဖြင့် လည်းကောင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်စေကုန်သတည်း။

---

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၂၃။ ယေဒေဝါပုဒ်၌အဘယ်သို့သောဝစနတ္ထကြောင့်ဒေဝမည်သနည်းဟူမူကား—ဒိဗ္ဗန္တိ ကီဠန္တိ အတ္တနော ဝိသယေ ဗုဒ္ဓါဿရိယံ ကရောန္တီတိ ဒေဝါ၊ ။ယေမရူ၊ အကြင်နတ်တို့သည်။ဒိဗ္ဗန္တိ ကီဠန္တိ၊ မြူးထူးတော်ကုန်၏။အတ္တနော၊မိမိ၏။ဝိသယေ၊ အာရုံ၌။ဗုဒ္ဓါဿရိယံ၊ အစိုးရခြင်းကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေမရူ၊ ထိုနတ်တို့သည်။ ဒေဝါ၊ ဒေဝမည်ကုန်၏။

တနည်းကား—ဒိဗ္ဗန္တိ ကီဠန္တိ ပရိစာရေန္တိ ကာမဂုဏာဒီဟီတိ ဒေဝါ၊ ။ယေမရူ၊ အကြင်နတ်တို့သည်။ကာမဂုဏာဒီဟိ၊ ရူပါရုံ, သဒ္ဒါရုံအစရှိသော ကာမဂုဏ်တို့ဖြင့်။ ဒိဗ္ဗန္တိ ကီဠန္တိပရိစာရေန္တိ၊ စမ့်ယ်တတ်ကုန်၏၊ ဣတိ၊ ထို့ကြောင့်။ တေမရူ၊ တို့သည်။ ဒေဝါ၊ ကုန်၏။ ။ဒိဝုဓာတ်, ကီဠာယံ—မွေ့လျော်ခြင်း, စမ့်ယ်ခြင်း, မြူးထူးခြင်းအနက်၌ ဏပစ္စည်း။

တနည်းကား—ဒိဗ္ဗန္တိ ပဋိပက္ခေ ဝိဇေတုံ ဣစ္ဆန္တီတိ ဒေဝါ။ ။ယေမရူ၊ တို့သည်။ ပဋိပက္ခေ၊ ဆန့်ကျင်ဘက်ရန်သူတို့ကို။ ဝိဇေတုံ၊ အောင်ခြင်းငှါ။ဒိဗ္ဗန္တိဣစ္ဆန္တိ၊အလိုရှိတတ်ကုန်၏။ ဣတိ၊ထို့ကြောင့်။ တေမရူ၊ တို့သည်။ ဒေဝါ၊ ကုန်၏။

တနည်းကား—ဒိဗ္ဗန္တိ ဒဋ္ဌုံ သောတုံ့ သောဘာဝိသေသယောဂေန ဇုတ္တိယန္တီတိဒေဝါ။ ။ယေမရူတို့ကို။သောဘာဝိသေသယောဂေန၊ တင့်တယ်သော အဆင်းထူး, အသံထူးနှင့် ယှဉ်ခြင်းကြောင့်။ ဒဋ္ဌုံ၊ ရှုခြင်းငှါလည်းကောင်း။သောတုံ၊နာခြင်းငှါလည်းကောင်း။ ဒိဗ္ဗန္တိဇုတ္တိယန္တိ၊ အလိုရှိအပ်ကုန်၏၊ ဣတိ၊ ထို့ကြောင့်။ တေမရူ၊ တို့သည်။ ဒေဝါ၊ ကုန်၏။ ။ဒိဝုဓာတ်, ဇုတ္တာယံ—၌ ဏပစ္စည်း။

တနည်းကား-ဒိဗ္ဗန္တိ ပရမာယ သရီရဇုတိယာ ဇောတန္တီတိ ဒေဝါ၊ ။ဓာယမရူ၊ ဘ္ဂိသည်။ ပရမာယ၊ လွန်မြတ်သော။သရီရ ဇုတိယာ၊ ကိုယ်ရောင်ထွန်းခြင်းဖြင့်။ ဒိဗ္ဗန္တိဇောတန္တိ၊ တောက်ပ တတ်ကုန်၏။ဣတိ၊ထို့ကြောင့်၊ တေမရူ၊ တိုသည်၊ ဒေဝါ၊ ဒေဝမည် ကုန်၏။ ။ဒိဝုဓာတ်,ဇုတိယံ-၌ ဏ-ပစ္စည်း။

[ထို့ထက်အကျယ်ကို အနေကဏ္ဍဒီပနီကျမ်း၌ယူလေကုန်။]

၁၂၄။ သမ္ပ္တိတိယော ဝိဝဏ္ဏန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝတ္ဝန္တရာယော၊
သုခီ ဒီဃာယုကော ဘဝ။

[သမ္ပ္တိတိယောကို (သဗ္ဗာ+ဤတိယော) ဟု ပုဒ်ဖြတ်၊ ဘဝတ္ဝန္တရာယာကို(ဘဝတု+အန္တရာယော)ဟုပုဒ်ဖြတ်။]

၁၂၄။ တေ၊ သင့်အား။ တနည်းကား-ဝေါ၊ သင်တို့ အား။ (ငင်ပုဒ်။) သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဤတိယော၊ ဘေးရန်တို့သည်။ ဝိဝဏ္ဏန္တု၊ ကင်းစေကုန်သတည်း။ သော ကော၊ စိုးရိမ်ခြင်းသည်လည်းကောင်း။ ရောဂေါ၊ ရောဂါ သည်လည်းကောင်း။ ဝိနဿတု၊ ပျောက်စေသတည်း။ အန္တရာယော၊ အန္တရာယ် ဘေးယိပါးဘိသည်လည်း။ မာဘ ဝတု၊ မဖြစ်စေကုန်သတည်း။ သုခီ၊ ကိုယ်,စိတ်ချမ်းသာခြင်း ရှိသည်လည်းကောင်း၊ ဒီဃာယုကော၊ ရှည်သောအသက်ရှိ သည်လည်းကောင်း။ ဘဝ၊ ဖြစ်စေသတည်း။ (သောကော ရောဂေါ ဝိနဿန္တု-ဟု ပါဌ်ဟု ရှိစ်လည်း ရှိသင့်၏။)

[ပရိသတ် ရှိခဲ့၍ ရွတ်သောအခါ- မာ တေ ဘဝတ္ဝန္တရာယာ-ဟူ၍ လည်းကောင်း, မာ ဝေါ

ဘဝန္တန္တရာယာ-ဟူ၍လည်းကောင်း ရွတ်အပ်၏။ မိမိကိုယ်ကိုငဲ့၍ ရွတ်သောအခါ-မာ မေ ဘဝန္တန္တရာယာ-ဟူ၍လည်းကောင်း, မာ နော ဘဝန္တန္တရာယာဟူ၍ လည်းကောင်း ရွတ်အပ်၏။ မေ၊ ငါ့အား။ နော၊ ငါတို့အား-ဟုပေး။]

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၂၄။ ဒီဃာယုကောပုဒ်၌ဝစနတ္ထသော်ကား-အယန္တိပဝတ္တန္တိ တိဋ္ဌန္တိ သတ္တာ ဧတေနာတိ အာယု၊ ဧတေန၊ ထိုဇီဝိတိန္ဒြေဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ အယန္တိပဝတ္တန္တိတိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိ၊ ထိုသို့တည်ကြောင်းဖြစ်သောသတ္တိကြောင့်။ ဧတေနာတိ ပဒေန၊ ဖြင့်၊ နိဒ္ဒိဋ္ဌ၊ သော။ တံဇီဝိတိန္ဒြိယံ၊သည်။ အာယု၊၏။ ။ ဣစ္စာတ်,ကာပစ္စည်း, ကရဏသာဓနေ

ဒီဃံ အာယု ယဿ သောတိ ဒီဃာယုကော။ ။ယဿ သတ္တဿ၊အကြင်သတ္တဝါအား။ ဒီဃံ၊ရှည်သော၊ အာယု၊အသက် သည်။အတ္ထိ၊ရှိ၏။ ဣတိ၊ထို့ကြောင့်။ သောသတ္တော၊သည်။ ဒီဃာယုကော၊ မည်၏။ နဒိယာဝ သုတ်၌စသဒ္ဒါဖြင့် သမာသ်ပုဒ်၏အဆုံး၌ ကပစ္စည်းသက်၊သိ-သြ၊ ဒီဃာယုကော ပြီး၏။

၁၂၅။ အဘိဝါဒန-သီလိဿ၊
နိစ္စံ ဝုဍ္ဍာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။
အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

[၂၅]အဘိဝါဒနဂါထာကား ဓမ္မပဒပါဠိတော်၌အာယုဝဍ္ဎနလုလင်ကို ဟောတော်မူသော ဂါထာတည်း။

၁၂၅။ ဝုဍ္ဎာ၊ ကြီးမြတ်သောသူတို့ကို။ အပစာယိနော၊ အရိုအသေ ပြုလေ့ရှိသည်ဖြစ်၍။ အဘိဝါဒနသီလိဿ၊ ရှိခိုးတတ်သော အလေ့ရှိသောသူအား။ အာယု၊ အသက်ရှည်ခြင်းလည်းကောင်း။ ဝဏ္ဏော၊ အဆင်းလှခြင်းလည်းကောင်း။ သုခံ၊ ကိုယ်,စိတ်ချမ်းသာခြင်းလည်းကောင်း။ ဗလံ၊ ခွန်အားကြီးခြင်းလည်းကောင်း။ ဣမေ-စတ္တာရောဓမ္မာ။ ဤလေးပါးသော တရားတို့သည်။ နိစ္စံ၊ အခါခပ်သိမ်း။ (မပြတ်မလပ်လည်းဟူ။)ဝဍ္ဎန္တိ၊ပွါးကုန်၏။ (ဣမေကားထည့်ပုဒ်တည်း။)

အာဋာနာဋိယသုတ္တံ၊ အာဋာနာဋိယသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## အဓိပ္ပါယ်ရှင်းလင်းချက်

အဘယ်သို့သော ဝစနတ္ထကြောင့် အာဋာနာဋိယ ပရိတ္တမည်သနည်းဟူမူကား—အာဋာ နဒန္တိ ဧတ္ထာတိ အာဋာနာဋိယံ။ ။ ဧတ္ထအရညသေနာသနေ၊ ဤအရညကင်တောကျောင်း၌။ အာဋာ၊ ယောက်မပါးပျဉ်းနှင့်တူသော နှုတ်သီးရှိသောငှက်တို့သည်။နဒန္တိ၊ မြည်တတ်ကုန်၏။(တွန်တတ်ကုန်၏လည်းဟူ။)ဣတိ၊ ထို့ကြောင့်။ တံအရညသေနာသနံ၊ထိုအရညကင်တောကျောင်းသည်။ အာဋာနာဋိယံ၊ အာဋာနာဋိယမည်၏။ ။သတ္တမီဗဟုဗ္ဗိဟိသမာသ်။ ထိုမြတ်စွာဘုရား နေတော်မူသော ဂိဇ္ဈကုဋ်တောင် တောကျောင်း၌ ယောက်မပါးပျဉ်းနှင့်တူသောနှုတ်သီးရှိသောငှက်တို့သည်နေကုန်, မြည်ကုန်,တွန်ကုန်၏ ဟူလိုသည်။

အာဋာနာဋိယေ ဒေသိတံ ပရိတ္တံ အာဋာနာဋိယပရိတ္တံ။အာဋာနာဋိယေ၊အာဋာနာဋိယအမည်ရှိသောတောကျောင်း၌။ဒေသိတံ၊ ဟောမတော်မူအပ်သော။ ပရိတ္တံ၊ ပရိတ်တော်တည်း။ အာဋာနာ

ဒိယပရိတ္တံ၊ အာဋာနာဒိယအမည်ရှိသော တောကျောင်း၌ဟော တော်မူအပ်သောပရိတ်တော်။ ဤအလိုအာဋာနာဒိယ-ဟုဒိဋ္ဌဒန္တဇ သင့်၏။

တနည်းကား—အာဋာနာဋိယေန ဝုတ္တံ ပရိတ္တံ အာဋာနာဋိယ ပရိတ္တံ။ ။အာဋာနာဋိယေန၊ အာဋာနာဋိယမြို့နေ ဖြစ်သော ဝေဿဝဏ္ဏနတ်မင်းကြီးသည်၊ ဝုတ္တံ၊ လျှောက်တောင်းပန်အပ် သော။ ပရိတ္တံ၊ ပရိတ်တော်တည်း။ အာဋာနာဋိယပရိတ္တံ၊ အာဋာ နာဋိယမြို့နေဖြစ်သော ဝေဿဝဏ္ဏနတ်မင်းကြီးသည် လျှောက် တောင်းပန်အပ်သော ပရိတ်တော်။ ဤအလို အာဋာနာဋိယဟု- ဋီဋ္ဌ မုဒ္ဒဇသင့်၏၊ အာဋာနာဋိယ သဒ္ဒါသည် မြို့ကို ပဓာနအားဖြင့် ဟော၏၊ ဝေဿဝဏ္ဏနတ်မင်းကြီးကို အပ္ပဓာနအားဖြင့်ဟော၏။

## အာဋာနာဋိယသုတ်ပြီး၏။

# ၉-အင်္ဂုလိမာလသုတ်

၁၂၆။ ပရိတ္တံ ယံ ဘဏန္တဿ၊
နိသိန္နဋ္ဌာန-ဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊
သဗ္ဗမေဝ ပရိဿယံ။

၁၂၇။ သောတ္ထိနာ ဂဗ္ဘ-ဝုဋ္ဌာနံ၊
ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿင်္ဂုလိမာလဿ၊
လောက-နာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာ-တေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၁၂၆။ ယံပရိတ္တံ၊အကြင်အင်္ဂုလိမာလသုတ်ပရိတ်တော်ကို။ဘဏန္တဿ၊ရွတ်တတ်သောမထေရ်၏။ နိသိန္နဋ္ဌာနဓောဝနံ၊ ထိုင်၍နေသောနေရာ အင်းပျဉ်ကို ဆေး၍ယူသော။ ဥဒကမ္ပိ၊ ရေသည်မျှလည်း။ သဗ္ဗံ၊ အလုံးစုံသော။ ပရိဿယံ၊ ဘေးရန်ဥပဒ်အန္တရာယ်ကို။ ဝိနာသေတိဧဝ၊ဖျောက်နိုင်သည် သာလျှင်တည်း။

၁၂၇။ ယံပရိတ္တံ၊ အကြင်အင်္ဂုလိမာလသုတ်ပရိတ်တော်သည်။ဂဗ္ဘဝုဋ္ဌာနဉ္စ၊ ကိုယ်ဝန်ဖွားမြင်းကိုလည်း။ တင်္ခဏေ၊ ထိုပရိတ်တော်ကို ရွတ်သောခဏ၌။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ သာဓေတိ၊ ပြီးစေနိုင်၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိ

မာလအမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောက
နာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်
မူအပ်သော။ ကပ္ပဋ္ဌာယိံ၊ ကမ္ဘာပတ်လုံးတည်လတ္တံ့သော။
မဟာတေဇံ၊ ကြီးမြတ်သောတန်ခိုးရှိသော။ တံ ပရိတ္တံ၊ ထို
အင်္ဂုလိမာလသုတ် ပရိတ်တော်ကို။ ဘဏာမ၊ အို-သူတော်
ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အဓိပ္ပါယ် ရှင်းလင်းချက်

၁၂၇။ ယဋ္ဌာန္တ စသဒ္ဒါကား-အဋ္ဌာနပယုဂ်၊ ဂဗ္ဘဝုဋ္ဌာနဥ္စဟု
ဟပ်လေ၊ ဥဒကံပိ ပိသဒ္ဒါသည် ဂရဟာအနက်ရှိ၏၊ ထိုပိသဒ္ဒါဖြင့်
ပရိတ်တော်ကိုရွတ်တတ်သော မထေရ်၏ နေရာအင်းပျဉ်ကိုဆေး၍
ယူသောရေသည်မျှသည်း အလုံးစုံသောဘေးရန်ဥပဒ်အန္တရာယ်ကို
ဖျောက်နိုင်သေး၏၊ ပရိတ်တော်ကိုနာရ,ရွတ်ရမှုကား ဆိုဖွယ်ရာမရှိပြီ
ဟူသောအနက်ကို ပြတော်မူ၏။

**သဗ္ဗမေဝ**န္တ ဧဝသဒ္ဒါကား-အဋ္ဌာနပယုဂ်တည်း၊ ဝိနာသေတိ
ဧဝ-ဟုယှဉ်လေ၊ ဤအရာ၌သန္နိဋ္ဌာနအနက်,နိဝတ္တာပနအနက်,အနု
ညာတအနက်၊ ဤအနက်သုံးပါးတို့ကို ထုတ်အပ်ကုန်၏၊ ထိုတွင်-

၁၊ ဤအင်္ဂုလိမာလသုတ် ပရိတ်တော်သည် ဘေးရန် ဥပဒ်
အန္တရာယ်ကို ကောင်းစင်စစ် ပယ်ဖျောက်နိုင်သည် သာလျှင်တည်း။
(သန္နိဋ္ဌာနအနက်။)

၂။ မပယ်မဖျောက်နိုင်သည်ကားမဟုတ်။(နိဝတ္တာပနအနက်။)

၃။ ဤပရိတ်တော်မှ တပါးသော ပရိတ်တော်တို့ သည်လည်း
ဘေးရန်ဥပဒ်အန္တရာယ်ကိုကို ကောင်းစင်စစ် ပယ်ဖျောက်နိုင်ပါသေး
၏။ (အနုညာတအနက်။)

## အင်္ဂုလိမာလသုတ် အဋ္ဌုပ္ပတ္တိ

ဤအင်္ဂုလိမာလသုတ် ပရိတ်တော်ကို အဘယ်ပြည်၌ အဘယ်ဝတ္ထုကိုအကြောင်းပြု၍ ဟောတော်မူသနည်းဟူမူကား-သာဝတ္ထိပြည်၌ သားမဖွားနိုင်သော မာတုဂါမဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူသတည်း။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်၌ နေတော်မူသောအခါ အရှင်အင်္ဂုလိမာလမထေရ်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသော် သားမဖွားနိုင်သော မာတုဂါမအကြောင်းကို ကြားသိလေ၍ အလွန်သနားခြင်းကရုဏာတော်ဖြစ်၍ ဝဋ္ဋ၌ကျင်လည်သော သတ္တဝါတို့သည် ဆင်းရဲကြီးစွာတွေ့ရချေ၏ဟု ကျောင်းသို့အဆောတလျင် ပြန်လေ၍ မြတ်စွာဘုရားအား ကြားလျှောက်လော၏။

မြတ်စွာဘုရားလည်း "ယတောဟံ ဘဂိနီ" အစရှိသောပရိတ်တော်ကို ဟောတော်မူ၍ ဤပရိတ်ကို တင်းတိမ်ပြင်ကနေ၍ ရွတ်လေဟု မိန့်တော်မူ၏၊ မထေရ်လည်း မြို့တွင်းသို့ အဆောတလျင် သွားတော်မူ၍မာတုဂါမကို တင်းတိမ်ရံစေ၍ပြင်ကညောင်စောင်း၌ ထက်ဝယ်ဖွဲ့၍ ပရိတ်တော်ကိုရွတ်တော်မူ၏၊ မာတုဂါမလည်း ရှိနိုး၍ရှိသေစွာနာ၏၊ ထိုခဏ၌ပင်လျှင် မျက်နှာမြင်၍ သားအမိနှစ်ယောက်တို့သည် အနာမရှိချမ်းသာပကတိ ရှိကြလေသတည်း။

ဤပရိတ်တော်ကို ပုဖြစ်စေ,ရဟန်းဖြစ်စေ ခေါင်းရင်းကနေ၍ ရွတ်စေ၍ နာရသော်လည်းကောင်း ပရိတ်ရေ, ပရိတ်ပန်း, ပရိတ်ချည်တို့ကို သုံးဆောင်ရသော်လည်းကောင်း၊ ကိုယ်ဝန်ဖွားခြင်းကစ၍ အလုံးစုံသော ဘေးရန်ဥပဒ် အန္တရာယ်တို့ကို ပယ်ဖျောက်ငြိမ်းစေနိုင်၏၊ နွား,ကျွဲ,မြင်း,ဆင်စသော သတ္တဝါတို့၌ ပရိတ်ရေ, ပရိတ်ပန်း,ပရိတ်ချည်တို့ကို သုံးဆောင်ရစေလျှင် ကိုယ်ဝန်ဖွားခြင်း အစရှိသောဘေးဥပဒ်အန္တရာယ် ကင်းပျောက်လေ၏၊ ထို့ကြောင့် ဤပရိတ်တော်ကို ကြီးမြတ်သော အာနုဘော်ရှိသော ပရိတ်တော်ဟု မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာတို့၌ ဆိုအပ်၏။

၁၂၀။ ယတောဟံ ဘဂိနိ အရိယာယ ဇာ-
တိယာ ဇာတော နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ
ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ
တေ ဟောတု သောတ္ထိ ဂဗ္ဘဿ၊

အင်္ဂုလိမာလ သုတ္တံ နိဋ္ဌိတံ။

၁၂၀။ ဘဂိနိ၊ နှမ။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ။ ပဘုတိ၊ စ၍။ (ထည့်ပုဒ်။) အရိယာယ၊ အရိယာဖြစ်သော။ ဇာတိယာ၊ ဇာတ်အားဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုအရိယာ ဖြစ်သောနေ့မှ။ ပဋ္ဌာယ၊ စ၍။ (ထည့်ပုဒ်။) သဉ္စိစ္စ၊ သေစေလိုသော စိတ်ရှိသည်ဖြစ်၍။ ပါဏံ-ပါဏဿ၊ သတ္တဝါ၏။ ဇီဝိတာ-ဇီဝိတံ၊ ဇီဝိတိန္ဒြေကို။ ဝေါရောပေတာ၊ ချဘူး၏ဟူ၍။ အဟံ၊ ငါသည်။ နာဘိဇာနာမိ၊ မသိစဘူး။ တံဧဝဝစနံ၊ လိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ (ထည့်ပုဒ်။)တေနသစ္စေန၊ ထိုသစ္စာကြောင့်။ (ထိုသစ္စာအားဖြင့်လည်းဟူ) တေ၊ သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ သူငယ်အားလည်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ၊ အင်္ဂုလိမာလသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## အဓိပ္ပါယ်ရှင်းလင်းချက်

တံဓေဝ ဝစနံပုဒ်၌ ဓေဝသဒ္ဒါ၏ အနက်သုံးပါးတို့တွင်–

၁။ အရိယာဖြစ်သောနေ့မှစ၍ သေစေလိုသော စိတ်ရှိသည်ဖြစ်၍ သတ္တဝါ၏ ဇီဝိတိန္ဒြေကိုမချစဘူးသည် ကောင်းစင်စစ်မှန်၏။ (သန္နိဋ္ဌာနအနက်။)

၂။ ထိုစကား မမှန်သည်မဟုတ်။ (နိဝတ္တာပနအနက်။)

၃။ သည်စကားမှ တပါးသောအရာတို့၌ ဆိုသောစကားသည်လည်း မှန်ပါသေး၏၊ (အနုညာတအနက်။)

ဤအနက်သုံးပါးကို ဓေဝသဒ္ဒါဟူက ရမြဲဟုမှတ်၍ ထုတ်လေကုန်။

ဤမထေရ်၏ ငယ်မည်တော်ကား အဟိံသကတည်း၊ နောက် အင်္ဂုလိမာလဟုတွင်ပြန်သတည်း၊အဘယ်သို့သော ဝစနတ္ထကြောင့် အင်္ဂုလိမာလပရိတ္တ ဟူသောအမည်ကို ရလေသနည်း ဟူမူကား– အင်္ဂုလိမာလတ္ထေရဿ ပရိတ္တံ အင်္ဂုလိမာလပရိတ္တံ၊ တနည်းကား– အင်္ဂုလိမာလတ္ထေရဿ ဒေသိတံ ပရိတ္တံ အင်္ဂုလိမာလပရိတ္တံ-ဟူသော မဇ္ဈေလောပဆဋ္ဌီ,စတုတ္ထီတပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့် အင်္ဂုလိမာလပရိတ္တမည်၏-ဟူလိုသော်။

[ဤပရိတ်တော်သည် မဇ္ဈိမပဏ္ဏာသကျမ်း၌ လာ၏။]

**အင်္ဂုလိမာလသုတ် ပြီး၏။**

# ၁၀-ဗောဇ္ဈင်္ဂသုတ်

၁၂၉။ သံသာရေ သံသရန္တာနံ၊
သဗ္ဗ-ဒုက္ခ-ဝိနာသနေ။
သစ္စာ ဓမ္မေ ဗောဇ္ဈင်္ဂေ၊
မာရ-သေနာ-ပမဒ္ဒနေ။

၁၃၀။ ဗုဇ္ဈိတွာ ယေစိမေ သတ္တာ၊
တိ-ဘဝါ မုတ္တကုတ္တမာ။
အ-ဇာတိံမ-ဇရာဗျာဓိံ၊
အ-မတံ နိဗ္ဘယံ ဂတာ။

၁၃၁။ ဧဝမာဒိဂုဏူပေတံ၊
အနေက-ဂုဏ-သင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊
ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

[မုတ္တကုတ္တမာကို (မုတ္တကာ+ဥတ္တမာ) ဟု ပုဒ်ဖြတ်၊ အဇာတိမဇရာဗျာဓိံကို (အဇာတိံ+အဇရံ+အဗျာဓိံ) ဟုပုဒ်ဖြတ်။]

၁၂၉-၁၃၀။ သံသာရေ၊ သံသရာ၌။ သံသရန္တာနံ၊ ကျင်လည်ကုန်သော သတ္တဝါတို့၏။ (သဗ္ဗဒုက္ခ၌ သမ္ဗန်စပ်။) သဗ္ဗဒုက္ခဝိနာသနေ၊ ခပ်သိမ်းသော ကိုးဆယ့်ခြောက်ပါးသော ရောဂါဒုက္ခတို့ကို ပယ်ဖျောက်တတ်ကုန်သော။ (ဓမ္မေစ၌ဝိသေသနစပ်။) မာရသေနာပမဒ္ဒနေ၊ ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်တို့ကို နှိပ်စက်ဖျက်ဆီးတတ်ကုန်

သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင် ဖြစ်ကုန်သော။ ဓမ္မေ–ဓမ္မေဇ၀၊ တရားတို့ကိုသာလျှင်။ ဗုဇ္ဈိတွာ၊ မဂ်ဉာဏ်ဖြင့် သိကုန်သောကြောင့်။ ဥတ္တမာ၊ မြတ်ကုန်သော။ ယေစိမေ–ယေစဣမေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ တိဘဝါ၊ ကာမဘ၀, ရူပဘ၀, အရူပဘ၀ဟု ဆိုအပ်သော ဘဝသုံးပါးမှ။ မုတ္တကာ၊ လွတ်လှလေကုန်ပြီ။ အဇာတိံ၊ ဇာတိလည်းမရှိထသော။ အဇရံ၊ ဇရာလည်း မရှိထသော။ အဗျာဓိံ၊ ဗျာဓိလည်း မရှိထသော။ အမတံ၊ သေခြင်းလည်းမရှိထသော။ နိဗ္ဗယံ၊ ဘေးငြိမ်းသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်လှလေကုန်ပြီ။

၁၃၁။ ဧဝမာဒိဂုဏူပေတံ၊ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။ အနေကဂုဏသင်္ဂဟံ၊ များစွာသောဂုဏ်တို့ဖြင့် သင်္ဂြိုဟ်အပ်သော။ ဩသဓဉ္စ၊ နတ်ဆေး သဖွယ်လည်းဖြစ်ထသော။ မန္တံ-ဒိဗ္ဗမန္တံ၊ နတ်မန္တရားသဖွယ် လည်းဖြစ်ထသော။ ဣမံဗောဇ္ဈင်္ဂံ၊ ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကိုလျှင်။ဟော၊ အိုသူတော်ကောင်းတို့။မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၃၀။ ဗုဇ္ဈိတွာ၌ တွာပစ္စည်းသည် ဇဝနမ္ဗိ အနုပ္ပဇ္ဇိတွာ၌ တွာပစ္စည်းကဲ့သို့ ဟိတ်အနက်၌ဖြစ်၏၊ ယေစိမေ၌ စသဒ္ဒါ,ဣမေ သဒ္ဒါတို့သည် ယာနိဓေါပနတာနိတို့၌ကဲ့သို့ အနက်မရှိကုန်၊ပဒပူရဏ ၀ါစာသီလိဋ္ဌမျှသာတည်း။

### ဗောဇ္ဈင်သုတ်အဋ္ဌုပ္ပတ္တိ

ဤဗောဇ္ဈင်သုတ်ပရိတ်တော်ကို အဘယ်ပြည်၌ အဘယ်ဝတ္ထုကိုအကြောင်းပြု၍ ဟောတော်မူလေသနည်း ဟူမူကား–ရာဇဂြိုဟ်

ပြည်၌ အရှင်မဟာကဿပမထေရ်ဖျားသောရောဂါ ဒုက္ခဝေဒနာရောက်သောဝတ္ထု၊ အရှင်မောဂ္ဂလာန်မထေရ် ဖျားသောရောဂါ ဒုက္ခဝေဒနာရောက်သောဝတ္ထု၊ အစိန္တေယျကိုယ်တော်ပင် ဖျားသောရောဂါ ဒုက္ခဝေဒနာ ရောက်သောဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူသတည်း။

အခါတပါးမြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ အရှင်မဟာကဿပ မထေရ်သည် ရာဇဂြိုဟ်ပြည်၏အနီးဖြစ်သော ပိပ္ပလိလိုဏ်တောကျောင်း၌ နေတော်မူ၏၊ ထိုအခါ၌အရှင်မဟာကဿပအား ဖျားသောရောဂါ ဒုက္ခဝေဒနာရောက်လတ်၍ ထိုအခါမြတ်စွာဘုရား ကြွတော်မူလာ၍“ကဿပ····သင်၏ဒုက္ခဝေဒနာကား အသို့နည်း၊ဆုတ်သလောတိုးသလော”ဟုမေးတော်မူ၏၊“အရှင်ဘုရား···အကျွန်ုပ်၏ ဒုက္ခဝေဒနာသည် ဆုတ်သည်ပင်မထင် တိုးသည်သာထင်ပါသည်”ဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ၌ ဗောဇ္ဈင်ခုနစ်ပါးတရားကိုငါဟောအံ့ နာလော့ဟုမိန့်တော်မူ၍“သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ”အစရှိသောဗောဇ္ဈင်္ဂသုတ်ပရိတ်တော်ကိုဟောတော်မူ၏၊ အရှင်မဟာကဿပမထေရ်သည်လည်း ဗောဇ္ဈင်ခုနစ်ပါးတရားတော်ကိုရိုသေစွာနာ၏၊ ထိုခဏ၌ပင်လျှင် တရားတော်ကိုစွဲ၍ဖြစ်သောပီတိသောမနဿတည်းဟူသော ဓမ္မရသကို သောက်တော်မူ၍ တခဏခြင်း ဒုက္ခဝေဒနာငြိမ်းတော်မူ၍ ပကတိကျန်းမာလေ၏။

[စုဏ္ဏိယဗျာကရဏ်းဒေသနာဖြစ်သော ဗောဇ္ဈင်လေးသုတ်တို့သည်ကား မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ လာ၏၊ ဗောဇ္ဈင်္ဂေါ်သတိသမ်ါတော–အစရှိသော ဤရှစ်ဂါထာခွဲတို့သည်ကား သီဟိုဠ်မဟာဝိဟာရဝါသီ ရဟန္တာ အရှင်မြတ်တို့ ဟောတော်မူသော ဂါထာတို့တည်း။]

၁၃၂။ ဗောဇ္ဈင်္ဂေါ သတိ-သင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါစ တထာပရေ။

၁၃၃။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗ-ဒဿိနာ။
မုနိနာ သမ္မ-ဒက္ခာတာ၊
ဘာဝိတာ ဗဟုလီ-ကတာ။

၁၃၄။ သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယစ ဗောဓိယာ။
ဧတေန သစ္စ-ဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

[သမာဓုပေက္ခာကို (သမာဓိ+ဥပေက္ခာ)ဟု ပုဒ်ဖြတ်။ သတ္တေတေကို(သတ္တ+ဧတေ) ဟုပုဒ်ဖြတ်။]

၁၃၂။ သတိသင်္ခါတော၊ ဘုရားအစရှိသော ကောင်းသောအာရုံ၌ အောက်မေ့ခြင်း လက္ခဏာရှိသော သတိစေတသိက်ဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏ အကြောင်းလည်းကောင်း။ ဓမ္မာနံဝိစယော၊ ဖဿ,ဝေဒနာ အစရှိသောဓမ္မတို့၏ သဘောလက္ခဏာ, ကုသိုလ်ဓမ္မတို့၏ သဘောလက္ခဏာတို့ကို ဆင်ခြင်ခြင်း လက္ခဏာရှိသော ပညာစေတသိက်ဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏အကြောင်း လည်းကောင်း။ တထာ၊ ထိုမှတပါး။

ဝီရိယံ၊ သမ္မယုတ်တရားတို့ကို ခိုင်စေခြင်း, ထောက်ပင့်ခြင်း လက္ခဏာရှိသောဝီရိယဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏ အကြောင်း လည်းကောင်း။ (ဤသို့ ဗောဇ္ဈင်္ဂေါပုဒ် လိုက်စေ၍ပေး။) ပီတိ၊ ကောင်းသောအာရုံကို နှစ်သက်ခြင်းလက္ခဏာရှိသော ပီတိစေတသိက် ဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏ အကြောင်း လည်းကောင်း။ ပဿဒ္ဓိ၊ ကိုယ်, စိတ်ငြိမ်းခြင်း လက္ခဏာရှိသော ပဿဒ္ဓိစေတသိက်ဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏အကြောင်း လည်းကောင်း။ တထာပရေ၊ ထိုမှတပါး။—

၁၃၃။ သမာဓိ၊ ကိုယ်, စိတ် တည်ကြည်ငြိမ်သက်ခြင်း လက္ခဏာရှိသော သမာဓိစေတသိက်ဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏အကြောင်း လည်းကောင်း။ ဥပေက္ခာ၊ သုခ, ဒုက္ခ, ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ လစ်လျူရှုခြင်း လက္ခဏာရှိသော တတြမဇ္ဈတ္တတာ စေတသိက်ဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်၏အကြောင်း လည်းကောင်း။ ဘာဝိတာ၊ ပွားစေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ သရဇ္ဈာယ်အပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေ၊ ထိုဗောဇ္ဈင်တို့ကို။ သဗ္ဗဒဿိနာ၊ အလုံးစုံသော တရားကို မြင်တော်မူပြီးသော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောတော်မူအပ်ကုန်၏။

၁၃၄။ ဧတေ၊ ထိုခုနစ်ပါးသော ဗောဇ္ဈင်တို့သည်။ (လိုက်ပုဒ်။) အဘိညာယစ၊ ထူးသောဉာဏ်ဖြင့် မဂ်, ဖိုလ်

ကို သိခြင်းငှါလည်းကောင်း။ နိဗ္ဗာနာယစ၊ ဒုက္ခငြိမ်းခြင်းငှါလည်းကောင်း။ ဗောဓိယာစ၊ သစ္စာလေးပါး တရားတို့၏ ပွင့်ခြင်းငှါလည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စဝဇ္ဇေန။ ထိုသို့မှန်သော သစ္စာစကားကြောင့်။ (ထိုသို့မှန်သောသစ္စာစကားဖြင့် လည်းဟူ။) တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ သောတ္ထိ၊ ချမ်းသာခြင်းသည်။ (ဘေးငြိမ်းခြင်းသည်လည်းဟူ။) ဟောတု၊ ဖြစ်စေသတည်း။

[သဗ္ဗဒါတေဟူ၍လည်းအချို့စာရှိကြ၏၊ (သဗ္ဗေ+တေ)ဟု ပုဒ်ဖြတ်။ သဗ္ဗေ၊ အလုံးစုံကုန်သော တေ။ ထိုခုနစ်ပါးသော ဗောဇ္ဈင်တို့ကို-ဟု ပေးလေ။]

---

၁၃၅။ ကေသ္မိံသမယေ နာထော၊
မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၃၆။ တေစ တံ အဘိနန္ဒိတွာ၊
ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စ-ဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၃၅။ ဧကသ္မိံ၊ တပါးသော။ သမယေ၊ အခါ၌။ နာထော၊ မြတ်စွာဘုရားသည်။ ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဒုက္ခဝေဒနာ ရောဂါနှိပ်စက်ကုန်သော။ မောဂ္ဂလ္လာနဉ္စ၊ အရှင် မောဂ္ဂလာန် မထေရ်ကိုလည်းကောင်း။ ကဿပဉ္စ၊ အရှင် မဟာကဿပ မထေရ်ကို လည်းကောင်း။ ဒိသွာ၊ မြင်တော်မူ၍။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တရားတို့ကို။ ဒေသယိ၊ ဟောတော်မူပြီ။

၁၃၆။ တေစ၊ ထိုနှစ်ဦးသော မထေရ်တို့သည်လည်း။ တံ၊ ထိုဗောဇ္ဈင်တရားတော်ကို။ သုတွာ၊ ကြားနာကုန်၍။ ဓမ္မရသပီဝနေန၊ ဓမ္မရသကို သောက်တော် မူကုန်သဖြင့်။ (ထည့်ပုဒ်။) အဘိနန္ဒိတွာ၊ အလွန်နှစ်သက် ကုန်သောကြောင့်။ တင်္ခဏေ၊ ထိုကြားနာသောခဏ၌။ ရောဂါ၊ ဒုက္ခဝေဒနာရောဂါမှ။ မုစ္စိံသု၊ လွတ်တော်မူကုန်ပြီ။ တံဧဝ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ (ထည့်ပုဒ်။) ဧတေန သစ္စဝဇ္ဇေန၊ ကိုသို့မှန်သော သစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၁၃၇။ ဧကဒါ ဓမ္မ-ရာဇာပိ၊
ဂေလညေနာဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊
ဘဏာပေတွာန သာဒရံ။

၁၃၈။ သမ္ဗောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧဝေတေန သစ္စ-ဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၃၇။ ဧကဒါ၊ တရံရောအခါ၌။ ဓမ္မရာဇာပိ၊ တရားမင်းဖြစ်သော မြတ်စွာဘုရားကိုလည်း။ ဂေလညေန၊ ဒုက္ခဝေဒနာ ရောဂါသည်။ အဘိပီဠိတော၊ နှိပ်စက်အပ်၏။ တဒါ၊ ထိုဒုက္ခဝေဒနာ ရောဂါ နှိပ်စက်သော အခါ၌။ (ထည့်ပုဒ်။) စုန္ဒတ္ထေရေန၊ အရှင်စုန္ဒမထေရ်ကို။ သာဒရံ၊ ဓမ္မဂါရဝနှင့် တကွ။ တံယေဝ၊ ထို ဗောဇ္ဈင် ခုနစ်ပါး တရားတော်ကိုပင်လျှင်။ ဘဏာပေတွာန၊ ရွတ်စေ၍။ သုတွာန၊နာတော်မူ၍။ (ထည့်ပုဒ်။)

၁၃၈။ သမ္ဗောဒိတွာန၊ မဟာကြီယာ သောမနဿ သဟဂုတ်စိတ်ဖြင့် ဝမ်းမြောက်တော်မူသောကြောင့်။ တမှာ အာဗာဓာ၊ ထို ဒုက္ခဝေဒနာ ရောဂါမှ။ ဌာနသော၊ တခဏဖြင့်။ ဝုဋ္ဌာသိ၊ ထမြောက်တော်မူလေ၏။ တံဧဝ ဝစနံ၊ ထိုစကားသည်သာလျှင်၊ သစ္စံ၊ မှန်၏။ (ထည့်ပုဒ်။) ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ တေ-တုမှာကံ၊ သင်ဒါယကာတို့အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

---

၁၃၉။ ပဟီနာ တေစ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။

မဂ္ဂါ-ဟတာ ကိလေသာ-ဝ၊
ပတ္တာ-နုပ္ပတ္တိ-ဓမ္မတံ။
ဧတေန သစ္စ-ဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

[ပတ္တာနုပ္ပတ္တိကို (ပတ္တာ+အနုပ္ပတ္တိ) ဟုပုဒ်ဖြတ်။]

၁၃၉။ တိဏ္ဏန္နမ္ပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ မဟေသီနံ၊ မြတ်သောတရားကို ရှာတော်မူပြီးကုန်သော အရှင်မြတ်တို့၏။ (အာဗာဓေ ၌ ပဟာတဗ္ဗသမ္ဗန္ဓ်စပ်။) အရှင်မြတ်တို့သည်။ (ပဟီနာ၌ အဝုတ္တကတ္တားစပ်။) ပဟီနာ၊ ပယ်အပ်ကုန်သော။ တေစ အာဗာဓာ၊ ထိုအနာတို့သည်ကား။ (ပတ္တာ၌ ကတ္တားစပ်။) မဂ္ဂါဟတာ ကိလေသာဝ၊ မဂ်လေးပါးသည် သတ်အပ်သော ကိလေသာတို့ကဲ့သို့၊ အနုပ္ပတ္တိဓမ္မတံ၊ တဖန် မဖြစ်သောသဘော၏ အဖြစ်သို့၊ ပတ္တာ၊ ရောက်လေကုန်၏။ တံဧဝ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သောသစ္စာစကားကြောင့်။ တေ-တုမှာကံ၊ သင် ဒါယကာတို့အား၊ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ဘေးငြိမ်းခြင်းသည်၊ ဟောတု၊ ဖြစ်စေသတည်း။

ဗောဇ္ဈင်္ဂသုတ္တံ၊ ဗောဇ္ဈင်္ဂသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

# အဓိပ္ပါယ်ရှင်းလင်းချက်

## ပရိတ်ကြီး ၁၁-ပါး, ပရိတ်ငယ် ၂-ပါး

ပရိတ်ကြီး ၁၁-ပါး ဟူသော်ကား-ရတနပရိတ်, မေတ္တပရိတ်, ခန္ဓပရိတ်, မောရပရိတ်, ဝဋ္ဋပရိတ်, ဓဇဂ္ဂပရိတ်,အာဋာနာဋိယပရိတ်,အင်္ဂုလိမာလပရိတ်၊ ဤရှစ်ပါးကို ပရိတ်ကြီးရှစ်ပါးဟု ဆရာတို့ ဆိုတော်မူကုန်၏၊ ထို့ကြောင့် အတိုင်ဂါထာဘို၌ ''ပရိတ္တံ တံ ဘဏာမ ဟေ'' ဟု ဆိုတော်မူကုန်သတည်း။

ပရိတ်ငယ် ၂-ပါး။ ။သမန္တာကကို မင်္ဂလသုတ်ကုန်အောင် တပါး,ဤမောဇ္ဈင်္ဂပရိတ်တပါး၊ ဤ ၂-ပါးသော ပရိတ်တော်ကို ပရိတ်ငယ်ဟူ၍ ဆရာကြီးတို့ ဆိုတော်မူကုန်၏၊ ထို့ကြောင့် အတိုင်ဂါထာတို့၌ ''မင်္ဂလံ တံ ဘဏာမ ဟေ'' ဟူ၍ လည်းကောင်း၊ ''ဗောဇ္ဈင်္ဂံ ဘဏာမ ဟေ'' ဟူ၍ လည်းကောင်းဆိုတော်မူကုန်၏၊ ''ပရိတ္တံ'' ဟူ၍ မဆို ဟူလိုသည်။

# သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်သုတ်

[ထိုမှတပါး လေ့ကျက်ဆောင်ရွက်အပ်သော ဗောဇ္ဈင် သုတ်ကား ဤသို့တည်း။]

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ—

၂။ သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ယာနိကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ အပါရာ ပါရင်္ဂမနာယ သံဝတ္တန္တိ။

၃။ ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ, ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ, ဝီရိယသမ္ဗောဇ္ဈင်္ဂေါ, ပီတိသမ္ဗောဇ္ဈင်္ဂေါ, ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ, သမာဓိသမ္ဗောဇ္ဈင်္ဂေါ, ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ ဣမေခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ယာနိကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ အပါရာ ပါရင်္ဂမနာယ သံဝတ္တန္တိ။

၄။ ဣဒ°မဝေါစ ဘဂဝါ၊
ဣဒံ ဝတွာန သုဂတော၊
အထာ°ပရံ ဧတ°ဒဝေါစ သတ္ထာ။

၅။ အပ္ပကာ တေ မနုဿေသု၊
ယေ ဇနာ ပါရ-ဂါမိနော။
အထာ°ယံ ဣတရာ ပဇာ၊
တီရ°မေဝါ°နုဓာဝတိ။

၆။ ယေ စ ခေါ သမ္မဒက္ခာတေ၊
ဓမ္မေ ဓမ္မာ°နုဝတ္တိနော။
တေ ဇနာ ပါရ°မေဿန္တိ၊
မစ္စုဓေယျံ သုဒုတ္တရံ။

၇။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊
သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောကာ°မာဂမ္မ၊
ဝိဝေကေ ယတ္ထ ဒူရမံ။

၈။ တတြာ°ဘိရတိ°မိစ္ဆေယျ၊
ဟိတွာ ကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊
စိတ္တက္လေသေဟိ ပဏ္ဍိတော။

၉။ ယေသံ သမ္ဗောဓိယင်္ဂေသု၊
သမ္မာ စိတ္တံ သုဘာဝိတံ။

အာဒါန-ပဋိနိဿဂ္ဂေ၊
အနုပါဒါယ ယေ ရတာ။
ခီဏာသဝါ ဇုတိမန္တော၊
တေ လောကေ ပရိနိဗ္ဗုတာ”တိ။

သမ္မာသမ္ဗုဒ္ဓဝေဘင်္ဂံ နိဋ္ဌိတံ။

[တေဒေဝါစကို (တံ+အဝေါစ) ဟုပုဒ်ဖြတ်၊ သတ္တိမေကို သတ္တ+ဣမေ)ဟု ပုဒ်ဖြတ်၊ အထာယံကို (အထ+အယံ) ဟုပုဒ်ဖြတ်၊တီရမေဝါ နုခါဝတိကို (တီရမေဝ+အနုခါဝတိ) ဟုပုဒ်ဖြတ်။]

၁။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤဗောဇ္ဈင်္ဂသုတ်ကို။ မေ-မယာအာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ သောတဒွါရာနုသာရေန၊ သောတဒွါရကိုအစဉ်မှီးသဖြင့်။ သုတံ-ဥပဓာရိတံ၊ ဆောင်အပ်သည်ကား။ (မှတ်အပ်သည်ကားလည်းဟူ။) ဧဝံ၊ ဤသို့လျှင်တည်း။ ဧကံသမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်တို့ကို အစာပေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုသို့နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ အို–ရဟန်းတို့ဟု။ အာမန္တေသိ၊ ခေါ်တော်မူ၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ရိုသေစွာ ဦးဖြင့်ခံကုန်၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေံ ဓမ္မံ၊ ဤ ဗောဇ္ဈင်္ဂဓမ္မ ဒေသနာတော်ကို။ အဝေါစ၊ ဟောတော်မူ၏။

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွားစေအပ်ကုန် သော။ ဗဟုလီကတာ၊ အကြိမ်များစွာ သရဇ္ဈာယ်အပ်ကုန် သော။ ယာနိကတာ၊ ယာဉ်ကိုကဲ့သို့ပြုအပ်ကုန်သော။ ဝတ္ထု ကတာ၊ တည်ရာကိုကဲ့သို့ပြုအပ်ကုန်သော။ အနုဋ္ဌိတာ၊ မိမိ စိတ်၌ အဖန်တလဲလဲ တည်စေအပ်ကုန်သော။ ပရိစိတာ၊ ထက်ဝန်းကျင်အားဖြင့် လေ့လာအပ်ကုန်သော။ သုသမာ ရဒ္ဓါ၊ လွန်စွာအားထုတ်အပ်ကုန်သော။ သတ္တ၊ ခုနစ်ပါး ကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤ ဗောဇ္ဈင်တရားတို့သည်။ အပါရာ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ မကူး မြောက်ကုန်သေးသော သတ္တဝါတို့ကို။ ပါရင်္ဂမနာယ၊ နိဗ္ဗာန်တည်းဟူသောကမ်းတဖက်သို့ ကူးမြောက်စေခြင်းငှါ။ တနည်းကား-အပါရာ၊ ဒုက္ခဝေဒနာ ငြိမ်းခြင်းတည်းဟူ သောကမ်းတဖက်သို့ မကူးမြောက်ကုန်သေးသော သတ္တဝါ တို့ကို။ ပါရင်္ဂမနာယ၊ ဒုက္ခဝေဒနာငြိမ်းခြင်းတည်းဟူသော ကမ်းတဖက်သို့ ကူးမြောက်စေခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ် ကုန်၏၊

၃။ သတ္တ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား—

(၁) သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဘုရားအစရှိသော,ကုသိုလ်အစ ရှိသော ကောင်းသောအာရုံကို အောက်မေ့ခြင်း လက္ခဏာရှိသောသတိစေတသိက်ဟု ဆိုအပ်သော အရဟတ္တဖိုလ်၏အကြောင်းလည်းကောင်း။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဖဿ-ဝေဒနာအစရှိသော ဓမ္မတို့၏ သဘောလက္ခဏာ, ကုသိုလ်ဓမ္မတို့၏ သဘောလက္ခဏာကို ဆင်ခြင်ခြင်း လက္ခဏာ ရှိသော ပညာစေတသိက်ဟု ဆိုအပ်သော အရဟတ္တ ဖိုလ်၏ အကြောင်းလည်းကောင်း။

(၃) ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ သမ္မပ္ပဓာန်တရားတို့ကို နိုင်စေခြင်း, ထောက်ပံ့ခြင်း လက္ခဏာရှိသော ဝီရိယ စေတသိက်ဟု ဆိုအပ်သော အရဟတ္တ ဖိုလ်၏ အကြောင်းလည်းကောင်း။

(၄) ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ဘုရားအစရှိသော ကောင်းသောအာရုံ, ကုသိုလ်စေတနာအစရှိသော ကောင်းသောအာရုံတို့ကို နှစ်သက်ခြင်း လက္ခဏာရှိသော ပီတိစေတသိက်ဟု ဆိုအပ်သော အရဟတ္တဖိုလ်၏ အကြောင်းလည်းကောင်း။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ကိုယ်,စိတ်တို့၏ ငြိမ်းခြင်းကို ဖြစ်စေခြင်း လက္ခဏာရှိသော ပဿဒ္ဓိ စေတသိက်ဟု ဆိုအပ်သော အရဟတ္တဖိုလ်၏ အကြောင်းလည်းကောင်း။

(၆) သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ ကိုယ်,စိတ်တည်ကြည် ငြိမ်သက်ခြင်းလက္ခဏာရှိသော သမာဓိစေတသိက်ဟု ဆိုအပ်သော အရဟတ္တဖိုလ်၏ အကြောင်းလည်းကောင်း။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ သူ,ဒုက္ခ,ဆင်းရဲ, အနိဋ္ဌာရုံတို့၏အတွက်ကြောင့် မကျမူ၍ လစ်လျူရှုခြင်း လက္ခဏာ ရှိသော တတြမဇ္ဈတ္တတာ စေတသိက်ဟု ဆိုအပ်

သော အရဟတ္တဖိုလ်၏ အကြောင်းလည်းကောင်း
တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွားစေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ သရဇ္ဈာယ်အပ်ကုန်သော။ ယာနီကတာ၊ ယာဉ်ကိုကဲ့သို့ပြုအပ်ကုန်သော။ ဝတ္ထုကတာ၊ တည်ရာကိုကဲ့သို့ ပြုအပ်ကုန်သော။ အနုဋ္ဌိတာ၊ မိမိသန္တာန်၌ အခန့်တလဲလဲတည်စေအပ်ကုန်သော။ ပရိစိတာ၊ ထက်ဝန်းကျင်အားဖြင့် လေ့လာအပ်ကုန်သော။ သုသမာရဒ္ဓါ၊ လွန်စွာ အားထုတ်အပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တို့သည်။ ခေါ၊ စင်စစ်။ အပါရာ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ မကူးမြောက်ကုန်သေးသော သတ္တဝါတို့ကို။ ပါရင်္ဂမနာယ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ကူးမြောက်စေခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

၄။ ဣဒံခမ္ဘံ၊ ဤစုဏ္ဏိယပျာကရုဏ်းပါဠိတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူပြီ။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣဒံခမ္ဘံ ဤစုဏ္ဏိယပျာကရုဏ်းပါဠိတော်ကို။ ဝတွာန၊ ဟောတော်မူပြီး၍။ အထာပရံ၊ ထိုစုဏ္ဏိယပျာကရုဏ်း ပါဠိတော်မှ တပါးသော။ ဧတံခမ္ဘံ၊ သိဂါထာဖြစ်သော ပါဠိတော်ကို။ အဝေါစ၊ ဟောတော်မူပြန်၏။

၅။ မနုဿေသု၊ လူတို့တွင်။ ယေ ဇနာ၊ အကြင်လူတို့သည်။ ပါရဂါမိနော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ရောက်ကုန်၏။ တေ ဇနာ၊ ထိုနိဗ္ဗာန်တည်းဟူသော

ကမ်းတဖက်သို့ ရောက်သောသူတို့သည်။ အပ္ပကာ၊ နည်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ထည့်ပုဒ်။) ဣတရာ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်သောသူမှ တပါးသော။ ယာအယံပဇာ၊ အကြင်သတ္တဝါသည်။ တီရမေဝ၊ သက္ကာယဒိဋ္ဌိတည်းဟူသော ဤမှာဖက်ကမ်းသို့ သာလျှင်။ အနုဓာဝတိ၊ အစဉ်ပြေး၏။ (အစဉ် လိုက်၏ လည်းဟူ။) အယံပဇာ၊ ဤသက္ကာယဒိဋ္ဌိ တည်းဟူသော ဤမှာဘက်ကမ်းသို့သာလျှင် အစဉ်လိုက်သောသတ္တဝါသည်။ ဗဟုတရာ၊ များသည်။ ဟောတိ၊ ဖြစ်၏။ (ထည့်ပုဒ်။)

၆။ ခံမ္မေ၊ဗောဇ္ဈင်ခုနစ်ပါးတရားတော်ကို။ သမ္မဒက္ခာတေ၊ ကောင်းစွာ ဟောတော်မူအပ်သည်ရှိသော်။ ယေစ၊ အကြင်သတ္တဝါတို့သည်ကား။ ခေါ၊စင်စစ်။ သုတ္တာ၊ နာကုန်၍။ (ထည့်ပုဒ်။) ဓမ္မာနုဝတ္တိနော၊ လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်ကုန်၏။ တေဇနာ၊ ထိုလောကုတ္တရာတရားနှင့် လျော်သောအကျင့်ကို ကျင့်ကုန်သောသူတို့သည်။ မစ္စုဓေယျံ၊ မစ္စုမာရ်၏အရာဖြစ်သော။ သုဒုတ္တရံ၊ အလွန် ကူးဘော်နိုင်ခဲသော တေဘူမကဝဋ်ကို။ တရိတွာ၊ ကူးမြောက်၍။ (ထည့်ပုဒ်။) ပါရံ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့။ ဧဿန္တိ၊ ရောက်ကုန်လတ္တံ့။

၇။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ ကဏှံဓမ္မံ၊ မည်းညစ်သော ကာယဒုစ္စရိုက် အစရှိသည် အပြားရှိသော အကုသိုလ်ဓမ္မကို၊ ဝိပ္ပဟာယ၊ ပယ်၍။ သုက္ကံဓမ္မံ၊ ဖြူစင်သော ကာယသုစရိုက်အစရှိသည် အပြားရှိသော ဗောဇ္ဈင်ဓမ္မကို။ ဘာဝေထ၊ ပွားစေရာ၏။ ကိံ ဘာဝေထ၊ အဘယ်သို့ ပွားစေရာသနည်းဟူမူကား။ (ထည့်ပုဒ်၊) ဩကာ တဏှာ၏အရာ

ဖြစ်သောကာမမှ။ နိက္ခမိတွာ၊ ၍။ (ထည့်ပုဒ်။) အနောကံ၊ တဏှာ၏ အရာမဟုတ်သောနိဗ္ဗာန်ကို။အာဂမ္မ၊ ၍။ သုက္ကံဓမ္မံ၊ ဖြူစင်သော ကာယသုစရိုက် အစရှိသည် အပြားရှိသော ကုသိုလ်ဖောဇ္ဈင်ဓမ္မကို။ ဘာဝေထ၊ ပွားစေရာ၏။ (လိုက်ပုဒ်။)ယတ္ထ ဝိဝေကေ၊ အကြင်တဏှာမှဆိတ်သော နိဗ္ဗာန်၌။ ဗာလော၊ လူမိုက်သည်။ ဒူရမံ၊ မွေ့ လျော်နိုင်ခဲ၏။

၀။ တတြ-နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ (လိုက်ပုဒ်။) အဘိရတိံ၊ အလွန်မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ကာမေ၊ ဝတ္ထုကာမ, ကိလေသာ ကာမတို့ကို။ ဟိတွာ၊ စွန့်၍။ အကိဉ္စနော၊ ဝတ္ထုကာမ, ကိလေသာကာမ၌ ကြောင့်ကြခြင်း မရှိသည် ဖြစ်၍။ တတြ-နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌။ အဘိရတိံ၊ အလွန်မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ (လိုက်ပုဒ်။) စိတ္တက္လေသေဟိ၊ စိတ်၏ညစ်ညူးခြင်းကို ပြုတတ်ကုန်သောနီဝရဏခြောက်ပါးတို့မှ။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ အတ္တာနံ၊ ကိုယ်ကို။ (စိတ်ကိုလည်းဟူ။) ပရိယောဒပေယျ၊ ဖြူစင်စေရာ၏။

၉။ ယေသံ၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား။ သမ္ဗောဓိယင်္ဂေသု၊ အရဟတ္တဖိုလ်၏ အကြောင်း ဖြစ်ကုန်သော ဗောဇ္ဈင် ခုနစ်ပါး တရားတို့၌။ သမ္မာ၊ မဖောက် မပြန်။ စိတ္တံ၊ စိတ်ကို။ သုဘာဝိတံ၊ ကောင်းစွာ ပွားစေအပ်၏။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အနုပါဒါယ၊တဏှာ, ဒိဋ္ဌိသည် မစွဲလမ်းအပ်သည်ဖြစ်၍။ အာဒါနပဋိနိဿဂ္ဂေ၊ ကာမအာရုံ၌ မြဲစွာစွဲလမ်းခြင်းကိုစွန့်ခြင်း၌။ ရတာ၊ မွေ့လျော်ကုန်၏။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိ

ကုန်သော။ ဇုတိမန္တော၊ တောက်ပသော ပညာရောင်ရှိကုန်သော။။ တေပုဂ္ဂလာ၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည်။ လောကေ၊ လောကသုံးပါး တည်းဟူသောဝဋ်မှ။ ပရိနိဗ္ဗုတာ၊ ငြိမ်းတော်မူကုန်၏။

သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်ံ၊ သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

[ပါဠိရင်းမပါ ဤဗောဇ္ဈင်သုတ်သည် မဟာဝဂ္ဂသံယုတ်၌လာ၏။]

---

## အမိပ္ပါယ်ရှင်းလင်းချက်

အဘယ်သို့သော ဝစနတ္ထကြောင့် ဗောဇ္ဈင်ပရိတ္တ မည်သနည်းဟူမူကား–ဗုဇ္ဈတီတိ ဗောဓိ။ ။ယောပုဂ္ဂလော၊ အကြင်အရဟတ္တဖိုလ်ပညာသည်။ ဗုဇ္ဈတိ၊ ပွင့်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သောပုဂ္ဂလော၊ ထိုအရဟတ္တဖိုလ်ပညာသည်။ ဗောဓိ၊ ဗောဓိမည်၏။

အင်္ဂီယတေ ဂမိယတေဝေတနာတိအင်္ဂေါ။ ။ဝေတန၊ ထိုသတိ, ပညာအစရှိသော ခုနစ်ပါးသောတရားကြောင့်။ (ဖြင့်လည်းဟူ။) အင်္ဂီယတေဂမိယတေ၊ သိအပ်၏။(ရောက်အပ်၏လည်းဟူ။) ဣတိ၊ ထိုသို့သိကြောင်း, ရောက်ကြောင်းဖြစ်သောသတ္တိကြောင့်။ ဝေတနာတိပဒေန၊ဖြင့်။ နိဒ္ဒိဋ္ဌော၊သော။သောဓမ္မော၊ထိုသတိ,ပညာအစရှိသော ခုနစ်ပါးသောတရားသည်။ အင်္ဂေါ၊ အင်္ဂမည်၏။

ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။ ။ဗောဓိယာ၊ အရဟတ္တဖိုလ်ပညာကိုရခြင်း၏။ အင်္ဂေါ၊ အကြောင်းတည်း။ ဗောဇ္ဈင်္ဂေါ၊ အရဟတ္တဖိုလ်ပညာကိုရခြင်း၏ အကြောင်း။ သတိ, ပညာအစရှိသော ခုနစ်ပါးသောတရားရ၏။ ဗောဇ္ဈင်္ဂေါစ တံ ပရိတ္တဉ္စာတိဗောဇ္ဈင်ပရိတ္တံ၊ဗောဇ္ဈင်္ဂေါဝ ဝါ ပရိတ္တံ ဗောဇ္ဈင်ပရိတ္တံ–ဟူသော ဝစနတ္ထကြောင့် ဗောဇ္ဈင်ပရိတ္တမည်၏။

**ဗောဇ္ဈင်သုတ် ပြီး၏။**

# ၁၁-ပုဗ္ဗဏှသုတ်

**အနုအစဉ်။** "ဤသို့လျှင် ပရိတ်ကြီးရှစ်ပါး, ပရိတ်ငယ် နှစ်ပါးတို့ကိုပြတော်မူပြီး၍။ (ဤသည်ကား ပုဗ္ဗာနု သန္ဓေတည်း။) ယခုအခါ၌ ရတနာသုံးပါးတို့၏ ဂုဏ်တော်, သတ္တဝါတို့၏ အာနုဘော်တော်, ကုသိုလ်ဖြစ်သော ကာယကံ, ဝစီကံ, ကုသိုလ်ဖြစ် သော မနောကံတည်းဟူသော ပုဗ္ဗဏှဓမ္မဒေသနာ တော်တို့ဖြင့် ပရိတ်မွမ်းနိဂုံးကို ပြတော်မူလိုသော သင်္ဂါယနာဆရာမြတ်သည် "ယံ ဒုန္နိမိတ္တံ" အစရှိသော "သဟ သဗ္ဗေဟိ ဉာတိဘိ" အဆုံးရှိသောဂါထာ အပေါင်းကို ဟောတော်မူအပ်၏။ (ဤသည်ကား ပရာနုသန္ဓေတည်း။)

၁၄၀။ ယံ ဒုန္နိမိတ္တံ အဝ-မင်္ဂလဉ္စ၊
ယောစာမနာပေါသကုဏဿသဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အ-ကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

၁၄၁။ ယံ ဒုန္နိမိတ္တံ အဝ-မင်္ဂလဉ္စ၊
ယောစာမနာပေါသကုဏဿသဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အ-ကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

၁၄၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

[ထိုပရိတ်မှမ်းဂါထာအပေါင်းတို့တွင်ယံဒုန္နိမိတ္တံကစ၍ အဂ္ဂပတ္တော ပမောဒတိ-တိုင်အောင်တဆဲ့ခြောက်ဂါထာတို့သည် မဟာဝိဟာရဝါသီရဟန္တာအရှင်မြတ်တို့ဟောတော်မူသောဂါထာတို့တည်း၊ သုနက္ခတ္တံ-ကစ၍ သဟာသဗ္ဗေဟိ ဉာတိဘိ-တိုင်အောင် သုံးဂါထာခွဲတို့သည်ကား တိကအင်္ဂုတ္တရ ကျမ်း၌လာသော ပုဗ္ဗဏှသုတ်၌ ဟောတော်မူအပ်သောဂါထာတို့တည်း။]

၁၄၀။ ယံ ဒုန္နိမိတ္တဉ္စ၊ အကြင်မကောင်းသော တိတ်နိမိတ်သည်လည်းကောင်း။ ယံအဝမင်္ဂလဉ္စ၊ အကြင်မကောင်းသောမင်္ဂလာသည်လည်းကောင်း။ အမနာပေါ၊ မနှစ်သက်ဘွယ်သော။ သကုဏဿ၊ ငှက်၏။ ယောသဒ္ဒေါစ၊ အကြင်အသံသည် လည်းကောင်း။ ယော ပါပဂ္ဂဟောစ၊ အကြင်မကောင်းသော ဂြိုဟ်သည်လည်းကောင်း။ အကန္တံ၊ မနှစ်သက်ဘွယ်သော၊ ယံဒုဿုပိနဉ္စ၊ အကြင် မကောင်းသော အိပ်မက်သည်လည်းကောင်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တေ ဒုန္နိမိတ္တာဒယော၊ ထိုမကောင်းသော တိတ်နိမိတ် အစရှိသည့်တို့သည်။ ဗုဒ္ဓါနုဘာဝေန၊ ကုဋေအရာမက များစွာကုန်သော မြတ်စွာဘုရားတို့၏ တန်ခိုးအာနုဘော် တော်ကြောင့်။ ဝိနာသံ၊ ပျောက်ခြင်း ငြိမ်းခြင်းသို့။ ဧန္တု၊ ရောက်စေကုန်သတည်း။ (နောက်နှစ်ပုဒ်ကား အနက်နည်းတူပေး။)

၁၄၁။ ဓမ္မာနုဘာဝေန၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်,ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသော တရားတော်တို့၏ တန်ခိုးအာနုဘော် တော်ကြောင့်။ ဝိနာသံ၊ ပျောက်ခြင်း ငြိမ်းခြင်းသို့။ ယန္တု၊ ရောက်စေကုန်သတည်း။

၁၄၂။ သံဃာနုဘာဝေန၊ မဂ္ဂဋ္ဌာန် လေးယောက်-ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော်, သီလဝန်-ဂုဏဝန်- သမာဓိဝန်နှင့် ပြည့်စုံကုန်သော သမ္မုတိသံဃာတော်၏ တန်ခိုးတော် အာနုဘော်တော်ကြောင့် ။ဝိနာသံ၊ ပျောက်ခြင်း ငြိမ်းခြင်း သို့။ ယန္တု၊ ရောက်စေကုန်သတည်း။

## အဓိပ္ပါယ်ရှင်းလင်းချက်

၁၄၀၊ **အဝမင်္ဂလဉ္စ**ပုဒ်၌ စသဒ္ဒါသည်ကား ယံဒုန္နိမိတ္တံ-ပုဒ်ကိုလည်းဆည်းသောကြောင့် ပဒသမုစ္စည်းမည်၏၊ယောစာမနာပေါပုဒ်၌ စသဒ္ဒါသည်ကား အဋ္ဌာနပယုဂ်၊ သဒ္ဒေါပုဒ်နှင့်ယှဉ်အပ်သော သမုစ္စည်းအနက်ပင်တည်း။

ထိုသမုစ္စည်းသည် ပဒသမုစ္စည်း, ဝါကျသမုစ္စည်းဟူ၍ နှစ်ပါး အပြားရှိ၏၊ထိုတွင်-သံဝတ္တန္တိ အဘိညာယ နိဗ္ဗာနာယ စဗောဓိယာ ပုဒ်၌စသဒ္ဒါသည် အဘိညာယစ-ဟူ၍လည်းကောင်း, ဗောဓိယာ စ-ဟူ၍လည်းကောင်း ဤပုဒ်တို့ကိုဆည်းသောကြောင့်ပဒသမုစ္စည်း မည်၏၊ ဘုမ္မာဘုမ္မာစဒေဝါပုဒ်၌ စသဒ္ဒါသည်း အဋ္ဌာနပယုဂ်၊ယေ ဒေဝါစဟု ဒေဝါပုဒ်နှင့် ယှဉ်အပ်သောကြောင့် ပဒသမုစ္စည်းပင် တည်း၊ ယက္ခာဒေဝါစဗြဟ္မနောပုဒ်၌ စသဒ္ဒါလည်း ယက္ခာစဗြဟ္မ နောစ—ဟူ၍ပုဒ်တို့ကို ဆည်းသောကြောင့် ပဒသမုစ္စည်းပင်တည်း။

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

ပုဒ်တို့၌စသဒ္ဒါတို့သည်ဝါကျသမုစ္စည်းအနက်ရှိကုန်၏။ ။သာသနဿစ၊၏လည်း။ဝုဍ္ဎိ၊သည်။သဗ္ဗဒါ၊ အခါခပ်သိမ်း။ဘဝတု၊တည်း။ လောကဿစ၊သတ္တလောက၏လည်း။ ဝုဍ္ဎိ၊သည်။သဗ္ဗဒါ၊ အခါခပ် သိမ်း။ ဘဝတု၊ တည်း။ (လောကဿစဟုဆိုလိုလျက် ဆန်းသို့ လိုက်၍ စသဒ္ဒါကိုချေ၍ လောကဿ—ဟူ၍သာရှိသတည်း။) သာ သနမ္ပိစ၊ ကိုလည်း။ဒေဝါ၊တို့သည်။သဗ္ဗဒါ၊အခါခပ်သိမ်း။ရက္ခန္တု၊ စောင့်ကုန်သတည်း။ လောကဉ္စ၊ သတ္တလောကကိုလည်း၊ ဒေဝါ၊ တို့ သည်။ သဗ္ဗဒါ၊အခါခပ်သိမ်း၊ ရက္ခန္တု၊စောင့်ကုန်သတည်း။ဤသို့ဝါကျ သမုစ္စည်းထင်အောင် ပုဒ်တိုင်းကြိယာပုဒ်နှင့် ယှဉ်၍ပေးလေ။

လိင်္ဂတ္ထနိဒ္ဒေသတွင်တော့ပုဒ်၌စသဒ္ဒါလည်းပဒသမုစ္စည်း၊ ဝါကျသမုစ္စည်း နှစ်ပါးပင်ရသင့်၏။

ထိုမှတပါးလည်း ပုဗ္ဗာသမုစ္စည်း၊ အဝုဗ္ဗာသမုစ္စည်း၊ ဝုတ္တာဝုတ္တ သမုစ္စည်းဟူ၍ သုံးပါးအပြားရှိကုန်၏၊ထိုတွင်-ထေရေစဒဟရေ စေဝ ပဏ္ဏာယစရန္တိပုဒ်၌ စသဒ္ဒါသည် မျက်မှောက် ဆိုအပ်သော ပဏ္ဏာယ စရန္တိအနက်ကိုပင် နောက်ဒဟရေစေဝပုဒ်၌ ယူအပ် သောကြောင့် ပုဗ္ဗာသမုစ္စည်းမည်၏။

နောစဒ္ဒါဒိတော-သုတ်၌ စသဒ္ဒါသည် သုတ်၌မဆိုအပ်သော သဗ္ဗာဂမော-သံအာဂမော-ဟူသော အနက်ကို ဆည်းသော ကြောင့် အဝုတ္တာသမုစ္စည်းမည်၏၊ ဒေါမဿစ-သုတ်၌စသဒ္ဒါသည် လည်း သုတ်၌မဆိုအပ်သော ကာရိယအနက်ကို ဆည်းသော ကြောင့် အဝုတ္တာသမုစ္စည်းပင်တည်း၊

အာဒိတောဩစ-သုတ်၌ စသဒ္ဒါသည် သုတ်၌ ဆိုအပ်သော အာဒိ သဒ္ဒါနောင်မှ နှောင်းသော အံအပြု၊ ဩအပြုကိုလည်း ကောင်း၊အာဒိသဒ္ဒါမှ တပါးသော သဒ္ဒါနောင်မှ နှောင်းသော အာ,ဩ,အံအပြုကိုလည်းကောင်းဆည်းသောကြောင့် ဝုတ္တာဝုတ္တ သမုစ္စည်းမည်၏။

ဇုဒ္ဓိမန္တြောစယေဒေဝါပုဒ်၌ စသဒ္ဒါ, ဇွောတတာစအမှေပတိ သမ္ဘတံပုဒ်၌ စသဒ္ဒါတို့သည်ကား သိမ္မာစနာမေသာ, ပဋ္ဌမ သင်္ဂီတိနာမစေသာပုဒ်တို့၌ စသဒ္ဒါတို့ကဲ့သို့ ဝါကျာရမ္ဘဇော တကအနက်ရှိကုန်၏၊ ဥပချာသအနက်လည်းဟူ၏၊ သဒ္ဒါသာကွဲကြ သည်၊ အနက်တူ၏။

---

၁၄၃။ ဒုက္ခံပ္ပတ္တာစ နိဒ္ဒုက္ခာ၊
ဘယံပ္ပတ္တာစ နိဗ္ဘယာ။
သောကံပ္ပတ္တာစ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၁၄၃။ ဒုက္ခပ္ပတ္တာ၊ ဆင်းရဲသို့ရောက်ကုန်သော။ သဗ္ဗေပိ ပါဏိနော၊ ခပ်သိမ်းသော သတ္တဝါတို့သည်လည်း။ နိဒ္ဒုက္ခာ၊ ဆင်းရဲကင်းကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဘယပ္ပတ္တာ၊ ဘေးဥပဒ်သို့ ရောက်ကုန်သော။ သဗ္ဗေပိ ပါဏိနော၊ ခပ်သိမ်းသောသတ္တဝါတို့သည်လည်း။ နိဗ္ဘယာ၊ ဘေးဥပဒ်ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ ပါဏိနော၊ ခပ်သိမ်းသောသတ္တဝါ တို့သည်လည်း။ နိသောကာ၊ စိုးရိမ်ခြင်း ကင်းကုန်သည်။ ဟောန္တု ဖြစ်စေကုန် သတည်း။

[ထိုဂါထာ၌စသဒ္ဒါသုံးပုဒ်တို့သည်ကား အနက်မရှိကုန်၊ ပဒပူရဏ, ဝါစာသိလိဋ္ဌ မျှသာတည်း။ သဗ္ဗေပိပါဏိနောကား အထပ်ထပ် ယောဇနာရသောကြောင့် သိလေသနည်းမည်၏။]

၁၄၄။ ဇွေ့ာဝတာစ အမေ့ဟိ၊
သမ္မတံ ပုည-သမ္ဘဒိ။
သဗ္ဗေ ဒေဝါႏနုမောဒန္တု၊
သဗ္ဗ-သမ္ပတ္တိ-သိဒ္ဓိယာ။
[သဗ္ဗေ ဒေဝါနုမောဒန္တုကို (သဗ္ဗေ ဒေဝါ+အနုမောဒန္တု) ဟုပုဒ်ဖြတ်။]

၁၄၄။ ဇတ္တာဝတာစ၊ ဤမျှသော စကားအစဉ်ဖြင့်။ အမှေ့ဟိ၊ ငါတို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ အလုံးစုံသော လောကီချမ်းသာ, လောကုတ္တရာချမ်းသာကို ပြီးစေခြင်းငှါ။ သမ္မတံ၊ ဆည်းပူးအပ်သော။ ပုညသမ္ဘဒိ၊ ကောင်းမှု၏ ပြည့်စုံခြင်းကို။ သဗ္ဗေ ဒေဝါ၊ ခပ်သိမ်းသော သမ္မာနတ်, သာသနာစောင့်နတ်တို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက် စေကုန်သတည်း။

---

၁၄၅။ ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာႇဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာႇဂတာ။
[ဒေဝတာဂတာကို (ဒေဝတာ+အာဂတာ) ဟုပုဒ်ဖြတ်။]

၁၄၅။ ပသန္နကာ၊ သာသနာတော်ကို ကြည်ညိုမြတ်နိုး ကုန်သော ဒါယကာ, ဒါယိကာမတို့သည်။ (ထည့်ပုဒ်။) သဒ္ဓါယ၊ ကံ ကံ၏အကျိုး, ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်၌ ယုံကြည်ခြင်းဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊

ပေးစေကုန်သတည်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သီလံ၊ ငါး ပါးသောသီလ, ရှစ်ပါးသောသီလ, ဆယ်ပါးသော သီလ တို့ကို။ ရက္ခန္တု၊ စောင့်စေ ကုန်သတည်း။ ဘာဝနာဘိ ရတာ၊ ဗုဒ္ဓါနုဿတိအစရှိသော ဘာဝနာ၌ မွေ့လျော်ကုန် သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အာဂတာ၊ တရား နာအံ့သောငှါလာကုန်သော။ ဒေဝတာ၊ သမ္မာနတ်, သာ သနာစောင့်နတ်တို့သည်။ သကဋ္ဌာနံ၊ မိမိတို့၏နေရာဌာနသို့ (ထည့်ပုဒ်။) ဂစ္ဆန္တု၊ သွားစေကုန်သတည်း၊

[ဂစ္ဆန္တုဒေဝတာဂတာ ပုဒ်ကား–သမန္တာစက္က ဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ–ဟု အစက တရားနာ လာကြကုန်ဟု ခေါ်သော တရားနာဘိတ် အပ်သောနတ်တို့ကို "ယခု တရားဟော၍ ပြီးပြီ၊ သင်တို့နေရာ အရပ်ဌာနသို့ ပြန်ကြ လေကုန်တော့ ဟု အခွင့်ပေးသော စကားတည်းဟုမှတ်လေကုန်။]

---

၁၄၆။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

[သဗ္ဗေဗုဒ္ဓါပုဒ်,ဗလပတ္တာ ပုဒ်တို့၌ကား ဆဋ္ဌီအနက်၌ ပဌမာယောဝိဘတ်တို့တည်း။]

၁၄၆။ ဗလပ္ပတ္တာ-ဗလပ္ပတ္တာနံ၊ ကာယဗလ, ဉာဏ ဗလ, ခန္တီ, မေတ္တာ, ဝီရိယ အစရှိသော အားသို့ရောက်

တော်မူကုန်သော။ သဗ္ဗေဟုဒ္ဓါ-သဗ္ဗေသံဗုဒ္ဓါနဉ္စ၊ ကုဋေ အရာမကများစွာကုန်သော အလုံးစုံသော မြတ်စွာဘုရား တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ကုဋေအရာမက များ စွာကုန်သော အရှင်ပစ္စေက ဗုဒ္ဓါတို့၏ လည်းကောင်း။ အရဟန္တာနဉ္စ၊ ကုဋေအရာမက များစွာကုန်သော ရဟန္တာ အရှင်မြတ်တို့၏လည်းကောင်း။ ယံဗလံ၊ အကြင်ကာယ ဗလ, ဉာဏဗလ, ခန္တီ, မေတ္တာ, ဝီရိယ အစရှိသော အားတော်သည်။ အတ္ထိ၊ ရှိ၏။ တေသံဗလာနံ၊ ထိုကာယ ဗလ, ဉာဏဗလ, ခန္တီ, မေတ္တာ, ဝီရိယ အစရှိသော အား တော်တို့၏။ (ထည့်ပုဒ်။) တေဇေန၊ တန်ခိုးဖြင့်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ရက္ခံ၊ ဘေးရန်ဥပဒ် အန္တရာယ်အစောင့် အရှောက်ကို။ အဟံ၊ ငါသည်။ (ထည့်ပုဒ်။) ဗန္ဓာမိ၊ ဖွဲ့၏။ (စောင်ရန်းဆီးတား၏လည်းဟူ။)

၁၄၇။ ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄၈။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄၆။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄၇။ ဣဓဝါ၊ လူ့ပြည်၌ လည်းကောင်း။ ဟုရံဝါ၊ နဂါး, ဂဠုန်, အသုရာပြည်တို့၌လည်းကောင်း။ သဂ္ဂေသုဝါ၊ နတ်ပြည်တို့၌ လည်းကောင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝိတ္တံ၊ အတွင်းအပသုံးဆောင်အပ်သော။ ပဏီတံ၊ မြတ်သော။ ယံရတနံ၊ အကြင်ရွှေ-ငွေ-ပုလဲ ပတ္တမြား အစရှိသော ရတနာခုနစ်ပါး, ရတနာဆယ်ပါး, ပုဆိုး, စပါး အစရှိသော လောကီရတနာသည်။ အတ္ထိ၊ ရှိ၏။ (ယည့်ပုဒ်။) တထာဂတေန၊ လာခြင်းကောင်းတော်မူသော ဘုရားရတနာနှင့်။ သမံ၊ တူသော။ ကိဉ္စိ၊ တစုံတခုသော လောကီရတနာသည်။ နအတ္ထိနော-နအတ္ထိဧဝ၊ မရှိသည်သာလျှင်ကတည်း။ ဗုဒ္ဓေ·ဗုဒ္ဓသ္မိံ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ-ပဏီတော၊ မြတ်၏။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ ဧတေန သစ္စေန၊ ထိုသို့ မှန်သောသစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ (ဘေးငြိမ်းခြင်းသည်လည်းဟူ။) ဟောတု၊ ဖြစ်စေသတည်း။ (နောက်နှစ်ပုဒ်အနက်နည်းတူဆို။)

၁၄၈။ တထာဂတေန၊ မချွတ်မယွင်း ဟောတော်မူအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိ

ဟုဆိုအပ်သော ဆယ်ပါးသော တရားရတနာနှင့်။ သမံ၊ တူသော။ ကိဉ္စိ၊ တစုံတခုသော လောကီ ရတနာသည်။ နအတ္ထိနော- နအတ္ထိဧဝ၊ မရှိသည်သာလျှင် ကတည်း။ ဓမ္မေ-ဓမ္မသ၊ ဆယ်ပါးသောတရားတော်၏။ ဣဒမ္ပိရတနံ- အယမ္ပိရတနဘာဝေါ၊ ဤရတနာ၏အဖြစ်သည်။ ပဏီတံ- ပဏီတော၊ မြတ်၏။ တံဧဝ ဝစနံ၊ ထိုစကားသည် သာလျှင်။ သစ္စံ၊ မှန်၏။ (ထည့်ပုဒ်။) ဧတေန သစ္စေန၊ ထိုသို့မှန် သောသစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည်။ ဟောတု၊ ဖြစ် စေသတည်း။ [ဤ၌ (တထာ+အာဂတေန)ဟု ပုဒ်ဖြတ်၍ တထာသဒ္ဒါ မချွတ်မယွင်းခြင်းအနက်ကိုဟော၏၊ အာဂ တသဒ္ဒါ စကားတော်အနက်ကိုဟော၏ဟု ကြံလေ။]

၁၄၉။ တထာဂတေန၊ မချွတ်မယွင်း ဓမ္မာနုဓမ္မ အကျင့်ကို ကျင့်တော်မူကုန်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော်, သီလဝန်-ဂုဏဝန်-သမာဓိဝန်နှင့် ပြည့်စုံ တော်မူကုန်သော သမ္မုတိသံဃာတော်နှင့်။ သမံ၊ တူသော။ ကိဉ္စိ၊ တစုံတခုသော လောကီရတနာသည်။ နအတ္ထိနော- နအတ္ထိဧဝ၊ မရှိသည်သာလျှင်ကတည်း။ သံဃေ-သံဃသ၊ သံဃာတော်၏။ ဣဒမ္ပိရတနံ- အယမ္ပိရတနဘာဝေါ၊ ဤ ရတနာ၏အဖြစ်သည်။ ပဏီတံ-ပဏီတော၊ မြတ်၏။ တံဧဝ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ (ထည့်ပုဒ်။) ဧတေန သစ္စေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်း, ဘေးငြိမ်း ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ [ဤ၌ တထာ+

ဂတေန)ဟုပုဒ်ဖြတ်၍ တထာသဒ္ဒါမချွတ်မယွင်း အနက်ပင်၊ ဂတသဒ္ဒါပဋိပန္နအနက်ဟောကြံလေ၊ ဗုဒ္ဓေ, ဓမ္မေ, သံဃေ-ပုဒ်တို့၌ဆင္ဠီအနက်၌ သတ္တမီဝိဘတ်တည်း။]

၁၅၀။ ဘဝတု သဗ္ဗ-မင်္ဂလံ၊
ရက္ခန္တု သဗ္ဗ-ဒေဝတာ။
သဗ္ဗ-ဗုဒ္ဓါနုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

၁၅၁။ ဘဝတု သဗ္ဗ-မင်္ဂလံ၊
ရက္ခန္တု သဗ္ဗ-ဒေဝတာ။
သဗ္ဗ-ဓမ္မာနုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

၁၅၂။ ဘဝတု သဗ္ဗ-မင်္ဂလံ၊
ရက္ခန္တု သဗ္ဗ-ဒေဝတာ။
သဗ္ဗ-သံဃာနုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

၁၅၀။ တုမှာကံ၊ သင်ဒါယကာတို့အား။ (ထည့်ပုဒ်။) သဗ္ဗမင်္ဂလံ၊ အလုံးစုံကြီးပွားခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။ (ဘဝန္တု၊သဗ္ဗမင်္ဂလာ-ဟူ၍လည်း ဗဟုဝုစ်နှင့် ရှိသင့်၏။ တုမှာကံ၊ သင်တို့အား။ သဗ္ဗမင်္ဂလာ၊ အလုံးစုံ ကြီးပွားခြင်း မင်္ဂလာတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။) သဗ္ဗဒေဝတာ၊ ခပ်သိမ်းသော သမ္မာနတ်, သာ

သနာတော်စောင့်နတ်တို့သည်။ လောကံ၊ သတ္တဲလောက ကို။ ရက္ခန္တု၊ စောင့်စေကုန်သဘည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ကုဋေအရာမက များစွာကုန်သော ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ တန်ခိုး အာနုဘော် တော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (တေဗ္ဗ သမ္ဗဒါနှ်အနက်၌ ပဌမာဝိဘတ်ကြီလေ။)

၁၅၁။ တုမှာကံ၊ သင်ဒါယကာတို့အား။ (ထည့်ပုဒ်။) သဗ္ဗမင်္ဂလံ၊ အလုံးစုံကြီးပွားခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်းသော သမ္မာနတ်, သာသနာတော်စောင့်နတ်တို့သည်။ လောကံ၊ သတ္တလောက ကို၊ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗဓမ္မာနုဘာဝေန၊ အလုံးစုံသောမင်္ဂလေးတန်, ဖိုလ်လေးတန်. နိဗ္ဗာန်, ပရိယတ္တိဘည်းဟူသောဆယ်ပါးသောတရားတော်တို့၏ တန်ခိုး အာနုဘော်တော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်း တို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (အနက်နည်းတူ နောက်ပုဒ်၌ဆို။)

၁၅၂။ သဗ္ဗသံဃာနုဘာဝေန၊ အလုံးစုံသောမဂ္ဂဋ္ဌာန် လေးယောက်- ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော ပရမတ္ထသံဃာတော်, သီလဝန်-ဂုဏာဝန်-သမာဓိဝန်- ပညာဝန်နှင့် ပြည့်စုံတော်မူကုန်သော သမ္မုတိသံဃာတော်တို့၏ တန်ခိုး အာနုဘော်တော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့

အား။ သဒါ၊ အခါခပ်သိမ်း။ သုခိ၊ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

---

၁၅၃။ မဟာ-ကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စ-ဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၅၃။ မဟာကာရုဏိကော၊ ကြီးမြတ်သော မဟာကရုဏာတော်နှင့်ယှဉ်တော်မူထသော။ နာထော၊ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဗ္ဗပါဏိနံ၊ခပ်သိမ်းသောသတ္တဝါတို့၏။ ဟိတာယ အစီးအပွားအကျိုးငှါ။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ပါရမီ၊ အမျိုးသုံးဆယ်သော ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူ၍။ ဥတ္တမံ၊မြတ်သော။ သမ္ဗောဓိံ၊သမ္မာသမ္ဗုဒ္ဓအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ တံဝေ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊မှန်၏။(ထည့်ပုဒ်။)ဧတေနသစ္စဝဇ္ဇေန၊ ထိုသို့မှန်သော သစ္စာစကားကြောင့်။ တေ၊ ထိုသတ္တဝါတို့အား။ (တေ၊ ထိုဒါယကာတို့အားလည်းဟူ။) သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းသည်။ (သောတ္ထိ၊ ဘေးရန်ဥပဒ် ငြိမ်းခြင်းသည်လည်းဟူ။) ဟောတု၊ ဖြစ်စေသတည်း။

၁၅၄။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိ-ဝဍ္ဎနော။
ဧဝ-မေဝ ဇယော ဟောတု၊
ဇယဿု ဇယ-မင်္ဂလေ။

၁၅၅။ အ-ပရာဇိတ-ပလ္လင်္ကေ၊
သီသေ ပုထု ဝိ-ပုက္ခလေ။
အဘိသေကေ သဗ္ဗ-ဗုဒ္ဓါနံ၊
အဂ္ဂ-ပတ္တော ပမောဒတိ။

၁၅၄-၁၅၅။ သကျာနံ၊ သာကီဝင်မင်းသားတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်သက်ခြင်းကို ပွားစေတတ်သော။ ဇိနော၊ မာရ်ငါးပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရားသည်။ (ဇယန္တော, အဂ္ဂပတ္တောပမောဒတိတို့၌ စပ်လေကုန်။) သီသေ၊ မြေတကာတို့၏ ဦးထိပ်လည်း ဖြစ်တော်မူထသော။ ပုထု၊ ကြီးကျယ်လှစွာသော။ ဝိပုက္ခလေ၊ အထူးသဖြင့်တင့်တယ်သောမြေအရပ်၌လည်းဖြစ်ထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသောမြတ်စွာဘုရားတို့၏။ အဘိသေကေ၊ အရဟတ္တမဂ်တည်းဟူသော ဘိသိက်သွန်းရာ၌လည်းဖြစ်ထသော။ ဗောဓိယာမူလေ၊ ဗောဓိပင်ရင်း၌။ အပရာဇိတပလ္လင်္ကေ၊ ဆန်းကြယ်စွာပေါက်သော ပလ္လင်ရတနာတော်၌။ မာရံ၊ မာရ်ငါးပါးကို။ဇယန္တော၊ အောင်တော်မူသည်ဖြစ်၍။ အဂ္ဂပတ္တော၊ မြတ်သောအထွဋ်သို့ ရောက်တော်မူသည်ဖြစ်၍။ ပမောဒတိယထာ၊ ဝမ်းမြောက်တော်မူသကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်းလျှင်။ တုမှာကံ၊ သင် ဒါယကာတို့အား။

(ထည့်ပုဒ်။) ဝေရံ၊ ရန်ကို။ (ထည့်ပုဒ်။) ဇယော၊ အောင် သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင် ခြင်းမင်္ဂလာသည်။ ဇယသု၊ အောင်သည် ဖြစ်စေသတည်း။ အဂ္ဂပတ္တော၊ မြတ်သောအဖြစ်သို့ ရောက်သည် ဖြစ်၍။ ပမောဒတု၊ ဝမ်းမြောက်သည် ဖြစ်စေသတည်း။ (ဤပုဒ်တို့ ကို လိုက်စေ၍ ပေးလေ။)

---

## အမိပ္ပါယ်ရှင်းလင်းချက်

အချို့သော ဆရာတို့ကား- ဝိမုက္ခလေ ဟူ၍လည်းကောင်း, ဝိမောက္ခလေဟူ၍လည်းကောင်း ရွတ်ကြကုန်၏၊ ရေးကြကုန်၏၊ သင့်မည်မထင်၊ နေတ္တိကျမ်း၌ တိပုက္ခလနည်းဝယ် တိသဒ္ဒါသုံးပါး ဟူသောအနက်, ပုက္ခလသဒ္ဒါ တင့်တယ်ခြင်း သောဘဏအနက် ကိုဟောသကဲ့သို့ ထို့အတူ ဤအရာ၌ ဝိပုက္ခလေပုဒ်ဝယ် ဝိသဒ္ဒါ ဝိသေသအနက်,ပုက္ခလသဒ္ဒါ တင့်တယ်ခြင်း သောဘဏအနက်ကို ဟော၏၊ ထို့ကြောင့် ဝိပုက္ခလေဟုရှိသောပါဠ်သာ သင့်မြတ် သတည်း။

---

၁၅၆။ သု-နက္ခတ္တံ သု-မင်္ဂလံ၊
သု-ပဘာတံ သု-ဟုဋ္ဌိတံ။
သု-ခဏော သု-မုဟုတ္တော စ၊
သု-ယိဋ္ဌံ ဗြဟ္မ-စာရိသု။

၁၅၇။ ပဒက္ခိဏံ ကာယ-ကမ္မံ၊
ဝါစာ-ကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနော-ကမ္မံ၊
ပဏိဓိ တေ ပဒက္ခိဏာ။

၁၅၇။ ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထ-လဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓ-သာသနေ။
အ ရောဂါ သုခိတာ (ဟောထ၊)
သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

[လဘန္တတ္ထေကို (လဘန္တိ+အတ္ထေ) ဟုပုဒ်ဖြတ်။]

၁၅၈။ ယသ္မိံ ဒိဝသေ၊ အကြင်နေ့၌။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ တီဏိ၊ သုံးပါးကုန်သော။ သုစရိတာနိ၊ ကာယသုစရိုက်,ဝစီသုစရိုက်,မနောသုစရိုက်တို့ကို။ စရန္တိ၊ ကျင့်ကုန်၏။ တသ္မိံ ဒိဝသေ၊ ထိုသုစရိုက်ဆယ်ပါးတို့ကိုကျင့်သောနေ့၌။ တေသံသတ္တာနံ၊ ထိုသတ္တဝါတို့အား။ (ဤပုဒ်တို့ကို ထည့်၍ပေးလေ။) သုနက္ခတ္တံ၊ ကောင်းသော နက္ခတ်နှင့် ယှဉ်သည်မည်၏။ သုမင်္ဂလံ၊ ကောင်းသော မင်္ဂလာနှင့် ယှဉ်သည်မည်၏။ သုပဘာတံ၊ ကောင်းသော မိုးသောက်ခြင်းနှင့် ယှဉ်သည်မည်၏။ သုဝုဋ္ဌိတံ၊ ကောင်းစွာ အိပ်ရာမှထခြင်းရှိသည်မည်၏။ သုခဏော၊ ကောင်းသော ခဏရှိသည်မည်၏။ သုမုဟုတ္တောစ၊ ကောင်းသော မုဟုတ္တရှိသည်မည်၏။ ဗြဟ္မစာရိသု၊ မြတ်သောအကျင့်ကို ကျင့်ကုန်သော သူတော်ကောင်းတို့အား။ (ဤသို့သမ္ဗန္ဓါန် အနက်ပေးလေ။) စတူဟိ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ ဖြင့်လည်းကောင်း။တီဟိဒွါရေဟိ၊ သုံးပါးသော ဒွါရတို့ဖြင့် လည်းကောင်း။ (ထည့်ပုဒ်။) ယိဋ္ဌံ၊ ပူဇော်ခြင်းသည်။

သုယိဋ္ဌံ၊ ချမ်းသာသုံးပါးကို ပြီးစေနိုင်သော မြတ်သော ပူဇော်ခြင်းမည်၏။

၁၅၇။ တသ္မိံ ဒိဝသေ၊ ထိုသုစရိုက်ဆယ်ပါးကို ကျင့်သောနေ့၌။ တေသံသတ္တာနံ၊ ထိုသတ္တဝါတို့၏။(ထည့်ပုဒ်။) ကာယကမ္မံ၊ ကာယကံသုံးပါးသည်။ ပဒက္ခိဏံ၊ ချမ်းသာသုံးပါးကို ပြီးစေနိုင်သော မြတ်သော ကာယကံမည်၏။ ဝါစာကမ္မံ၊ ဝစီကံလေးပါးသည်။ ပဒက္ခိဏံ၊ ချမ်းသာသုံးပါးကိုပြီးစေနိုင်သော မြတ်သောဝစီကံမည်၏။ မနောကမ္မံ၊ မနောကံသုံးပါးသည်။ ပဒက္ခိဏံ၊ ချမ်းသာ သုံးပါးကို ပြီးစေနိုင်သော မြတ်သော မနောကံမည်၏။ တေသံ ထိုသုစရိုက် ဆယ်ပါးကို ကျင့်ကုန်သောသူတို့၏။ ယေပဏိဓိ၊ အကြင်ချမ်းသာသုံးပါးကိုတောင့်တသောဆုတို့သည်။သန္တိ၊ ရှိကုန်၏။ (ထည့်ပုဒ်။) တေပဏိဓိ၊ ထိုချမ်းသာသုံးပါးကို တောင့်တသော ဆုတို့သည်။ ပဒက္ခိဏေ-ပဒက္ခိဏာ၊ မြတ်သော ဆုတောင်းခြင်းတို့မည်ကုန်၏။

၁၅၈။ ပဒက္ခိဏာနိ၊ မြတ်ကုန်သောကာယကံ,ဝစီကံ, မနောကံတို့ကို။ ကတွာန၊ ကျင့်ကုန်သောကြောင့်။ ပဒက္ခိဏေ၊မြတ်ကုန်သော။ အတ္ထေ၊လောကီအကျိုး,လောကုတ္တရာအကျိုး,မျက်မှောက်အကျိုး,တမလွန်အကျိုးတို့ကို။ လဘန္တိ၊ ရကုန်၏။ အတ္ထလဒ္ဓါ၊ ရအပ်သော လောကီအကျိုး, လောကုတ္တရာအကျိုး, မျက်မှောက်အကျိုး, တမလွန်အကျိုး ရှိကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ တနည်းကား- တေသပ္ပုရိသာ၊ထိုသူတော်ကောင်းတို့သည်။သုခိတာ၊ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းရှိကုန်သည်။ ဟောထ၊

ဖြစ်ကုန်၏။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝိရူဠှာ၊ ကြီးပွားစည်ပင်ခြင်းသို့ ရောက်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်၏။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊တကွ။ အရောဂါ၊ အနာကင်းကုန်သည် လည်းကောင်း။ သုခိတာ၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို ရကုန်သည် လည်းကောင်း။ ဟောထ၊ ဖြစ်ကုန်၏။

ပုဗ္ဗဏှသုတ္တံ၊ ပုဗ္ဗဏှသုတ်သည်။<br>နိဋ္ဌိတံ၊ ပြီးပြီ။

---

## အမိပ္ပါယ်ရှင်းလင်းချက်

အချို့သောဆရာတို့ကားဟောထ၊ဖြစ်ကုန်သတည်း၊ ဤသို့ပဉ္စမီဝိဘတ်အာသိဋ္ဌအနက်ပေးကြကုန်၏၊မသင့်၊ အဘယ့်ကြောင့်နည်း ဟူမူကား-ပဉ္စမီဝိဘတ်မဟုတ်၊ ဝတ္တမာန်ဝိဘတ် ဖြစ်သောကြောင့်တည်း။ဝတ္တမာန်ဝိဘတ်ဟုအဘယ်ကိုထောက်၍သိလေသနည်း၊ပုဗ္ဗဏှသုတ်၌ စုဏ္ဏိယဒေသနာတော်ကိုထောက်၍ လည်းကောင်း, ဤဂါထာဒေသနာတော်၌လဘန္တုပုဒ်ကိုထောက်၍လည်းကောင်းသိရသတည်း၊ ဝတ္တမာန်ဝိဘတ်အနက်ပေးမှသာလျှင် စုဏ္ဏိယဒေသနာတော်နှင့် ဂါထာဒေသနာတော် အနက်အမိပ္ပါယ် နီးနှောကြ၍သဘောဖြောင့်သည် ဟုတ်မှန်သည်။

ကလျာဏကာရီကလျာဏံဟူ၍ လည်းကောင်း, ဓမ္မောဟဝေရက္ခတိဓမ္မစာရိံ ဟူ၍လည်းကောင်း, စတ္တာရောဓမ္မာဝဍ္ဎန္တိ၊အာယုဝဏ္ဏောသုခံဗလံ-ဟူ၍လည်းကောင်း ဟောတော်မူသည်နှင့်အညီ တရားတော်ကိုကျင့်သောကြောင့် မျက်မှောက်အကျိုး,တမလွန် အကျိုးကြီးပွါးစည်ပင်ခြင်းတို့သည်ဖြစ်ကုန်၏-ဟုဝတ္တမာန်အနက်သာ သဘောအမိပ္ပါယ်ဖြောင့်သည်၊ အာသိဋ္ဌအနက်ပင် မဆိုင်ပါလေဟု သိအပ်ကုန်၏။

သုခဏော သုမုဟုတ္တောစ-ပါဠိအဓိပ္ပါယ် သော်ကား-

ဒသစ္ဆရာပမာဏော ကာလော ခဏောနာမ၊ တေန ခဏေန ဒသခဏော ကာလော လယောနာမ၊ တေန လယေနဒသလယောခဏလယောနာမ၊တေနခဏလယေန ဒသဂုဏော မုဟုတ္တောနာမ၊ တေန မုဟုတ္တေန ဒသ ဂုဏော ခဏမုဟုတ္တောနာမ။

သုတ္တသင်္ဂဟအဋ္ဌကထာ ပုဗ္ဗဏှသုတ်အဖွင့်၌လာ၏။

အဓိပ္ပါယ်ကား-လက်ဖျစ်ဆယ်တွက်ပမာဏရှိသောကာလသည် တခဏမည်၏၊ ထိုတခဏဆယ်လီပမာဏရှိသော ကာလသည် တလယမည်၏၊ ထိုတလယဆယ်လီသည် ခဏလယမည်၏၊ ထို ခဏလယဆယ်လီသည်ကားမုဟုတ္တမည်၏၊ထိုမုဟုတ္တဆယ်လီသည် ကား ခဏမုဟုတ္တမည်၏-ဟူလိုသော်။

## ပရိတ်ရွတ်ရန် သဒ္ဒါ ၁၀-ပါး

ပရိတ်တော်ကိုရွတ်သော်လည်းဗိဒိသသဍ္ဍာန်,ကရိဏ်း, ပယတ်, သိထိလ,ဓနိတ-အစရှိသော သဒ္ဒါဆယ်ပါးတို့နှင့် ညီအောင်ရွတ် သော ပရိတ်တော်သည် အလွန်အာနုဘော်ရှိ၏၊ သဒ္ဒါဆယ်ပါး ဟူသော်ကား-

၁။ လျော့လျော့ရွတ်အပ်သောအက္ခရာ,
၂။ တင်းတင်းရွတ်အပ်သောအက္ခရာ,
၃။ ရှည်ရှည်ရွတ်အပ်သောအက္ခရာ,
၄။ တိုတိုရွတ်အပ်သောအက္ခရာ,
၅။ လေးလေးရွတ်အပ်သောအက္ခရာ,
၆။ ပေါ့ပေါ့ရွတ်အပ်သောအက္ခရာ,
၇။ ရှေ့ပုဒ်,နောက်ပုဒ်စပ်၍ ရွတ်အပ်သောအက္ခရာ,
၈။ ရှေ့ပုဒ်,နောက်ပုဒ် ခြား၍ ရွတ်အပ်သောအက္ခရာ,
၉။ နှုတ်ခမ်းကိုပိတ်၍ ရွတ်အပ်သောအက္ခရာ,
၁၀။ နှုတ်ခမ်းကိုဖွင့်၍ ရွတ်အပ်သောအက္ခရာ-

ဟူ၍ ဤဆယ်ပါးတို့တည်း၊ ထိုသဒ္ဒါ ဆယ်ပါးနှင့် ညီအောင် မရွတ်သောပါဠိအသံသည်ပညာရှိကဝိတို့နားဌမချမ်းသာသတည်း။ ထိုသဒ္ဒါဆယ်ပါးကိုရည်၍-

*ပုဒ်စပ်ချောပြေ၊ သန္ဓေခြားဖြတ်၊သံလွတ်မြွက်ဆို၊ ရှည်တိုလေးပေါ့၊တင်းလျော့နိဂ္ဂဟိတ်၊အစိတ်အဖြာ၊ အင်္ဂါဆယ်ခု၊ ရွတ်မှုမကျွမ်း၊ နားမချမ်းတည့်။

ဟူ၍ ဆရာကျော်တို့ဆိုတော်မူကုန်၏။

## ကုသိုလ်ပွါးကြောင်းစကား ၅-ပါး

ကုသိုလ်ကမ္မပထပွားအောင် အလေ့အလာပြု၍ ပြောဟောရာသောစကားငါးပါးတည်း၊ ငါးပါးဟူသော်ကား–

၁။ ဒါနကထာ၊ဒါန အကျိုးအာနိသင်နှင့်စပ်သောစကားကို ပြောဟောခြင်း

၂။ သီလကထာ၊သီလအကျိုးအာနိသင်နှင့် စပ်သောစကားကို ပြောဟောခြင်း

၃။ သဂ္ဂကထာ၊ဒါန,သီလအကျိုးပေး၍နတ်ပြည်၌ဖြစ်ဘူးလေသောသူတို့အကြောင်းအဋ္ဌုပ္ပတ္တိနှင့်စပ်သောစကားကိုပြောဟောခြင်း။

၄။ ကာမာနံ အာဒီနဝကထာ၊ ကာမဂုဏ်ငါးပါးတို့၌ အပြစ်များကြောင်းကိုအဘန်တလဲလဲဆင်ခြင်၍ ထိုကာမဂုဏ်ငါးပါးတို့ကို ငြီးငွေ့ရှုံ့မုန်းထားရာသည်နှင့်စပ်သောစကားကို ပြောဟောခြင်း။

၅။ နေက္ခမ္မေ အာနိသံသကထာ၊ ရဟန်းရသေ့အဖြစ်မှ တောထွက်ခြင်း၌အကျိုးအာနိသင်များခြင်းနှင့်စပ်သောစကားကို ပြောဟောခြင်း။

ဤငါးပါးသောစကားတို့တည်း။

## ကုသိုလ်ပွားကြောင်းကထာဝတ္ထု ၁၀-ပါး

ထိုမှတပါးလည်း ကထာဝတ္ထုဆယ်ပါ တို့ကို အလေ့အလာပြု၍ မပြတ်မလပ် ပြောဟောအပ်၏၊ တပည့်ဂိုဏ်းသံဃာတို့အား ဩဝါဒ ပေးအပ်၏၊ ကထာဝတ္ထုဆယ်ပါးဟူသော်ကား—

အပ္ပိစ္ဆတာ ပဝိဝေကော၊ သန္တုဋ္ဌိတာ အသံသဂ္ဂေါ။
ဝီရိယာရမ္ဘော သမာဓိစ၊ ပညာ သီလံ ဝိမုတ္တိစ။
ဝိမုတ္တိဉာဏဒဿနံ၊ ဣမေ ဒသ ကထာဝတ္ထူ။

၁။ အပ္ပိစ္ဆတာ၊ရဟန်းဟူက ပစ္စည်းပရိက္ခရာတို့ကို အလိုနည်း အပ်၏ ဟူသည်နှင့် စပ်သောစကား။

၂။ ပဝိဝေကော၊ ဆိတ်ငြိမ်သော သစ်ပင်ရင်း,သုသာန်တော ကျောင်းတို့၌ကမ္မဋ္ဌာန်းဘာဝနာဖြင့်နေခြင်းငှါအားထုတ် အပ်၏ ဟူသည်နှင့် စပ်သောစကား။

၃။ သန္တုဋ္ဌိတာ၊ ကောင်းမြတ်သည်မူလည်းဖြစ်စေ,မကောင်း မမြတ်ယုတ်နိမ့်သည်မူလည်းဖြစ်စေ ရရသမျှသော ပစ္စည်း ပရိက္ခရာဖြင့် ရောင့်ရဲအပ်၏ ဟူသည်နှင့် စပ်သောစကား။

၄။ အသံသဂ္ဂေါ၊ လူယောကျ်ား, လူမိန်းမတို့နှင့် မရောမွှေမ်း မဆက်ဆံအပ်, အဆွေခင်ပွန်းမဖွဲ့အပ်, ဗျူဟာလောက ဝတ်မပြုအပ် ဟူသည်နှင့် စပ်သောစကား။

၅။ ဝီရိယာရမ္ဘော၊ ရဟန်းတို့၏တရား ပရိယတ္တိအကျင့်,ပဋိပတ္တိ အကျင့်ကိုသာ အခါခပ်သိမ်း အားထုတ်အပ်၏ ဟူသည် နှင့် စပ်သောစကား။

၆။ သမာဓိစ၊ ကိုယ်၏တည်ကြည် ငြိမ်သက်ခြင်း,နှုတ်၏တည် ကြည် ငြိမ်သက်ခြင်း, စိတ်၏တည်ကြည် ငြိမ်သက်ခြင်း, ဥပစာရသမာဓိ,အပ္ပနာသမာဓိတိုင်အောင်ကျင့်ဆောက် တည်အပ်၏ ဟူသည်နှင့် စပ်သောစကား။

၇။ ပညာစ၊ပရိယတ္တိပညာ,ပဋိပတ္တိပညာ,လောကီအဘိညာဏ် သမာပတ္တိပညာ,လောကုတ္တရာပညာတို့ကို မျက်မှောက်ပြု ရအောင် အားထုတ်အပ်၏ ဟူသည်နှင့် စပ်သောစကား။

၈။ သီလဥ္စ၊ ငါးပါးသောသီလ, ရှစ်ပါးသောသီလ, ဆယ်ပါးသောသီလ, စာရိတ္တသီလ, ဝါရိတ္တသီလ, စတုပါရိသုဒ္ဓိသီလတို့ကို ပြည့်စုံစေအပ်၏ဟူသည်နှင့် စပ်သောစကား။

၉။ ဝိမုတ္တိစ၊ အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးနှင့်စပ်သောစကား။

၁၀။ ဝိမုတ္တိဉာဏဒဿနံ၊ သဒ္ဒါ, ပုဒ်, ဝါကျ, ဝိဘတ်, ဓာတ်, ပစ္စည်း, လိင်, ဝုစ်တို့၏ သဘောလက္ခဏာတို့ကိုဆင်ခြင်ခြင်း၊ အနက်အဓိပ္ပါယ်တို့ကိုဆင်ခြင်ခြင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ပဟာယကကိစ္စ, ပစ္စဝေက္ခဏာဉာဏ်ကျေးဇူးတို့ကိုဆင်ခြင်အပ်၏ဟူသည်နှင့် စပ်သောစကား။

ဣမေဒသ၊ ဤဆယ်ပါးတို့သည်။ကထာဝတ္ထူ၊ ကထာဝတ္ထုမည်ကုန်၏။

ဤဆယ်ပါးသော ကထာဝတ္ထုတို့ကိုရည်၍—

*အပ္ပိစ္ဆတာ၊ရောင့်ရဲရာသား၊ကထာဝတ္ထု၊ကျင့်ဆယ်ခုဖြင့်၊ဆိုမှုတတ်ပွန်၊အရိုးသန်လျက်၊ ဆယ်တန်ပရိယတ်၊ စည်ခတ်ပိုင်းခြား၊ ငါ့တရားကို၊ နှုတ်နားထောင်ထောင်၊ သက်စွမ်းဆောင်သည်၊ ကျော်ခေါင်ပညာ၊ သာရိပုတ္တရာ။

ဟူ၍ရှေးပညာကျော်ဆရာတို့ဆိုတော်မူကုန်၏။

**ပုဗ္ဗကာသုတ်ပြီး၏။**

# နိဂုံး

ရှေးမူဟောင်း ပရိတ်ကြီးနိဿယအကျယ်၌ အပျက် အမှား များလှသောကြောင့် ဉာဏ်နုသော သူတို့သည် အမှားကိုပင် အမှန်ထင်ရှာကြလိမ့်မည်ကို အကြောင်း ထောက်၍လည်းကောင်း, အမှန်အကန်ကာလအရှည်တည် ၍ သာသနာတော်အား ကျေးဇူးများပါမည့်အကြောင်း ကို ထောက်၍လည်းကောင်း ဤပရိတ်ကြီးနိဿယသစ်ကို ရေးပါသတည်း။

ထိုသို့ ရေးသော ကာလ၌ကား ကာလဝိပတ္တိဖြစ်၍ မိုယ်းခေါင်သော ဒုဗ္ဘိက္ခကာလ, အစာရေစာ ရှားပါးငတ် မွတ်သော ဒုဗ္ဘိက္ခကာလ, စစ်မက်အင်္ဂါများသောကာလ, မုဒိမ်းတန္တခိုးသူများသောကာလ, ကြေးဘိုးတောင်းတင်း တိုသောကာလ, ဆန်တတင်းကိုရုံခါသုံးကျပ်, ရုံခါလေး ကျပ်, ရုံခါငါးကျပ်, ရုံခါခုနစ်ကျပ်, ရုံခါတဆယ်, ရုံခါ တဆယ့်ငါးကျပ်ပင် ပြုသောကြောင့် များစွာသောသတ္တဝါ တို့သည် ပျက်စီးခြင်းသို့ရောက်ကြကုန်၏၊ မြို့ရွာ တိုင်းနိုင်ငံ ချောက်ချားကုန်၏၊ ပျက်စီးသော မြို့ရွာသာများကုန်၏၊ မပျက်စီးသော မြို့ရွာပင်မရှိ၊ တမြို့နှင့်တမြို့တိုက်ကြကုန်၏၊ တရွာနှင့်တရွာတိုက်ကြကုန်၏၊ သစ်တပ်တည်၍ နေ့ညဉ့် မပြတ် တပ်စီး၍နေရကြကုန်၏။

သာသနာတော်လည်း ဘေးကြီးစွာရောက်၍ ဥပုသ်, ပဝါရဏာမမှန် ချွတ်ယွင်းကြကုန်၏၊ တရားမစောင့်သော အလဇ္ဇီဒုဿီလရဟန်းတို့သာ များကုန်၏၊ ရွှေ,ငွေဆည်းပူး သိုမှီးသော ရဟန်းတို့သာ များကုန်၏၊ ရူပိယသံဝေါဟာရ,

ကယဝိက္ကယ, မိစ္ဆာဇီဝ ရဟန်းတို့သာ များကုန်၏၊ လှေ, လှည်းနွားမွေးရဟန်းတို့သာများကုန်၏၊ အင်္ဂါရိတ်ကိုအား ထုတ်သောရဟန်းတို့သာများကုန်၏၊ လဇ္ဇီပေသလ သိက္ခာ ကာမသူတော်ကောင်းနည်းကုန်၏၊ ပရိယတ်, ပဋိပတ်ကို အားထုတ်သောရဟန်းတို့သည်နည်းကုန်၏၊မင်းစိုးရာဇာတို့ က အဝတ်ဖြူလဲ၍ သာသနာတော်မှထုတ်သောရဟန်းတို့ သည်လည်းအများပင်။

ဤသို့သောနည်းဖြင့် အနှစ်နှစ်ဆယ်ကျော်ပင် ကာလ ဝိပတ္တိဖြစ်လေသတည်း၊ ထိုသို့ဝိပတ္တိကာလသာသနာတော် ၌ ဘေးရောက်သောကာလ၌ပင်သော်လည်း ငါတို့အနွယ် အဆက် လဇ္ဇီပေသလ သိက္ခာကာမ သူတော်ကောင်းတို့ သည်ကား သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်း၍ နေပါကုန်သတည်း။

(က) သာသနေ စ တမဂ္ဂါရံ၊
သက္ကရာဇေ ဃဆက္ကကံ။
သမ္ဗုတ္တေ သကလာ ဇနာ၊
မနောရမ္မာသ ကန္တသ။

(ခ) စလင်းတိ နဂရဿစ၊
ပါဠိနေစ ဒိသာဘာဂေ။
မနောရမ္မော ပသာဒကော၊
ဆာယုဒကေန သမ္ပန္နော။

(ဂ) အနေကေဝစ ဂုဏာခရော၊
ဘူမိပဒေသော သမော တလော။
တတ္ထ တဿ နဂရဿ၊
မဟာသမာန်းတိ နာမကော။

(ဃ) အတ္ထိဝေ အဓိပတိ၊
ဘေနေဝ ကာရိတော ရမ္မော။
ဝေပုလ္လော အတိသောဘဏော၊
မဟန္တော စေဝ အာရာမော။

(င) တသ္မိဉ္စ ဝိဟာရေ ရမ္မေ၊
သဒ္ဓမ္မံ ပရိယတ္တိံ စ။
ပဋိပတ္တိဉ္စ နိစ္စေဝ၊
သံမသန္တော ဗဟူ ဂဏော။

(စ) ပရမတ္ထံ အာကင်္ခန္တေ၊
ဝါစေန္တော နိစ္စတော သဒါ။
ဝသန္တေန သီလာဒျုတ္တံ၊
ဝါစကေန ပဒေန တု။

(ဆ) တဒ္ဓိတပစ္စယံ ယောဇေတွာ၊
သိဒ္ဓေန ကတနာမေန။
တေန ထေရေန သိဿာနံ၊
ပတ္ထယန္တော ဟိတံ သာရံ။

(ဇ) ဝေနေယျာနံ ဟိတတ္ထာယ၊
တထာဂတေန ဒေသိတ။
ပရိတ္တဓမ္မဿ အတ္ထော၊
ကိဉ္စိမတ္တမ္ပိ အနူနော။

(ဈ) ပရိပုဏ္ဏော သုဝိညေယျော၊
သဒ္ဓမ္မဋ္ဌိတိကာမေန
လိခိတော မြမ္မဝေါဟာရေ၊
နိဋ္ဌိတံ တံ သုခေနေဝ။

(၃) ယံ ပုညံ မေ သုလဒ္ဓံဝ၊
တံ ပုညံ မောဒယန္တု စ။
သာဓဝေါ သဗ္ဗသတ္တာနံ၊
ပရိပူရေန္တု အာသယာ။

(၄) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ရက္ခန္တု ရာဇာနော။
ကာလေ ဝဿတု ပဇ္ဇုန္နော၊
သဒါ သုခန္တု ပါဏိနော။

သာသနေ၊ သာသနာတော်သည်ကား။ တမင်္ဂါရံ၊ နှစ်ထောင့်သုံးရာငါးဆယ့်ခြောက်ခုသို့။ သက္ကရာဇေ၊ပုပ္ပါးစောရဟန် ကောဇာ သက္ကရာဇ်ရှည်သည်ကား။ ယဆက္ကကံ၊ တထောင့်တရာခုနစ်ဆယ့်လေးခုသို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ တနည်းကား—သက္ကရာဇေ၊ မိုးညှင်းကောဇာ သက္ကရာဇ်တိုသည်ကား။ စဆင်္ဂံ၊ သုံးရာခုနစ်ဆယ့်ခြောက်ခုသို့။ သမ္ပတ္တေ၊ သော်။ သကလာ-သကလာနံ၊ အလုံးစုံကုန်သော။ ဇနာ-ဇနသမူဟာနံ၊လူအပေါင်းတို့၏။မနောရမ္မသ၊နှလုံးမွေ့လျော်ဘွယ်ရှိထသော။ ကန္တသ၊နှစ်သက်ဖွယ်ရှိထသော။ စလင်းတိနဂရဿ၊ စလင်း အမည်ရှိသောမြို့၏။ ပါစိနေဒိသာဘာဂေ၊ အရှေ့မျက်နှာအဘို့၌။ မနောရမ္မော၊ နှလုံးမွေ့လျော်ဘွယ်ရှိထသော။ ပသာဒကော၊ ကြည်ညိုဘွယ်ရှိထသော။ဆာယုဒကေန၊အရိပ်ရေချမ်းနှင့်။သမ္ပန္နော၊ ပြည့်စုံထသော။ အနေကောစဂုဏာဓာရော၊ များစွာသော ကြည်ညိုဘွယ်, နှစ်သက်ဘွယ်, မြတ်နိုးဘွယ် ဂုဏ်ကျေးဇူးအထူးတည်ရာဖြစ်ထသော။ သမောတလော၊ ညီညွတ်သော

မြေအပြင်ရှိထသော။ ဘူမိပဒေသော၊ မြေအရပ်သည်။ အတ္ထိ၊ ရှိ၏။

တတ္ထ-တသ္မိံပဒေသေ၊ ထိုအရပ်၌။ တဿ နဂရဿ၊ ထိုစလင်းအမည်ရှိသောမြို့၌။ မဟာသမာန်းတိနာမကော၊ မဟာသမာန်းအမည်ရှိသော။ အဓိပတိ၊ မြို့သူကြီးသည်။ အတ္ထိဇဝ၊ရှိသည်သာလျှင်တည်း။ တေနေဝ၊ ထိုမြို့သူကြီးသည် လျှင်။ ရမ္မော၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဝေပုလ္လော၊ ပြန့်ပြောသော။ အတိသောဘဏော၊ အလွန် တင့်တယ်သော။ မဟန္တော၀ေဝ၊ ကြီးသည်သာလျှင်ဖြစ်သော။ အာရာမော၊ ကွမ်းငါးစည် အုဌ်လေးထပ်ရှိသော ကျောင်းကို။ ကာရိတော၊ တည်ထားအပ်၏။

ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်း ၌။ ပရိယတ္တိံ သဒ္ဓမ္မဥ္စ၊ ပရိယတ္တိသဒ္ဓမ္မကိုလည်းကောင်း။ ပဋိပတ္တိံ သဒ္ဓမ္မဥ္စ၊ ပဋိပတ္တိသဒ္ဓမ္မကိုလည်းကောင်း။ နိစ္စံဝ၊ မပြတ်မလပ်သာလျှင်။ သံမသန္တော၊ သုံးသပ် လျက်။ ပရမတ္ထံ၊ မြတ်သောအကျိုးကို။ အာကင်္ခန္တေ၊ အလိုရှိကုန်သော။ ဗဟူ၊ များစွာကုန်ဘော။ ဂဏော၊ ဂိဏ်း တို့ကို။ သဒါ၊ အခါခပ်သိမ်း။ နိစ္စဇတာ၊ မြဲသောအားဖြင့်။ ဝါစေန္တော၊ ပို့ချလျက်။ ဝသန္တေန၊ နေသော။ သီလာဇုတ္တံ၊ သီလကွန်အစရှိသောအနက်ကို။ ဝါစကေန၊ ဟောသော။ ပဒေန၊ပုဒ်နှင့်။တဒ္ဓိတပစ္စယံ၊တဒ္ဓိတ်ပစ္စည်းကို။ယောဇေတွာ၊ ယှဉ်၍။ သိဒ္ဓေန၊ ပြီးသော။ ကတနာမေန၊ မှည့်အပ်သော အမည်နာမပညတ်ရှိသော။ သဒ္ဓမ္မဋ္ဌိတိကာမေန၊ သူတော် ကောင်းတရားရှည်မြင့်စွာတည်ခြင်းကိုအလိုရှိသော။ တေန

ထေရေန၊ထိုမထေရ်သည်။ သိဿာနံ၊ တပည့်တို့၏။သာရံ၊ မြတ်သော။ ဟိတံ၊ အစီးအပွားကို။ ပတ္ထယန္တော၊ တောင့်တသည်ဖြစ်၍။—

ဝေနေယျာနံ၊ ဝေနေယျတို့၏။ ဟိတတ္ထာယ၊ အကျိုးစီးပွားများစေခြင်းငှါ။ တထာဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတပရိတ္တဓမ္မဿ၊ ဟောတော်မူအပ်သောပရိတ္တဓမ္မဒေသနာတော်၏။ (အတ္ထောမှာစပ်။) ကိဉ္စိမတ္တာမ္ပိ၊ စိုးစဉ်းမျှလည်း။ အနူနော၊ မယုတ်သော။ ပရိပုဏ္ဏော၊ ပြည့်စုံသော။ သုဝိညေယျော၊ အလွန်သိသာသော။ မြမ္မဝေါဟာရော၊ မြန်မာဘာသာဖြစ်သော။ အတ္ထော၊ အနက်ဖြစ်သော နိဿယကို။ လိခိတော၊ ရေးအပ်၏။ တံ၊ ထိုအနက်ဖြစ်သော နိဿယသည်။ သုခေနေဝ၊ ချမ်းသာသဖြင့်သာလျှင်။ နိဋ္ဌိတံ၊ ပြီး၏။

မေ၊ ငါသည်။ယံပုညံ၊အကြင်ကျမ်းပြုခြင်းကောင်းမှုကို။ သုလဒ္ဓံဝ၊ ကောင်းစွာရအပ်သည်သာလျှင်တည်း။ တံ ပုညံ၊ ထိုကျမ်းပြုခြင်းကောင်းမှုကို။ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ မောဒယန္တု၊ ဝမ်းမြောက် စေကုန်သတည်း။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။ အာသယာ၊ အလိုဆန္ဒအာသယတို့သည်။ ပရိပူရေန္တု၊ ပြည့်စေကုန်သတည်း။

သဒ္ဓမ္မော၊ ပိဋကတ်သုံးပုံတည်းဟူသော သူတော်ကောင်းတရားသည်။ စိရံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။တိဋ္ဌတု၊ တည်စေသတည်း။ ရာဇာနော၊ ရေမြေသေဌ်နင်း မင်းတို့သည်။ ဓမ္မေ၊ မင်းကျင့်တရားဆယ်ပါးတို့ကို။ ရက္ခန္တု၊

စောင့်စေကုန်သတည်း။ ပဇ္ဇုန္နော၊ မိုယ်းပဇ္ဇုန်သည်၊ ကာလေ၊ စိုက်ပျိုးသောကာလ၌။ ဝဿတု၊ ရွာစေသတည်း။ ပါဏိနော၊ ခပ်သိမ်းသောသတ္တဝါတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုခန္တု၊ ချမ်းသာစေကုန်သတည်း။

# ပရိတ်ကြီးနိဿယ
# ဤတွင်ပြီးပြီ။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၂၆၈၂)

ဟံသာဝတီစာအုပ်တိုက်
၃၅၄-ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့။
တအုပ် ၂-ကျပ်၅၀ ပြား